

တက္ကသိုလ်
JOURNEY TO THE WEST
အကြွမ်းပတာပ်း
ခရီးသန်း
စာစဉ်
၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးမောင်လှိုင်

လှိုင်အော့(ဖ်)ဆက် (၀၃၈၅၄)

၁၃၄၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးကြည်ဝင်း

ဝင်းစာပေ (          )

၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

**တက္ကသိုလ်နေလင်းအောင်**

---

# အကြမ်းပတမ်းခရီးဆန်း

# ( JOURNEY TO THE WEST )

( ဒဏ္ဍာရီဝတ္ထုရှည် )

---

မူရင်းစာရေးဆရာ ဝူးချိမ်အင်း၏ စီးယူကျိ ဂန္ထဝင်မြောက်

ဝတ္ထုရှည်ကြီး ကိုဘာသာပြန်ဆိုသည်၊

စာမူခွင့်ပြုချက်အမှတ် ၉၅/၉၅ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၂/၉၅ (၂)

၁၉၉၅ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

အုပ်ရေ - ၇၀၀

တန်ဖိုး - ( ၁၅၀/- )

မျက်နှာဖုံးပန်းချီ - ပန်းချီငြိမ်းအောင်

ကာလာခွဲ - မြကျွန်းသာ

အာရဏ်ဦးစာပေအတွက်

**နွေမိုးဆောင်းစာပေ**

၇၂၊ ၆ လမ်း၊ ရန်ကုန်မြို့၊

မှ ဖြန့်ချိသည်။

## အခန်း(၇၅)

## သစ်ပင်ရှင်သန်ဝိုင်းဝန်းကြ

မိုးစင်စင်လင်းချေပြီ။

ဘုရားကျောင်း တစ်ခုလုံး ပြန်လည် အသက် ဝင်လာ၏။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ကျင် ဝမ်ကျူသည် တပည့်များနှင့်အတူ ထန်စန်းကျွမ်းဆရာတော်ထံသို့ ရောက်ရှိလာသည်။

ကျင် ဝမ်ကျူက-

"ကျုန်ုပ်ရဲ့ ယင်စန်းကုသစ်ပင် လဲသွားတဲ့အတွက် သင့်မှာ အပြစ် ရှိသလား..."

ဆရာတော်က-

"ရှိတယ်.."

ကျင် ဝမ်ကျူက-

"အပြစ်ဒဏ် ခံသင့်သလား..."

"ခံသင့်တယ်.."

"ကောင်းပြီ၊ ကျွာပွတ်နှင့် ဘုန်းကြီးအား အချက်နှစ်ဆယ်တိတိ ရိုက်စေ...."

ချင်းဖုံးနှင့် မိန်ရွက်တို့က ဆယ်ချက်စီရိုက်ကြလေ၏။

ကျင် ဝမ်ကျူက–

"အသီးတွေကို သူတို့ ဝေမျှစားသုံးကြတယ်လို့ ဆိုတယ်၊ ပြစ်ဒဏ်ကိုကော ဝေမျှ မခံစားစေသင့်ဘူးလား..."

ချင်းဖုံးက–

"ခံစားစေသင့်ပါတယ်..."

ကျင် ဝမ်ကျူက–

"ကဲ.......ဒီလိုဆိုရင် ဟိုနှစ်ယောက်ကိုလည်း အချက်နှစ်ဆယ်စီ ရိုက်စေ"

အပြစ်ဒဏ်သည် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ အပေါ် ကျလာလေ၏။ ချင်းဖုံးနှင့် မိန်ရွက်တို့သည် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ကို ကြည့်မရသည့်အလျောက် အားရပါးရ ရိုက်နက်လေတော့၏။

ချင်းဖုံးက–

"ဒီလိုသစ်ပင်လဲကျတဲ့ အပြစ်ဟာ ဟောဒီမျောက်လုပ်တာပါ...၊ အပြစ်အားလုံးရဲ့ တရားခံဟာ မျောက်ပါပဲ၊ ဒါကြောင့် မျောက်ကိုပဲ နောက်ဆုံး အပြစ်ဒဏ် ပေးသင့်ပါတယ်..."

ကျင် ဝမ်ကျူက စွန်းဟိန်ကျဲအား မေးလိုက်၏။

"ဒီအတိုင်း ဖြစ်သင့်ရဲ့လား"

စွန်းဟိန်ကျဲက–

"ဒီအတိုင်း ဖြစ်သင့်ပါတယ်..."

ကျင် ဝမ်ကျူက–

"ဒီအတိုင်း ဖြစ်သင့်တယ် ဆိုရင် သူ့ကို အချက်နှစ်ဆယ်ထပ် ရိုက်စေ..."

ချင်းဖုံးနှင့် မိန်ရွက်တို့သည် အားရပါးရရိုက်နက်ကြ၏။ ထိုသို့ ရိုက်သောအခါ အဝေးတွင်ရောက်ရှိနေသည့် စွန်းဟိန်ကျဲ၏ကျောပြင်တွင် နာကျင်သောဝေဒနာကို ခံစားလိုက်ရ၏။ ထို့ကြောင့် စွန်းဟိန်ကျဲသည် သူဖန်ဆင်းထားသည့်အရာများကို ပြန်လည်ရုပ်သိမ်းလိုက်လေ၏။

ချင်းဖုံးနှင့်မိန်ရွက်တို့သည် ကျာပွတ်နှင့် ငါးချက်မျှရိုက်မိရုံနှင့်



သူတို့ရိုက်နေသည့်အရာမှာ စွန်းဟိန်ကျဲမဟုတ်ဘဲ သစ်တုံးဖြစ်နေသည်ကို တွေ့ရှိရသည်။

တစ်ချိန်တည်းမှာပင် ထန်စန်းကျမ်းဆရာတော်၊ ကျူးပတ်ကိုင်၊ နှင့်ဆားဝူကျိန်းတို့မှာလည်း သစ်တုံးများအဖြစ်သို့ပြောင်းလဲသွားလေ၏။

မိန်ရွက်သည် အေးအေးဆေးဆေးအနားယူနေသော ကျင် ဝမ်ကျူ ထံပြေး၍ လျှောက်ထားရသည်။

ကျင်ဝမ်ကျူသည် ဒေါသမဖြစ်တော့ချေ။ အော်ဟစ်ရယ်မောမိတော့သည်။

"ဒီမျောက်ကတော့ မလွယ်ပါဘူး၊ တစ်ချိန်တုန်းက သိကြားမင်းတောင် ခေါင်းကိုက်ရသေးတာ၊ ဒီလောက်တော့ရှိမှာပေါ့.....၊ နောက်ဆုံး မြတ်စွာဘုရားထံ လျှောက်ထားတော့မှ မြတ်စွာဘုရားက တောင်ငါးလုံးနဲ့ ဖိထားခဲ့ရတာ..."

"အခု ဘာဖြစ်လို့ လွတ်လာတာလဲ ဆရာ.."

"ဒါတော့ ကျွန်ုပ်မသိဘူး"

"ဒါဖြင့် အခု ဘယ်လိုလုပ်ကြမလဲ ဆရာ..."

"ကိစ္စမရှိပါဘူး၊ ကျွန်ုပ် သူတို့ကို ပြန်ဖမ်းခဲ့မယ်"

သူသည် ထပ်မံလိုက်သွားလေတော့၏။

စွန်းဟိန်ကျဲတို့သည် ခပ်မြန်မြန်သွားနေကြသော်လည်း မကြာမီ ကျင်ဝမ်ကျူသည် မီလာလေ၏။

"ဒီမှာမျောက်စုတ်.. သင်တို့ ဒီလိုပြေးနေလို့ လွတ်မှာလား၊ ကိစ္စပြီးအောင်ဆိုရင်တော့ ငါ့အပင်ကို ပြန်ရှင်အောင်လုပ်ပေး၊ အဲဒါမှ ကိစ္စပြီးမယ်"

ကျူးပတ်ကိုင်က စိတ်ညစ်စွာ ပြောသည်။

"ခက်တာပဲ..၊ ဟို နတ်လိုက်လာပြန်ပြီ"

ကျူးပတ်ကိုင်သည် ထွန်ခြစ်ဖြင့် တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။ သို့သော်.... ကျင် ဝမ်ကျူက သူတို့အား အင်္ကျီလက်ဖြင့် ဖုံးအုပ်လိုက်ပြန်လေ၏။

ကျင် ဝမ်ကျူသည် ဘုရားကျောင်းခန်းမထဲတွင် ထိုင်ချလိုက်သည်။

ထို့နောက် အကျီလက်ထဲမှ ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်များကို တစ်ယောက်စီထုတ်၍ ကြိုးဖြင့် တုပ်နှောင်လေ၏။

ကျူးပတ်ကိုင်က ညည်းညူလိုက်၏။

"ဒီနတ်လက်က လွတ်ပဲမလွတ်နိုင်ဘူး၊ ဒီတစ်ခါ ဘာလုပ်ဦးမလဲ မသိဘူး...."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"သူတို့ လုပ်ချင်ရာ လုပ်ကြပါစေ၊ ငါကတော့ ငါ့လူတွေကို မထိအောင် ကာကွယ်ရမှာပဲ.."

ကျူးပတ်ကိုင်က-

"အစ်ကိုကြီး ရှိနေလို့ တော်သေးတာပေါ့၊ နို့မို့ရင် ကျုပ်တို့ မလွယ်ဘူး...."

ကျင်ဝမ်ကျူ၏ တပည့်များသည် ဆရာတော်နှင့်တပည့်များ ထပ်မံ လွတ်မသွားစိမ့်သောငှာ ကြိုးဖြင့် အထပ်ထပ် ရစ်ပတ်ကြလေ၏။ ဆရာတော် တစ်ကိုယ်လုံးမှာ ကြိုးချည်းသာ ဖြစ်နေတော့သည်။

ကျန်တပည့်များကလည်း စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့ကို ဆရာတော်နည်းတူ တုပ်နှောင်ကြလေ၏။

ကျူးပတ်ကိုင်က-

"ကျုပ်ကို ဒီလိုမလုပ်နဲ့လေ၊ အလေးအပေါ့သွားတော့ ဘယ်လို လုပ်ရမလဲ"

ကျင်ဝမ်ကျူ၏တပည့်တစ်ဦးက-

"ဒီအတိုင်းပဲသွားပေတော့"

ထိုစဉ် ကျင်ဝမ်ကျူ၏ အချို့တပည့်များက အိုးကြီးတစ်လုံးကို ထုတ်လာကြ၏။

စွန်းဟိန်ကျဲက ရယ်သည်။ သူသည် ကျူးပတ်ကိုင်အား လှမ်းပြောလိုက်၏။

"ငါ့ညီ...မင်းတော့ ကံကောင်းတာပဲ.."

"ဘာ ကံကောင်းတာလဲ အစ်ကိုကြီးရ...."

"မင်းက အစားကြီးတယ် မဟုတ်လား၊ အခုအိုးကြီး ထမ်းလာပြီ၊



မင်းကို ထမင်းချက်ကျွေးမလို့နဲ့ တူတယ်"

သူတို့ စကားပြောနေစဉ် တပည့်များသည် အိုးကြီးအား ဖိုပေါ်တင်၍ ထင်းများဖြင့် မီးစတင်မွှေးတော့၏။ ထို့နောက် အိုးထဲသို့ ဆီများ စတင် လောင်းထည့်လိုက်၏။ ခဏမျှ ကြာသောအခါ ဆီများ ဆူပွက်လာတော့သည်။

ကျင် ဝမ်ကျူက-

"မျောက်စုတ်...ကျွန်ုပ်ရဲ့အပင်ကို သင်လှဲပစ်ခဲ့တယ်၊ အဲဒီအပင်အတွက် ကျွန်ုပ်က သင့်ကို လက်စားချေရတော့မယ်၊ သင့်ကို ဆီနဲ့ ကြော်ရမယ်"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"အခုလို အလိုက်သိတဲ့အတွက် ကျုပ်ကကျေးဇူးတင်ပါတယ်"

"သင်က ကျွန်ုပ်ကို ဘာကြောင့်ကျေးဇူးတင်ရတာလဲ"

"အခုတလော ကျုပ်ရေမချိုးရတာ ကြာနေပါပြီ၊ ဒါကြောင့်မို့ပါ"

ကျင် ဝမ်ကျူသည် သူ့အား နောက်ပြောင်ရပါမည်လားဆိုကာ ဒေါသအမျက်ချောင်းချောင်းထွက်လာလေ၏။

"ဒီမျောက်စုတ်ကို ဆီအိုးထဲသို့ အမြန်ဆုံး ပစ်ချလိုက်ကြစမ်း.."

ကျင် ဝမ်ကျူက အော်ဟစ်အမိန့်ပေးလိုက်၏။

ကျင် ဝမ်ကျူ၏တပည့်များသည် သူ့အား ဆီအိုးထဲသို့ ထည့်ရန် မ လိုက်ကြ၏။

ဤဘုရားကျောင်း၌ ကျင် ဝမ်ကျူသည် တန်ခိုးအကြီးဆုံးသော နတ်မင်းဖြစ်၏။ သို့သော်... သူသည် မျောက်မင်း၏ကြီးကျယ်လှသော တန်ခိုးများကိုမသိပေ၊ မျောက်မင်းသည် ယခင်စိတ်အတိုင်း ရှိမည်ဆိုလျှင် သူ့ကို တိုက်ခိုက် အနိုင်ယူသွားမည်ဖြစ်သည်။ ယခုသော်.. ဆရာတော်၏ အဆုံးအမ၊ ကွမ်ယင်မယ်တော်၏အဆုံးအမများ သက်ဝင်နေသဖြင့် သူ့ကိုယ်သူ အတော်ဆင်ဆင်ခြင်ခြင် နေထိုင်ရှာသည်။ အကယ်၍ သူ့စိတ်ကိုသာ လွှတ်ပေးလိုက်မည် ဆိုပါက ယခင်က နတ်ပြည်တွင်ဖြစ်ပွားသကဲ့သို့သော ဝုန်းဒိုင်းကြဲမှုမျိုးနှင့် တွေ့ကြုံသွားမည်သာဖြစ်၏။

ယခု..... ကျင်ဝမ်ကျူ၏ တပည့်များက သူ့ကို ဝိုင်းမကြသော အခါ သူသည် ဘုရားကျောင်းရှေ့ရှိ ကျောက်ခြင်္သေ့ရုပ်တုကြီးကို သူ့ကိုယ်ပွား အဖြစ်ဖန်တီးပြီး ကျင်ဝမ်ကျူ၏ တပည့်များ လက်ထဲသို့ ထည့်ပေးလိုက်၏။

သူကမူ တိမ်တိုက်တစ်ခုအပေါ်သို့ ကိုယ်ယောင်ဖျောက်၍ တက်သွားလေ၏။

"ကဲ...ဒီမျောက်စုတ်ကို ဆီပူအိုးထဲသို့ ပစ်ချလိုက်တော့ဟေ့..."

ကျင်ဝမ်ကျူတပည့်များသည် ညာသံပေး၍ စွန်းဟိန်ကျဲအား ဆီပူအိုးထဲ ပစ်ချလိုက်ကြလေ၏။

"ဝုန်း.."

ဆီပူအိုးထဲ ကျသွားသော အရာမှာ စွန်းဟိန်ကျဲမဟုတ်ပေ၊ ကျောက်ခြင်္သေ့ရုပ်ကြီးဖြစ်နေသည်ကို တွေ့ရှိကြလေ၏။

လေးလံပြီး ကြီးမားလှသော ကျောက်ခြင်္သေ့ရုပ်ကြီးကြောင့် ဆီများ ဖိတ်စဉ်သွားပြီး ဒယ်အိုးကြီးသည် ပေါက်သွားလေ၏။ ဆီများသည် မီးထဲသို့ စီးကျပြီး မီးတောက်လောင်လေရာ ကျင်ဝမ်ကျူ၏ တပည့်များသည် အုတ်အော်သောင်းတင်းဖြင့် မီးကိုငြိမ်းသတ်ကြရသည်။

ကျင်ဝမ်ကျူသည် ဒေါသ အမျက် ချောင်းချောင်း ထွက်ရလေတော့၏။

" ဒီမျောက် . . သူ့ဟာသူ ထွက်ပြေးတာက အရေးမကြီးဘူး၊ ခုတော့ ဒယ်အိုးပေါက်ပြီး မီးလောင်သေးတယ်၊ ကျောက်ခြင်္သေ့ရုပ်လည်း ပျက်စီးရပြီ "

သူသည် စွန်းဟိန်ကျဲကို လက်လျှော့ရလေတော့၏။

" ဒီမျောက်စုတ်ကို အရေးမယူကြနဲ့တော့၊ လက်လွှတ်လိုက်ကြပေတော့၊ ဒါပေမယ့် ကျွန်ုပ်တို့ဆီမှာ သူ့ဆရာနဲ့ တပည့်နှစ်ယောက် ကျန်သေးတယ်၊ အဲဒါတွေကို ဆီထဲထည့်ပြီး ကြော်ကြမယ်၊ ဆီအိုးကို အသစ်ပြန်ပြင်ကြ "

ကျင်ဝမ်ကျူ၏ အမိန့်အရ သူတို့သည် မီးဖိုကို အသစ်ပြန်ပြင်ကြ၏။ ဒယ်အိုးကိုလည်း အသစ် ပြန်ယူကြရသည်။ ဆီများကိုလည်း ထပ်မံသယ်ယူပြီး ဒယ်အိုးထဲသို့ သွန်လောင်းထည့်ကြရ၏။



စွန်းဟိန်ကျဲသည် ဘုရားကျောင်းအထက် တိမ်တိုက်ပေါ်၌ ထိုင်လျက် အကဲခတ်နေ၏။ သူသည် အောက်မှ လုပ်နေသည်များကို ကွင်းကွင်းကွက်ကွက် တွေ့မြင်နေရသည်။

အောက်မှလူများသည် ဆရာတော်အားတွန်းထိုး ဆွဲငင်နေသည်ကို တွေ့မြင်ရသည်။ စွန်းဟိန်ကျဲ လန့်သွား၏။

" သူတို့ ဆရာ့ကို ဆီအိုးထဲ ထည့်တော့မှာပဲ၊ ဆရာဟာ လူသားသက်သက်ဖြစ်တော့ ဆီအိုးထဲကျသွားတာနဲ့ သေမှာမုချပဲ၊ မဖြစ်ဘူး၊ ငါဆင်းဦးမှဖြစ်မယ် "

သူသည် တိမ်တိုက်ပေါ်မှ ဆင်းသက်လာလေ၏။ သူသည် ဘုရားကျောင်းထဲသို့ ခပ်တည်တည်ဝင်လာသည်။

ကျင်ဝမ်ကျူ၏ တပည့်များသည် သူ့ကို မမြင်ကြပေ။ သူတို့အားလုံး ဆီအိုးနှင့် အလုပ်ရှုပ်နေ၍ ဖြစ်သည်။

" သင်တို့ ဘာများ လုပ်နေကြတာတုံး "

ကျင်ဝမ်ကျူ၏ တပည့်များသည် သူ့အားမဖြေအားပေ၊ ဆရာတော်အား မ ရန် ကြိုးစားနေကြ၏။

စွန်းဟိန်ကျဲသည် ကျယ်လောင်စွာ အော်လိုက်၏။

" သင်တို့ ဆီအိုး ဆီပူလာပြီလား၊ ကျုပ်ဆီအိုးထဲ ဝင်မလို့ ပြန်လာပြီ "

ကျင်ဝမ်ကျူသည် စွန်းဟိန်ကျဲ၏ လက်ကို လှမ်းဆွဲလိုက်ပြီး–

" မျောက်စုတ် ငါ့ရဲ့အိုးကွဲသွားပြီ၊ ကျောက်ခြင်္သေ့လည်း ပျက်စီးသွားပြီ၊ သင် ပြန်အလျော်ပေးရမယ် "

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

" ကျုပ်က မသွားချင်ပါဘူး၊ ဒါပေမယ့် အပေါ့အပါးသွားချင်တဲ့ ကိစ္စဆိုတာ လွယ်ထားလို့မှ မရတာကလား၊ အခုတော့ ကိစ္စ ဝိစ္စတွေ ပြီးသွားပါပြီ၊ ကျုပ်ဆီအိုးထဲဝင်ဖို့ ပြန်လာတာပါ "

ကျင်ဝမ်ကျူက –

" မျောက်စုတ် သင် တန်ခိုးကြီးတယ်ဆိုတာ ကျွန်ုပ်သိတယ်၊

သင်ရဲ့ကျော်ကြားတဲ့နာမည်ကိုလည်း ကျွန်ုပ်ကြားဖူးခဲ့တယ်၊ ဒါပေမယ့် သင် မတရားတာလုပ်တာကိုတော့ မြတ်စွာဘုရားက ကြည့်နေမှာ မဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့ ယင်စန်းကု သစ်ပင်ကိုလည်း မြတ်စွာဘုရားက ပြန်ရှင်အောင်လုပ်ပေးမှာပါ "

စွန်းဟိန်ကျဲသည် ရယ်မောလိုက်သည်။

" မိတ်ဆွေကြီး ကျင့်ဝမ်ကျူ . . . မိတ်ဆွေကြီးရဲ့ ယင်စန်းကု သစ်ပင်ကို ပြန်ရှင်စေချင်တယ် မဟုတ်လား၊ ပြန်ရှင်စေချင်ရင် လွယ်လွယ်ကလေးပါ၊ မိတ်ဆွေကြီးက ကျုပ်တို့ကို ဒီလို ရန်လုပ်နေလို့ကတော့ ယင်စန်းကု သစ်ပင်ကြီး ပြန်ရှင်လာမယ် မဟုတ်ပါဘူး "

ကျင့်ဝမ်ကျူသည် အံ့သြသွား၏။

" သင်တကယ်ပြောတာလား "

" တကယ်ပြောတာပေါ့၊ ဒီဟာ ကလေးကစားသလို ပြောလို့မရတာ "

ကျင့်ဝမ်ကျူသည် ဝမ်းသာသွား၏။ သူ့ခမျာ အပင်ကြီး လဲကျသေဆုံးသွား၍ ယူကျုံးမရ ဖြစ်နေသူဖြစ်သည်။

" သင်သာ ယင်စန်းကု သစ်ပင်ကြီးကို ပြန်ရှင်အောင်လုပ်မယ်ဆိုရင် ကျွန်ုပ်လောက် ဘယ်သူမှ ဝမ်းသာမယ့်သူ ရှိမှာမဟုတ်ဘူး၊ ယင်စန်းကုသစ်ပင်ဆိုတာ နတ်ပြည်မှာလည်း မပေါက်ဘူး၊ သူဟာ နတ်ပြည်က မက်မန်းချိုပင်ထက် ထူးဆန်းတဲ့ သစ်ပင်ပါ၊ သင်သာ ဒီကိစ္စကို ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ သင်နဲ့ ကျွန်ုပ်ဟာ ညီရင်းအစ်ကို ဖြစ်နိုင်ပါပြီ၊ သင့်ကို ညီရင်းအစ်ကိုလို သတ်မှတ်ပါတယ် "

စွန်းဟိန်ကျဲက ကတိတောင်းသည်။

" ကျုပ်ကို ညီရင်းအစ်ကိုလိုသတ်မှတ်တာက အကြောင်းမဟုတ်ပါဘူး၊ ကျုပ်ဆရာကို လွှတ်ပေးရမယ် "

" စိတ်ချ လွှတ်ပေးမယ်၊ သင့်ဆရာတင်မကဘူး ကျန်တဲ့ နှစ်ယောက်ပါ လွှတ်ပေးပါ့မယ် "

ကျင့် ဝမ်ကျူသည် ချက်ချင်းပင် ထန်စန်းကျွမ်း ဆရာတော်နှင့် တပည့်နှစ်ယောက်အား ကြိုးဖြေပေးရန် အမိန့်ပေးလေ၏။



" တပည့်တို့ ထန်စန်းကျွမ်း ဆရာတော်နဲ့ သူ့တပည့်များကို ခုချိန်ကစပြီး ဧည့်သည်တော်များအဖြစ် ပြုစုဧည့်ခံကြပါ၊ ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံကြပါနဲ့၊ အခု တုပ်နှောင်ထားတဲ့ ကြိုးများကိုလည်း ဖြေပေးပါ၊ နေရာထိုင်ခင်းများ ပေးကြပါ "

သူရဲ့တပည့်များသည် ဆရာတော်နှင့် သူ့တပည့်နှစ်ယောက်အား အနှောင်အဖွဲ့မှ လွှတ်စေသည်။ နေရာထိုင်ခင်းများလည်း ကောင်းစွာ ပေးကြလေ၏။

စွန်းဟိန်ကျဲက -

" ကျုပ်သွားမယ်၊ အခု ကျုပ်သွားမှာက ယင်စန်းကု သစ်ပင်ကို ဘယ်လိုပြန်ရှင်အောင် လုပ်ပေးနိုင်မလဲဆိုတာ သွားစုံစမ်းဖို့ပဲ၊ ကျုပ်ဆရာကိုတော့ သင်တို့ကောင်းကောင်းပြုစုပါ၊ ကျုပ်ဆရာ တစ်စုံတစ်ခုဖြစ်ခဲ့ရင်တော့ သင်တို့ ဘုရားကျောင်း ပျက်စီးပြီသာ အောက်မေ့ပေတော့ "

ထိုအခါ ထန်စန်းကျွမ်း ဆရာတော်က ဝင်ဟန့်သည်။

" စွန်းဟိန်ကျဲ ဘယ်လိုပြောလိုက်တာလဲ၊ ရန်စကားပြောတာ ငါမကြိုက်ဘူးဆိုတာ သင်မသိဘူးလား "

ကျင့် ဝမ်ကျူက -

" စိတ်ချပါ၊ သင့်ဆရာကို ကျွန်ုပ်တို့ ကောင်းကောင်းဧည့်ခံထားမှာပါ၊ သင့် ဆရာတင် မကဘူး သင့်ရဲ့ ညီအစ်ကိုတော် များကိုလည်း ကောင်းကောင်းပြုစုထားမှာပါ၊ စိတ်ချ လက်ချသာသွားပါ "

ကျင့် ဝမ်ကျူသည် သူ့သစ်ပင်သာ အသက်ပြန်ရှင်လာလျှင် မည်သည့် လိုက်လျောမှုကိုမဆို လိုက်လျောရန် အသင့်ရှိနေပေသည်။

ထန်စန်းကျွမ်းဆရာတော်က -

" စွန်းဟိန်ကျဲ သင် ဘယ်တော့လောက် ပြန်လာမလဲ "

ကျူးပတ်ကိုင်က -

" ဟုတ်တယ် ဆရာတော်၊ ဒီအချက်ကိုတော့ မေးထားသင့်တယ်၊ တော်ကြာ အစ်ကိုကြီးပြန်မလာရင် တပည့်တော်တို့ ဆီပူအိုးထဲ အထည့်ခံနေရဦးမယ် "

စွန်းဟိန်ကျဲက -

" စိတ်ချပါဆရာ တပည့်တော် အမြန်ဆုံး ပြန်လာခဲ့ပါ့မယ် ဆရာ"

" ဘယ်လောက်ကြာမှာလဲ ဟိန်ကျဲ "

" သုံးရက်တည်းပါ ဆရာ "

" အေးသွားပေတော့ "

သူသည် ဆရာတော်အား ဦးချပြီး ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းအား နှုတ်ဆက်သည်။

သူသည် ကျင် ဝမ်ကျူအားလည်း နှုတ်ဆက်သည်။

" ကျုပ်သွားပြီ၊ သုံးရက်အတွင်း ကျုပ်ပြန်လာပါမယ်၊ ကျုပ်ကို ဆက်ဆက်စောင့်နေပါ "

သူသည် တိမ်တိုက်ပေါ် ခုန်တက်သွားလေတော့၏။ ထို့နောက် တိမ်တိုက်ကိုစီးကာ တောင်ပင်လယ်ကျွန်းဘက်သို့ ထွက်ခွာသွားလေတော့၏။

" အင်း ဒီမျောက်ဟာ အတော်တန်ခိုးကြီးတဲ့မျောက်ပဲ၊ နတ်မင်းကြီးကို ဦးနှောက်ခြောက်အောင် လုပ်မယ်ဆိုရင် ကောင်းကောင်း လုပ်နိုင်တဲ့ မျောက်ပဲ "

ကျင် ဝမ်ကျူသည် မျောက်မင်းအားကြည့်ပြီး ထိုသို့ တွေးနေမိလေ၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၇၆)

## ဝိဇ္ဇာသုံးပါး၏ အကူအညီ

စွန်းဟိန်ကျဲသည် တောင်ပင်လယ်ကျွန်းဆီသို့ တိမ်တိုက်ကို စီးကာ ခရီးထွက်လာသည်။ ယင်စန်းက သစ်ပင်သည် ပြန်လည်ရှင်သန်ရမည်ဟု သူယုံကြည်သည်။

မကြာမီ သူသည် " ဖုံလိုင်ဝိဇ္ဇာတောင် " ပေါ်သို့ ရောက်ရှိလာလေ၏။ သူသည် တောင်ထိပ်သို့ ဆင်းသက်လိုက်သည်။ တောင်ထိပ်၌ အဘိုးအိုသုံးယောက် ထိုင်နေသည်ကို တွေ့ရသည်။ သူတို့ သုံးယောက်မှာ ကျားထိုးနေခြင်းဖြစ်သည်။

ကျားထိုးနေသူ သုံးဦးကား ကြမ္မာလေဝိဇ္ဇာ၊ အာယုဗလဝိဇ္ဇာနှင့် ဘောဂဗလဝိဇ္ဇာ တို့ပေတည်း၊ ထို ဝိဇ္ဇာသုံးပါးကို တွေ့သောအခါ စွန်းဟိန်ကျဲက သွားရောက်နှုတ်ဆက်လိုက်၏။

" နေကောင်းကြရဲ့လား "

ဝိဇ္ဇာသုံးပါးသည် စွန်းဟိန်ကျဲကို မြင်သောအခါ ကျားကွက်ကို ဖျက်လိုက်ပြီး စွန်းဟိန်ကျဲအား ပဋိသန္ဓာရ စကားများ ပြောကြားရလေ၏။

"တန်ခိုးရှင်ပါလား၊ ဘာကိစ္စနဲ့ ကျုပ်တို့ဆီ ရောက်လာရတာလဲ"

ဇွန်းဟိန်ကျဲက -

" ကျားထိုးမလို့ပေါ့ "

အာယုဗလဝိဇ္ဇာက -

" သင့်အကြောင်း ကျွန်ုပ်တို့ ကြားသိထားပါတယ်၊ သင် ဘုန်းတော်ကြီးတစ်ပါးကို စောင့်ရှောက်ပြီး ပိဋကတ်သုံးပုံကို သယ်ယူဖို့ သွားနေတယ်ဆိုတာ ကျုပ်တို့ ကြားသိပြီးဖြစ်ပါတယ် "

ဇွန်းဟိန်ကျဲက -

" အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကျွန်ုပ်ဒီကိုလာတာဟာ ကျားထိုးမလို့ မဟုတ်ပါဘူး၊ ကျွန်ုပ်တို့ ပိဋကတ်သုံးပုံဆီ သွားနေစဉ် လမ်းမှာ အခက်အခဲတစ်ခု တွေ့ရလို့ သင်တို့ဆီမှာ အကူအညီ လာတောင်းတာပါ "

အာယုဗလဝိဇ္ဇာက -

" ဘယ်မှာ အနှောင့်အယှက် တွေ့ခဲ့တာလဲ၊ ဘယ်သူက နှောင့်ယှက်တာလဲ၊ တန်ခိုးရှင်က ပြောပြမှ ကျုပ်တို့က ကူညီနိုင်မှာပေါ့ "

ဇွန်းဟိန်ကျဲက -

" ဝူကျွမ်း ဘုရားကျောင်းမှာ ပြဿနာနဲ့ ရင်ဆိုင်ရတာပါ "

သူသည် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို အသေးစိတ်ပြောပြလိုက်သည်။

" သူတို့ ယင်စန်းက သစ်သီးကို ခိုးစားမိတာကတော့ ကျုပ်တို့အပြစ်ပါ၊ ဒါပေမယ့် သူတို့ပြစ်တင်ကြိမ်းမောင်း နေတာက မခံချင်စရာပါ၊ ဒါကြောင့် ကျွန်ုပ်က အပင်ကိုပါ အမြစ်ကနေ လှဲပစ်ခဲ့တာပါ "

အဘိုးအိုသုံးယောက်သည် အကြီးအကျယ် တုန်လှုပ်သွားကြ၏။

" အသင်တန်ခိုးရှင် အသင်ဟာ စိတ်လိုက်မာန်ပါ လုပ်တတ်တယ်၊ အဲဒီဘုရားကျောင်းက ကျင် ဝမ်ကျူဟာ ဘယ်လောက်တန်ခိုးကြီးတယ်ဆိုတာ သင် မသိဘူးလား၊ သူနဲ့ ရန်မဖြစ်တာဟာ အကောင်းဆုံးပါပဲ"

" အခု ကျွန်ုပ်က သူနဲ့ ရန်ဖြစ်ပြီးပြီ၊ ရန်မဖြစ်ဖို့ တရားဟောမနေပါနဲ့တော့၊ သူက သူ့အပင်ပြန်ရှင်အောင် လုပ်ပေးပါလို့ပြောတယ်၊



အပင်ပြန်ရှင်အောင် လုပ်မပေးနိုင်ရင်တော့ ကျွန်ုပ်တို့ ခရီးဆက်နိုင်မှာမဟုတ်ဘူး၊ သင်တို့ အပင်ကို ပြန်ရှင်အောင် လုပ်ပေးကြပါ "

ဝိဇ္ဇာ အဘိုးအို သုံးယောက်စလုံး ခေါင်းယမ်းကြသည်။

" တခြားသတ္တဝါတွေ ဆိုရင်တော့ တစ်မျိုးပေါ့၊ အခုဆိုတော့ ••• အပင်ဖြစ်နေတယ်၊ အပင်ကိုတော့ ကျုပ်တို့ပြန်ရှင်အောင် မလုပ်နိုင်ဘူး၊ ယင်စန်းက သစ်ပင်ဆိုတာကလည်း တော်ရုံတန်ရုံနဲ့ ပြန်ရှင်အောင် လုပ်လို့ရတာမျိုး မဟုတ်ဘူး "

ဇွန်းဟိန်ကျဲ စိတ်ပျက်သွားသည်။

ကြမ္မာလေ ဝိဇ္ဇာက -

" စိတ်မပျက်နဲ့ ကျွန်ုပ်တို့ မတတ်နိုင်ပေမယ့် တတ်နိုင်တဲ့ပုဂ္ဂိုလ်ကို ရှာနိုင်ပါသေးတယ်၊ အဲဒီပုဂ္ဂိုလ်ကို ရှာရင်ရနိုင်ပါတယ် "

ဇွန်းဟိန်ကျဲက -

" အချိန်လိုတယ်၊ အချိန်ရှိရင်တော့ ရှာနိုင်တာပေါ့၊ ဒါပေမယ့် ကျွန်ုပ်ရဲ့ဆရာဟာ ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ပဲ စိတ်စောနေတယ်၊ အခုပြန်မသွားရင် ကျွန်ုပ်ခေါင်းကိုက်အောင် ဂါထာကို ရွတ်လိုက်လိမ့်မယ်၊ ဂါထာရွတ်ရင် ကျွန်ုပ်ဟာ မနေနိုင် မထိုင်နိုင်အောင် ခေါင်းကိုက်ရလိမ့်မယ် "

ဝိဇ္ဇာအဘိုးအိုများက ရယ်မောကြသည်။

ဇွန်းဟိန်ကျဲက -

" ကျုပ်က ကျင် ဝမ်ကျူနဲ့ ကျုပ်ရဲ့ဆရာကို သုံးရက်အတွင်း ပြန်လာခဲ့ပါ့မယ်လို့ ကတိပေးခဲ့တယ်ဗျ "

အဘိုးအိုတစ်ဦးက ပြောသည်။

" ကောင်းတယ်၊ နို့မဟုတ်ရင် သင်လုပ်ချင်တာတွေချည်းပဲ သင်လျှောက်လုပ်နေမှာ၊ အခုတော့ သင့်ဆရာက သင့်ကို ထိန်းချုပ်ထားနိုင်တော့ တော်သေးတာပေါ့ "

အာယုဗလဝိဇ္ဇာက -

" ဒီလိုလုပ်ပါ၊ တန်ခိုးရှင်အနေနဲ့ ယင်စန်းက သစ်ပင် ပြန်ရှင်လာအောင် လုပ်ပေးနိုင်မယ့်သူကို လိုက်ရှာပါ၊ ကျုပ်တို့က ကျင့်ဝမ်ကျူ

နဲ့ သင့်ဆရာဆီကို နောက်ထပ်ငါးရက် အချိန်ပေးဖို့ သွားပြောဆိုပေးပါမယ်၊ ဘယ်လိုလဲ၊ သင်အဆင်ပြေအောင် လုပ်နိုင်ပါ့မလား "

စွန်းဟိန်ကျဲ ဝမ်းသာသွားသည်။

" ကျေးဇူးတင်လိုက်တာ၊ သင်တို့ ပြောသလို ကျွန်ုပ်မစဉ်းစားမိဘူး၊ ကဲ အချိန်ရတုန်း ကျွန်ုပ် အခြားနေရာကို သွားလိုက်ပါဦးမယ် "

သူသည် ဝိဇ္ဇာသုံးပါးအား နှုတ်ဆက်ကာ ထွက်ခွာလာလေတော့၏။ ဝိဇ္ဇာသုံးပါးကလည်း ဝူကျွမ်းဘုရားကျောင်းဆီသို့ ထွက်ခွာသွားကြလေ၏။

ဝူကျွမ်းဘုရားကျောင်း၏ ကောင်းကင်ယံတွင် ဈိုင်းအော်သံကြားသဖြင့် ကျင်းဝမ်ကျူ၏ တပည့်များကထွက်ကြည့်ကြသည်။ ကောင်းကင်၌ တိမ်တိုက်သုံးခု တွေ့ရသည်။

" ဟာ ဝိဇ္ဇာတိုးဘိုးတို့ပဲ "

တပည့်များက အော်ဟစ်နှုတ်ဆက်ကြသဖြင့် ကျင်းဝမ်ကျူသည် ကျောင်းပြင်သို့ ထွက်ကြည့်ရလေ၏။

" ဟော ဝိဇ္ဇာကြီးတွေပါလား "

သူသည် ကျောင်းပြင်ထွက်၍ ကြိုဆိုရ၏။

ထိုသို့ ကြိုဆိုရာတွင် ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့လည်း ပါဝင်ကြသည်။

ကျင်းဝမ်ကျူက –

" မိတ်ဆွေကြီးတို့က ဘာကိစ္စနဲ့ ကြွလာတာလဲ "

အာယုဗလဝိဇ္ဇာက –

" မိတ်ဆွေကြီးနဲ့ မတွေ့ရတာ ကြာလို့ တွေ့ချင်တာက တကြောင်း "

သူသည် ထန်စန်းကျွမ်း ဆရာတော်ဘက်သို့ လှည့်လိုက်၏။

" ဟောဒီ ဆရာတော်ရဲ့တပည့် စွန်းဟိန်ကျဲအတွက် သတင်းပေးချင်တာကလေးရှိနေလို့လည်းတစ်ကြောင်း ဒီကို ရောက်လာကြရတာပါ "

ကျင်ဝမ်ကျူ သည် ဝိဇ္ဇာအဘိုးအို သုံးယောက်နှင့် မိတ်ဆက်ပေးလေ၏။



" ဆရာတော် သူကတော့ ကြမ္မာလေဝိဇ္ဇာ၊ သူကတော့ အာယုဗလဝိဇ္ဇာ၊ သူကတော့ ဘောဂဗလဝိဇ္ဇာပါ၊ သူတို့က ဆရာတော်ကို သတင်းပေးစရာ ရှိတယ်လို့ ဆိုနေပါတယ် "

ဆရာတော်က –

" စွန်းဟိန်ကျဲကများ တစ်ခုခု မှာလိုက်သလား မသိဘူး၊ မိတ်ဆွေတို့ကို သူက ဘာများ မှာလိုက်ပါသလဲ "

ကြမ္မာလေဝိဇ္ဇာက –

" သူဟာ ယင်စန်းကု သစ်ပင် ပြန်ရှင်လာအောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ကို လိုက်ရှာနေပါတယ်။ သူ့ကို နောက်ထပ် အချိန် ငါးရက်လောက် ထပ်ပေးပါလို့ တောင်းပန်လိုက်ပါတယ် "

ဆရာတော်က –

" ခွင့်ပေးရမှာပေါ့၊ သူရှာနေတဲ့ ဉစ္စာပဲ၊ မရှာဘဲ ထိုင်နေတာမှ မဟုတ်တာ "

ကျင်ဝမ်ကျူသည် ဝိဇ္ဇာသုံးပါးအား ခန်းမထဲသို့ ဖိတ်ခေါ်သွား၏။ ထို့နောက် အကျွေးအမွေးများဖြင့် ဧည့်ခံလေတော့သည်။

စွန်းဟိန်ကျဲသည် ဖုံလိုင်တောင်မှခွာ ပြီးနောက် တိမ်တိုက်ကို စီးကာ ပင်လယ်လေးခု၊ တောင်ကိုးလုံးသို့ အနှံ့အပြား ခရီးထွက်တော့သည်။ သူသည် တစ်ချိန်က မိတ်ဆွေဟောင်းများနှင့် ပြန်ဆုံခဲ့၏။ သို့သော် မည်သူမျှ ယင်စန်းကု သစ်ပင်အား ပြန်ရှင်အောင် လုပ်မပေးနိုင်ကြပေ။

သူသည် ဇွဲရှိရှိဖြင့် ဆက်လက်ရှာဖွေနေရာ ကံအားလျော်စွာ ကွမ်ယင်မယ်တော် တရားဟောနေသည့်နေရာသို့ သူရောက်ရှိလာတော့သည်။

စွန်းဟိန်ကျဲ တိမ်တိုက်ပေါ်မှ ဆင်းသည်နှင့် ကွမ်ယင်မယ်တော်က သူ့အား တွေ့ရှိလိုက်သည်။ ကွမ်ယင်မယ်တော်သည် တရားဟောနေရာမှ ရပ်တန့်လိုက်ပြီး အစောင့်အဖြစ် တာဝန်ယူ နေရသော လေဝါလိုဏ်ဂူဘီလူးအား အခေါ်လွှတ်လိုက်သည်။

စွန်းဟိန်ကျဲသည် ရယ်မောနှုတ်ဆက်လိုက်၏။

" လေဝါဘီလူးကြီးပါလား "

" ဟုတ်ပါတယ်၊ ကျုပ်လေဝါ ဘီလူးပါ၊ မယ်တော်က သင့်ကို အခေါ် လွှတ်လိုက်တယ် "

စွန်းဟိန်ကျဲသည် လေဝါဘီလူးနောက်မှ လိုက်သွားရလေတော့၏။

စွန်းဟိန်ကျဲသည် မယ်တော့်အား လက်အုပ်ချီ၍ ဂါရဝပြုလိုက်သည်။

ကွမ်ယင်မယ်တော်သည် စွန်းဟိန်ကျဲ ဖြစ်ပျက်ခဲ့သည်များကို သိရှိခဲ့ပြီးလေပြီ။

" အသင် စွန်းဝူခုံး ဘာကိစ္စများ အရေးအရာပေါ်လာခဲ့ပြန်ပြီလဲ"

စွန်းဝူခုံး (ခေါ်) စွန်းဟိန်ကျဲက–

" ကျွန်ုပ်တို့ ခရီးသွားနေရာက ရပ်တန့်နေရပါတယ် "

စွန်းဟိန်ကျဲသည် အကျိုးအကြောင်း အလုံးစုံကို ပြန်ပြောင်းပြောပြလေ၏။

ကွမ်ယင်မယ်တော်က -

" စွန်းဝူခုံး သင်ဟာ ဘာမှ ဆင်ဆင်ခြင်ခြင် မလုပ်ဘူး၊ အဲဒီ ကျင် ဝမ်ကျူကို ကျွန်ုပ်တောင် ဦးစားပေးနေရတယ်ဆိုတာ သင်မသိလေရောသလား "

စွန်းဟိန်ကျဲက -

" ကျွန်ုပ် ရောက်သွားတဲ့အချိန်မှာ ကျင် ဝမ်ကျူမရှိလို့ အခုလို ဖြစ်သွားရတာပါ၊ သူရှိနေရင် အားလုံး ပြေလည်သွားမှာပါ၊ သူ့တပည့်နှစ်ယောက်တည်း ကျန်နေတော့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ၊ အခု သူက သူ့ရဲ့ ယင်စန်းကုသစ်ပင် ပြန်ရှင်အောင် လုပ်ပေးဖို့ သူက တောင်းဆိုနေပါတယ်၊ အဲဒီသစ်ပင်ကို ပြန်ရှင်အောင် လုပ်ပေးဖို့ တောင်းပန်ပါတယ် မယ်တော် "

ကွမ်ယင်မယ်တော်က -

" သင်က ကျွန်ုပ်ဆီ ဘာကြောင့် မလာရတာလဲ၊ ဘယ်တွေကို လျှောက်သွားနေရတာလဲ "



စွန်းဟိန်ကျဲသည် မယ်တော့်စကားကိုကြားသောအခါဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ ယခု မယ်တော့်စကားအရ မယ်တော် ကူညီတော့မည် မဟုတ်ပါလော။

ကွမ်ယင်မယ်တော်သည် သူတော်မုချားအား အခေါ်လွှတ်လိုက်၏။ သူတော်မုချား ရောက်လာသောအခါ -

" မုချား သင်ဒီနေရာမှာစောင့်နေ၊ ကျွန်ုပ် မကြာမီပြန်လာခဲ့မယ်"

ထို့နောက် ကွမ်ယင်မယ်တော်နှင့် စွန်းဟိန်ကျဲတို့သည် ဝူကျွမ်းဘုရားကျောင်းသို့ တိမ်တိုက်စီးကာ ထွက်ခွာသွားကြတော့၏။

ဝူကျွမ်းဘုရားကျောင်းသို့ ရောက်သောအခါ စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ပထမဆင်းလာ၏။

" ကွမ်ယင်မယ်တော် ကြွလာပါပြီ "

စွန်းဟိန်ကျဲက အော်လိုက်ရာ ကျင် ဝမ်ကျူနှင့် တပည့်များ၊ ဝိဇ္ဇာသုံးပါးတို့ကို ထိတ်ထိတ်ပျာပျာဖြင့် ထွက်၍ ကြိုဆိုကြလေ၏။ ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်နှစ်ဦးလည်း ထွက်၍ ကြိုဆိုကြသည်။

ကျင်ဝမ်ကျူ သည် မယ်တော့်အား ခန်းမဆီသို့ ပင့်ခေါ်သွားသည်။

စွန်းဟိန်ကျဲသည် ကျင် ဝမ်ကျူအား ပြောလေ၏။

" မိတ်ဆွေကြီး အမွှေးတိုင်များ အသင့်ပြင်ဆင်ထားပါ၊ ကွမ်ယင်မယ်တော်က သင်ရဲ့ ယင်စန်းကုသစ်ပင်ကို ပြန်ရှင်လာအောင် လုပ်ပေးပါလိမ့်မယ် "

ကျင်ဝမ်ကျူသည် အလွန်ဝမ်းသာသွား၏။

ဝိဇ္ဇာသုံးပါးလည်း ဝမ်းသာသွားသည်။

စွန်းဟိန်ကျဲက -

" ကဲ ကွမ်ယင်မယ်တော်ကို ခြံထဲ ပင့်ဆောင် ခဲ့မယ်၊ သင်က လုပ်သင့်တာတွေကို အဆင်သင့် ပြင်ဆင်ထားပါ "

စွန်းဟိန်ကျဲသည် မယ်တော်အား ပင့်ဆောင်သွားသည်။

ကွမ်ယင်မယ်တော်သည် လဲကျနေသော ယင်စန်းကုသစ်ပင်ကြီး

အား ကြည့်ရှုလေ၏။ အပင်ကြီး၌ အသီးတစ်လုံးမျှ မရှိတော့ပေ၊ အရွက်များမှာလည်း ဝါကြန့်ကြန့် ဖြစ်စပြုနေပြီ။

ကွမ်ယင်မယ်တော်က စွန်းဟိန်ကျဲအား အနီးသို့ ခေါ်ပြီး ပြောလိုက်သည်။

" သင့်လက်ဝါး ဖြန့်လိုက်ပါ "

စွန်းဟိန်ကျဲသည် လက်ဝါးဖြန့်လိုက်၏။

ကွမ်ယင်မယ်တော်သည် သစ်ခက်တစ်ခုဖြင့် စွန်းဟိန်ကျဲ၏ လက်ဝါးပြင်ပေါ်၌ " အင်း " တစ်ခုရေးလေ၏။ စွန်းဟိန်ကျဲ၏ လက်ကို ဆုပ်ထားစေလိုက်သည်။

" စွန်းဝူခုံး သင့်လက်ကို သစ်ပင်အမြစ်ရင်းမှာ ဒီအတိုင်း ဆုပ်ထားပါ၊ သစ်ပင်အမြစ်က ရေထွက်လာလိမ့်မယ်၊အဲဒီအချိန်အထိစောင့်ပါ"

စွန်းဝူခုံး(ခ)စွန်းဟိန်ကျဲသည် လက်သီးဆုပ်ကာ အမြစ်ပိုင်းတွင် ထိုင်ချ စောင့်ဆိုင်းနေ၏။ တစ်ခဏမျှကြာသောအခါ အမြစ်မှရေများ ထွက်လာ၏။

ကွမ်ယင်မယ်တော်က –

" အဲဒီရေကို ခပ်ပြီး သီးပင်ရဲ့ ထိပ်ဖျားကို ပြန်လောင်းပေးပါ၊ သီးပင်ပြန်ရှင်လာပါလိမ့်မယ်၊ အရွက်တွေ ပြန်လည် စိမ်းလန်းလာမယ်၊ အသီးတွေ ပြန်သီးလာလိမ့်မယ်၊ ဒါပေမယ့်ရေကိုခပ်မယ့်ခွက်ဟာ သတ္တုငါးမျိုးကို ရှောင်ရမယ်၊ အကောင်းဆုံးကတော့ ကြွေခွက်နဲ့ခပ်လောင်းရမယ်"

ကျင် ဝမ်ကျူက –

" မယ်တော် ကျွန်ုပ်မှာ ကြွေခွက်တွေ ရှိပါတယ် "

ကွမ်ယင်မယ်တော်က –

" အဲဒါတွေနဲ့သုံးပါ "

ကျင် ဝမ်ကျူသည် တပည့်များအား ကြွေခွက်များဖြင့် အမြစ်မှ ထွက်လာသောရေကို ယူ၍ အပင်ထိပ်ဖျားသို့ လောင်းစေ၏။

ကွမ်ယင်မယ်တော်က –

" သီးပင်ကို ထူလိုက်ပေတော့ "

ကျင် ဝမ်ကျူ၏ တပည့်များသည် သီးပင်ကို ဝိုင်း၍ ထူမကြလေ



၏။ အပင်ကြီးသည် မူလနေရာ၌ ပြန်လည်ခိုင်မတ်သွားသည်။ ရွက်စိမ်းများလည်း ထွက်လာသည်။ အသီးများလည်း မူလအတိုင်း ပြန်သီးလာသည်။

အသီးပေါင်း စုစုပေါင်း နှစ်ဆယ့်သုံးလုံးရှိလေ၏။ ချင်းဖုံးနှင့် မိန်ရွက်တို့က အံ့သြစွာပြောသည်။

" ဟောဗျာ စောစောက ရေတွက်တုန်းက အသီးပေါင်း နှစ်ဆယ့်နှစ်လုံးပဲ ရှိတယ်။ အခု နှစ်ဆယ့်သုံးလုံးဖြစ်နေပြီ "

စွန်းဟိန်ကျဲက–

"အသီးတစ်လုံးဟာ ကျုပ်ခူးတုန်းက မြေပေါ်ကို ပြုတ်ကျသွားတယ်၊ အဲဒီတစ်လုံး မြေကြီးထဲ ဝင်သွားတယ်၊ အခု.... အပင်ပေါ်ကို မြေကြီးထဲက အသီးတွေအားလုံး ပြန်ရောက်လာတဲ့ သဘောပဲပေါ့..."

ယင်စန်းကုသစ်ပင်ကြီး ပြန်လည်ရှင်သန်လာသည်ကို မြင်ရသောအခါ အားလုံးက နှစ်ထောင်းအားရ ဖြစ်ကြလေ၏။ ထိုအထဲတွင် ကျင်ဝမ်ကျူက ဝမ်းအသာဆုံး ဖြစ်နေသည်။

ကျင်ဝမ်ကျူက–

"ကဲ အပင်ကြီးလည်း ပြန်ရှင်သန်လာပါပြီ၊ မယ်တော်နဲ့ ဧည့်သည်များ အားလုံး ခန်းမထဲမှာ ခေတ္တပြန်အနားယူပါလို့ တောင်းပန်ပါတယ်"

ကွမ်ယင်မယ်တော်၊ ဝိဇ္ဇာသုံးပါးနှင့် ထန်စန်းကျွမ်းဆရာတော်တို့သည် ခန်းမသို့ ပြန်ကြလေသည်။

ကျင် ဝမ်ကျူသည် ဧည့်သည်အားလုံးအား ယင်စန်းကုသစ်သီးများဖြင့် ကျွေးမွေးဧည့်ခံသည်။

ထန်စန်းကျွမ်းဆရာတော်သည် မယ်တော် စားသုံးသည်ကို ကြည့်ပြီး လှမ်းမေးလေ၏။

"ကွမ်ယင်မယ်တော်....ဒီအသီးဟာ အသွေးအသားလား၊ သစ်သီးလား"

ကွမ်ယင်မယ်တော်က–

"ကျွန်ုပ်ဟာ သက်သတ်လွတ်စားတဲ့လူပါ၊ ဒီအသီးသာ သစ်သီး

မဟုတ်ခဲ့ရင် ဘယ်စားလိမ့်မလဲ ဆရာတော်"

ဆရာတော်သည် သစ်သီးအား ဘုဥ်းပေးလေ၏။ ထိုအခါကျမှ သစ်သီးမှန်းသိရတော့သည်။

ဝိဇ္ဇာသုံးပါးလည်း တစ်လုံးစီစားကြရ၏။

စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့လည်း တစ်လုံးစီ ထပ်မံစားကြရလေ၏။

"ကဲ...ကျုပ်တို့လည်း ပြန်ကြတော့မယ်"

ဝိဇ္ဇာသုံးပါးလည်း ကျင်ဝမ်ကျူ၊ ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲကို နှုတ်ဆက်ကာ ပြန်သွားကြသည်။

ကျင်ဝမ်ကျူသည် ကတိပေးထားသည့်အတိုင်း စွန်းဟိန်ကျဲအား သွေးသောက်ညီနောင်ပြုလေ၏။ သူတို့သည် ကျင်းဝမ်ကျူက အတန်တန် တားသောကြောင့် ဘုရားကျောင်းတွင် ငါးရက် ဆက်၍ နေထိုင်ကြရသည်။ ငါးရက်နားပြီးမှ အနောက်ရူးရူးသို့ ခရီးဆက်ကြတော့သည်။

✸ ✸ ✸ ✸ ✸ ✸ ✸

အခန်း (၇၇)

## ရိုက်သတ်လေသူ

ထန်စန်းကျွမ်း ဆရာတော်နှင့် တပည့် သုံးယောက် တို့သည် အလွန်မြင့်မားသော တောင်တစ်လုံးရှေ့သို့ရောက်ရှိလာလေ၏။

တောင်သည် အလွန်မြင့်သည်။ တောင်တက်လမ်းလည်း အလွန်ကြမ်းတမ်း၏။ မတ်စောက်သည်။ ချုံနွယ် ပိတ်ပေါင်းများကလည်း တားဆီးနေသည်။

ထန်စန်းကျွမ်း ဆရာတော်သည် ကြမ်းတမ်းလှသော ခရီးအား ကြည့်ကာ စိတ်ပျက်လက်ပျက် ပြော၏။

"ဟိန်ကျဲ .... ငါတို့ လျှောက်ခဲ့သော ခရီးလမ်း တစ်ခုလုံး ဒီလို ခက်ခဲတဲ့ လမ်းမျိုး တစ်ခါမှ မတွေ့ခဲ့ဘူး ၊ ငါ့မြင်း တက်မှ တက်နိုင်ပါ့မလား"

စွန်းဟိန်ကျဲက -

"မပူပါနဲ့ ဆရာ၊ တပည့်တော် လမ်းပြ ခေါ်ဆောင်သွားပါမယ်"

သူသည် မြင်းဇက်ကြိုးအားဆွဲ၍ ရှေ့ဆုံးမှ ထွက်သွား၏။ သူသည် နတ်ပြည်၌မြင်းထိန်း လုပ်ခဲ့ဖူးသဖြင့် မြင်းများအကြောင်း အတော်ပင်သိနေသည်။ ထိုပြင်မြင်းမှာ သာမန်မြင်း မဟုတ်။ နဂါးမှ

ဖန်ဆင်းထားသော မြင်း ဖြစ်သဖြင့် သာမန်မြင်းများထက် သတ္တိရှိသည်။ ထို့ကြောင့် ကျဉ်းမြောင်းသော တောင်တက်လမ်းတွင် ရဲရဲဝံ့ဝံ့စွာ လိုက်ပါသွားနိုင်သည်။

ခရီးလမ်း ပတ်ဝန်းကျင်၌လည်း ကျား၊ ကျားသစ်၊ ခြင်္သေ့၊ စသည့် သတ္တဝါများပြားစွာ ရှိနေသည်။ ထိုသတ္တဝါများသည် စွန်းဟိန်ကျဲတို့ လူစုအား တွေ့သောအခါ ကိုက်ဖြတ်စားသောက်ဝါးမျိုရန် ချောင်းမြောင်း ချဉ်းကပ်လာကြ၏။ ထန်စန်းကျွမ်း ဆရာတော်မှာ မြင်းပေါ်မှ လိမ့်ကျမတတ် ဖြစ်ခဲ့ရသည်။

"မကြောက်နဲ့ ဆရာ ...."

စွန်းဟိန်ကျဲသည် ဆရာတော်အား အားပေးလိုက်ပြီး တိရစ္ဆာန်များဘက်သို့ လှည့်ဟိန်းလိုက်၏။

"ဝေါင်း ...."

သူ့ ဟိန်းသံသည် တောတောင် တစ်ခုလုံး ပဲ့တင်ထပ်သွား၏။ ထိုအခါ တောရိုင်းတိရစ္ဆာန်များသည် ကြောက်ရွံ့သွားပြီး သူတို့လူစုအား စွန့်ခွာ ထွက်ပြေး ကြတော့သည်။

"ကဲ .... သူတို့ ဘာ တတ်နိုင်သေးသလဲ"

စွန်းဟိန်ကျဲက ပြောပြီးခရီးဆက်လက်ထွက်ခွါလာလေတော့၏။

သူတို့သည် တောင်ခါးပန်းအလယ်သို့ ရောက်ရှိချိန်တွင် ဆရာတော်သည် အတော်ကြီး ဆာလောင်နေပြီဖြစ်သည်။

"ဟိန်ကျဲ .... ငါလည်း ဆာလောင်လှပြီ၊ သင် .... ကြံဖန်ပါဦး၊ ဒီအနီးအနားမှာ ဆွမ်းခံထွက်လို့များ ရမလားမသိဘူး ...."

စွန်းဟိန်ကျဲက –

"ဆရာ .... တောင်ခြေမှာလည်း လူမရှိဘူး၊ တောင်လယ်မှာလည်း လူမရှိဘူး၊ တောင်ထိပ်မှာလည်း လူမရှိဘူး၊ ဘယ်ကဆွမ်းခံလို့ ရနိုင်မှာလဲ ဆရာ ...."

"ဟိန်ကျဲ .... သင် သံလောက်စာလုံးတွေစားပြီး ကြေးရည်သောက်နေရတဲ့ ဘဝကို ငါကယ်တင်လာခဲ့ရတာပါ ....၊ ငါဆာလောင်နေတဲ့အခါမှာ သင်ဆွမ်းမခံနိုင်ဘူးလား ...."



"ဆရာရယ် ... ဒီလိုနေရာမျိုးမှာ ဘယ်မှာဆွမ်းခံလို့ ရပါ့မလဲ ...၊ တကယ် မရနိုင်လို့ တပည့်တော်က ပြောတာပါ ....၊ ရနိုင်ရင် တပည့်တော် ဆွမ်းထွက်ခံလိုက်မှာပေါ့ ...."

"လူနေအိမ်ခြေရှိမှလား၊ သင် .... တောထဲမှာ အသီးရှာလို့ကော မရနိုင်ဘူးလား ...."

"စိတ်မဆိုးပါနဲ့ ဆရာ၊ ရှာဆိုရင်လည်းတပည့်တော်ရှာပေးပါမယ်"

သူသည် တိမ်တိုက် . တစ်ခုပေါ် ခုန်တက်၍ မျက်လုံးပေါ် လက်ဖဝါးဖြင့် အုပ်မိုးကာ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုလေ၏။ ထိုတောင်နှင့် ယှဉ်လျက်ရှိသော တောင်ထိပ်တွင် အနီရောင်များ လွှမ်းမိုးနေသည်ကို တွေ့ရ၏။ မှည့်နေသော သစ်သီးများဖြစ်မည်ဟု စွန်းဟိန်ကျဲ ခန့်မှန်းလိုက်သည်။

ထို့နောက် သူသည် တိမ်ပေါ်မှ ခုန်ဆင်းလိုက်သည်။ ထန်စန်းကျွမ်း ဆရာတော်အား လျှောက်ထားလိုက်သည်။

"ဆရာတော် ဟိုဘက်တောင်ပေါ်မှာ မှည့်နေတဲ့ သစ်သီးများကို တွေ့ပါတယ်ဆရာ၊ ဆရာ....ပြောတာမှန်ပါတယ်၊ လူနေအိမ်ခြေမရှိလည်း သစ်ဥသစ်ဖုတော့ ရှိတာပေါ့၊ တပည့်တော် သွားပြီး ဆွတ်ခူးလိုက်ပါဦးမယ် ဆရာ"

ဆရာတော်သည် စွန်းဟိန်ကျဲ သဘောပေါက်သဖြင့် ဝမ်းသာသွား၏။

"သင် .... သဘောပေါက်တာကို ငါဝမ်းသာပါတယ်၊ အမြန်ဆုံး မှည့်နေတဲ့ သစ်သီးတွေကို ခူးပါချေ။ တော်ကြာ စားမကောင်းတဲ့ သစ်သီးတွေလဲ ဖြစ်နေဦးမယ် ...."

"တင်ပါ့ဘုရား .... တပည့်တော် သွားပါမယ်"

စွန်းဟိန်ကျဲသည် ဆရာတော်ကို ဦးချကာ တိမ်တိုက်ပေါ်သို့ ခုန်တက်သွားလေ၏။ အသီးများ သီးနေသည့် တောင်ကုန်းသို့ ထွက်ခွာသွားလေတော့၏။

ယင်းကဲ့သို့ တောကြီးမျက်မည်း တောကောင်ကြီးရာ ဒေသတွင် ဘီလူး၊ သရဲ၊ သဘက်များ ရှိတတ်သည် မဟုတ်ပါလော။ ထို့ကြောင့်

ဤတောင်ကို လေဝါတောင် ဘီလူးက အပိုင်စားသကဲ့သို့ ဘီလူး တစ်ကောင်က အပိုင်စားနေခဲ့သည်။

စွန်းဟိန်ကျဲက တိမ်တိုက်ပေါ် တက်၍ သီးပင်စားပင်များကို ကြည့်နေစဉ်တွင် ထိုဘီလူးသည် ထန်စန်းကျွမ်း ဆရာတော်အား တွေ့မြင် သွားလေ၏။

ဘီလူးလောကတွင်လည်း သတင်းစကားတစ်ခုဖြစ်ပေါ်နေသည်။ ထန်စန်းကျွမ်း ဆရာတော်၏အသားကို စားနိုင်ခဲ့လျှင် သက်တမ်းတစ် ထောင် တိုးနိုင်သည်ဟူသော သတင်းစကားပေတည်း။

"ငါ .... ကံကောင်းတာပဲ"

သူသည် ထန်စန်းကျွမ်း ဆရာတော်ကို ဖမ်းဆီးရန် ဆုံးဖြတ် လိုက်သည်။

"သူ့ အသား စားရင် ငါသက်တမ်း တစ်ထောင် ပိုတိုးမယ်၊ သူ့ကို ဖမ်းစားရမယ် ...."

သို့သော် ဆရာတော်၏လက်ဝဲ၊ လက်ယာတွင် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ပါနေသဖြင့် ဆရာတော်အားဝင်ရောက်ဖမ်းရန်မဝံ့ပြန်ချေ။

သူသည် အတန်ကြာ စဉ်းစားပြီးနောက် ပရိယာယ်သုံးရန် စဉ်းစားမိသည်။ သူသည် သူ၏ရုပ်ရည်ကို အလွန်လှပနုနယ်သော မိန်းကလေး တစ်ယောက်အဖြစ်သို့ ပြောင်းလဲလိုက်၏။ သူသည် အသက်နှစ်ဆယ်ခန့်ရှိ လှပနုနယ်ပြီး ယောကျ်ားတကာကြည့်လျှင် ရင်ဖို လောက်သည့် မိန်းကလေးတစ်ဦးအဖြစ်သို့ ပြောင်းလဲသွားသည်။

သူမသည် ခြင်းတောင်းတစ်လုံး၊ ရေဘူးတစ်လုံးကိုဆွဲလာသည်။ ခြင်းတောင်းထဲတွင် စားဖွယ်သောက်ဖွယ်များ ပါရှိသည်။ သူမသည် ဆရာတော်ရှိရာသို့ လျှောက်လာလေ၏။ ထိုအချိန်တွင် စွန်းဟိန်ကျဲသည် သစ်သီးခူးရန် ထွက်ခွာသွားခဲ့လေပြီ။

ထန်စန်းကျွမ်း ဆရာတော်သည် မိန်းကလေးကို လှမ်းမြင်လိုက် လေ၏။

"ဟိန်ကျဲ ကို မေးတော့ ဒီ အနီး အနားမှာ လူနေ အိမ်ခြေ မရှိဘူး လို့ ပြောတယ်၊ ဟိုမှာ ကြည့်စမ်း၊ ဒကာမလေး တစ်ယောက်



လျှောက်လာနေပါကလား ...."

ကျူးပတ်ကိုင်၏ မျက်လုံးများ ဝင်းလက် တောက်ပသွားသည်။ သူသည် အစားလောဘကြီးလျက် ရာဂကြီးသူလည်း ဖြစ်သည်။ သူသည် မိန်းကလေးကို မြင်သောအခါ ကြီးစွာသော တပ်မက်မှု ဖြစ်လေသည်။

"ဟုတ်တယ်၊ တပည့်တော်သွားမေးလိုက်ပါ့မယ်၊ ဒီမိန်းကလေး ဒီကို ရောက်လာတယ် ဆိုကတည်းက ဒီအနီးအနားမှာ လူနေအိမ်ခြေ ရှိလို့ပေါ့ ...."

ကျူးပတ်ကိုင်သည် အဝတ်အစားများကို ပြင်ဆင် ဝတ်ဆင် သည်။ အလွန်ယဉ်ကျေး သိမ်မွေ့သော လူတစ်ယောက် ပုံစံမျိုးဖြင့် မိန်းကလေးထံ ချဉ်းကပ်သွားလေ၏။ သူသည် မျက်နှာကို အချိုသာဆုံး ထား၍ ပြုံးပြလိုက်၏။

"ဒီမိန်းကလေးက ဘယ်ကိုသွားမလို့လဲ ....၊ လက်ထဲမှာလဲ ခြင်းတောင်းတွေ၊ ရေဘူးတွေနဲ့ ...."

သူသည် မိန်းကလေး၏ ခန္ဓာကိုယ်ကို ကြည့်ပြီး လွန်စွာ သဘောကျနေ၏။ မိန်းကလေး၏ အလှကိုသာ ကြည့်နေ၏။ ငါးစာ ကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်သူကဲ့သို့ ဖြစ်နေသည်။ ဘီလူးက ဖန်ဆင်းထားသည့် အဖြစ်ကို လုံးဝ မသိရှိဘဲ ဖြစ်နေသည်။

မိန်းကလေးက ပြုံးပြလိုက်သည်။

"ကျွန်မ ဒီကိုအကြောင်းမဲ့လာတာ မဟုတ်ပါဘူးရှင်၊ ဆွမ်း ကပ်ချင်လို့ လာတာပါ ..."

ကျူးပတ်ကိုင်သည် လွန်စွာ ဝမ်းသာသွား၏။

"ဟုတ်လား၊ ဒီလိုဆိုရင် ကျုပ် ... ဆရာတော်ဆီ ပြေးလျှောက် လိုက်ဦးမယ် ...."

သူသည် ဆရာတော်ကို ပြေး၍ လျှောက်လေ၏။

"ဆရာ .... မျောက်အိုကြီးက မဟုတ်တယုတ်တွေ ဆရာ့ကို လျှောက်တာပဲ၊ လူနေအိမ်ခြေမရှိဘူးဆိုတာ ဘယ်မှာမှန်လို့လဲ ....၊ ဟို မိန်းကလေးရောက်လာတာကို ကြည့်ပါလား၊ သူ .... ဆွမ်းမခံချင်တာနဲ့ ဟိုပြော ဒီပြော လျှောက်ပြောနေတာ၊ မျောက်ကြီး အသီးတွေ သွားခူး

နေတယ်၊ ဆရာ .... အဲဒီအသီးတွေ မစားပါနဲ့ .... အသီးတွေက အဆင်မသင့်ရင် ဝမ်းသွားတတ်ပါတယ်၊ အခု.... သူတော်ကောင်း နတ်ကောင်းမဆိုတာလို ဆရာ့ကို ဆွမ်းကပ်မယ့် ဒကာမ ရောက်နေပါပြီ"

ဆရာတော်သည် သူမြင်တွေ့ခဲ့ရသော မိန်းကလေးသည် သူ့အား ဆွမ်းကပ်မည့်သူဖြစ်ကြောင်း သိလိုက်ရလေ၏။ ကျူးပတ်ကိုင် လျှောက်နေစဉ် မိန်းကလေးသည် သူ့ရှေ့သို့ ရောက်ရှိလာလေ၏။

"တင်ပါ့ဘုရား .... တပည့်တော်မ ဆွမ်းကပ်မလို့ပါဘုရား ...."

ဆရာတော်က –

"ဒကာမလေး ဘယ်မှာ နေတာလဲ၊ ဘာကြောင့် ဆွမ်းလာကပ်တာလဲ"

မိန်းကလေးက –

"တပည့်တော်မက တောင်ခြေရင်းမှာ နေထိုင်ပါတယ်၊ ဒီတောင်မှာ သားရဲတိရစ္ဆာန်များ ရှိနေပါတယ်၊ ကျားဖြူတောင်လို့ ဒီတောင်ကို ခေါ်ပါတယ် ဆရာတော်ဘုရား ...."

"ဒကာမလေး အိမ်မှာ ဘယ်သူများ နေထိုင်သေးသလဲ"

"တပည့်တော်ရဲ့ မိဘများ ရှိနေပါသေးတယ်၊ ကုသိုလ်ကောင်းမှုပြုကြပေမယ့် သူတို့ဟာ ကံဆိုးပါတယ်၊ သားယောကျ်ားလေး တစ်ယောက်မှ မထွန်းကားပါဘူး၊ တပည့်တော်မ တစ်ယောက်ပဲ ထွန်းကားပါတယ် ဘုရား ...."

"ဒကာမလေး အိမ်ထောင်မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အိမ်ထောင် ရှိရဲ့သားနဲ့ ဘာဖြစ်လို့ တောကြီးတောင်ကြီးထဲ တစ်ယောက်တည်း လျှောက်သွားနေရတာလဲ ....."

မိန်းကလေးက ပြုံးလိုက်၏။

"ဒီလိုပါအရှင်ဘုရား .... တပည့်တော်မရဲ့ခင်ပွန်းဟာ ခြံတစ်ခြံမှာ အလုပ်လုပ်ပါတယ်၊ တပည့်တော်မက ခင်ပွန်းသည်အတွက် ထမင်းသွားပို့မလို့ပါ"

သူမကဆက်ပြော၏။



"အဲဒီကိုသွားရင်း တပည့်တော်မဆွမ်းကပ်ချင်စိတ် တဖွားဖွားပေါ်လာပါတယ်၊ ဒါကြောင့် ဒီကို ရောက်လာတာပါဘုရား ...."

ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီလိုက်၏။

"သာဓု .... သာဓု .... သာဓု .... ကျုပ်ရဲ့ တပည့် တစ်ယောက် သစ်သီးသွားခူးနေပါတယ်၊ သူမကြာခင် ပြန်လာတော့မှာ၊ ဒကာမလေး ဆွမ်း ကပ်လိုက်လို့ တော်ကြာ ဒကာမလေးခင်ပွန်းက ဆူပူကြိမ်းမောင်းနေပါ့မယ် ...."

မိန်းကလေးက ပြန်၍ပြောသည်။

"ဒီအတွက် မစိုးရိမ်ပါနဲ့ဆရာ .... တပည့်တော်မရဲ့ ခင်ပွန်းဟာ ဘုန်းတော်ကြီးကို ဆွမ်းကပ်တာ သိရင် တကယ် ဝမ်းသာသွားမှာပါ၊ ဒါကြောင့် ဘုဉ်းပေးတော်မူပါ"

ထန်စန်းကျွမ်း ဆရာတော်သည် မိန်းကလေး၏ ခင်ပွန်းစားရမည့် ထမင်းဟင်းများ ဖြစ်နေသဖြင့် ဘုဉ်းမပေးဟု ငြင်းဆန်နေသည်။

ကျူးပတ်ကိုင်က ဆရာဖြစ်သူကို မကျေမနပ် ဖြစ်နေလေ၏။

"ဘုန်းကြီးတွေဟာ ဒီလိုပဲလားမသိပါဘူး၊ ဆွမ်းကပ်မယ့်လူ ဆွမ်းကပ်နေတာတောင် ငြင်းပယ်နေရသေးတယ်၊ သူ့တပည့် မျောက်ကြီးကို စောင့်နေရသေးတယ်၊ ဒီမျောက်ကလည်း သူတန်ခိုးရှိတယ်ဆိုပြီး လုပ်ချင်ရာ လုပ်နေတာပဲ"

သူသည် မိန်းကလေး၏ လက်ထဲမှ ဆွမ်းဟင်းများကို ယူရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် ဝွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ဆင်းသက်လာလေ၏။ သူသည် အသီးနီနီများကို တစ်ပွေ့တစ်ပိုက် ခူးလာသည်။

သူသည် မိန်းကလေးကို တွေ့မြင်လိုက်သည်နှင့် ဘီလူးက ဖန်ဆင်းထားသော မိန်းကလေးဖြစ်ကြောင်း သိလိုက်လေ၏။ သူသည် ဆွတ်ခူးလာသော သစ်သီးများအား ဘေးသို့ချလိုက်သည်။ နားထဲမှ အပ်ကလေးကို ဆွဲထုတ်ပြီး သံတုတ်အဖြစ်သို့ ပြောင်းလဲလိုက်၏။

သူသည် မိန်းကလေးအား ရိုက်သတ်ရန် ဟန်ပြင်လိုက်သည်။

ဆရာတော်သည် လွန်စွာစိုးရိမ်သွားပြီး အလျင်အမြန် ဟန့်တားလိုက်လေ၏။

"ဟေ့ရပ်လိုက် ... သင် ဘာလုပ်မလို့လဲ စွန်းဟိန်ကျဲ ...."

စွန်းဟိန်ကျဲက –

"ဆရာ .... အဲဒီမိန်းကလေးဟာ လူကောင်းမဟုတ်ပါဘူးဆရာ၊ သူက ဘီလူးတစ်ကောင်ပါ"

ထန်စန်းကျွမ်းဆရာတော်က –

"သင်ဘာတွေပြောနေတာလဲ၊ မိန်းကလေး တစ်ယောက်ကို သင် မမြင်ဘူးလား၊ ဘာကြောင့် ဘီလူးလို့ ပြောနေရတာလဲ ...."

"ဆရာ .... ဆရာဟာ အင်မတန် ရိုး အ ပါတယ်၊ အခု တပည့်တော် အရောက်စောလို့ပါ ...၊ အရောက်မစောရင် ဆရာဟာ အလိမ်ခံရပြီ"

စွန်းဟိန်ကျဲက ထိုသို့ရှင်းပြသော်လည်း ဆရာတော်က မယုံပေ။

စွန်းဟိန်ကျဲက –

"တပည့်တော် နားလည်ပါပြီ၊ ဆရာဟာသူ့ရုပ်ရည်၊ သူ့အလှ အပကို မြင်ပြီး ဆရာ အိမ်ထောင်ပြုချင်နေပါပြီ၊ ဒီလိုဆိုရင် ကျူးပတ်ကိုင်ကို သစ်လုံးခုတ်နိုင်းမယ်၊ ဆားဝူကျိန်းကို ကောက်ရိုးတွေ မြက်တွေရှာခိုင်းမယ်၊ တပည့်တော်က လက်သမားလုပ်မယ်၊ ဆရာ့ အတွက် အိမ်တစ်လုံး ဆောက်ပေးမယ်၊ ဆရာ ဒီမှာနေခဲ့တော့ .... တပည့်တော်တို့လည်း ပြန်ပါတော့မယ်"

ထန်စန်းကျွမ်းဆရာတော်သည် အလွန့်အလွန် ရှက်သွားလေ၏။

ထိုအချိန်တွင် စွန်းဟိန်ကျဲသည် သံတုတ်ဖြင့် မိန်းကလေးကို ရိုက်ချလိုက်လေသည်။ ဘီလူးသည် မိန်းကလေးကိုယ်ထဲမှ လန့်ဖျပ် ထွက်ပြေးလေရာ အသက်မဲ့သော မိန်းကလေးခန္ဓာကိုယ်သာ မြေပေါ် လဲကျ ကျန်ရစ်လေ၏။

ထန်စန်းကျွမ်း ဆရာတော်၏ အမြင်တွင် အလွန်ရိုင်းစိုင်းကြမ်း ကြုတ်သော အပြုအမူသာ ဖြစ်နေသည်။ စွန်းဟိန်ကျဲသည် အားနွဲ့သော မိန်းကလေးအား ရက်စက်စွာရိုက်သတ်လိုက်ခြင်းသာ ဖြစ်နေပါသည်။



ထန်စန်းကျွမ်း ဆရာတော် အနေဖြင့် ထို မိန်းကလေးသည် ဘီလူးက အယောင်ဆောင် ထားသော မိန်းကလေး ဖြစ်သည်ဟု သိမြင် မနေပါချေ။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၇၀)

## မနာလိုသူ

ထန်စန်းကျွမ်း ဆရာတော်သည် ဒေါသပြင်းစွာ ထွက်လေ၏။

"မျောက်ရိုင်း ..... မင်းစိတ်ရိုင်းတွေ ပြန်ပေါ်လာပြန်ပြီ၊ မင်းဒီလို စိတ်ရိုင်းဝင်တိုင်း လူတွေကိုလိုက်သတ်နေရင် အတော်ခက်မယ်"

စွန်းဟိန်ကျဲက -

"တပည့်တော်ကို အပြစ်မတင်ပါနဲ့ဦး ဘုရား၊ သူ့ဟင်းခွက်ထဲမှာ ဘာတွေပါတယ်ဆိုတာ ကြည့်ပါဦးဘုရား"

ကျူးပတ်ကိုင်သည် ခြင်းတောင်းထဲပါသော အရာများကို ဖွင့်ကြည့်သည်။

"ဟာ ...."

သူသည် လွန်စွာ အံ့သြသွား၏။ ခြင်းတောင်းထဲမှ ခွက်များအတွင်းတွင် ဘာဆွမ်းဟင်းမှမပါဘဲ၊ ဖားများ၊ ဖားပြုတ်များ၊ အခြားတွားသွားကောင်များကို တွေ့ရလေ၏။ ထိုအခါမှ ဆရာတော်သည် စွန်းဟိန်ကျဲ စကားကို ယုံကြည်သွားလေ၏။ ဤသို့မြင်ရသည်ကို ကျူးပတ်ကိုင်က မကျေနပ်ချေ။ သူကဆွမ်းများ၊ ဆွမ်းဟင်းများကိုသာ မြင်လိုသည်။ သူသည် စွန်းဟိန်ကျဲအား ချောက်တွန်းလိုသည့် စိတ်များ ဖြစ်ပေါ်နေသည်။



သူသည် ဆရာတော်အား တီးတိုး လျှောက်သည်။

"ဆရာ .... အဲဒီမိန်းကလေးက ဒီဒေသက တောင်သူလယ်သမားတစ်ဦးရဲ့ သမီးပါ၊ အစ်ကိုကြီးက ရိုက်သတ်လိုက်တာ မှားပါတယ်၊ ဆရာ .... သူ့ကိုဆူမှာကြောက်ပြီး သူ့တန်ခိုးနဲ့ ပါလာတဲ့ ဆွမ်းဟင်းတွေကို ဖားပြုတ်တွေ ဖြစ်အောင် လုပ်လိုက်တာပါ ....."

ဆရာတော်သည် ကျူးပတ်ကိုင်၏ စကားကို ယုံကြည်သွားပြန်လေ၏။ ဆရာတော်၏ စိတ်တွင်း၌ -

"ဒီမျောက်စုတ်ဟာ လူတစ်ယောက်ကိုတွေ့ရင် ရိုက်သတ်ဖို့ပဲ စိတ်ကူး နေတာပဲ၊ သူနဲ့တွေ့တဲ့ လူတိုင်း ဘဝကူး ကောင်းအောင်ဆုတောင်း နေရမယ့်ပုံပဲ၊ သူ့ကို ဆုံးမမှ ဖြစ်မယ် ...."

ဆရာတော်သည် စွန်းဟိန်ကျဲ ခေါင်းကိုက်စေရန် ဂါထာကိုရွတ်ဖတ်လေတော့၏။ စွန်းဟိန်ကျဲမှာ ခေါင်းကိုက်လွန်းသဖြင့် မချိမဆံ့ဝေဒနာ ခံစားနေရလေ၏။

"ဆရာ .... ဆရာ .... ဒီဂါထာကိုမရွတ်ပါနဲ့၊ ဆုံးမစရာရှိရင် ရိုက်နက် ဆုံးမပါဆရာ ....၊

ဆရာတော်က -

"သင်ဟာ လူ့အသက် တစ်သက်ကို ပရွက်ဆိတ်ကလေး တစ်ကောင်လောက်မှ တန်ဖိုးမထားဘူး၊ အခု .... သင်ဟာ အပြစ်မဲ့တဲ့ မိန်းကလေး တစ်ယောက်ကို အသေ ရိုက်သတ်လိုက်ပြီ၊ သတ္တဝါတွေ သေကျေတာကို ငါမလိုလားဘူး စွန်းဟိန်ကျဲ .... သင်ပြန်ပေတော့ ...."

"တပည့်တော် ဘယ်ကို ပြန်ရမှာလဲ ဘုရား"

"သင့်ကို တပည့်အဖြစ် မလိုချင်တော့ဘူး၊ သင် ယခုလို လူသတ်နေရင် ငါတို့ပိဋကတ်သုံးပုံကို ဘယ်လို သွားပင့်မလဲ၊ သင် ပြန်ပေတော့ ...."

"တပည့်တော် ပြန်ရင် ဆရာဟာ အဲဒီပိဋကတ် သုံးပုံ ရှိတဲ့ နေရာကို လုံးဝ မရောက်နိုင်ပါဘူးဆရာ"

ဆရာတော်က -

"ကံတရားအတိုင်းပဲ .... သင်နဲ့အတူသွားနေရင် ငါ့မှာ ငရဲပိုကြီး

လာလိမ့်မယ်၊ ဒါကြောင့် သင့်ကို ငါအလိုမရှိတော့ဘူး၊ ပြန်ပေတော့ ...."

"ပြန်ဆိုရင်လည်း ပြန်ပါ့မယ်၊ ဒါပေမယ့် ဆရာ့ကျေးဇူးတွေ မဆပ်ရသေးလို့ တပည့်တော် စိတ်မကောင်းပါဘူး ...."

"ငါက သင့်ပေါ် ဘာကျေးဇူးတွေများ ရှိနေသေးလို့လဲ"

"တပည့်တော်ဟာ နတ်မင်းကြီးရဲ့ပလ္လင်ကိုလုလို့ မြတ်စွာဘုရားက တောင်ငါးလုံးနဲ့ ဖိထားခဲ့ပါတယ်၊ အဲဒီဝဋ်ကြွေးက ဆရာ ကယ်တင်ခဲ့ပါတယ်။ အဲဒါကို တပည့်တော် ကျေးဇူးမဆပ်ရသေးပါဘူး ...."

ဆရာတော်သည် စွန်းဟိန်ကျဲ၌ ကျေးဇူးတရား သိတတ်မှုရှိသေးသည်ကို တွေ့ရသောအခါ ကျေနပ်သွားသည်။

"ကဲ .... သင့်မှာ ကျေးဇူးတရားကို သိတတ်တဲ့စိတ် ရှိသေးတဲ့အတွက် ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ် ငါ့စကားကို နားမထောင်ရင်တော့ ဂါထာကို အခါနှစ်ဆယ်လောက် ရွတ်မယ်"

"ဆရာ့ရဲ့ကျေးဇူး ကြီးမားလှပါတယ် ဘုရား"

"ကောင်းပြီ၊ ဒါဖြင့် ခရီးဆက်ကြမယ် ...."

"မဆက်ပါနဲ့ဦး ဘုရား၊ တပည့်တော် ခူးလာတဲ့ အသီးတွေကို ဘုဉ်းပေးပါဦး ...."

ဆရာတော်သည် စွန်းဟိန်ကျဲ ခူးလာသည့် အသီးများကို ဆွမ်းဘုဉ်းပေးလေ၏။ အသီးများသည် စားကောင်းသည့်အသီး ဖြစ်ရုံမျှမက ချိုမြိန်နေသည်။

ထို့နောက် ကျူးပတ်ကိုင်၊ ဆားဝူကျိန်းတို့လည်း စားသောက်ကြ၏။

"ကဲ .... စားပြီးကြပလား၊ ခရီးဆက်ကြမယ်"

ဆရာတော်နှင့် တပည့်များသည် ခရီးဆက်ကြလေတော့၏။

စွန်းဟိန်ကျဲ ရိုက်သတ်လိုက်ချိန်တွင် ဘီလူးသည် မိန်းကလေး၏ကိုယ်မှ ခွာထွက်သွား၏။ သူသည် တိမ်တိုက် တစ်ခုပေါ်သို့ ရောက်ရှိသွားသည်။

ထန်စန်းကျမ်း ဆရာတော်အား ဖမ်းမိရန်ဆဲဆဲတွင် စွန်းဟိန်ကျဲ ရောက်ရှိလာသဖြင့် သူ၏ အကြံအစည် ပျက်သွားရခြင်း အတွက်



စွန်းဟိန်ကျဲအား သူသည် ရန်ငြိုးဆိုမိသည်။ သို့သော် .... စွန်းဟိန်ကျဲ တန်ခိုးကြီးသည်ကိုလည်း သူသိရှိသည်။

"မျောက်စုတ် .... မျောက်နာ .... ထန်စန်းကျမ်းဆရာတော်နဲ့ ကျူးပတ်ကိုင်တို့က ငါဖန်ဆင်းထားတဲ့ မိန်းကလေးကို ယုံကြည်နေပြီ၊ သူရောက်လာတော့မှပဲ ငါထွက်ပြေးခဲ့ရတယ် ....."

သူသည် အံကို တင်းတင်းကြိတ်လိုက်၏။

"ဟင်း .... မျောက်စုတ် .... သင်ဘယ်လိုနည်းနဲ့ပဲတားတား၊ ကျုပ်က မဖြစ်ဖြစ်တဲ့နည်းနဲ့ ထန်စန်းကျမ်း ဆရာတော်ကို ရအောင် ဖမ်းမယ်...."

သူသည် ယင်းသို့ ဆုံးဖြတ်လိုက်ပြီးနောက် တိမ်တိုက်ပေါ်မှခုန်ဆင်းလိုက်၏။

ထိုနောက် စွန်းဟိန်ကျဲတို့လူစု သွားမည့်လမ်းကြောင်းမှ ကြိုတင် စောင့်နေလေ၏။ သူသည် ယခုအခါ အသက်ရှစ်ဆယ်ခန့် အဘွားကြီးတစ်ဦးအဖြစ် ဖန်ဆင်းထားလေ၏။ သူသည် အဘွားအိုအဖြစ် ပြောင်းလဲပြီး တောင်ဝှေးကို ထောက်ကာ ထောက်ကာ ဝမ်းနည်းပက်လက် ငိုကြွေးပြီး လျှောက်လာလေ၏။

အဘွားအိုအား ဆရာတော်နှင့် တပည့် သုံးယောက်စလုံးက မြင်ကြသည်။

ကျူးပတ်ကိုင်က ဆရာတော်အနီးသို့ တိုးကပ်သွားပြီး တီးတိုး လျှောက်လေ၏။

"ဒုက္ခတော့ ဖြစ်ကုန်ပြီနဲ့တူပါရဲ့ ဆရာရယ် ...."

ဆရာတော် ထိတ်သွား၏။

"ဘာ .... ဘာဖြစ်လို့လဲ"

ကျူးပတ်ကိုင်သည် ဝမ်းနည်းပက်လက် ငိုကြွေးနေသော အဘွားအိုအား လက်ညှိုးထိုးပြရင်း –

"ဟိုမှာ မတွေ့ဘူးလား ဆရာ ...."

"ဘာဖြစ်သလဲ၊ အဘွားအိုတစ်ဦး ငိုလာနေတာကို ငါတွေ့သားပဲ"

ကျူးပတ်ကိုင်က -

"အစ်ကိုကြီး ရိုက်သတ်လိုက်တဲ့ မိန်းကလေးဟာ ဒီအဘွားကြီးရဲ့သမီး ဖြစ်နေလိမ့်မယ် ...."

သူတို့ မည်မျှ တီးတိုးပြောနေစေကာမူ စွန်းဟိန်ကျဲက ကြားလေ၏။

"ဒီမှာ ကျူးပတ်ကိုင် ..... စကားကို အရမ်းမပြောနဲ့၊ မင်း ဒီအဘွားကြီး အသက်ကို ခန့်မှန်းစမ်း"

ကျူးပတ်ကိုင်က -

"အနည်းဆုံး အသက်ရှစ်ဆယ်တော့ ရှိပြီ"

"အေး မင်းပဲစဉ်းစားကြည့် ဟိုမိန်းကလေးက အသက် ဆယ့်ရှစ်နှစ် နှစ်ဆယ်ပဲ ရှိသေးတယ်၊ ဒီအဘွားကြီးက အသက်ခြောက်ဆယ်မှာ အဲဒီမိန်းကလေးကို မွေးနိုင်ပါ့မလား"

စွန်းဟိန်ကျဲက -

"ငါ့ညီ .... မင်းတို့ ဒီမှာစောင့်နေကြဦး၊ ငါအဘွားကြီးဆီ သွားစုံစမ်းလိုက်ဦးမယ် ...."

သူသည် အဘွားကြီးရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွါသွားလေတော့၏။

စွန်းဟိန်ကျဲသည် အဘွားအိုအနီးသို့ ရောက်ပြီး အသေအချာကြည့်လိုက်သောအခါ ထိုအဘွားအိုမှာ သာမန် လူသား တစ်ယောက်မဟုတ်ဘဲ ဘီလူးတစ်ကောင်က လူသားအဖြစ် ဖန်ဆင်းထားသည်ကို တွေ့ရသည်။

စွန်းဟိန်ကျဲက မဲ့ပြုံး ပြုံးလိုက်၏။

"ဒီမှာဘီလူး .... သင်သူများကိုသာ သွားလိမ်၊ ကျုပ်ကိုတော့ လာမလိမ်နဲ့၊ သင်ဟာဘီလူးပဲ၊ ကျုပ်သင့်ကိုသတ်ရတော့မယ် ...."

သူသည် စကားအဆုံးတွင် လက်ထဲ၌ပါသော သံတုတ်ဖြင့် ရိုက်ချလိုက်သည်။ ဤသို့ အလျင်အမြန် ရိုက်ချရခြင်းမှာ ဘီလူး ထွက်မပြေးနိုင်စေရန် ဖြစ်သည်။

ဘီလူးသည် စွန်းဟိန်ကျဲနှင့် ရင်ဆိုင်တွေ့သည်နှင့် လွန်စွာ



သတိထားသည်။ စွန်းဟိန်ကျဲ ရိုက်ချလိုက်သည်နှင့် တစ်ပြိုင်နက် သူသည် အဘွားအို၏ ခန္ဓာကိုယ်အတွင်းမှ ထွက်ခွာသွားသည်။ အဘွားအို ခန္ဓာကိုယ်သာ စွန်းဟိန်ကျဲ၏ ရိုက်ချက်ဖြင့် လဲကျသွားရလေ၏။

ဘီလူးကား တိမ်တိုက်ပေါ် ရောက်ရှိသွားပြီး အောက်မှ အခြေအနေကို စောင့်ကြည့်နေလေ၏။ ကျူးပတ်ကိုင်သည် ထန်စန်းကျွမ်း ဆရာတော်အား ရှေ့သို့တွင်တွင် ခေါ်လာသည်။ သူသည် စွန်းဟိန်ကျဲ၏ စိတ်ကို သိသည်။ စွန်းဟိန်ကျဲသည် အဘွားအိုအား ရိုက်သတ်မည့် အဖြစ်ကို ဆရာတော်အား ပြသလိုသည်။ ထင်သည့်အတိုင်း စွန်းဟိန်ကျဲက အဘွားအိုအား ရိုက်သတ်ပြီးလေပြီ။ ထိုအချိန်တွင် သူသည် ဆရာတော်အား အချိန်ကိုက်ထားသကဲ့သို့ ရောက်ရှိလာစေ၏။

ထန်စန်းကျွမ်း ဆရာတော်သည် စွန်းဟိန်ကျဲက အဘွားအိုအား ရိုက်သတ်လိုက်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေ၏။ သူသည် လွန်စွာ ဝမ်းနည်းသွားသည်။ ထို့နောက် ဒေါသလည်း ထွက်လာသည်။

သူသည် ဂါထာကို စတင်ရွတ်ဖတ်လေတော့၏။ စွန်းဟိန်ကျဲမှာ ခေါင်းကိုက်ဝေဒနာကို ပြင်းထန်စွာ ခံစားရလေတော့သည်။

"ဆရာ ... ဆရာ ... ဂါထာကိုမရွတ်ပါနဲ့၊ တပည့်တော် ခေါင်းကိုက် မခံနိုင်ပါဘူး ...."

ဆရာတော်က -

"သင်ဟာ အတော် ရန့်ရင်းကြမ်းတမ်းပါကလား၊ အပြစ်တွေကို အကြိမ်ကြိမ် ကျူးလွန်ပြီး ငါ့ရဲ့ဆုံးမစကားကို နားမထောင်ဘူး၊ သင့်ကို ငါ ခွင့်မလွှတ်နိုင်တော့ဘူး ...."

သူသည် ဂါထာကို ထပ်ရွတ်လေရာ စွန်းဟိန်ကျဲသည် မြေကြီးပေါ် လူးလိမ့်နေရတော့သည်။ ဆရာတော်သည် ဂါထာကို အကြိမ်နှစ်ဆယ် ရွတ်ပြီးမှ ရပ်လိုက်၏။

စွန်းဟိန်ကျဲသည် တစ်ကိုယ်လုံးမှ ချွေးများထွက်ပြီး မောဟိုက်နေသည်။

ဆရာတော်က -

"ဟိန်ကျဲ .... မင်းဘာပြောချင်သလဲ"

စွန်းဟိန်ကျဲက –

"တပည့်တော် ဘာမျှ အပြစ်မရှိတာဘဲ၊ ဘာဖြစ်လို့ ဆရာက တပည့်တော်ကို ဒဏ္ဍပေးရတာလဲ ဘုရား"

ဆရာတော်က –

"ပထမတုန်းက သင်ဟာ နုနယ်တဲ့ မိန်းကလေးတစ်ယောက်ကို ရိုက်သတ်ခဲ့တယ်၊ အခုလည်း အဘွားကြီးတစ်ယောက်ကို ရိုက်သတ်ပြန်ပြီ၊ ဒါတောင် အပြစ်မရှိဘူးလို့ ပြောနေတုန်းပဲလား ...."

"တပည့်တော်မှာ လုံးဝ အပြစ်မရှိပါဘူး ဘုရား ...."

ထန်စန်းကျွမ်း ဆရာတော်သည် စိတ်တိုလာသည်။

"လူနှစ်ယောက်ကို ရိုက်သတ်တာ သင်မို့လို့ အပြစ်မရှိဘူးလို့ ပြောရက်တယ် ...."

"ဒီအဘွားကြီးဟာ လူသာမန်မဟုတ်ပါဘူး၊ ဘီလူးပါ၊ ဘီလူးက လူယောင်ဆောင်ထားတာပါ"

ထန်စန်းကျွမ်း ဆရာတော်သည် စွန်းဟိန်ကျဲ၏ စကားကို အယုံအကြည် မရှိချေ။

"သင်ဟာ ကိုယ့်အပြစ်ကို ကိုယ်ဝန်မခံဘူး၊ ဒီမှာ အလောင်းတွေ့နေပြီ၊ ဒါကို သင်ဟာ ငြင်းနေတုန်းပဲ၊ ကဲ .... ဒီတော့ သင်သွားပေတော့ .."

"တပည့်တော် ဘယ်ကို သွားရမှာလဲ ဆရာ"

"သင် သွားလိုရာ သွားနိုင်တယ် ...."

"ဆရာက သွားဆိုလည်း သွားရတော့မှာပေါ့၊ ဒါပေမယ့် ...."

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကျူးပတ်ကိုင်က ကြားဝင်သည်။

"သူက ပစ္စည်းတွေ ခွဲဝေ လိုချင်ဟန်တူတယ်၊ ဒါကြောင့် ပစ္စည်းတချို့တလေကို ခွဲဝေပေးလိုက်ပါ ဆရာ"

စွန်းဟိန်ကျဲ ဒေါသထွက်သွားသည်။

"ဝက်ပုတ် ... မင်းဘာတွေ ပြောနေတာလဲ၊ ဆရာနဲ့ငါနဲ့ကို သွေးခွဲစကား ပြောစရာမလိုဘူး ...."



ဆရာတော်က –

"သင် .... ဘာမှမလိုချင်ဘူးလို့ ပြောတယ်၊ သင်ဘာကြောင့် မသွားသေးတာလဲ"

"တပည့်တော် ဘာမှ မလိုပါဘူးဆရာ၊ တပည့်တော် ခေါင်းမှာ ကွင်းသရဖူ ရှိနေပါတယ်ဆရာ၊ အဲဒါဆောင်းသွားရင် သူများတွေ ရယ်ကြပါလိမ့်မယ်ဆရာ ....၊ ဒါကြောင့် တပည့်တော်ရဲ့ ခေါင်းပေါ်က ရွှေကွင်းကို ဖြုတ်ပြီး တခြားလူရဲ့ခေါင်းမှာ စွပ်ပေးလိုက်ပါ၊ တပည့်တော် ပြန်ပါ့မယ်"

ဆရာတော် စိတ်ညစ်သွားသည်။

"ခက်ပြီ၊ ခက်ပြီ"

"ဘာခက်တာလဲ ဆရာရယ်"

"ကွမ်ယင်မယ်တော် အဲဒါတွေ လာပေးတုန်းက ခေါင်းကိုက်အောင်လုပ်တဲ့ ဂါထာပဲ သင်ပေးခဲ့တယ် ....၊ ကွင်းသရဖူ ကျွတ်ကျတဲ့ ဂါထာကို သင်မပေးခဲ့ဘူး"

"အဲဒါ ခက်တာပဲ၊ ဆရာ့အနေနဲ့ ဒီကွင်းကလေးတွေကို ချွတ်မပေးနိုင်ရင် တပည့်တော်ကို နှင်မနေပါနဲ့ဘုရား ...."

စွန်းဟိန်ကျဲသည် လက်အုပ်ချီလိုက်၏။

"ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါဆရာ၊ ဆရာ ... တပည့်ဟာ ဆရာ့အပေါ်မှာ အင်မတန် အနှံ့အတာ ခံလာတဲ့တပည့်ပါ ....၊ သည်းခံပါ ဆရာ၊ တစ်ကြိမ်တစ်ခါတော့သည်းခံပါ ...."

ဆရာတော်သည်အတန်ကြာစဉ်းစားပြီးခေါင်းညိတ်လိုက်လေ၏။

"ကောင်းပြီလေ ...၊ နောင် ဒီလိုမဖြစ်စေနဲ့"

စွန်းဟိန်ကျဲ ဝမ်းသာသွားသည်။

"တင်ပါ့ ဘုရား .... တပည့်တော် ကတိပေးပါတယ်ဘုရား ...."

သူသည် ဆရာတော်အား လမ်းခရီး တစ်လျှောက်လုံး စောင့်ရှောက်လာခဲ့ရသဖြင့် သံယောဇဉ်ရှိနေသည်။ ဆရာတော်က သူ့အား ခွင့်လွှတ်လိုက်သောအခါ သူသည် အလွန်ပျော်ရွှင်သွား၏။ မပျော်ရွှင်နိုင်သူမှာ ကျူးပတ်ကိုင် ဖြစ်သည်။ ကျူးပတ်ကိုင်သည် ဤလမ်းခရီး၌

စွန်းဟိန်ကျဲ မပါလျှင် သူဗိုလ်လုပ်ရမည်ဟု ယုံကြည်သည်။ ယခု .... စွန်းဟိန်ကျဲ ဆက်လက်လိုက်ပါမည် ဆိုသောအခါ စွန်းဟိန်ကျဲပင် ဆက်လက် ဗိုလ်လုပ်တော့မည်သာ။

ကျူးပတ်ကိုင်သည် တစ်ဖက်သို့လှည့်၍ မျက်နှာမဲ့လိုက်လေ၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၇၉)

## ခွဲခွာရခြင်း

ဘီလူးသည် တိမ်တိုက်ပေါ်မှ အခြေအနေ စောင့်ကြည့်နေသည်။ စွန်းဟိန်ကျဲ သည်ခရီး၌ မလိုက်ပါနိုင်လျှင် သူအောင်ပွဲရပေပြီ။ လိုက်ပါမည်ဆိုရင်တော့ သူကြံရဖန်ရဦးမည်။

စွန်းဟိန်ကျဲနှင့် ထန်စန်းကျွမ်းဆရာတော်တို့ အဆင်ပြေသွားသည်ကိုမြင်သောအခါ သူသည် လက်သီးထုလေ၏။

“ဒီမျောက်စုတ်က အတော့်ကို တတ်နိုင်တာပဲ ....”

သူသည် ဆက်လက်၍ စဉ်းစားလေ၏။

“ဒီအတိုင်းဆိုရင် သူတို့ဟာ ငါ့ပိုင်နက်ထဲက ကျော်ဖြတ်သွားကြတော့မယ်၊ ကိုယ့်ပိုင်နက်မဟုတ်ရင် လုပ်ရကိုင်ရတာ ခက်ခဲတယ်၊ သူတို့ကို အချိန်မီ တားမှဖြစ်မယ်”

သူသည် တိမ်တိုက်ပေါ်မှ ဆင်းသက်လာလေ၏။ သူသည် အဘိုးအိုတစ်ယောက် အသွင်သဏ္ဌာန်သို့ ပြောင်းလဲလိုက်သည်။ သူသည် ထန်စန်းကျွမ်းဆရာတော်တို့ လာမည့်လမ်း၌ စောင့်နေသည်။

မကြာမီ ဆရာတော်တို့သည် ဤလမ်းအတိုင်း တရွရွလျှောက်လာကြ၏။

အဘိုးအိုကလည်းပျောက်သွားသည်။

ဆရာတော်သည် အဘိုးအိုကို မြင်သည်။ လူသူကင်းမဲ့လှသော တောကြီးတောင်ကြီးအတွင်းဝယ် အဘိုးအိုတစ်ယောက်တည်းကို တွေ့မြင်သောအခါ ဆရာတော် အံ့သြသွားသည်။

"စောစောကလည်း အဘွားအိုကြီး တစ်ယောက်၊ အခုလည်း အဘိုးအိုကြီး တစ်ယောက် .... ထူးဆန်းလှချည်လား"

ဆရာတော်သည် ထိုသို့တွေးပြီး ကျူးပတ်ကိုင်ကိုပြောလိုက်၏။

"ကျူးပတ်ကိုင် ရှေ့မှာ အဘိုးအို တစ်ယောက်ပါလား ...."

"ဆရာရေ ဝမ်းသာမနေနဲ့"

"ဘာဖြစ်လို့လဲ ကျူးပတ်ကိုင်ရဲ့"

"အဲဒီ အဘိုးကြီးဟာ တပည့်တော်တို့ကို ဒုက္ခပေးမယ့် သူ ဖြစ်ရမယ်"

"သူက ငါတို့ကို ဘာဒုက္ခတွေ လာပေးနိုင်မှာလဲ"

"တပည့်တော် ထင်တာကို တပည့်တော် ပြောမယ်နော် ...."

"အစ်ကိုကြီး ရိုက်သတ်လိုက်တဲ့ ပထမမိန်းကလေးဟာ ဒီ အဘိုးကြီးရဲ့သမီးဖြစ်ရမယ်၊ အစ်ကိုကြီး ဒုတိယရိုက်သတ်လိုက်တဲ့ အဘွားကြီးရဲ့ ခင်ပွန်းဖြစ်ရမယ် ...."

စွန်းဟိန်ကျဲသည် ထိုစကားအားလုံးကို ကြား၏။

"ဟေ့ကောင် ဝက်ပုတ် .... အသက်ခြောက်ဆယ်လောက် အဘွားကြီးက သမီးတစ်ယောက်ကို ဘယ်လိုမွေးနိုင်မှာလဲလို့ မင်းကိုပြောပြီးပြီ၊ ဘယ့်နှယ် မင်းက မဟုတ်တမ်းတရား စကားတွေ လျှောက်ပြောနေရတာလဲ"

ကျူးပတ်ကိုင်က –

"ကျုပ်ပြောတာကို အစ်ကိုကြီး မယုံဘူး မဟုတ်လား၊ ကဲ .... သွားမေးကြည့်စမ်းပါဦး ...."

စွန်းဟိန်ကျဲသည် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ငါသွားမေးမယ်၊ မင်းပြောသလို ဟုတ်ပါစေလို့ပဲ ငါဆုတောင်းပေးပါတယ်ကွာ ...."



သူသည် သူ၏ လိုတရသံတုတ်ကို အပ်ချောင်းကလေးအဖြစ်သို့ ပြောင်းလဲသွားစေပြီးနောက် လက်ညှိုးထဲ သိမ်းဆည်းထားလိုက်၏။ သူ လက်နက်ယူလာသည်ကို ဘီလူးမမြင်စေရန်ဖြစ်သည်။ သူကတော့ ဆုံးဖြတ်ပြီးလေပြီ။ ဤလူသူမနီး တောထဲ၌ မည်သည့်နည်းနှင့်မျှ အဘိုးကြီးတစ်ယောက် ရောက်မလာနိုင်ဟု သူယုံသည်။ သူသည် အဘိုးအိုထံသို့ အေးဆေးစွာ လျှောက်သွားလေ၏။

စွန်းဟိန်ကျဲက –

"အဘ ..... ဘယ်ကိုသွားမလို့တုံး ...."

အဘိုးအိုက –

"အဘကတော့ ဒီတောင်ခြေမှာပဲ နေတာပါပဲ၊ ကျုပ်မှာသမီးလေး တစ်ယောက်ရှိပါတယ်၊ သမီးလေးဟာ သူ့ယောကျ်ားဆီ ထမင်းသွား ပို့တာ အချိန်မီပြန်ရောက်မလာပါဘူး၊ အဲဒါနဲ့ကျုပ်မိန်းမကို သွားရှာ ခိုင်းတာ ကျုပ်မိန်းမလည်းပြန်မလာဘူး၊ နှစ်ယောက်စလုံး ပြန်မလာတော့ ကျုပ်က အရှာအဖွေ ထွက်ရတာပေါ့ ...."

စွန်းဟိန်ကျဲ ပြုံးလိုက်၏။ သေချာပေပြီ။ ဘီလူးသည် မိန်းကလေး ဟန်ဆောင်လာသဖြင့် သူသတ်လိုက်ပြီးပြီ။ သည်ဘီလူးပင် အဘွားအို ဟန်ဆောင်လာပြန်၏။ ထို အဘွားအိုကိုလည်း သူသတ် လိုက်ပြီးပြီ။ အခု အဘိုးအို ဟန်ဆောင်လာပြန်သည်။ သူသတ်ရ ပေဦးမည်။

"အသင် ဘီလူး .... သူတစ်ပါးကို သွားလိမ်လျှင် ရချင်ရမယ်၊ ကျုပ်ကိုတော့ ဘယ်လိုမှ လိမ်လို့မရဘူး ဆိုတာမှတ် ...."

ဘီလူးက ခြောင်လိမ်သည်။

"ကျုပ်ဟာ လူသားစစ်စစ်ပါ၊ ကျုပ်သမီးနဲ့ ကျုပ်မိန်းမ ဘယ် ရောက်နေတယ်ဆိုတာ ကျုပ်လိုက်ရှာနေတာပါ ...."

"သင်ဘီလူး .... သင့်သမီးဆိုတဲ့သင့်ကို ကျုပ်သတ်လိုက်တာ လည်း သင်သိတယ်၊ သင့်ဇနီးဆိုတဲ့ အဘွားအိုကို ကျုပ်သတ်လိုက်တာ လည်း သင်သိတယ်၊ အခုအထိ ကျုပ်ကိုသင်လာညာနေတုန်းပါလား ...."

သူသည် လိုတရ သံတုတ်ဖြင့် ဘီလူးအား ရိုက်ရန် ကြံမိသော်

လည်း ရှေ့ကြောင်းနောက်ကြောင်း ပြန်စဉ်းစားသောအခါ သူ့အား ဆရာတော်က မည်သို့မျှ ခွင့်မလွှတ်မည်ကို မြင်ယောင်လာမိလေ၏။

"အင်း .... ငါသူ့ကို ရိုက်သတ်တာက အရေးမကြီးဘူး၊ ဆရာက ငါ့ကို လူထပ်သတ်တယ်ဆိုပြီး အပြစ်တင်ဦးမှာ သေချာတယ်၊ ငါဆင်ခြင်မှ ...."

သူသည် မည်သို့ လုပ်ရမှန်း မသိဘဲ ဖြစ်သွားသည်။

"ငါ သူ့ကိုရိုက်မသတ်ဘဲ လွှတ်ပေးရင် ဒီဘီလူးက ငါ့ဆရာကို ဖမ်းမှာ သေချာတယ်၊ ဘယ်လိုလုပ်ရပါ့မလဲ ....."

သူသည် အကြံရသွား၏။

သူသည် ဂါထာတစ်ခုကို ရွတ်ဆိုသည်။

ထိုအခါ မြေစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့သည် အားလုံး စုရုံးရောက်ရှိလာကြ၏။ သူတို့သည် စွန်းဟိန်ကျဲကို အရိုအသေပြုပြီး မေးသည်။

"တန်ခိုးရှင် ဘာများ အလိုရှိလို့ပါလဲ"

စွန်းဟိန်ကျဲက -

"ဒီဘီလူးကို ရိုက်မသတ်ရင် သူကဆရာ့ကို ဖမ်းလိမ့်မယ်၊ ရိုက်သတ်ပြန်တော့လည်း သူကအလောင်းကို ချန်ထားပြီး ထွက်ပြေးသွားဦးမှာပဲ၊ သူ့ကိုအသေရိုက်သတ်လိုက်ရင်လည်း ဆရာကရိုက်သတ်ရမလားဆိုပြီး ခေါင်းကိုက်အောင် ဂါထာရွတ်ပါလိမ့်မယ် ... ဒါကြောင့် ဒီဘီလူးထွက်မပြေးနိုင်အောင် သင်တို့ လေးဘက်လေးတန်က စောင့်ကြပ်ပေးကြပါ ...."

နတ်သားလေးယောက်တို့သည် စွန်းဟိန်ကျဲကိုဂါရဝပြုပြီး -

"ကျွန်ုပ်တို့ စောင့်ကြပ်ပေးပါ့မယ် တန်ခိုးရှင်၊ စိတ်ချပါ ...."

သူတို့သည် တိမ်တိုက်များစီး၍ တက်သွားကြလေ၏။ သူတို့သည် တိမ်တိုက်များစီးကာ ထက်အောက်ဘယ်ညာဝဲယာတို့မှ စောင့်ကြပ်နေကြသည်။

စွန်းဟိန်ကျဲသည် ဘီလူးနှင့် ရင်ဆိုင်လိုက်၏။

"သင်ဘီလူး .... ဒီတစ်ခါတော့ သင်ပြေးလို့ မလွတ်တော့



ပါဘူး၊ သင့်ကို ပိုင်လောက်အောင် ဝိုင်းထားပြီးပြီ"

ဘီလူးသည် ထိတ်လန့် တုန်လှုပ်သွားလေ၏။ သူသည် နတ်များကို မတွေ့လိုက်ချေ။ သူသည် တိမ်တိုက်စီးနိုင်စွမ်းရှိသော်လည်း နတ်များလောက်တော့ တန်ခိုးမရှိချေ။

သူသည်ထွက်ပြေးရန် ခြေလှမ်းပြင်လိုက်၏။ စွန်းဟိန်ကျဲ ၏ သံတုတ်က အဆက်မပြတ် ရိုက်ချလာသည်။ မိုးအဆက်မပြတ် ရွာချသကဲ့သို့တည်း။

ဘီလူးသည် အလင်းရောင်တန်းတစ်ခုအဖြစ်ဖန်ဆင်းကာ တိမ်တိုက်ပေါ်ပြေးတက်သွားသည်။ ထိုနေရာတွင် တောင်စောင့်နတ်က တာဝန်ယူ စောင့်ကြပ်နေသဖြင့် တောင်စောင့်နတ်က ပြန်လည်မောင်းထုတ်လိုက်သည်။

ဘီလူးသည် အခြားတစ်ဖက်သို့ ပြေးရပြန်သည်။ သူသည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ ထွက်ပြေးရန် ကြိုးစားပါသော်လည်း အဘက်ဘက်မှ သူ့အား မောင်းနှင်ထုတ်ကြသဖြင့် သူ့မှာ ပြေးစရာ မြေမရှိသကဲ့သို့ ဖြစ်နေတော့သည်။

သူသည် နောက်ဆုံး မည်သည့်နေရာမှ လွတ်အောင် ထွက်မပြေးနိုင်တော့သဖြင့် တိမ်တိုက်ပေါ်မှ မြေပြင်သို့ပြန်လည် ဆင်းသက်လာရတော့၏။ ထိုအခါ စွန်းဟိန်ကျဲက သံတုတ်ဖြင့် ဆီး၍ ရိုက်ချလိုက်လေ၏။ ဘီလူးမှာ မည်သို့မျှ မရှောင်နိုင်တော့ဘဲ နေရာ၌ပင် လဲကျသေဆုံးသွားရလေသည်။

ထို အချိန်မှာပင် ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ ရောက်ရှိလာကြလေ၏။ ထိုအခါ ဆရာတော်သည် စွန်းဟိန်ကျဲက အဘိုးအို တစ်ယောက်ကို ရိုက်သတ်နေသည်ကို တွေ့မြင်ရသည်။

ထန်စန်းကျွမ်း ဆရာတော်မှာလွန်စွာ စိတ်ထိခိုက်သွားသည်။ သူ့မျက်မြင် စွန်းဟိန်ကျဲသည် လူသုံးယောက် တိတိကို ရိုက်သတ်ပြီးခဲ့လေပြီ။ သူသည် ကွမ်ယင်မယ်တော် သင်ကြားပေးထားခဲ့သည့် ဂါထာကို အဆက်မပြတ် ရွတ်ဆိုတော့၏။

ထန်စန်းကျွမ်း ဆရာတော်က ဂါထာကိုမပြတ် ရွတ်ဆိုလေလေ စွန်းဟိန်ကျဲမှာ ခံရလေလေ ဖြစ်တော့၏။

"ဟိန်ကျဲ .... အသင်က လူကိုသတ်ပြန်ပြီလား..."

စွန်းဟိန်ကျဲသည် ဆရာဖြစ်သူ ဂါထာရွတ်ဆိုခြင်း ရပ်လိုက်သဖြင့် ချွေးသီးချွေးပေါက်များကျကာ အမောတကော ပြောလေ၏။

"ဆရာ .... ဆရာ .... တပည့်တော် ပြောတဲ့စကားကို ဆုံးအောင် နားထောင်ပါဦး"

ထိုစဉ် ကျူးပတ်ကိုင်က -

"ခက်တာပဲ .... ဆရာရဲ့တပည့်ကြီးက နေတောင်မကုန်သေးဘူး၊ လူသုံးယောက်ကို သတ်ပစ်လိုက်ပြီ"

သူသည် စကားဆုံးသောအခါ နားရွက်တဖျတ်ဖျတ်ခတ်လေ၏။ သူ့အပြောကြောင့် ထန်စန်းကျွမ်းဆရာတော်၏ ဒေါသမှာ မီးလောင်ရာ လေပင့်ဖြစ်လျက် စွန်းဟိန်ကျဲအပေါ် အမျက်မပြေနိုင်အောင်ဖြစ်ရလေ၏။

"တော်တော် မိုက်တဲ့ မျောက် ...."

ကျူးပတ်ကိုင်က -

"မိုက်တာတော့ မပြောနဲ့တော့"

ဆရာတော်သည် ဂါထာကို ဆက်ရွတ်လေ၏။

စွန်းဟိန်ကျဲမှာ မြေပေါ် လူးလိမ့်နေလေ၏။ ဆားဝူကျိန်းမှာ မကြည့်ရက်သဖြင့် မျက်နှာလွှဲထားရသည်။

ကျူးပတ်ကိုင်မှာ ဗိုလ်လုပ်လိုသူဖြစ်သဖြင့် မျောက်မင်းခံစားရသည်ကို ကြည့်ပြီး ကျေနပ်နေသည်။

စွန်းဟိန်ကျဲသည် လူးလိမ့်နေရာမှ တောင်းပန်လိုက်သည်။

"ဆ .... ဆရာ .... တပည့်တော်ရိုက်သတ်လိုက်တာ .... လူ .... လူမဟုတ်ဘူး၊ ဘီလူးပါ၊ မယုံရင် .... မယုံရင် အသေကောင်ကိုကြည့်ပါ"

သူသည် ကြိုးစား၍ ပြောလိုက်ရ၏။ ဆရာတော်သည် အဘိုးအို အားကြည့်လိုက်သောအခါ အရိုးစုကြီးအား တွေ့လိုက်ရလေ၏။ သူသည် အံ့သြထိတ်လန့်သွားလေ၏။



"ဒီအဘိုးကြီးကအခုပဲသေသွားတယ်၊အခုပဲအရိုးစုဖြစ်သွားတယ်၊ ဘယ်လိုဖြစ်ရတာလဲ ...."

မည်သူမျှသေသည်နှင့်အရိုးစုမဖြစ်ချေ။ ယခုအဘိုးအိုသည် သေသွားသည်နှင့် အရိုးစုဖြစ်သွား၏။ ဤသည်မှာ ထူးခြားချက်ဖြစ်မည်။ စွန်းဟိန်ကျဲပြောသလို ဘီလူးများဖြစ်နေသလော။

စွန်းဟိန်ကျဲက -

"ဆရာ ဘီလူးရဲ့ ကျောရိုးပေါ်ကို သေသေချာချာ ကြည့်ပါ ...."

ထန်စန်းကျွမ်း ဆရာတော်က -

"အရိုးစုရဲ့ ကျောပေါ်မှာ ဘာတွေရှိနေလို့လဲ ...."

"ဘီလူးမှန်ရင် စာတမ်းရှိပါတယ် ဆရာ .... ဆရာ သေသေ ချာချာကြည့်ပါ ...."

ဆရာတော်သည် ကျောရိုးပေါ် သေချာစွာကြည့်လိုက်၏။

"အရိုးဖြူဘီလူး ...."

"အရိုးဖြူဘီလူး ဆိုပါလား၊ ဒါက ဘယ်လို ဖြစ်နေတာလဲ၊ ဟိန်ကျဲ"

"အဲဒီ အဘိုးအိုဆိုတာ အရိုးဖြူဘီလူးက ဖန်ဆင်းထားတဲ့လူပါ၊ လူသားစစ်စစ် မဟုတ်ပါဘူး၊ အကယ်၍များ တပည့်တော်သာ မရိပ်မိရင် သူက တပည့်တော်အလစ်မှာ ဆရာကို ဖမ်းဖို့ကြံတာပါ ...."

စွန်းဟိန်ကျဲ၏စကားမှာ မှန်သလိုလိုရှိနေသဖြင့် ဆရာတော်မှာ ယုံကြည်ချင်သလိုလိုဖြစ်လာ၏။

သို့သော် ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲအား အတိအလင်း တိုက်ခိုက်လာနေချေပြီ။

သူက -

"သူ့ စကားကို မယုံပါနဲ့ဆရာ ...."

"ဘာဖြစ်လို့လဲ ...."

"သူ လက်လွန်ခြေလွန် လုပ်မိသွားတာပါဆရာ၊ ဆရာအပြစ်ပေးမှာကြောက်တော့ သူ့အတတ်ပညာနဲ့ အခုလိုဖန်ဆင်းလိုက်တာပါဆရာ"

"ကျူးပတ်ကိုင် .... မင်းဘာဖြစ်လို့ ငါ့ကို ဝင်ချောက်တွန်းနေရတာလဲ ...."

"ချောက်တွန်းတာမဟုတ်ဘူး၊ အဖြစ်မှန်ကိုပြောပြနေတာ"

တွေဝေနေသော ထန်စန်းကျွမ်း ဆရာတော်မှာ စိတ်ဓာတ်ပြန်လည် တည့်မတ်သွား၏။ စွန်းဟိန်ကျဲအပေါ် ပြန်လည်အပြစ်မြင်သွားသည်။

"သင်ပြောတာမှန်နိုင်တယ်၊ သူဟာ ငါ့မျက်စိရှေ့မှာပဲ လူသုံးယောက်ကို ရိုက်သတ်လိုက်တာပဲ ...."

ဆရာတော်သည် ဂါထာကို ရွတ်ဖတ် သရဇ္ဈာယ်သည်။ စွန်းဟိန်ကျဲမှာ မြေပေါ်လူးလိမ့်နေရသည်။ သူသည် လူးလိမ့်နေရင်းမှ ဆရာတော်ကို တောင်းပန်သည်။

"ဆရာရယ် .... အဲဒီဂါထာကို မရွတ်ပါနဲ့၊ တပည့်တော်သေရပါလိမ့်မယ်၊ ဆရာ့ကို တပည့်တော်ကယ်တာပါ၊ တပည့်တော်သတ်တာ လူမဟုတ်ပါဘူး၊ ဘီလူးမှ ဘီလူးအစစ်ပါ ...."

ဆရာတော်က -

"သင် .... ဒီလို လူသူမရှိတဲ့ နေရာမှာတောင် တစ်နေ့ လူသုံးယောက်သတ်ရင် .... လူစည်ကားတဲ့ နေရာမှာဆိုရင် ပိုဆိုးမှာပေါ့၊ လူဘယ် နှစ်ယောက်များ သတ်မလဲမသိဘူး ...."

သူသည် လက်ကို ဝှေ့ယမ်းရင်း -

"သင်ပြန်တော့ .... သင့်ကို ငါ လက်မခံနိုင်တော့ဘူး ...."

"ဆရာက တပည့်တော်ကိုပဲ ပြန်ခိုင်းနေတာပဲ၊ တပည့်တော် အမှန်အတိုင်းပြောတာပါ၊ မိန်းကလေးဟာလည်း ဘီလူးပဲ၊ သူ့ကို တပည့်တော် ရိုက်သတ်လိုက်တော့ အဘွားအိုကြီးလို ဖန်ဆင်းပြန်တယ်၊ အဘွားအိုကို ရိုက်သတ်လိုက်တော့ အဘိုးကြီးလို ဖန်ဆင်းပြန်တယ်၊ တပည့်တော် သူတို့ကိုရိုက်မသတ်ရင် သူကဆရာ့ကိုဒုက္ခပေးမှာပါ ......"

"သင် ဘာမှမပြောနဲ့၊ သင့်စကားကို ငါမယုံဘူး"

"တပည့်ကြီးဖြစ်တဲ့ သူရဲ့စကားကိုတော့ မယုံဘူး၊ ဟိုဝက်ပုတ်ရဲ့စကားကိုတော့ယုံတယ်၊ တပည့်တော်ပြန်သွားရင် ဆရာ့ကို ဘယ်သူက



စောင့်ရှောက်မှာလဲ ...."

ဆရာတော်သည် အကြီးအကျယ် ဒေါသထွက်သွား၏။ ဆရာတော်သည် သူတစ်ပါးတည်းပင် ပိဋကတ်တော်များကို သွားရောက်ပင့်ဆောင်ရန် သန္နိဋ္ဌာန်ချထားသည် မဟုတ်ပါလား။

"သင့်စကားဟာ သင့်ကိုယ်သင် ဘယ်လောက် အထင်ကြီးတယ်ဆိုတာကို ပြနေတာပဲ ....၊ သင်တစ်ယောက်တည်း ကျုပ်ကို စောင့်ရှောက်နိုင်တယ်လို့ ထင်နေသလား၊ ကျူးပတ်ကိုင်နဲ့ ဆားဝူကျိန်းဟာ ငါ့ကို မစောင့်ရှောက်နိုင်ဘူးလို့ သင်ပြောလိုတာလား ...."

စွန်းဟိန်ကျဲ စိတ်မကောင်း ဖြစ်သွားလေ၏။

"လမ်းတစ်လျှောက် တပည့်တော်ဆရာ့ကို ဘယ်လို ပြုစုခဲ့သလဲ၊ ဆရာ့ကို ဘယ်လောက် ကယ်တင်ခဲ့သလဲ၊ ကျူးပတ်ကိုင်နဲ့ ဆားဝူကျိန်းကို တပည့်အဖြစ် သိမ်းသွင်းဖို့ တပည့်ဘယ်လောက်ကြိုးစားခဲ့ရသလဲ၊ သည်ကျေးဇူးတွေကို မထောက်ဘဲ တပည့်တော်ကို မောင်းထုတ်တာဟာ မတရားပါဘူးဘုရား၊ နောက်ပြီး ဆရာဟာ ကိစ္စတစ်ခုကို မကျေနပ်ရင် ဂါထာကိုရွတ်တော့ တပည့်တော် ခေါင်းကိုက်ဝေဒနာကို ခံစားရတာလည်း မသက်သာလှပါဘူး ဘုရား ...."

"စိတ်ချ .... ငါဒီဂါထာကိုမရွတ်တော့ပါဘူး"

"တကယ်လို့ဆရာဒုက္ခကြုံတဲ့အခါ ကျူးပတ်ကိုင်နဲ့ဆားဝူကျိန်းတို့ မကယ်နိုင်ရင် ဆရာဘယ်လိုလုပ်မှာလဲ ...."

ဆရာတော်၏ ဒေါသသည် ပေါက်ကွဲထွက်လာလေ၏။ သူသည် မြင်းပေါ်မှ ဆင်းလိုက်၏။ သူသည် ဆားဝူကျိန်းကို လှမ်းပြောလိုက်၏။

"ဆားဝူကျိန်း .... အထုပ်ကိုဖြေစမ်း ...."

ဆားဝူကျိန်းသည်အထုပ်ကိုဖြေလိုက်၏။

ဆရာတော်က -

"အထုပ်ထဲမှာ မင်တံနဲ့ကျောက်ပြားရှိတယ်၊ ထုတ်လိုက်စမ်း .."

ဆားဝူကျိန်းသည် ဆရာတော်၏သဘောကို ရိပ်မိလိုက်လေ၏။ သူသည် မင်တံနှင့်ကျောက်ပြားကိုယူ၍ ဆရာတော်အားပေးလိုက်သည်။ မင်ကိုလည်း အဆင်သင့်ထုတ်ပေးသည်။ ဆရာတော်သည် ကျောက်ပြား

ပေါ်၌ စာကိုရေးခြစ်ပြီး စွန်းဟိန်ကျဲထံ ပစ်ပေးလိုက်၏။

စွန်းဟိန်ကျဲသည် ကြောင်အမ်းအမ်းဖြင့် ဆရာတော်အား လှမ်းကြည့်လိုက်၏။

"ဒါကဘာလုပ်တာလဲဆရာ ...."

"ငါက သင့်ကို တပည့်အဖြစ်က နှင်ထုတ်လိုက်ပြီ ဆိုတာကို လက်မှတ်ထိုးထားတာ၊ အရေးအကြောင်းရှိလို့ သင့်ကို အကူအညီတောင်းမိရင် ငါဟာ ငရဲပြည်ရောက်ပါစေလို့ ကျိန်ပါရစေ ...."

စွန်းဟိန်ကျဲသည် မျက်ရည်များကျပြီး –

"ဆရာရယ် ..... ဒီလောက်ကျိန်ဖို့ မလိုပါဘူး၊ တပည့်တော်ကို ဆရာ နှင်ထုတ်ရင် တပည့်တော်သွားပါတော့မယ် ...."

သူသည် ကျောက်ပြားကို အင်္ကျီလက်စရှည်ထဲ ထည့်သွင်း သိမ်းဆည်းလိုက်၏။ ထို့နောက် ဆရာတော်အား ဒူးတုပ်၍ရှိခိုးလေ၏။

ဆရာတော်သည် အလွန်တရာစိတ်ဆိုးနေသဖြင့် တစ်ဖက်သို့ လှည့်သွားသည်။ သူသည်မျက်ရည်များတွေတွေကျဆင်းပြီး –

"ဆရာရယ် .... တပည့်တော်ရဲ့ နောက်ဆုံးကန်တော့တာကိုတော့ ခံယူသင့်ပါတယ်"

"မခံဘူး .... သင့်လို အပြောရအဆိုရ ခက်လှတဲ့ တပည့်တစ်ယောက်ကို မွေးမိတာကို ငါ အသည်းနာလှတယ် ...."

စွန်းဟိန်ကျဲသည် အမွေးသုံးပင် ဆွဲနုတ်၍ ကိုယ်ပွားသုံးခု ဖန်ဆင်းကာ ဆရာတော့်အား လေးဘက်လေးတန်မှ ရှိခိုးလေရာ ဆရာတော်မှာ ဘာမျှ မတတ်နိုင်ဘဲ ဖြစ်သွားတော့သည်။

ထို့နောက် စွန်းဟိန်ကျဲသည် ဆားဝူကျိန်းထံသို့ သွားကာ လေသံတိုးတိုးဖြင့် မှာကြားလေ၏။

"ငါ့ညီကတော့ ရိုးသားဖြူစင်တဲ့ လူတစ်ယောက် ဖြစ်တယ် ဆိုတာ လမ်းခရီးတစ်လျှောက် အပြုအမူတွေက သက်သေခံနေပါတယ် ..၊ ဒါကြောင့် ငါ့ညီကို သတိပေးစရာရှိတာ သတိပေးပါရစေ ...."

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ပြောပါ၊ ညီလေး နားထောင်ပါ့မယ် ...."

"ကျူးပတ်ကိုင်ဟာ ပထမတော့ ငါ့ကိုရိုးရိုးသားသား ဆက်ဆံပါ



တယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ ဘာဖြစ်လာသလဲ မသိဘူး။ ငါ့အပေါ် ဆက်ဆံတာတွေဟာ ရိုးရိုးသားသား မဟုတ်တော့ဘူး ....၊ သူဟာ စကားတွေကို အလွန်အကျွံ ပြောလာတယ်၊ ရှေ့ဆက်ရမယ့် ခရီးမှာ ညီလေး သူ့ကိုသတိထားပါ၊ သူဟာ ညီလေးအပေါ်မှာလည်း စိတ်ထား မပြောင်းဘူးလို့ မဆိုနိုင်ဘူး၊ နောက်ပြီး ညီလေးတို့ သွားမယ့်ခရီးတစ်လျှောက်မှာ ဘီလူးတွေ ဒုက္ခပေးတာ တွေ့ရပါလိမ့်မယ်၊ အဲဒီဘီလူးတွေကို စွန်းဝူခုံးဆိုတဲ့ တပည့်တစ်ယောက်ရှိသေးတဲ့အကြောင်း သတိပေးလိုက်ပါ၊ တော်ရုံတန်ရုံဘီလူးကတော့နောက်ဆုတ်သွားမှာပဲ ...."

သူ့ တီးတိုးပြောဆိုချက်ကို ဆရာတော်က ကြား၏။

"မလိုပါဘူး ဟိန်ကျဲ .... ငါဟာ သိက္ခာ သမာဓိ ရှိတဲ့ ဘုန်းကြီးပါ၊ လမ်းမှာ သေသွားရင်လည်း မမှုပါဘူး၊ သင့်ကိုတော့ ငါ့တပည့်လို့ မပြောစေရဘူး ...."

သူသည် လက်ကို ဝှေ့ယမ်းပြီး –

"ကဲ .... သင်သွားပေတော့ ...."

ထန်စန်းကျွမ်း ဆရာတော်သည် တပည့် နှစ်ယောက်နှင့်အတူ ထွက်ခွာသွားလေတော့၏။

စွန်းဟိန်ကျဲသည် ဆရာတော်တို့ထွက်ခွာသွားသည်ကို မျက်ရည်များကျလျက်ကြည့်ရင်း ကျန်ရစ်ခဲ့တော့သည်။

"သွားပေဦးတော့ ဆရာရယ် ...."

စွန်းဟိန်ကျဲ၏ ရင်မှ ထိုစကားကိုသာ ပြောနိုင်တော့သည်။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၁၀)

### မျောက်မင်းအဖြစ်အုပ်စိုးခြင်း

ကောင်းကင်မှ နေလုံးကြီးသည် အနောက်ယွန်းယွန်းသို့ရောက်ရှိနေလေပြီ။

ပုစွန်ဆီရောင်သမ်းနေသော ညနေ နေဝင်ချိန်၌ နီမြန်းသော ရောင်ခြည်သည် ဆရာတော်နှင့်တပည့်များအပေါ်သို့ ထိုးကျနေလေ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး စွန်းဟိန်ကျဲသည် ရင်ထဲ၌ လှိုက်၍လှိုက်၍ ခံစားရလေ၏။

သူ့မြင်ကွင်းထဲ၌ ဆရာတော်တို့သည် သေး၍သေး၍သွားသည်။ နောက်ဆုံး မြင်ကွင်းထဲမှ ပျောက်သွားတော့သည်။

"ဟင်း ......"

စွန်းဟိန်ကျဲသည် ဆရာတော်က တပည့်အဖြစ်မှ စွန့်ပယ်လိုက်သောအခါ စွန်းဝူခုံး အဖြစ်သို့ ပြန်လည်ရောက်ရှိလာတော့၏။ သူသည် သက်ပြင်း တစ်ချက်ချပြီး တိမ်တိုက်ပေါ်သို့ ခုန်တက်လိုက်လေ၏။

သူသည် တိမ်တိုက်ကိုစီးလျက် တောင်ပင်လယ်ကို ဖြတ်သန်းကာ မိမိအားမွေးဖွားသည့် ဟွာကိုစန်းတောင်ဆီသို့ ဦးတည် ထွက်ခွါသွားလေတော့သည်။



မကြာမီသူသည် ဟွာကိုးစန်းတောင်ထိပ်သို့ရောက်ရှိလာလေ၏။ သူသည် တိမ်တိုက်ပေါ်မှ ဆင်းပြီး ဟွာကိုးစန်းတောင်ထိပ်၌ ရပ်သည်။ ပတ်ဝန်းကျင် အခြေအနေကို ကြည့်လိုက်လေ၏။

သူသည် သူ့မွေးရပ်ဌာနေနှင့် ခွဲခွါခဲ့ရသည်မှာ နှစ်ပေါင်းငါးရာကျော် ရှိလေပြီ။ နှစ်ပေါင်းငါးရာ ဆိုသည်မှာ နည်းနည်းနောနော ကာလ မဟုတ်ချေ။ သူသည် နတ်ကဲ့သို့ တန်ခိုးရှိနေ၍သာ ဤသို့ နေနိုင်စွမ်း ရှိခြင်းဖြစ်သည်။

ယခု သူ့မွေးရပ်ဌာနေဆီသို့ သူပြန်ရောက်သောအခါ ဟွာကိုးစန်းတောင်ဒေသမှာ အကြီးအကျယ် ပြောင်းလဲနေပြီကို တွေ့လိုက်ရတော့သည်။

ဟွာကိုးစန်းတောင်နှင့် ပတ်ဝန်းကျင် ဒေသ တစ်ခုလုံးသည် သစ်ကြီး ဝါးကြီးများ ပေါပြီး ပန်းပေါင်း ဝေဝေဆာဆာ ဖူးပွင့်သည့် ဒေသကြီးဖြစ်သည်။ တောတောင်တစ်ခုလုံး စိမ်းလန်းစိုပြည်ခဲ့သည်။ သစ်သီးဝလံများလည်း ပေါကြွယ်လှသည်။

တောရိုင်းတိရစ္ဆာန်များ၊ မျောက်အမျိုးနွယ်များနှင့် ငှက်မျိုးစုံတို့ဖြင့် ဟွာကိုးစန်းတောင်သည် လှပနေခဲ့သည်။

ယခုတွေ့ရသော ဟွာကိုးစန်းတောင်သည် ယခင်က ဟွာကိုးစန်းတောင်မဟုတ်။ ယခင်ကဲ့သို့ သစ်ကြီး ဝါးကြီးများလည်း မရှိ၊ စိုပြည်စိမ်းလန်းခြင်းလည်း မရှိတော့ပေ။ ရှိသည့် သစ်ပင် ဝါးပင်များသည်လည်း ခြောက်သွေ့ပြီး ဝါကြန့်ကြန့်ရောင် ဖြစ်နေတော့သည်။ ပန်းပွင့်များသည်လည်း တစ်ပွင့်တလေမျှပင် မဖူးပွင့်ကြတော့ပေ။

ယခင်က ငှက်ကလေးများ တေးဆို သီကျူးသံများကို ကြားခဲ့ရသည်။ ယခုတော့ ကျေးငှက်သာရကာများလည်း မရှိတော့ပေ။ သူတို့ ခိုလှုံကြရမည့် စိမ်းလန်းစိုပြည်သော သစ်ကြီးဝါးကြီးများ မရှိတော့သည့်နောက် မည်သည့်ကျေးငှက်သာရကာမျှ ရှိတော့မည်နည်း။

အဝေးမှ တောခွေးအူသံများသာ တစ်ချက်တစ်ချက်ကြားရသည်။

ထိုမြင်ကွင်းအား တွေ့မြင်လိုက်ရသော အခါ စွန်းဟိန်ကျဲသည် ရင်ထဲ၌ လှိုက်လှဲစွာ ခံစားရတော့သည်။ သူသည် ခြောက်သွေ့သော

လမ်းကလေးအတိုင်း သူနေထိုင်ရာ ရေတံခွန်ဂူစခန်းဆီသို့ လျှောက်လာခဲ့တော့သည်။

သူသည် သူ့အမျိုးအနွယ်များ ကြားစေရန် အသံပြုလိုက်၏။

"ဝူး .... ဝူး .... ဝူး ...."

ခဏမျှ ကြာသောအခါ မျောက်တစ်စုသည် အပြေးအလွှား ရောက်ရှိလာလေ၏။

ယင်းမျောက်များသည် စွန်းဝှခုံးအား ဝန်းရံကခုန်ကြလေ၏။

မျောက်အချို့က စွန်းဝှခုံးအား မေးသည်။

"ကျွန်တော်မျိုးတို့ အစဉ်အဆက် ကြားဖူးထားသော စကား ရှိပါတယ်၊ ကျွန်တော်မျိုးတို့ကို မျောက်မင်းတစ်ပါး အုပ်စိုးသွားတယ် ကြားဖူးထားပါတယ်၊ သင်ဟာ အဲဒီမျောက်မင်းပါလား ...."

စွန်းဝှခုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ....၊ မင်းတို့ချည့်ပဲလား၊ တခြားမျောက်တွေကော"

မျောက်များသည် မျောက်မင်း၏ အမေးစကားကို ကြားသောအခါ မျက်ရည်များ ကျလာသည်။

"ရှိပါတယ် မျောက်မင်း"

စွန်းဝှခုံးက မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် သူတို့ကို မတွေ့ပါလား၊ ဘယ်များ ရောက်နေကြသလဲ"

မျောက်များက ရှင်းပြကြသည်။

"မျောက်မင်း မရှိတဲ့ နောက်ပိုင်းမှာ မုဆိုးများကလည်း မျောက်မျိုးတွေ ပြုန်းတီးအောင် လာရောက်နှိပ်စက်ကြပါတယ်၊ ဘီလူးများကလည်း လာရောက် သတ်ဖြတ်ကြပါတယ်၊ ကျွန်တော်မျိုးတို့အားလုံး ပုန်းနေကြရပါတယ်၊ မပုန်းနိုင်တဲ့မျောက်ကတော့ သေတာပါပဲ"

မျောက်မင်းသည် ထိုစကားကို ကြားသောအခါ လွန်စွာ စိတ်ထိခိုက်သွားလေ၏။

"အခု .... ငါတို့မျောက်အုပ်စု ဘယ်လောက်ရှိသေးလဲ ...."

"တစ်ထောင်ကျော်လောက်ပဲ ကျန်ပါတော့တယ်"

စွန်းဝှခုံး အံ့သြသွား၏။



"ငါ .... ဒီမှာအုပ်ချုပ်ခဲ့တုန်းက မျောက်မျိုးပေါင်း စုစုပေါင်း လေးသောင်းကျော်လောက်ရှိခဲ့တယ်၊ အခု သူတို့ဘယ်ရောက်သွားပြီလဲ"

မျောက်များက -

"သေတဲ့မျောက်လည်း သေသွားတယ်၊ အသတ်ခံရတဲ့ မျောက်လည်း အသတ်ခံသွားကြရတယ်၊ ဒါတောင် တံတားအောက်မှာ ပုန်းနိုင်လွန်းလို့ ကျန်ရစ်ခဲ့ကြရတာပါ ...."

အခြားမျောက်တစ်ကောင်က ဝင်ပြောသည်။

"တချို့မျောက်တွေက ဒီမှာနေလို့ မလုံခြုံကြဘူးဆိုတာ သိကြတယ်၊ ဒါကြောင့် တခြားလုံခြုံအေးချမ်းတဲ့နေရာကိုထွက်သွားကြပါပြီ"

မျောက်တစ်ကောင်ကလည်း -

"တချို့ကို မုဆိုးတွေက ဖမ်းဆီးခေါ်ဆောင် သွားကြပါတယ်"

"သူတို့က ဘာဖြစ်လို့ ဖမ်းသွားကြရတာလဲ"

"တချို့ကို မုဆိုးတွေက ဖမ်းပြီး သတ်စားကြပါတယ်၊ တချို့ကိုတော့ သတ်ပြီး ရောင်းစားကြပါတယ်၊ တချို့ကိုတော့ မြို့ကြီးပြကြီးတွေမှာ ရောင်းစားကြပါတယ်"

"ဒါနဲ့ မင်းတို့ကို အုပ်ချုပ်တဲ့လူ မရှိဘူးလား ...."

"ရှိပါတယ်"

"ရှိရင်သွားခေါ်စမ်း၊ ငါရောက်လာတဲ့အကြောင်း သွားပြောစမ်း"

မျောက်အချို့သည် ပြေးလွှား ထွက်သွားကြသည်။ တစ်ခဏမျှ ကြာသောအခါ အလွန်ကြီးမားသော မျောက်ကြီးလေးကောင်သည် အခြံအရံများဖြင့် ရောက်ရှိလာကြ၏။

ထိုမျောက်ကြီးများသည် စွန်းဝှခုံး မသွားမီက အုပ်ချုပ်ရန် တာဝန် ပေးခဲ့သည့် မျောက်ပညာရှိလေးကောင်၏ အဆက်အနွယ်များ ဖြစ်သည်။ သူတို့သည် မျောက်မင်းအား ဂါဝရပြုကြ၏။

"မျောက်မင်း .... ရေတံခွန်လိုဏ်ဂူကိုကြွပါ ....၊ အဲဒီနေရာမှာ အနေအထားမပျက် ရှိနေပါသေးတယ် ...."

သူတို့သည် စွန်းဝှခုံးအား ရေတံခွန်လိုဏ်ဂူသို့ ခေါ်ဆောင်သွားကြလေ၏။

ရေတံခွန် လိုဏ်ဂူသည် အပြောင်းအလဲမရှိ၊ နဂို မူလ အတိုင်း တည်ရှိနေ၏။

စွန်းဝှခုံးသည် ကုလားထိုင်ကြီး တစ်လုံးပေါ်သို့ တက်ထိုင်လိုက်သည်။

ထိုအခါ မျောက်ကြီးငယ်တို့သည် အဆင့်အလိုက် လာရောက်ဂါရဝပြုကြသည်။ သူတို့သည် သူတို့၏ တန်ခိုးရှင် မျောက်မင်း ပြန်ရောက်လာသောကြောင့် အားလုံး ဝမ်းသာပီတိ ဖြစ်နေကြသည်။ စိတ်ဓာတ်လည်း လွန်စွာတက်ကြွနေကြ၏။

"မျောက်မင်း သက်တော်ရာကျော်ရှည်ပါစေ ...."

သူတို့၏ဆုတောင်းသံများသည် ဘဝင်လှုံ့သွား၏။

သူ့ကို ဆုတောင်းမည့်သာ ဆုတောင်းကြသည်။ မျောက်မင်းကား သက်တော်ရာကျော်ရှည်သူ ဖြစ်နေ၏။ သူတို့မျောက်များသာ သာမန်သက်တမ်းအတိုင်းရှိကြသဖြင့် သူတို့သာ သေဆုံးကြရသည်။

မျောက်ပညာရှိလေးကောင်မှ ဆင်းသက်ခဲ့သော မျောက်တစ်ကောင်က -

"အရှင်မျောက်မင်းဟာ ထန်စန်းကျွမ်း ဆရာတော်နဲ့အတူ ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့သွားတယ်လို့ သတင်းကြားခဲ့ရပါတယ်၊ အရှင်မျောက်မင်း ဘယ်နည်း ဘယ်ပုံနဲ့ ကိုယ့်ဌာနေ ပြန်ရောက် လာရပါသလဲ"

မျောက်မင်းသည် ဆရာတော်က သူ့အား တပည့်အဖြစ်မှ နှင်လွှတ်လိုက်ပုံကို တွေးကြည့်မိသည်နှင့် စိတ်မကောင်းဖြစ်မိသည်။

"ဟုတ်တယ်၊ ငါဟာ ကွမ်ယင်မယ်တော် တရားချတာကို နာခံပြီး ထန်စန်းကျွမ်းဆရာတော်ကို တပည့် ခံခဲ့ပါတယ်၊ ဆရာတော်ရဲ့ တပည့်အဖြစ် အနောက်ပိုင်းကို ခရီးဆက်ခဲ့ပါတယ်"

လိုဏ်ဂူထဲရှိ မျောက်တစ်ထောင်ကျော်သည် စွန်းဝှခုံး ပြောပြသည်များကို စိတ်ဝင်စားစွာ နားထောင်နေ၏။

စွန်းဝှခုံးက ဆက်ပြောနေသည်။

"လမ်းခရီး တစ်လျှောက်လုံးမှာ ငါဟာ တွေ့တဲ့ အန္တရာယ်



မှန်သမျှကို ဖြိုခွင်းပြီး ခရီးနှင်ခဲ့ပါတယ်။ ခက်တာက ထန်စန်းကျွမ်း ဆရာတော်ဟာ လူဆိုးလူကောင်း မခွဲခြားတတ်တာဘဲ ...။ သူ့ကို အန္တရာယ်ပြုမယ့် ဘီလူးကို ဘီလူးမှန်း သူမသိဘူး၊ သေပြီးတော့ ဘီလူး လက္ခဏာတွေ ပေါ်လာတော့လည်း ဘီလူးလို့ လက်မခံပြန်ဘူး၊ သူက အထင်လွဲပြီး ငါ့ကို မောင်းထုတ်ခဲ့တယ်၊ ဒါကြောင့် ငါ ..... ဌာနေကို ပြန်ခဲ့ရတာပဲ ....."

သူသည် ထန်စန်းကျွမ်းဆရာတော် လက်မှတ်ရေးထိုးထားသည့် ကျောက်ပြားကလေးကို ထုတ်ပြလိုက်၏။

"ဟောဒီမှာ ..... ငါ့ကို သူ့တပည့် အဖြစ်က ထုတ်ပယ်ပစ်တယ် ဆိုတဲ့စာ၊ သူလက်မှတ်ထိုးပြီး ငါ့ကို ပေးခဲ့တာပဲ "

မျောက်လေးကောင်သည် ပျော်ရွှင်မြူးထူးသွားကြလေ၏။

"ဟား ..... ဟား ..... ဟား ..... သိပ်ကို ကံကောင်းတာပဲ ....."

စွန်းဟိန်ကျဲ မျက်မှောင်ကုတ်သွား၏။

"ဘာကို ကံကောင်းတယ်လို့ ပြောတာလဲ "

မျောက်ကြီးများက ရယ်၍ ရှင်းပြသည်။

"ထန်စန်းကျွမ်းဆရာတော်က အရှင်မျောက်မင်းကို မလိုချင်တော့ဘူး၊ ဘာဖြစ်သလဲ၊ အဲဒါကောင်းတာပေါ့၊ အခုတော့မျောက်မင်း ကိုယ့်ရပ် ဌာနီဆီ ပြန်ပြီး စည်းစိမ်ရှိရှိ နေနိုင်ခဲ့ပြီ မဟုတ်လား..."

မျောက်ပညာရှိ တစ်ကောင်က-

"ဟုတ်ပါတယ် အရှင်မျောက်မင်း...၊ ထန်စန်းကျွမ်းဆရာတော် နောက် လိုက်ရင် သူ ခိုင်းတာ လုပ်ပေး နေရတယ်၊ မကျေနပ်ရင် အဆူ အငေါက်ခံရသေးတယ်၊ အခု ကိုယ့်နေရာကိုယ်ပြန်ပြီး လွတ်လွတ်လပ်လပ် နေရ-တာ မကောင်းဘူးလား၊ အားလုံး ကိုယ့်လက်၊ ကိုယ့်ခြေ၊ ကိုယ့်အမိန့်ပဲ ....."

စွန်းဝှခုံးသည် စိတ်ပျော်လာလေ၏။

"အေး ... ဒါလည်းဟုတ်တာပဲ ..."

ပထမ မျောက်ကြီးက -

"ကဲ အရှင်မျောက်မင်း ပြန်ရောက်လာတဲ့အတွက် ကျွန်တော်မျိုး

ပျော်ပွဲကြီးတစ်ခု ခင်းကျင်းဖို့ အမြန်ဆုံး စီစဉ်လိုက်ပါမယ် ...”

သူသည် မတ်တတ်ထရပ်ပြီး ကြေညာလိုက်၏။

“ကျုပ်တို့ တန်ခိုးရှင် မျောက်မင်း ပြန်ရောက်လာတဲ့ အတွက် ကျုပ်တို့အားလုံး တန်ခိုးရှင် မျောက်မင်းကို ကြိုဆိုတဲ့ အနေနဲ့ ပျော်ပွဲကြီး လုပ်ကြမယ် ....”

မျောက်များသည် အားလုံး ထောက်ခံကြလေ၏။

ထို့နောက် မျောက်များသည် အလုပ်ရှုပ်သွားကြသည်။ နေရာထိုင်ခင်း ပြင်ဆင်သူက ပြင်ဆင်၊ အစား အသောက် သယ်သူက သယ်ကြစသည်ဖြင့် အလုပ်ရှုပ်နေကြတော့သည်။

အချို့က ညစ်ပေနေသော လိုဏ်ဂူအတွင်းပိုင်းကို ရေဆေးသန့်စင်ကြသည်။ နေ့တစ်ဝက်မျှ အချိန်ကုန်သွားသောအခါ လိုဏ်ဂူတစ်ခုလုံး သန့်ရှင်း စင်ကြယ်သွားသည်။ သစ်လွင် လှပလာသည်။

ထို့နောက် ပျော်ပွဲကြီးကို ကျင်းပကြတော့၏။ သန်းခေါင်ယံအချိန်ကျမှ ပျော်ပွဲကြီးကို ရုပ်သိမ်းလိုက်ကြသည်။

နောက်တစ်နေ့ နေထွက်သောအခါ ဗွန်းဂူခုံးသည် အိပ်ရာမှနိုးလာလေ၏။

မျောက်ကြီးလေးကောင်နှင့် အချို့သော အခြေအရံမျောက်များက ဂါရဝပြု ရှိခိုးလိုက်ကြသည်။ နံနက်စာ သစ်သီးဝလံများကို မျောက်မင်းစားရန် ဆက်ကပ်ကြသည်။

မျောက်မင်းက မျောက်ကြီးလေးကောင်အား မေးမြန်းလိုက်၏။

“ငါ .... ဌာနေကိုပြန်ရောက်တော့ မျောက်မျိုးနွယ်များက ငါ့ကိုတင်လျှောက်ကြတယ်၊ မုဆိုးများဟာ မျောက်မျိုးနွယ်များကို ဖမ်းဆီးသတ်ဖြတ်ကြလို့ မျောက်မျိုးနွယ်များ ပြုန်းတီးကြရတယ်လို့ လျှောက်တင်ကြတယ်၊ အဲဒါဟုတ်မှန်ရဲ့လား ....”

မျောက်ကြီးတစ်ကောင်က –

“မှန်ပါတယ်မျောက်မင်း .... မုဆိုးများရဲ့ရန်ကြောင့် ကျွန်တော်မျိုးတို့ အပြင်မထွက်ဘဲ ပုန်းအောင်းနေကြရပါတယ်”



အခြား မျောက်ကြီး တစ်ကောင်ကလည်း ဝင်ရောက်လျှောက်ထားသည်။

“မှန်လှပါမျောက်မင်း ... မုဆိုးများကြောင့် ကျွန်တော်မျိုးတို့ရဲ့ မျောက်မျိုးတွေဟာ အဆမတန်ပြုန်းတီးသေဆုံး သွားခဲ့ရပါပြီ။ ဒီအတိုင်းဆက်သွားမယ်ဆိုရင် မျောက်မျိုးနွယ်တွေ လုံးဝပြုန်းတီးသွားပါလိမ့်မယ်”

ကျန်သောမျောက်ကြီးနှစ်ကောင်ကလည်းမုဆိုးများ၏ရက်စက်ပုံ၊ မျောက်များအား နှိပ်စက်ပုံတို့ကို တင်ပြကြလေ၏။

မျောက်ကြီးများ၏ တင်ပြချက်ကို ကြားသိရသောအခါ ဗွန်းဂူခုံးအလွန်ခံပြင်းသည်။ သူသည် မုဆိုးများကို ချေမှုန်းတိုက်ခိုက်ရန် အကြံဖြစ်ပေါ်လာ၏။

“ဒါနဲ့ .... အဲဒီမုဆိုးတွေ မကြာခဏလာကြသလား ....”

မျောက်ကြီးတစ်ကောင်က –

“မှန်လှပါ....၊ သူတို့ဟာ လူစုလူဝေးနဲ့ မကြာခဏ လာတတ်ကြပါတယ် ....”

“သူတို့လူစုလာရင် ဘယ်လောက်များများ လာတတ်ကြသလဲ....”

“တစ်ခါတလေ .... ငါးရာလောက်လာကြပါတယ်၊ အားလုံးမုဆိုးချည်းမဟုတ်ပါဘူး၊ နောက်ကနေ ဝိုင်းဝန်းညာသံပေးကြတဲ့ လူတွေပါပေါ့”

“ကောင်းပြီ ဒီအတွက် မပူကြနဲ့ ....၊ ဒီ မုဆိုးတွေ ရန်ကိုငါနှိမ်နင်းမယ် ....”

မျောက်အပေါင်းသည် မျောက်မင်း၏စကားကို ကြားသောအခါ အားလုံး ပီတိဖြစ်သွားကြသည်။ မုဆိုးများ ရောက်လာတိုင်း သူတို့သည် ဘဝမပျက်ရန် လွန်စွာ ပုန်းအောင်းကြရသည် မဟုတ်ပါလော။

သူတို့သည် မျောက်မျိုးနွယ်တို့အား မျောက်မင်းက မည်သို့စောင့်ရှောက်ခဲ့ပုံကို အစဉ်အဆက် ပြောကြားလာသဖြင့် သိရှိနေကြသည်။ ယခု မျက်မြင်တွေ့ရသောအခါ သူတို့သည် မျောက်မင်းကို ပိုမို၍ယုံကြည်လာကြ၏။

ဗွန်းဂူခုံးက –

"အခု သင်တို့မျောက်များအားလုံး ကျောက်တုံးများကို တောင်ကြော တစ်လျှောက် စုပုံထားကြပါ၊ စုပုံပြီးရင် ရန်သူရောက်လာမယ့် အချိန်ကို အလှည့်ကျ စောင့်ကြည့်ကြပါ၊ ရန်သူတွေ ရောက်လာတာနဲ့ ငါ့ဆီ အကြောင်းကြားကြပါ ...."

ဇွန်းဝှခုံးက အမိန့်ပေး လိုက်သော အခါ တစ်ထောင် ကျော်မျှရှိသော မျောက်တို့သည် လိုဏ်ဂူအပြင်သို့ ပြေးထွက်ကြလေတော့၏။ သူတို့ကို မျောက်ကြီးလေးကောင်က ခွဲ၍ အုပ်ချုပ်ပြီး ကျောက်တုံးကြီးများကို တောင်ပေါ်သို့ လက်ဆင့်ကမ်း သယ်ဆောင်ကြလေ၏။

မကြာမီ တောင်ကြောတစ်လျှောက်တွင် ကျောက်တုံးများ အပုံလိုက် အပုံလိုက် ဖြစ်သွားကြသည်။

မျောက်များသည် ကင်းစောင့်မျောက်များကိုထားပြီး ကျန်သော မျောက်များက ပျော်ရွှင်စွာ နေထိုင်ကြသည်။

ငါးရက်ခန့်ကြာသောအခါ မုဆိုးများသည် လေး၊ မြား၊ တုတ်၊ ဓားနှင့် ပိုက်ကွန်များကို ဆွဲ၍ အမဲလိုက်ခွေးများနှင့် အတူ ရေတံခွန် လိုဏ်ဂူရှိရာသို့ တက်ရောက်လာကြလေတော့၏။ သူတို့သည် အင်အား ငါးရာကျော်ခန့် ရှိသည်။

ကင်းစောင့်နေသော မျောက်များသည် မုဆိုးများလာလျှင် သူတို့ ချည်း ပြေးနေရသဖြင့် မုဆိုးများကို လွန်စွာကြောက်ရွံ့ကြသည်။ သူတို့ သည် ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် ဇွန်းဝှခုံးထံသို့ ပြေးလွှား အကြောင်းကြားကြလေ၏။

ဇွန်းဝှခုံးက မျောက်များကိုစုဝေးစေသည်။

မုဆိုးများ တောင်ပေါ်ရောက်ရန် အချိန်အတန်ကြာလိုသေးသည် မဟုတ်ပါလော။

"မျောက်အားလုံး လုံခြုံတဲ့အရပ်မှာ ပုန်းအောင်းကြပါ၊ ဒီမုဆိုးတွေကို ငါတစ်ယောက်တည်း ရင်ဆိုင်ပါ့မယ်၊ ဒီမုဆိုးတွေကို ကြောက်စရာ မဟုတ်ပါဘူး"

မျောက်အားလုံးသည် ဇွန်းဝှခုံးကို ဂါရဝပြု ရှိခိုးလျက် တွက်ပြေး ပျောက်ကွယ်သွားကြ၏။



မုဆိုးများသည် မျောက်ဖမ်းပွဲကျင်းပရန် အင်တိုက်အားတိုက် ဟွာကိုးစန်းတောင်ပေါ်သို့ တက်လာကြ၏။ သူတို့သည် ဟွာကိုးစန်း တောင်ပေါ်သို့ တက်လာသောအခါ အချို့သောမျောက်များကို ဟွာကိုး စန်းတောင်ကြော၌ ပြေးလွှားနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ် သည်။

ယခင်က သူတို့တက်လာပြီဆိုလျှင် မျောက်တစ်ကောင်တလေမျှ မတွေ့ရတတ်ဘဲရှိသည်။ ယခုမျောက်များ ထင်ထင်ပေါ်ပေါ်တွေ့နေရခြင်း အားဖြင့် သူတို့သည် မျောက်အများအပြား ဖမ်းဆီးနိုင်မည်ဟု ယုံကြည် ကာ ဝမ်းသာနေကြ၏။ ထို့ကြောင့် သူတို့သည် ဟွာကိုးစန်းတောင်ပေါ် သို့ အလျင်အမြန်တက်လာကြတော့သည်။

ဟွာကိုးစန်းတောင်မှာ အလွန်မြင့်မားသော တောင်တန်းကြီးဖြစ် ၏။ မုဆိုးတို့သည် မျောက်များ၏ တဝူးဝူးအော်သံများကို နားဆင်ရင်း တောင်ပေါ်သို့ တက်နေကြသည်။

ဇွန်းဝှခုံးသည် ဟွာကိုးစန်းတောင်ပေါ်၌ အေးဆေးစွာထိုင်နေ သည်။ သူသည် မုဆိုးများတက်လာသည်ကို အေးဆေးစွာထိုင်၍ အကဲ ခတ်နေသည်။ သူသည် လက်တစ်ဖက်ကို ကောင်းကင်သို့ထိုးညွှန်ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်၏။

ရုတ်တရက် ကောင်းကင်တစ်ခုလုံး တိမ်တောင် တိမ်လိပ်များ တက်လာသည်။ ထို့နောက် လေပွေတစ်ခု တိုက်ခတ်လာသည်။ လေပွေ သည် တဖြည်းဖြည်း အင်အားကြီးမားလာပြီး လေဆင်နှာမောင်း တစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားလေ၏။

"ဝိုး .... ဟည်း .... ဟည်း ...."

လေဆင်နှာမောင်း၏ တိုက်ခတ်သံမှာ လွန်စွာ ကြောက်မက်ဖွယ် ရာ ကောင်းလှသည်။

မုဆိုးများမှာ ကောင်းကင်တစ်ခုလုံး ရုတ်တရက်မှောင်မည်း သွားပြီး လေဆင်နှာမောင်းတစ်ခု တိုက်ခတ်လာသည်ကို လွန်စွာအံ့သြ နေကြ၏။ အချိန်အခါမဟုတ်ပါဘဲ မိုးထုမှောင်မည်းခြင်း၊ လေဆင် နှာမောင်းတိုက်ခတ်ခြင်းမဟုတ်ပါလား။

သူတို့ တောင်ပေါ် တက်ရန် များစွာ အခက်အခဲ တွေ့ကြရသည်။ ထိုအချိန်မှာပင် မျောက်များ စုပုံထားသည့် ကျောက်ပုံများကို လေဆင် နှာမောင်းက ဇွေ့ယမ်းဆွဲချသွားသဖြင့် မုဆိုးများအပေါ်သို့ မိုးသီးမိုးပေါက် ကြွေသကဲ့သို့ ခဲမိုးရွာလေတော့သည်။ မုဆိုးများ အများအပြား သေဆုံးကြသည်။ မုဆိုးများမှာ အသေအပျောက်များစွာဖြင့် တောင်အောက်သို့ ပြန်ဆင်းပြေးကြတော့၏။ မုဆိုး လေးပုံသုံးပုံခန့် သေဆုံးခဲ့သည်။ ကျန်သော တစ်ပုံခန့်မှာ တင်ပါးနှင့်ဖဝါး တစ်သားတည်းကျအောင် ပြေးဆင်းရတော့သည်။

မုဆိုးများ တောင်ပေါ်၌ တစ်ယောက်မျှ အသက်ရှင်ကျန်ရစ်သူ မရှိသောအခါမှ စွန်းဝူခုံးသည် သူ၏ဂါထာရွတ်ဆိုခြင်းကို ရပ်လိုက်၏။ ထိုအခါ မိုးသားတိမ်လိပ်များ ကင်းရှင်းသွားသည်။ လေဆင်နှာမောင်းလည်း ရပ်ဆိုင်းသွားတော့သည်။

ကောင်းကင်ကြီးတစ်ခုလုံး မူလအတိုင်း ပြန်လည်ကြည်လင်တောက်ပလာသည်။ အလင်းရောင်သည် ဟွာကိုးစန်းတောင်ကြီးတစ်ခုလုံးအပေါ်သို့ ဖြာကျလာ၏။

ထိုအခါ ပုန်းအောင်းနေသည့် မျောက်များသည် ပုန်းအောင်းနေရာမှ အသီးသီးပြန်လည်ထွက်ခွာလာကြလေ၏။ သူတို့သည် မုဆိုးများ မရှုမလှသေဆုံးသွားကြသည်ကို ကြည့်ကာ လွန်စွာဝမ်းသာပျော်မြူးသွားကြသည်။ သူတို့သည် ကြီးစွာသောအသံကို ဖြစ်စေလျက် ကြွေးကြော်ကြလေ၏။ ထိုအသံသည် ဘဝဂ်သို့တိုင်လေသည်။

စွန်းဝူခုံးက –

"သင်တို့တစ်တွေ သေဆုံးသွားတဲ့ မုဆိုးတွေရဲ့ အဝတ်တွေကို ချွတ်ယူကြ၊ ဆေးကြောလျှော်ဖွပ်ပြီး ပြန်ဝတ်ကြ၊ သူတို့ကျန်ရစ်ခဲ့တဲ့ လက်နက်တွေကိုလည်း ခုခံကာကွယ်ဖို့ သိမ်းဆည်းထားကြ၊ အလောင်းတွေကိုတော့ ချောက်ကမ်းပေါ်က ပစ်ချလိုက်ကြ ...."

မျောက်များသည် စွန်းဝူခုံးအမိန့်ပေးသည့်အတိုင်း တစ်သဝေမတိမ်း ပြုလုပ်ကြလေ၏။



မျောက်မင်းသည် သေဆုံးနေသည့်မုဆိုးများ အလောင်းကို ကြည့်၍ သက်ပြင်းချလေ၏။

မျောက်ကြီးတစ်ကောင်က –

"အရှင်မျောက်မင်း .... ဘာ့ကြောင့် သက်ပြင်းချရပါသလဲ ...."

စွန်းဝူခုံးက ရှင်းပြ၏။

"ငါ.... ဆရာတော်နောက် လျှောက်လိုက်နေတုန်းက ဘီလူးတစ်ကောင်နှစ်ကောင် သတ်မိရုံနဲ့ အဆူအပူ အကြိမ်းအမောင်း ခံလိုက်ရတာ ရစရာမရှိပါဘူး၊ အခုလူပေါင်း မြောက်မြားစွာ ငါ့ကြောင့် သေသွားရပြီ၊ ဆရာတော်သာမြင်ရင် ငါ့ကို မကြည့်ချင်လောက်အောင် ဖြစ်တော့မယ်ဆိုတာတွေးပြီး သက်ပြင်းချမိတာပါ ...."

မျောက်ကြီးက ရယ်မောသည်။

"ဘုန်းကြီးတပည့်လုပ်ရတာမဟန်ပါဘူးမျောက်မင်း၊ မျောက်မင်းအဖြစ်အုပ်စိုးပြီး ကိုယ့်သဘောနဲ့ ကိုယ် နေရတာက ဟန်အကျဆုံးပါ .."

"ကောင်းတယ်၊ သိပ်ကောင်းတယ် ...."

သူတို့နှစ်ဦးသည် ပြိုင်တူရယ်မောလိုက်ကြ၏။

* * * * * * *

## အခန်း (၁၁)

## ဆရာတော်အဖမ်းခံရခြင်း

ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်နှစ်ယောက်တို့သည် အနောက်ရူးရူးသို့ ဆက်လက်ထွက်ခွာလာကြလေ၏။

နောက်တစ်နေ့ နံနက်တွင် ကျားဖြူတောင်သို့ ရောက်ရှိလာသည်။ စွန်းဟိန်ကျဲအား တပည့် အဖြစ်မှ နှင်လွှတ်လိုက်သောအခါ ကျူးပတ်ကိုင်သည် ခေါင်းဆောင် ဖြစ်လာတော့၏။ သူသည် ဤအစုအဖွဲ့ကလေးတွင် ဗိုလ်လုပ်ချင်သူ ဖြစ်သည်။ ယခု သူ လုပ်ချင်သည့်အတိုင်း ဗိုလ်လုပ်ရလေပြီ။

သူသည် ထွန်ခြစ်ကိုထမ်း၍ ရှေ့မှလမ်းပြခေါ်ဆောင်သွားသည်။ သူသည် မြင်းဇက်ကြိုးကို ဆွဲသွားသည်။ ဆားဂူကျိန်းကမူ နောက်မှ အထုပ်ကိုထမ်း၍ လိုက်ရလေ၏။

ကျားဖြူတောင် တစ်တောင်လုံးမှာ ချုံပင်နွယ်ပင်များဖြင့် ပြည့်နက်နေသဖြင့် သူသည် ထွန်ခြစ်ဖြင့် လမ်းထွင်သွားနေရသည်။ ထို့ကြောင့် ချွေးတလုံးလုံးဖြင့် လွန်စွာ ပင်ပန်းနွမ်းနွယ်နေတော့သည်။

ချုံနွယ်များ ပိတ်ပေါင်းများအား ရှင်းလင်းပြီးသောအခါ သူတို့သည် တောစပ်သို့ ရောက်ရှိလာလေ၏။



"ဆရာ .... ဒီသစ်တောထဲမှာ တပည့်တော်တို့ နားကြတာပေါ့...."

ကျူးပတ်ကိုင်က ပြောလိုက်သောအခါ ဆရာတော်က ခေါင်းညိတ်လေ၏။

သူတို့သည် တောအုပ်ထဲသို့ ဝင်ရောက်လာကြ၏။ တောထဲသို့ အတော်ရောက်ပြီးသောအခါ ဆရာတော်က ကျူးပတ်ကိုင်အား ပြောလိုက်၏။

"ကျူးပတ်ကိုင် .... မွန်းတည့်တော့မယ်၊ ဆွမ်းစားချိန်တန်ပြီကွယ့်၊ ဆွမ်းစားဖို့ ရှာကြံပါဦး ...."

ကျူးပတ်ကိုင်ခေါင်းညိတ်ရ၏။ စွန်းဟိန်ကျဲရှိစဉ်ကဆိုလျှင် ဤကိစ္စများကို စွန်းဟိန်ကျဲက ဆောင်ရွက်မြဲဖြစ်သည်။ သူတို့က အေးအေးဆေးဆေးနေရုံသာ။ အချိန်တန်လျှင် စွန်းဟိန်ကျဲဖန်တီးလာသည့် ဆွမ်းကွမ်းကို သူတို့ဝေခြမ်းစားလိုက်ရုံသာရှိသည်။ ယခုတော့ ဤတာဝန်သည် သူ့ခေါင်းပေါ်ကျလာလေပြီ။

"မှန်ပါ .... တပည့်တော်လည်း ဗိုလ်ဆာလှပါပြီ"

သူသည် မြင်းကိုရပ်ရင်း ပြောလိုက်၏။ သူသည် အကျီစဖြင့် ချွေးသုတ်ပြီး -

"ဆရာ .... ဒီနားမှာခဏနားပါဆရာ"

ဆားဂူကျိန်းသည် အထမ်းကို ချထားလိုက်၏။ ဆရာတော်ကို မြင်းပေါ်မှ ဆွဲချ၏။ ဆရာတော်သည် မြင်းပေါ်မှဆင်းပြီး ကျောက်တုံးတစ်တုံးပေါ်ထိုင်၍ အနားယူသည်။

ကျူးပတ်ကိုင်က ဆားဂူကျိန်းအား မှာကြားသည်။

"ဂူကျိန်း .... ဆရာကိုစောင့်ရှောက်ပါ၊ ငါဆရာတော်ဆွမ်းဘုဉ်းပေးဖို့ အသီးအနှံလိုက်ရှာလိုက်ဦးမယ် ...."

ဆားဂူကျိန်းက ခေါင်းညိတ်၏။

"ကောင်းပါပြီအစ်ကိုလတ် .... အစ်ကိုလတ်သာ အသီးအနှံကို အမြန်ဆုံးရှာပြီး၊ အမြန်ဆုံးပြန်လာခဲ့ပါ၊ ဆရာတော် အတော့်ကိုဆာနေပါပြီ"

ကျူးပတ်ကိုင်သည် ဆရာတော်အား ဦးချပြီး ထွန်ခြစ်ကို ပခုံး

ပေါ်ထမ်းကာ လျှောက်သွားလေတော့၏။ သူသည် အနောက်ဘက်သို့ ဦးတည်လျှောက်သွားသည်။

သူသည် တစ်မိုင်ခန့်သွားသောအခါ မည်သည့်သီးပင်စားပင်မျှမ တွေ့ချေ။ လူနေ တဲအိမ်လည်း မတွေ့ချေ။ နှစ်မိုင်သွားလည်း မတွေ့။ သုံးမိုင်သွားလည်း မတွေ့။ ဆယ်မိုင်ခန့်သွားပြီးသည်အထိ ဘာမျှမတွေ့ ရသောအခါ ကျူးပတ်ကိုင်သည် အလွန်စိတ်ပျက်မိတော့၏။

စွန်းဟိန်ကျဲဆိုလျှင် တစ်ခုခုတော့ ရှာကြံလာစမြဲဖြစ်သည်။ ယခု သူ ဘာရှာကြံမည်နည်း၊ သူ ဘာမျှ မရှာကြံတတ်ပါ။

"အစ်ကိုကြီးကို ငါချောက်တွန်းမိတာမှားပြီ၊ သူ့အတွက် ငါ ဖေးဖေးမမ ပြောပေးသင့်တယ်၊ ဟိုတုန်းက သူရှာလာတဲ့ အစားအစာကို အေးအေးဆေးဆေး ထိုင်စားရုံပဲ၊ အခုတော့ ငါဒုက္ခရောက်ရပြီ၊ ဩော်- ကိုယ့်ရှူး ကိုယ်ပတ်ဆိုတာ ဒါမျိုးပါလား ...."

သူသည် လွန်စွာစိတ်ပျက်လာသဖြင့် မြက်ခင်းပေါ်ထိုင်ချလိုက်၏။

"မောလိုက်တာ ငါခဏအနားယူမှဖြစ်မယ်၊ အခု လျှောက်တာပဲ မိုင်အတော်များနေပြီ"

သူသည် မြက်ခင်းပေါ် လှဲချလိုက်၏။ လေပြည်ကလေး ကလည်း တဖြူးဖြူး တိုက်ခတ်နေသည်။ မြက်ခင်းကလည်း မွေ့ရာ ကော်ဇောသဖွယ် အိစက်ညက်ညောနေသည်။ တစ်ခဏမျှကြာသောအခါ သူသည် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့၏။

ထိုအချိန်တွင် ဆားဝူကျိန်းကတော့ လည်တဆန့်ဆန့်နှင့် ဖြစ် နေသည်။

ဆရာတော်ကား မည်သူ့အားမျှ မကြည့်ပါ။ သူ့ဘာသာ စိပ်ပုတီး စိပ်နေပါသည်။ သူ့အာရုံသည် စိပ်ပုတီးထဲ၌ နှစ်မြုပ်နေပါသည်။

ဆားဝူကျိန်းသည် ဂနာမငြိမ်နိုင်တော့ချေ။ သူသည် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေလေ၏။

ဆရာတော်လည်း စိပ်ပုတီးစိပ်ခြင်းအမှု ပြီးစီးသွားလေပြီ။ ဆရာတော်က ဆားဝူကျိန်းကို ကြည့်ပြီးမေးလေ၏။



"မွန်းလွဲသွားပြီ၊ ကျူးပတ်ကိုင်တစ်ယောက် ပြန်ရောက်မလာ သေးဘူးလား"

"မရောက်သေးပါဘုရား"

ဆားဝူကျိန်းက ဆက်ပြောလေ၏။

"ကျူးပတ်ကိုင်ဟာ ဗိုက်အိုးကြီးတယ်၊ အစားအသောက်လည်း ကြီးတယ်၊ ဆွမ်းကွမ်းရရင်လည်း ဆရာအတွက် ဘာအတွက် ဖယ်နေမှာ မဟုတ်ဘူး၊ သူပဲ အရင်စားမှာ၊ ဒါကြောင့် သူဒီလောက် ကြာနေတာ ဖြစ်ရမယ် ...."

သူက နောက်ဆုံးပိတ်ပြောသည်။

"ကျူးပတ်ကိုင်အကြောင်း ဆရာလည်းသိသားပဲ၊ သူကအစာ စားပြီးရင် အိပ်ချင်ပြီ၊ တပည့်တော်တို့ သူ့ကို အတင်းခေါ်နေရတာ ကြည့်ပါလား၊ သူဟာ ဗိုက်ပြည့်သွားရင် အိပ်ပျော်တတ်တယ်လေ ...."

ဆရာတော်သည် သက်ပြင်းချလိုက်၏။

"ဟုတ်ပြီ၊ ကေန္တ .... ရလာတဲ့ ဆွမ်းတွေကို စားပြီး ဒီကောင် အိပ်နေပြီနဲ့ တူပါရဲ့ကွာ ...."

ဆားဝူကျိန်းက -

"ဒါပဲဖြစ်မှာပေါ့ဆရာရယ် ....၊ အခု အချိန်ပဲ ကြည့်ပါဦး၊ အချိန်က နည်းတော့တာမှ မဟုတ်တာ ...."

ထန်စန်းကျွမ်းဆရာတော်က -

"ဒါဖြင့် ဘာလုပ်ကြမလဲ"

ဆားဝူကျိန်းက -

"ဒီဝက်ပုတ်ကြီး တစ်နေရာရာမှာ အိပ်နေတာ သေချာတယ်၊ တပည့်တော် လိုက်ရှာလိုက်ပါ့မယ်၊ ဆရာ .... ဒီမှာ ခဏစောင့်နေပါ ...."

ဆရာတော်က ခေါင်းညိတ်၏။

"ကောင်းပြီ၊ မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့ပါ"

"မှန်ပါ ဘုရား၊ တပည့်တော် သူ့ကို ရှာပြီး ချက်ချင်း ပြန်လာခဲ့ပါမယ် ...."

သူသည် ဆရာတော်အား ဦးချရှိခိုး၏။

"ဆရာ .... အထုပ်ကို ဒီမှာ ချထားနဲ့ပါတယ်ဆရာ"

"အေး .... အေး ...."

သူသည် တောင်ဇရပ်ထမ်းကာ ထွက်ခွာသွားလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

နေဝင်ချိန်သို့ပင် ရောက်ရှိလာလေပြီ။ တောကြီး၌ အမှောင်ရိပ်သမ်းလာလေပြီ။ ကျူးပတ်ကိုင် ရောက်မလာသေးပါ။ ဆားဝူကျိန်းလည်း ပြန်ရောက်မလာသေးပါ။

ထန်စန်းကျွမ်းဆရာတော်သည် ကျောက်တုံးပေါ်၌ ထိုင်နေသည်မှာ ကြာလှပြီဖြစ်၍ ထရပ်လိုက်၏။

"နေဝင်တော့မယ်၊ သူတို့ တစ်ယောက်မှ ပြန်ရောက်မလာသေးပါလား ...."

ဆရာတော်သည် စိပ်ပုတီးစိပ်ရင်း စကြံ လျှောက်နေပြန်၏။ ဆရာတော်၏ စိပ်ပုတီးစိပ်ခြင်း အလုပ်သည် ပြီးစီးသွားပြန်၏။ ကျူးပတ်ဂိုင်နှင့် ဆားဝူကျိန်းတို့ ပြန်မရောက်ကြသေးပါ။

"မဖြစ်ဘူး၊ ဒီနှစ်ယောက်ကို ငါလိုက်ရှာမှ ဖြစ်တော့မယ်"

ဆရာတော်သည် လိုက်ရှာရန် ဆုံးဖြတ်ချက် ချလိုက်၏။ သို့သော် မြင်းနှင့်အထုပ်ရှိနေသဖြင့် ဆရာတော်သည် ချီတုံချတုံ ဖြစ်နေလေ၏။

အတန်ကြာမှ –

"ဟာ ... ဒီတောထဲမှာ ဘယ်သူခိုးမှ ရှိတာမှမဟုတ်ဘဲ၊ ငါဒီအတိုင်း ထားခဲ့မယ်၊ သူတို့နဲ့တွေ့တော့မှ တစ်ခေါက်ပြန်လာယူမယ်"

ဆရာတော်သည် ထိုသို့ဆုံးဖြတ်လိုက်ပြီး တောအုပ်ထဲသို့ လှမ်းဝင်လေတော့၏။ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ သွားသည်မှာ အနောက်ဘက်အရပ်သို့ ဖြစ်သည်။ ယခု ဆရာတော် သွားသည်မှာ တောင်ဘက် အရပ်သို့ဖြစ်နေသည်။ ဆရာတော်သည် အစကတည်းက လွဲနေလေပြီ။



ဆရာတော်သည် မှောင်စပျိုးချိန်၌ တောကြီးအတွင်း ဝင်လာရာ မကြာမီ ရွှေရောင်တဝင်းဝင်း တောက်ပနေသော စေတီတစ်ဆူအား တွေ့မြင် လိုက်ရလေ၏။ ထိုစေတီမှာ ဝင်လုဆဲဆဲနေရောင်ခြည်အောက်၌ ဝင်းထိန် တောက်ပနေသည်။

ထန်စန်းကျွမ်းဆရာတော်သည် ထိုစေတီအား မြင်သောအခါ လွန်စွာဝမ်းသာသွား၏။ စေတီရှိလျှင် ကျောင်းရှိရမည်။ ကျောင်းရှိလျှင် ဘုန်းတော်ကြီးများရှိရမည်၊ ဘုန်းတော်ကြီးများရှိလျှင် ကပ္ပိယများရှိရမည်။ ကပ္ပိယများရှိလျှင် ဆွမ်းဟင်းအတွက် မခက်ခဲကော့ဟု ဆရာတော်ယုံသည်။ သူသည် စေတီရှိရာသို့ ဦးတိုက်၍သွားလေတော့၏။

ထိုစေတီအနီး ကျောင်းကြီးတစ်ကျောင်းကို တွေ့ရလေ၏။ ဆရာတော်သည် ကျောင်းရှေ့သို့ လျှောက်လာသည်။ ဟိုဟိုဒီဒီ ကြည့်သောအခါ လူတစ်ယောက်မျှ မတွေ့ရချေ။

ထို့ကြောင့် သူသည် ကျောင်းထဲသို့ လှမ်းပင်လာသည်။ သူသည် အခန်းထဲလှမ်းဝင်လိုက်သည်နှင့် ကွပ်ပျစ်ပေါ်၌ ဘီလူးကြီးတစ်ကောင် အိပ်ပျော်နေသည်ကို ရုတ်တရက် တွေ့မြင်ရသည်။

သူသည် ဘီလူးမှန်း ရုတ်တရက်မသိသဖြင့် သေချာစွာကြည့်မိသည်။ ထိုဘီလူး၏မျက်နှာမှာ အစိမ်းရောင်သမ်းနေပြီး၊ ချွန်ထက်သော အစွယ်နှစ်ခုက အပြင်သို့ထွက်နေသည်။ သူ့ဆံပင်များက နီကြောင်ကြောင် ဖြစ်နေသည်။ ခန္ဓာကိုယ်က ထွားကျိုင်းလှသည်။ ထိုဘီလူးကြီးသည် ဓားတစ်လက်ကိုပိုက်၍ အိပ်ပျော်နေသည်။

ထန်စန်းကျွမ်းဆရာတော်သည် ဘီလူးမှန်း သိသွားသောအခါ ကြောက်လန့်သွားလေ၏။ သူသည် နောက်ဆုတ် နောက်ဆုတ်နှင့် ပြန်ထွက်သွား၏။ ထို့နောက် လှည့်ပြေးတော့သည်။

ဆရာတော်သည် အပြင်သို့ရောက်အောင်မှ ပြေးနိုင်သည်။ သို့သော် ..... အပြင်၌ ရှိသော ဇလုံတစ်ခုကိုမူ မရှောင်နိုင်ချေ။ သူသည် ခလုတ်တိုက်မိသည်။

"ခွမ်း ..... ခလွမ်း"

အိပ်ပျော်နေသော ဘီလူးကြီးသည် နိုးလာလေ၏။

" ဟဲ့ ..... ဘီလူးတွေ၊ အပြင်က အသံကြားတယ်၊ ထွက်ကြည့်ကြစမ်း..... "

ဘီလူးတစ်ကောင်သည် ဘီလူးကြီးထံ အစေားဝင်လာသည်။

" သခင်ကြီး ..... အပြင်မှာ ဘုန်းကြီးတစ်ပါးကို တွေ့ရပါတယ်"

" ဟ ..... ဘုန်းကြီးတစ်ပါးကို တွေ့တာနဲ့ မင်းတို့က လွှတ်ပေးရရောလား။ သွား ..... အမြန်ဆုံးဖမ်းခဲ့ကြ ..... "

ဘီလူးများသည် ထန်စန်းကျွမ်း ဆရာတော်အား အခက်အခဲ မရှိဘဲ ဖမ်းမိကြလေ၏။ ဘီလူးများသည် ထန်စန်းကျွမ်း ဆရာတော်အား ဘီလူးကြီးထံသို့ ခေါ်ဆောင်သွားလေ၏။

ဘီလူးကြီးသည် ဘုန်းတော်ကြီးအား သေသေချာချာ အကဲခတ်လေ၏။ ဘုန်းတော်ကြီးမှာ နုနယ်၍ အလွန်ကျက်သရေ ရှိလှသည်ကို တွေ့ရှိရသည်။ ဤဘုန်းတော်ကြီးသည် မည်သည့်နည်းနှင့်မျှ နယ်နယ်ရရ ဘုန်းကြီးမဟုတ်နိုင်သည်ကို သူသိလိုက်၏။

" သူ့ကို လွှတ်လိုက်ကြစမ်း "

ဘီလူးကြီးက လက်ကို ဝေ့ယမ်းပြီး အမိန့်ပေးလိုက်၏။ ဘီလူးများသည် ဆရာတော်အား တွန်းလွှတ်လိုက်လေ၏။

ဘီလူးကြီးက .....

" အသင်ဘုန်းတော်ကြီး ..... ဘယ်ကကြွလာပြီး ဘယ်ကို သွားမလို့ပါလဲ "

ထန်စန်းကျွမ်းဆရာတော်က .....

" ကျွန်ုပ်ဟာ မဟာထန် နိုင်ငံက တမန်တော်တစ်ယောက်ပါ။ ထန်ဘုရင်ရဲ့ အမိန့်အရ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ သွားနေတဲ့ ပုဂ္ဂိုလ်ပါ ..... "

ဘီလူးကြီးသည် လွန်စွာ သဘောကျသွားလေ၏။

" ဟား ..... ဟား ..... ဟား ..... "

ဘီလူးကြီး၏ ရယ်သံမှာ ကျယ်လောင်လှသဖြင့် ဆရာတော်ဘုရားသည် နားများပင်အူသွားသည်။

ဘီလူးကြီးကမေးလေ၏။



" သင်ဟာ ထန်စန်းကျွမ်းဆရာတော် မဟုတ်လား "

ဆရာတော်က ခေါင်းညိတ်ဝန်ခံ၏။

" ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ ထန်စန်းကျွမ်း ဆရာတော်ပါပဲ ...."

"ဟား .... ဟား .... ဟား .... ကျုပ်ကတော့ မှတ်ဆိတ်ပျားစွဲတာပဲ၊ ထန်စန်းကျွမ်းဆရာတော်ရဲ့ အသားကိုစားရင် အသက်တစ်ထောင်ပိုရှည်တယ်လို့ ကျုပ်တို့ဘီလူးလောကမှာ သတင်းကြီးနေတယ်"

သူက ဆက်ပြော၏။ သူပြောသည့်စကားမှာ ဆရာတော်အတွက် တစ်ကွက်မျှ သက်သာရာလမ်းမမြင်ပါချေ။

"ကျုပ်တို့ ဘီလူးတွေဟာ ဘုန်းတော်ကြီးရဲ့ အသားကို စားဖို့ လိုက်ရှာနေကြတာ အခုတော့ ကျုပ်မှာ ရေကန်အသင့် ကြာအသင့် ဖြစ်နေပါပေါ့လား၊ သင်ဘုန်းတော်ကြီးကတော့ ကံဆိုးပြီ၊ ကျုပ်ကတော့ ကံကောင်းနေပြီ ..."

ဆရာတော်က လက်အုပ်ချီလိုက်၏။

"အသင်ဘီလူး .... ဒီစကားမျိုးပြောတဲ့အတွက် သင့်မှာ ဘယ်လောက်အပြစ်ကြီးထိုက်သွားပြီဆိုတာ သင်သိရဲ့လား .... ကျွန်ုပ်ဟာ သာမန်လူတစ်ယောက်မဟုတ်ပါဘူး၊ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်မယ့်သူတော်စင်တစ်ယောက်ပါ၊ ကျွန်ုပ်ကိုဆွမ်းတစ်နပ်ကျွေးပြီး ပြန်လွှတ်ပေးမယ်ဆိုရင် သင်ကုသိုလ်အများကြီးရပါလိမ့်မယ် ...."

ဘီလူးကြီးက -

"ပိဋကတ်သုံးပုံ သွားပင့်မယ်ဆိုရင်တော့ ဘုန်းကြီးတစ်ပါးတည်း မဖြစ်နိုင်ဘူး၊ အဖော်ပါရဦးမယ်၊ သူတို့ဘယ်မှာလဲ ..."

"ပါပါတယ်"

"ဘယ်နှစ်ယောက်ပါသလဲ"

"ကျူးပတ်ကိုင်နဲ့ ဆားဝူကျိန်းဆိုတဲ့ တပည့်နှစ်ယောက်ပါပါသေးတယ် ...."

"နောက်ကော ...."

"မြင်းဖြူကြီးတစ်ကောင်နဲ့ အထုပ်တစ်ထုပ်ပါ ...."

ဘီလူးကြီးသည် လွန်စွာ သဘောကျသွား၏။

"ဟန်ကျလိုက်တာ လူသုံးယောက်နဲ့ မြင်းတစ်ကောင်ကို ငါစားရက် ကြံ့ပါပေ့လား ...."

ထိုအခါ ဘီလူးကြီး၏နောက်တွင် ဝိုင်းပတ်ရံနေကြသော ဘီလူးများသည် ဆရာတော်၏ တပည့်နှစ်ယောက်ကို သွားရောက်ဖမ်းယူရန် တိုင်ပင်ကြလေ၏။ ထိုတိုင်ပင်သောစကားကို ဘီလူးကြီးကြား၏။

ဘီလူးကြီးက -

"ဟေ့ ... မင်းတို့ ဘယ်မှ မထွက်ကြနဲ့ ... ကျောင်းတံခါးကို ပိတ်လိုက်ကြစမ်း ...."

ဘီလူးများမှာ အံ့ဩသွား၏။

"ဘာဖြစ်လို့လဲ သခင်ကြီး"

"သူ့တပည့်နှစ်ယောက်က သူ့ကိုမတွေ့ရင် လိုက်ရှာမှာပါ၊ ဒီကျားဖြူတောင် ဘစ်ဝိုက်မှာ ငါတစ်ဦးတည်း နေထိုင်တာပဲ ....၊ ဒါကြောင့် ဒီကို လိုက်လာမှာ သေချာပါတယ် ...."

ဘီလူးများသည် ခေါင်းညိတ်ဝန်ခံကြ၏။

"သခင်ကြီး ပြောတာမှန်တယ် ...."

ဘီလူးကြီးက -

"ကဲ ... ဒီဘုန်းကြီးကို တိုင်မှာချည်ထားလိုက်ကြစမ်း၊ မြင်သာတဲ့ နေရာမှာ ချည်ထား၊ တော်ကြာ သူတပည့်နှစ်ယောက် ရောက်လာရင် ဖမ်းဖို့အသင့်ပြင်ထား ...."

ဘီလူးများသည် ဆရာတော်ကို တွန်းထိုးခေါ်ငင်သွားပြီး တိုင်တစ်တိုင်တွင် ချည်နှောင်ထားလိုက်လေ၏။ ဘီလူးများသည် ဆရာတော် အနီး၌ ထင်ထင်ပေါ်ပေါ် မနေကြချေ။ ကိုယ်ယောင်ဖျောက်ပြီး နေကြလေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱



ဆားဝူကျိန်းသည် တောအုပ်ထဲသို့ လျှောက်သွားရင်း ကျူးပတ်ကိုင်၏အမည်ကို အော်ခေါ်လေ၏။

"ကျူးပတ်ကိုင် ... ကျူးပတ်ကိုင် ...."

သူသည် အသံကုန်အော်ဟစ်ပြီး ကျူးပတ်ကိုင်ကို အော်ခေါ်၏။ သို့သော် ကျူးပတ်ကိုင်၏ ပြန်ထူးသံကို မကြားရချေ။

နေသည် တစ်စတစ်စဝင်သွားလေပြီ။ သူသည် ကျူးပတ်ကိုင်ကို အော်ခေါ်ခဲ့၏။ လုံးဝမတွေ့ဘဲ ဖြစ်နေသည်။ သူသည် စိတ်ပျက်သွားပြီး မြက်ခင်းတစ်ခုပေါ် ထိုင်ချလိုက်၏။

သူ အမောပြေ ထိုင်နေစဉ် အဝေးရှိချုံပုတ်တစ်ခုမှ စကားပြောသံများ ကြားနေရသည်။ ဆားဝူကျိန်းသည် သေချာစွာ နားထောင်လိုက်၏။ ကျူးပတ်ကိုင်၏ အသံသာတည်း။ သူသည် ထပ်မံ၍ နားစိုက်ထောင်လိုက်၏။

ကျူးပတ်ကိုင် အိပ်ရာမှ ယောင်ယမ်း၍ ပြောနေသော အသံ ဖြစ်ကြောင်း သူ သိရှိလိုက်သည်။ သူသည် မြက်ခင်းပေါ်မှ ထလိုက်၏။ အသံကြားရာသို့ ချဉ်းကပ်သွားသည်။

ချုံပုတ်များကို ဖယ်ရှားလိုက်သောအခါ ကျူးပတ်ကိုင်သည် မြက်ခင်းပေါ်၌ အိပ်မောကျရင်း ကယောင်ကတမ်း ပြောဆိုနေသည်ကို တွေ့ရလေ၏။

ဆားဝူကျိန်းသည် စွန်းဟိန်ကျဲကို ကျူးပတ်ကိုင်က ချောက်တွန်းခဲ့သည်ကို မကျေနပ်ချေ။ ထို့ကြောင့် သူသည် ကျူးပတ်ကိုင်ကို ခြေထောက်ဖြင့် ကန်နှိုးလေ၏။

"ထစမ်း .... ကျူးပတ်ကိုင် "

ကျူးပတ်ကိုင် လန့်နိုးလာ၏။

"ဘယ်သူလဲကွ ... ငါ့ကိုကန်တာ ...."

ဆားဝူကျိန်းက -

"ငါကန်တာကွ"

"ဘာဖြစ်လို့ ငါ့ကို ကန်ရတာလဲ၊ မင်းတော့ သေတော့မယ် ...."

"အောင်မာ ... မင်းနဲ့ငါဟာ စွမ်းရည်တူပါကွ၊ ဘယ်သူ့ဘယ်သူ

မှ နိုင်တဲ့သူ မဟုတ်ပါဘူး၊ မင်းကို ဆရာတော်က ဘာလုပ်နိုင်းလိုက်သလဲ၊ မင်းကို လာအိပ်နိုင်းတာတော့ မဟုတ်ပါဘူး ....”

ထိုအခါ ကျူးပတ်ကိုင်သည် မျက်နှာကို အောက်ချပြီး –

“ဟုတ်တယ် ငါလည်းဆွမ်းခံရမယ့် အိမ်ခြေလည်းမမြင် သစ်သီးလည်းမရဆိုတော့ ခဏနားရင်း အိပ်ပျော်သွားမိတာပါ ....”

ဆားဝှကျိန်းက –

“ဆွမ်းခံမရလည်း ပြန်လာပေါ့၊ အခုတော့ ငါက မင်းကို လိုက်ရှာ နေရတယ်၊ ကဲထတော့၊ ဆရာ စိတ်ပူနေလိမ့်မယ်၊ အမြန်ဆုံး ပြန်ကြမယ်”

သူတို့နှစ်ယောက်သည် လာလမ်းအတိုင်း ပြန်လျှောက်ကြလေတော့၏။

မကြာမီ သူတို့သည် မူလနေရာသို့ ပြန်လည် ရောက်ရှိလာတော့၏။ သို့သော် .... သူတို့သည် ထန်စန်းကျွမ်းဆရာတော်ကို မတွေ့ရတော့ချေ။ မြင်းနှင့်အထုပ်ကိုသာ တွေ့ရတော့သည်။

ဆားဝှကျိန်းက –

“ခက်ပြီ ... ဆရာ ငါတို့ကို စိတ်မချလို့ ငါတို့ကိုလိုက်ရှာပြီနဲ့တူတယ် ....”

ကျူးပတ်ကိုင်က မေးလိုက်၏။

“ဒါဖြင့် ဘယ်လိုလုပ်မလဲ ....”

ဆားဝှကျိန်းက –

“တို့လိုက်ရှာတာပေါ့၊ ဆရာဟာ ဒီသစ်တောထဲက ဘယ်မှထွက်မသွားနိုင်ပါဘူး ....”

ဆားဝှကျိန်းသည် အထမ်းကိုထမ်းပြီး ဆရာတော် ကျန်ရစ်ခဲ့သည့် တောင်ဝှေးကို ကောက်ကိုင်လိုက်သည်။

“မင်းက မြင်းကို ဆွဲခဲ့ပေတော့ ....”

ကျူးပတ်ကိုင်သည် မြင်းဖြူကြီးကို ဆွဲလိုက်လေ၏။

ကျူးပတ်ကိုင်က –



“ဆရာဟာ မြင်းရယ်၊ အထုပ်ရယ်၊ တောင်ဝှေးရယ်ကို ထားပစ်ခဲ့တယ်၊ ဆရာ့ကို ဘီလူးများ ဖမ်းသွားသလားမသိဘူး”

ဆားဝှကျိန်းက –

“ဘီလူးဟာ မြင်းကိုလည်းစားတာပဲ၊ လူကိုလည်းစားတာပဲ၊ ဆရာနဲ့ မြင်းကြီးတွေ့ပြီးမှ ဆရာ့ကိုပဲဖမ်းတယ်၊ မြင်းကိုမဖမ်းဘူးဆိုတာ သဘာဝ မကျပါဘူး၊ ဆရာဟာ ငါတို့ကို လိုက်ရှာတာပဲဖြစ်မယ်၊ ကဲ ...သွားကြစို့”

ကျူးပတ်ကိုင်နှင့် ဆားဝှကျိန်းတို့သည် ဆက်လက်ထွက်ခွာလာကြတော့၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၂)

## ကယ်တင်ရှင်

ဆားဝူကျိန်းနှင့် ကျူးပတ်ကိုင်တို့သည် ထန်စန်းကျွမ်းဆရာတော်အား လိုက်လံရှာဖွေကြရင်း ရွှေရောင်ဝင်းလက်နေသော စေတီတော်အား မြင်တွေ့လိုက်ရသည်။

ဆားဝူကျိန်းက –

"ဟော ... စေတီတစ်ဆူတော့ တွေ့ပြီ"

ကျူးပတ်ကိုင်က –

"စေတီရှိရင် ကျောင်းရှိရမယ်"

"ကျောင်းရှိရင် ဘုန်းကြီးရှိရမယ်"

"ဘုန်းကြီးရှိရင် ဆွမ်းဟင်းရှိရမယ်"

"တန်တော့ ... ငါတို့ဆရာ ဆွမ်းစားနေပြီနဲ့တူတယ်"

"ဟုတ်တယ်၊ ငါတို့မြန်မြန်သွားကြရအောင်"

သူတို့သည် ခြေလှမ်းသုတ်သုတ်ဖြင့် စေတီရှိရာသို့သွားလေတော့၏။

ဘီလူးများသည် ဆရာတော်၏ တပည့်များ ရောက်ရှိပါက ဖမ်းဆီးရန် အသင့်ပြင်ထားကြသည်။



ဘီလူးတစ်ကောင်သည် ပြေး၍ သတင်းပို့လေ၏။

"သခင်ကြီး ပြောတဲ့အတိုင်း ဝက်လိုလူနဲ့ တခြားတစ်ယောက် ဒီဘက်ကို လာနေတာ တွေ့ရပါတယ် ...."

ဘီလူးကြီးကဝမ်းသာသွား၏။

"ကဲ .... တံခါး ဖွင့်ပေတော့ ...."

ဘီလူးများသည် တံခါးဖွင့်လိုက်ကြလေ၏။

ဘီလူးကြီးသည် ဘီလူးကြီးငယ်များခြံရံပြီး ကျောင်းပြင်သို့ထွက်လေ၏။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် ထိုဘီလူးများအား တွေ့လိုက်ကြသည်။

ဆားဝူကျိန်းက –

"စေတီလည်းတွေ့ပြီ၊ ကျောင်းလည်းတွေ့ပြီ၊ ဒါပေမယ့် ဘုန်းကြီးတော့ မတွေ့ရဘူး၊ ဘုန်းကြီးအစား ဘီလူးတွေပဲ တွေ့ရတယ်"

ကျူးပတ်ကိုင်က –

"ငါတို့ဆရာ အဲဒီမှာရှိမှာသေချာတယ်၊ မေးကြည့်ရအောင် ...."

သူတို့သည် အထုပ်နှင့် မြင်းကိုထားခဲ့ပြီး မေးမြန်းရန် အတွက် ဘီလူးများဆီသို့ ရောက်လာကြသည်။ ဘီလူးများ၏ လက်ထဲ၌ ဓားများကိုင်ထားသည်ကို တွေ့ရသောအခါ ကျူးပတ်ကိုင်သည် ထွန်ခြစ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်၏။ ကျူးပတ်ကိုင်က တီးတိုးပြောသည်။

"ကြည့်ရတာ တစ်ပွဲတစ်လမ်း အကဲစမ်းရမယ်နဲ့ တူတယ် ...."

ဆားဝူကျိန်းက –

"တွေ့လည်း တိုက်ခိုက်ရုံအပြင် ဘာမှမရှိပါဘူး၊ ဆရာ ရှိမရှိ မေးကြည့်ရမယ်၊ သူတို့ ဖမ်းချင်ဖမ်းထားမှာ ...."

ကျူးပတ်ကိုင်တို့သည် ဘီလူးများနှင့် ရင်ဆိုင်တွေ့ရလေ၏။

"ကဲ .... ဘီလူးကြီး ... ဒီထဲမှာ ဘုန်းတော်ကြီးတစ်ပါး ရှိသလား"

ဘီလူးက ရယ်မောဏ်။

"ရှိပါတယ်၊ အထဲမှာ ကောင်းမွန်စွာ ချည်နှောင် ထားပါတယ်၊ မင်းတို့ ရောက်လာမှာကို ကြိုတင်သိထားလို့ ငါတို့က ကြိုတင် စောင့်နေတာပါ"

ကျူးပတ်ကိုင်က –

"အခုလို ကျုပ်တို့ဆရာကို တိုင်မှာချည်ပြီး ကောင်းကောင်း ချည် ခံထားတာကို ကျေးဇူးတင်ပါတယ် ...."

ဆားဝူကျိန်းက ကျူးပတ်ကိုင်၏ပခုံးကို တွန်းပစ်လိုက်၏။

"ဝက်ပုတ် ... ငါတို့ဆရာကို ဖမ်းပြီး တိုင်မှာ ချည်နှောင် ထားတာကို ငါတို့က ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ၊ မင်းသွားသေ လိုက်ပါလား ..."

ကျူးပတ်ကိုင်သည် သူ အပြောမှားသွားသည့် အဖြစ်ကို သိရှိ သွားပြီး သူ့နဖူးကို သူ ပြန်ရိုက်လေ၏။ သူသည် ထွန်ခြစ်ကို ဆုပ်ကိုင်လိုက်ပြီး –

"ဘီလူးကြီး ငါ့ဆရာကိုဖမ်းထားရအောင် မင်းတို့ကို ဘယ်သူက အခွင့်အာဏာ ပေးထားလို့လဲ၊ ငါ့ဆရာကို အမြန်ဆုံး အခုလွှတ် ...."

ဘီလူးကြီးက ရယ်မောလိုက်၏။

"မင်းက မင်းဆရာကို လွှတ်ခိုင်းနေသလား ...."

"ဟုတ်တယ် ခုချက်ချင်းလွှတ်"

"ငါတို့က မင်းတို့နှစ်ယောက်ကိုပါ ထပ်ဖမ်းဖို့ စောင့်နေတာ၊ ဘယ်လိုလုပ် မင်းဆရာကို လွှတ်ပေးနိုင်မှာလဲ၊ မင်းတို့သုံးယောက်ကို လည်း ဖမ်းမယ်၊ မင်းတို့မြင်းကိုလည်း ဖမ်းမယ် ...."

ကျူးပတ်ကိုင်သည် ဒေါသထွက်လာလေ၏။

"အေး ... ဖမ်းကြည့်ပေါ့ကွာ"

သူသည် ဘီလူးကြီးအား ထွန်ခြစ်ဖြင့် တိုက်ခိုက်လေတော့၏။ ဆားဝူကျိန်းကလည်း တောင်ဝှေးဖြင့် ဝင်ရောက်တိုက်ခိုက်တော့သည်။ သူတို့သုံးယောက်သည် သဲသဲမဲမဲ အပြန်အလှန်တိုက်ခိုက်ကြလေ၏။

အောက်မှဘီလူးများသည် ဝိုင်း၍အော်ဟစ်အားပေးကြ၏။ သူတို့သည် အပြင်းအထန် တိုက်ခိုက်နေကြရာ ထန်စန်းကျွမ်းဆရာတော်အား



စောင့်ရှောက် ပေးနေကြသော နတ်များက ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်း တို့အား ဟစ်အော်အားပေးကြသည်။

ဆရာတော်သည် အပြင်၌ တိုက်ခိုက်နေကြသည့် အဖြစ်ကို မသိပေ။

"ကျူးပတ်ကိုင် .... သင်ဘယ်မှာများ အိပ်ပျော်နေသလဲ၊ သင့်ရဲ့ ဆရာ ငါကတော့ ဘီလူးတွေရဲ့ လက်ထဲရောက်နေပြီ၊ ဆားဝူကျိန်းလည်း ကျူးပတ်ကိုင်ကို လိုက်ရှာရင်း ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ငါ ... ဒုက္ခ ရောက်နေတာကို သင်လည်းသိမှာမဟုတ်ပါဘူး"

ဆရာတော် ဝမ်းပန်းတနည်း တွေးတောနေစဉ် တစ်ဖက်အခန်း အတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်ကို တွေ့ရှိရလေ၏။ ထိုအမျိုးသမီးမှာ အသက်သုံးဆယ်ကျော်ခန့်သာရှိသေးသည်။ ရုပ်ရည် ချောမောပြီး အထက်တန်းကျသည်။ သူသည် ထန်စန်းကျွမ်းဆရာတော် အား တွေ့လိုက်ရသောအခါ အံ့သြသွားသည်။

သူမသည် ဆရာတော် အနီးသို့ ချဉ်းကပ်လာပြီး မေးလျှောက် လေ၏။

"အရှင်ဘုရား ... အရှင်ဘုရားကို ဘယ်သူကဖမ်းပြီး ဒီတိုင်မှာ လာပြီး တုပ်နှောင်ထားရတာလဲ"

ထန်စန်းကျွမ်းဆရာတော်က ဝမ်းနည်းကြေကွဲစွာ ပြောပြလေ၏။

"ကျုပ်တပည့်နှစ်ယောက်ကို လာစုံစမ်းတာ ဘီလူးနေတဲ့နေရာကို လာစုံစမ်းမိရက်သားဖြစ်နေတယ်၊ ကျုပ်လည်းအဖမ်းခံရတာပေါ့၊ ကျုပ် ကံဆိုးတာပေါ့လေ ..."

"သူက ဘာဖြစ်လို့ အရှင်ဘုရားကို ဖမ်းထားတာလဲ"

"စားဖို့တဲ့လေ .... စားဖို့တဲ့၊ ကဲ ... ဒကာမလေးလည်း စားချင် သပဆိုရင် စားပါတော့ ..."

အမျိုးသမီးသည် ခေါင်းတခါခါ လည်တခါခါဖြစ်သွားသည်။

"တပည့်တော်မက လူသားမစားပါဘူး၊ ဘယ်မှာ လူသားစားပါ့ မလဲ၊ တပည့်တော်မက လူသားစစ်စစ်ကိုး ...."

ထန်စန်းကျွမ်းဆရာတော်က –

"ဒကာမလေးက လူစစ်စစ် ဖြစ်ရက်နဲ့ ဘယ့်နယ်ဘီလူးတွေ နေထိုင်တဲ့ နေရာကို ရောက်နေရတာလဲ"

အမျိုးသမီးက –

"တပည့်တော်မဟာ ဒီနေရာက အနောက်ရူးရူး လီပေါင်းသုံးရာ ကျော်ဝေးတဲ့ နိုင်ငံမှာ နေထိုင်ပါတယ် ...."

"ဟာ ... လီပေါင်းသုံးရာကျော်နေရာက ဒီကိုဘယ့်နယ် ရောက်လာရတာလဲ"

"လျှောက်ပါမယ်ဘုရား၊ တပည့်တော်မ နေထိုင်တဲ့ နိုင်ငံအမည် ကတော့ ရတနာဟတ္ထိနိုင်ငံပဲ ဖြစ်ပါတယ် ...."

"ဩော် .... ရတနာဟတ္ထိနိုင်ငံကကိုး"

"တပည့်တော်မဟာ ရတနာဟတ္ထိနိုင်ငံက သာမန်လူသားမဟုတ် ပါဘူး၊ ရတနာဟတ္ထိနိုင်ငံရဲ့ ဘုရင့်သမီးတော်သုံးပါးထဲက အငယ်ဆုံး သမီးတော်ဖြစ်ပါတယ်၊ နာမည်ကတော့ ပန်းတစ်ရာမင်းသမီးလို့ ခေါ်ပါ တယ်"

ထန်စန်းကျွမ်းဆရာတော်သည် အံ့သြသွားလေ၏။

"ဒကာမလေးဟာ ရတနာဟတ္ထိဘုရင်ရဲ့ သမီးတော်ဖြစ်တယ်ဆို တာကို ကျွန်ုပ် သိရပါပြီ ..... ဒါပေမယ့် ဒီဘီလူးတွေနဲ့ လာရောက် ရောနှောနေထိုင်တာကိုတော့ ကျွန်ုပ်သဘောမပေါက်ပေဘူး ...."

အမျိုးသမီးက ရှင်းပြ၏။

"ဒီလိုပါအရှင်ဘုရား .... လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်တုန်းက လမုရာသီပွဲမှာ အခြွေအရံများနဲ့ ပျော်ပါးနေတုန်း ဒီဘီလူးကြီးက တွေ့ သွားပြီး တပည့်တော်မကို ဖမ်းဆီး ခေါ်ဆောင်လာတာဖြစ်ပါတယ်"

"ဩော် ..."

ထန်စန်းကျွမ်းဆရာတော်သည်သဘောပေါက်နားလည်သွားသည်၊

"ဒါဖြင့် ဒကာမလေးက ဘီလူးကြီးရဲ့ ဇနီး ဖြစ်နေပြီပေါ့ ...."

အမျိုးသမီးက ခေါင်းညိတ်၏။

"မှန်ပါတယ်ဘုရား၊ တပည့်တော်မ ဒီဘီလူးကြီးနဲ့ ပေါင်းသင်း လို့ သမီးရတနာတောင် ရရှိခဲ့ပါပြီ"



သူမက –

"ဒါနဲ့ ဆရာတော်က ဒီသစ်တောထဲ ဘာလာလုပ်တာလဲဘုရား"

ဆရာတော်က ရှင်းပြသည်။

"ကျွန်ုပ်က မဟာထန်နိုင်ငံက လာခဲ့တာပါ၊ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်ပြီး မဟာထန်နိုင်ငံကို ပြန်ရမှာပါ ...."

"ဩော် .... တာဝန်နဲ့ကိုး ...."

"မှန်ပါတယ်၊ မဟာထန်နိုင်ငံဘုရင်မင်းမြတ်ကတာဝန်ပေးလိုက် တာပါ၊ ကျွန်ုပ်ကလည်း အရိုးကြေကြေ အရေခန်းခန်း အသက်ပင်သေပါ စေ ပိဋကတ်တော်သုံးပုံကို သွားရောက်ပင့်ဆောင်မယ်လို့ သန္နိဋ္ဌာန်ချထား ပါတယ်"

"အရှင်ဘုရား တစ်ပါးတည်းလားဘုရား"

ထန်စန်းကျွမ်းဆရာတော်က –

"မဟုတ်ပါဘူး၊ ကျုပ်မှာ တပည့်နှစ်ယောက်ရှိပါသေးတယ်"

အမျိုးသမီးက –

"ဟုတ်ပြီ၊ အခုအပြင်ဘက်မှာ တပည့်တော်ခင်ပွန်းနဲ့ တိုက်ခိုက် နေတဲ့ ကပ္ပိယ နှစ်ယောက်ဟာ အရှင်ဘုရားရဲ့ တပည့် နှစ်ယောက် ဖြစ်ပုံ ရတယ် ...."

ဆိုစကားကို ကြားလိုက်သောအခါ ထန်စန်းကျွမ်းဆရာတော်သည် ဝမ်းသာ အားတက်သွားလေ၏။ သူ့တပည့်နှစ်ဦးသည် သူ့အား ကယ်တင် ရန် လာနေပြီ မဟုတ်ပါလော။

"ဟုတ်တယ်၊ ကျွန်ုပ်ကို သူတို့ကယ်တင်ဖို့ ရောက်လာကြပြီ ...."

အမျိုးသမီးက ရှင်းပြ၏။

"ဒါပေမယ့် သူတို့နှစ်ယောက်ဟာ ဘီလူးကြီးကို နိုင်မှာမဟုတ် ပါဘူး၊ တပည့်တော်မ သိပါတယ်၊ ဒီဘီလူးဟာ အင်မတန် စွမ်းရည် ထက်ပါတယ်"

ဆရာတော်သည် စိတ်ဓာတ်ကျသွား၏။

"ခက်တာပဲ၊ ဩော် .... ဒကာမလေးကို ကျွန်ုပ် အကူအညီ တောင်းရတော့မယ်၊ ဒကာမအနေနဲ့ ကျုပ်ကို ကြိုးဖြေပေးပါလို့ ကျွန်ုပ်

တောင်းပန်ပါတယ်"

"မပူပါနဲ့ ဘုရား တပည့်တော်မတို့ဟာ လူသားချင်းပဲ၊ အရှင်ဘုရားကိုဆိုရင် ပိုလို့တောင် ကယ်ရပါဦးမယ်၊ ဒါပေမယ့် ...."

ဆရာတော်သည် ဝမ်းသာသွား၏။

"ဒါပေမယ့် ဘာဖြစ်သလဲ ဒကာမလေး"

ပန်းတစ်ရာမင်းသမီးက –

"တပည့်တော်မ အတွက်တော့ တစ်ခု အကူအညီ ပေးရလိမ့်မယ်"

"ဘာအကူအညီလဲ၊ ကျုန်ုပ် တတ်နိုင်တဲ့ အကူအညီ ဆိုရင်တော့ ပေးဖို့ ဝန်မလေးပါဘူး ...."

"တပည့်တော်မ ဒီကိုရောက်နေတဲ့ အကြောင်းကို တပည့်တော်မရဲ့ ဖခမည်းတော် မသိပါဘူး၊ ဒါကြောင့် တပည့်တော်မက စာတစ်စောင် ရေးပေးလိုက်ချင်ပါတယ်၊ ဒီစာကို အရှင်ဘုရားက ပို့ပေးဖို့ပါပဲဘုရား .."

ထန်စန်းကျွမ်းဆရာတော်က –

"ရတနာဟတ္တိနိုင်ငံကို ပို့ပေးရမှာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

သူမက ဆက်၍ လျှောက်ထားသည်။

"အဲဒီရတနာ ဟတ္တိနိုင်ငံဆိုတာ အရှင်ဘုရားတို့ သွားမယ့်ခရီးနဲ့ လမ်းကြုံပါတယ်ဘုရား ..... အထူးကွေ့ပတ်ပြီး သွားရမယ့်ခရီးမဟုတ်ပါဘူး ....."

ဆရာတော်သည် ခေါင်းညိတ်လက်ခံလိုက်လေ၏။

"ကောင်းပြီ၊ ကျုန်ုပ် ပို့ပေးပါမယ်၊ ရောက်မရောက် ဆိုတာတော့ ကျုန်ုပ် ကတိ မပေးနိုင်ပါဘူး"

"ဆရာတော် ပို့ပေးမယ်ဆိုရင် ရောက်ရမှာပေါ့၊ ရတနာ ဟတ္တိနိုင်ငံဟာ ဆရာတော်ရဲ့ သွားရာလမ်းကြောင်းပေါ်မှာ ရှိနေပါတယ်၊ ဘာဖြစ်လို့ မရောက်နိုင်ရမှာလဲ ....."

သူမသည် အခန်းထဲသို့ ပြန်ဝင်သွားပြန်လေ၏။ တစ်ခဏမျှကြာသောအခါ ပြန်ထွက်လာသည်။ သူမ၏ လက်ထဲတွင် စာတစ်စောင် ပါလာလေ၏။



"တပည့်တော်မ ဒီလိုစာရေးပေးနိုင်ဖို့ အခွင့်အရေးကို စောင့်နေတာ တစ်ဆယ့်သုံးနှစ် ရှိနေပါပြီ၊ အခုမှပဲ ဒီအခွင့်အရေးကို ရပါတော့တယ်၊ ဆရာတော့်ကျေးဇူး ကြီးမားလှပါတယ် ဘုရား"

သူမသည် ပြောပြောဆိုဆို ဆရာတော်အား ချည်နှောင်ထားသည့် ကြိုးကိုဖြေပေးလေ၏။ ထို့နောက်သူမရေးသားလာသည့်စာကို ဆရာတော်၏ လက်ထဲသို့ ပေးအပ်သည်။

ဆရာတော်က စာကို လက်ခံပြီး သိမ်းဆည်းလိုက်သည်။ ဆရာတော်သည် လက်အုပ်ချီပြီး .....

"ကျေးဇူးတင်ပါတယ် ဒကာမလေး"

"ဆရာတော် ဘုရား ..... အခု တပည့်တော်မနဲ့ ကပ်လိုက်ခဲ့ပါဘုရား ....."

ဆရာတော်သည် သူမနှင့် ကပ်လိုက်သွားရ၏။ ဆရာတော်သည် အရှေ့ဘက် တံခါးမှ ထွက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ ပန်းတစ်ရာမင်းသမီးက ကမန်းကတန်း တားဆီးလေ၏။

"အရှင်ဘုရား ..... အရှေ့ဘက်တံခါးက မထွက်ပါနဲ့ဘုရား"

ထန်စန်းကျွမ်း ဆရာတော်က လှည့်ကြည့်ရင်း –

"ဒါဖြင့် ဘယ်က ထွက်ရမှာလဲ ဒကာမလေး"

ပန်းတစ်ရာမင်းသမီးက –

"တပည့်တော်မနောက်ကသာ လိုက်ခဲ့ပါဘုရား၊ ထွက်ပေါက်ကို တပည့်တော်မ ပြပါမယ် ...."

သူမသည် ဆရာတော်အား နောက်ဘက်အပေါက်သို့ ခေါ်ဆောင်သွား၏။ အနောက်ဘက်တံခါးပေါက်မှ အပြင်သို့ထွက်စေ၏။

"အရှင်ဘုရား .... ဟိုချုံပုတ်အတွင်းမှာ ခဏလေးပုန်းနေပါ၊ တပည့်တော်မက အရှင်ဘုရားရဲ့ တပည့်နှစ်ယောက် လွှတ်မြောက်ဖို့ သွားကြံစည်လိုက်ပါဦးမယ်ဘုရား ...."

ဆရာတော်သည် ခပ်လှမ်းလှမ်းရှိ ကြီးမားသော ချုံပုတ်အတွင်း ဝင်ရောက်ပုန်းအောင်းလိုက်ရတော့သည်။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း(၈၃)

## ရတနာဟတ္ထိနိုင်ငံတော်

ကျောင်းရှေ့ရှိမြေကွက်လပ်တွင် ဘီလူးများစွာတို့သည် အော်ဟစ်အားပေးနေကြ၏။ ပန်းတစ်ရာမင်းသမီးသည် အပေါ်သို့ မော့ကြည့်လိုက်ရာ ဘီလူးကြီးနှင့် ဆရာတော်၏ တပည့်နှစ်ယောက်တို့ သူနိုင်ကိုယ်နိုင်အပြိုင် တိုက်ခိုက်နေသည်ကိုတွေ့ရလေ၏။

သူမ မည်သို့ပြုရ မည်နည်း။

သူမသည် ခေတ္တမျှစဉ်းစားလိုက်၏။ သူမ အကြံတစ်ခု ရသွားချေပြီ။ သူမသည် အပေါ်သို့အော်ခေါ်လိုက်၏။

"အစ်ကိုကြီးဝတ်ရုံလွှာ...ခဏဆင်းခဲ့ပါဦး"

ဘီလူးကြီးသည် ကျူးပတ်ကိုင်တို့နှင့် တိုက်ခိုက်နေရာမှ အမျိုးသမီး၏ခေါ်သံ ကြားလိုက်ရသဖြင့် တိုက်ပွဲကိုရပ်တန့်လိုက်၏။

"မင်းတို့ ခဏနေကြဦး"

ကျူးပတ်ကိုင်က-

"ဘာဖြစ်လို့နေရမှာလဲ၊ မနေဘူး၊ တိုက်မယ်"

"ခဏနေဦး.. အောက်မှာ ခေါ်နေတယ်"

"ဘယ်သူ ခေါ်တာလဲ..."



"ငါ့မိန်းမ ခေါ်တာပါ...၊ ဒါကြောင့် တိုက်ပွဲကို ခဏလေးဆိုင်းပါလို့ ငါတောင်းပန်ပါတယ်..."

သူသည် ပြောပြောဆိုဆို တိမ်တိုက်ပေါ်မှ ဆင်းသွားသည်။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ နတ်များက အားပေးနေသည့်တိုင် ဘီလူးကြီးကို အနိုင်မရဘဲ ခြေကုန်လက်ပန်း ကျနေကြသည်။ ကျူးပတ်ကိုင်က ဟန်နှင့်ပန်နှင့် မေးမြန်းနေရသော်လည်း ဘီလူးကြီး ဆက်သတ်မည်ဆိုသဖြင့် နှစ်ဦးစလုံး စိတ်သက်သာရာ ရသွားကြသည်။ သူတို့သည် တိမ်တိုက်ပေါ်၌ ရပ်ရင်း နဖူးမှ ချွေးများကို သုတ်နေကြလေ၏။

ဘီလူးကြီးသည် အောက်မှ အမျိုးသမီးထံသို့ပြေးလွှားဆင်းသက်လာသည်။

"ရှင်မ....ဘာကိစ္စများအရေးပေါ်လာသလဲ၊ ဟိုမှာကျုပ်တိုက်ခိုက်နေရတယ်"

ပန်းတစ်ရာမင်းသမီးက-

"ကျွန်မအိပ်ပျော်နေတုန်းအိပ်မက်တစ်ခုမက်လို့လာပြောတာပါ"

"ဘာအိပ်မက်များလဲ ရှင်မရာ..."

"ငရဲမင်း ကျွန်မကို လာပြီးပြစ်တင်ကြိမ်းမောင်းနေတယ်..."

"သူက ဘာကြောင့်လာပြစ်တင်ကြိမ်းမောင်းရတာလဲ"

"ကျွန်မကတိပေးခဲ့တာ ပျက်ကွက်ခဲ့လို့ပြောပါတယ်.."

"ရှင်မက ဘာကိုများ ကတိပေးခဲ့လို့လဲ"

"ကျွန်မအိမ်ထောင်ကျပြီး လင်ကောင်းသားကောင်းရပါစေလို့ ဆုတောင်းခဲ့ပါတယ်..၊ လင်ကောင်းသားကောင်းရရင်ကုသိုလ်ကောင်းမှုလဲပြုမယ်လို့ကတိပေးခဲ့ပါတယ်၊ အခုရှင်နဲ့ အိမ်ထောင်ကျခဲ့ပေမယ့်ကုသိုလ်ကောင်းမှုပြုဖို့မေ့လျော့သွားခဲ့ပါတယ်၊ အဲဒါကို ငရဲမင်းကြီးက လာသတိပေးတာပဲ ဖြစ်ပါလိမ့်မယ်.."

ပန်းတစ်ရာမင်းသမီးသည် ဘီလူးကြီး သဘောကျသွားအောင် လီဆယ် ပြောလိုက်ခြင်းသာဖြစ်ပါသည်။ အဘယ်လူသားသည် ဘီလူး၏ ဇနီး ဖြစ်ချင်မည်နည်း။

ဘီလူးကြီးသည် လွန်စွာ သဘောကျသွား၏။

"ဒီလိုဆိုရင် ရှင်မက ကုသိုလ်ကောင်းမှုပြုလုပ်လိုက်ပါ..၊ အခု... ရှင်မဘာလုပ်ချင်သလဲ၊ ဘာကုသိုလ်ကောင်းမှုများလုပ်ဖို့ စိတ်ကူးသလဲ"

ပန်းတစ်ရာမင်းသမီးက–

"ရှင်နဲ့အတူနေကတည်းက ဘာကုသိုလ်ကောင်းမှု လုပ်ဖို့ အခွင့်အရေးမှ မရခဲ့တာဘဲ...၊ အခုတော့ ကုသိုလ်ကောင်းမှုလုပ်ဖို့ အခွင့်အရေးရလာပြီ။"

"ဟုတ်လား၊ ဘာများလဲ"

"အခု...ရှင် ဘုန်းကြီးတစ်ပါးကို ဖမ်းထားတယ်၊ မဟုတ်လား.."

"ဟုတ်ပါတယ်၊ ဖမ်းထားပါတယ်"

"အဲဒါဘုန်းတော်ကြီးကို လွှတ်ပေးချင်တယ်၊ ဘုန်းတော်ကြီးကို ဖမ်းဆီးထားခြင်းမှ လွှတ်ပေးတယ်ဆိုတာ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းပါပဲ..."

"ရှင်မစိတ်ကြိုက် လုပ်နိုင်ပါတယ်"

"ဒါဖြင့် ဘုန်းတော်ကြီးကို လွှတ်ပေးလိုက်တော့မယ်"

"လွှတ်ပေးလိုက်ပါ"

"ကျွန်မ နောက်တစ်ခုထပ်ပြောချင်သေးတယ်"

"ဘာလဲပြော"

"အခု...ရှင်နဲ့တိုက်နေတာ ဘုန်းတော်ကြီးရဲ့ ကပ္ပိယနှစ်ယောက်ပဲဆိုတာ ရှင် သိသလား.."

"သိပါတယ်"

"ဘုန်းတော်ကြီးကိုလွှတ်မှတော့ သူ့ .. ကပ္ပိယ နှစ်ယောက်ကိုလဲ လွှတ်ပေးရမှာပေါ့၊ ဒီတောကြီးတောင်ကြီးထဲမှာ ဘုန်းတော်ကြီးတစ်ပါးထဲ ဘယ်လိုအသက်ရှင်နိုင်မှာလဲ၊ သူတို့နှစ်ယောက်ကိုလဲလွှတ်ပေးလိုက်ပါ.."

"ကောင်းပြီ၊ ကျုပ် အခုပဲ သူတို့ကို ပြောလိုက်မယ်၊ ကဲ..ရှင်မ ပြန်ပေတော့...."

ဘီလူးကြီးသည်ပြောပြောဆိုဆို တိမ်တိုက်ပေါ်ခုန်တက်လိုက်၏။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာဘီလူးကြီးခုန်တက်လာပြန်



သည်ကို တွေ့သောအခါ တိုက်ခိုက်ရန်ဟန်ပြင်မိကြလေ၏။

ဘီလူးကြီးက လက်ကာပြပြီး–

"ကျုပ်လာတာ မင်းတို့ကို တိုက်ခိုက်ဖို့မဟုတ်ဘူး"

"ဘာလုပ်မလို့လဲ"

ကျူးပတ်ကိုင်က မေးလိုက်၏။

"မင်းတို့ကို ငါဘယ်တော့မှ မကြောက်ဘူး၊ အခုတောင်မင်းတို့ လက်ရည်ကုန်နေပြီ၊ ငါ့မိန်းမရဲ့ ဆန္ဒအရ မင်းတို့ကို ပြန်လွှတ်ပေးတော့မယ်.."

ကျူးပတ်ကိုင် ဝမ်းသာသွား၏။

"သင် တကယ်ပြောနေတာလား...."

ဘီလူးကြီးက–

"တကယ် ပြောတာပါ...၊ မင်းတို့ရဲ့ ဘုန်းတော်ကြီးကိုလဲ လွှတ်လိုက်ပါပြီ...."

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် ထိုစကားကိုကြားသောအခါ လွန်စွာဝမ်းသာသွားကြ၏။ သူတို့အားလုံး တိမ်တိုက်ပေါ်မှ ဆင်းသက်လာကြ၏။

ကျူးပတ်ကိုင်က–

"ကျုပ်တို့ဆရာတော် ဘယ်မှာလဲ.."

အမျိုးသမီးအသံတစ်သံ ပေါ်လာသည်။ ဘီလူးကြီး၏ ဇနီး ပန်းတစ်ရာမင်းသမီးပေတည်း။

"ဆရာတော် နောက်ဘက်တံခါးပေါက်က ထွက်သွားပါပြီ၊ အဲဒီကလိုက်ထွက်သွားရင် ဆရာတော်ကို ရှင်တို့တွေ့ရပါလိမ့်မယ်.."

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် မြင်းကိုဆွဲရန်နှင့်အထုပ်ကိုယူရန် မမေ့ကြချေ။ သူတို့သည် ကျောင်းကိုကျော်ပတ်ပြီး ကျောင်းနောက်ဘက်သို့သွားကြ၏။

"ဆရာ...ဆရာ..."

ကျူးပတ်ကိုင်သည် သူ့အသံကြီးဖြင့်အော်ခေါ်သည်။

ထန်စန်းကျွမ်း ဆရာတော်သည် ကျူးပတ်ကိုင်၏အသံကိုကြားရ

သောအခါ အသံပြုလေ၏။

"ကျူးပတ်ကိုင်...ငါဒီမှာ..."

ဆရာတော်သည် ပုန်းအောင်းနေသည့်ချုံထဲမှ ထွက်လာတော့၏။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ လွန်စွာဝမ်းသာသွားကြသည်။ ဆရာတော်ကို မြင်းပေါ်သို့ တက်စေပြီး အနောက်စူးစူးသို့ခေါ်ဆောင်သွားကြလေ၏။

"ဆရာ ... ဘီလူးကြီးက သဘောကောင်းသွားတယ် ဆရာ၊ ဒါကြောင့် တပည့်တော်တို့ လွှတ်တာ..."

ကျူးပတ်ကိုင်က ပြောသည်။

ဆရာတော်က ပြုံးလေ၏။

"ဘီလူးက သဘောမကောင်းပါဘူး၊ သူ့မိန်းမကြောင့် ငါ့ကိုလွှတ်တာပါ၊ သူ့ဇနီးက လူသားမိန်းမကွယ့်၊ လူသားအချင်းချင်းစာနာထောက်ထားပြီး လွှတ်တာပါ..."

ကျူးပတ်ကိုင် ဘာမျှမပြောတော့ချေ။

ဆားဝူကျိန်းကတော့ အထုပ်ကို ထမ်းလိုက်နေသည်။

ဆရာတော်က–

"ငါတို့သွားရမယ့်ခရီးလမ်းကတော့ မှားစရာမရှိပါဘူး"

ကျူးပတ်ကိုင်က–

"ဘာဖြစ်လို့လဲ ဆရာ...."

"ဩော်..နေမင်းကြီးဝင်တဲ့ အရပ်ကိုပဲ ငါတို့ဦးတည်သွားနေကြရတာမဟုတ်လား၊ ဒီတော့ ဘယ်မှာလမ်းမှားနိုင်တော့မှာလဲ"

"အင်း...ဟုတ်သားပဲ"

ကျူးပတ်ကိုင် ခေါင်းညိတ်ဝန်ခံလေ၏။

သူတို့သည် တစ်နေဝင်၊ တစ်နေထွက်ဖြင့်ခရီးဆက်ခဲ့ကြရာ...လီပေါင်းနှစ်ရာ့ကိုးဆယ်မျှခရီးပေါက်လာလေ၏။ ထိုအခါ သူတို့ရှေ့၌ မှုန် ပျပျကာဆီးထားသော အရာကြီးကိုတွေ့ရတော့သည်။

"ဟိုဟာ ဘာကြီးလဲ ကျူးပတ်ကိုင်..."



မှုန်ပျပျ တွေ့ရသည့်အရာကို ဆရာတော်က လက်ညှိုးထိုး၍ မေးလိုက်လေ၏။

ကျူးပတ်ကိုင်သည် လက်ကို မျက်ခုံးပေါ်ကာလျက် အဝေးသို့ လှမ်းကြည့်လိုက်၏။

"ဟာ..မြို့တော်ကြီး....မြို့တော်ကြီးတစ်ခုပဲ"

သူတို့အဝေးမှ ကြည့်လျှင်ပင် မြို့တော်ကြီးသည် အဘယ်မျှကြီးမားသည်ကို ခန့်မှန်းနိုင်သည်။ ဆရာတော်နှင့်တပည့်နှစ်ယောက်သည် အလွန်တရာဝမ်းသာသွားကြပြီး မြို့တော်ကြီးသို့ရောက်ရန်တက်သုတ်နှင်ကြလေ၏။ သူတို့ခြေလှမ်းများသည် အလွန်သွက်လက်လာကြသည်။ မြို့တော်ကြီးတွေ့လျှင် လူနေအိမ်ခြေများရှိမည်။ ဆွမ်းကွမ်းပေါမည်။ ထိုအချက်ကို ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သိရှိကြသည်မဟုတ်ပါလား။

တဖြည်းဖြည်းနှင့် သူတို့နီးလာကြသည်။

အလွန်ထည်ဝါခန့်ညားသော မြို့ရိုးနှင့် မြို့တံခါးပေါ်၌ ရွှေဝါရောင် စာလုံးများဖြင့် ရေးသားထားသည့်စာတန်းကြီးကို တွေ့ရလေ၏။

"ရတနာဟတ္တိနိုင်ငံတော်...."

သူတို့သည် မြို့ထဲသို့ဖြတ်သန်းဝင်ရောက်လာကြလေ၏။

အချိန်မှာ ညမှောင်စပျိုးစ မီးထွန်းချိန်တည်း။ ထန်စန်းကျွမ်းဆရာတော် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ တည်းခိုခန်းတစ်ခု၌ဝင်ရောက် တည်းခိုကြရလေ၏။

ကျူးပတ်ကိုင်ကိုယ်စား ဆရာတော်ကပင် တည်းခိုခန်း၌စကားပြောရသည်။ ကျူးပတ်ကိုင် စကားပြောအဆင်မပြေမည်ကိုဆရာတော်က စိုးရိမ်ပေသည်။ ဆရာတော်နှင့် တည်းခိုခန်းပိုင်ရှင်တို့ စကားပြောအဆင်ပြေသွားကြသဖြင့် ထိုတည်းခိုခန်း၌ပင် တည်းခိုခွင့်ရကြသည်။

သူတို့သည် ခရီးပန်းလာကြသဖြင့်ညစာစားပြီးသည်နှင့်အိပ်မောကျ ကြလေတော့သည်။

နံနက်လင်းချေပြီ။

ဆရာတော်နှင့်တပည့်နှစ်ဦးဖြစ်သောကျူးပတ်ကိုင်၊ ဆားဝူကျိန်းတို့အိပ်ရာမှ ထကြ၏။

"ထကြလော့... ရတနာဟတ္ထိနိုင်ငံတော်ရဲ့ နန်းတော်ထဲ ငါဝင်ရမယ်..."

"ဘာအကြောင်းရှိလို့လဲ ဘုရား"

ကျုးပတ်ကိုင်က မေးလေ၏။

"မဟာထန်ဘုရင်က ငါ့ကိုစာပေးလိုက်တယ်လေ၊ ဒီစာချွန်လွှာကိုပြသရမှာပေါ့..."

ဆရာတော်သည် ပန်းတစ်ရာမင်းသမီး၏စာ ပေးရမည်ကို ဖွင့်ပြောမပြချေ။ မလိုအပ်သဖြင့် မပြောခြင်းသာ ဖြစ်သည်။

ဆရာတော်သည် နံကျဆွမ်းဘုဉ်းပေးပြီးသည်နှင့်နန်းတော်တွင်းသို့ဝင်ရန်ပြင်ဆင်တော့၏။ ကျုးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့သည်လည်း အတူလိုက်ပါရန် ဟန်ပြင်ကြလေ၏။

ဆရာတော်က သူတို့ကို ကြည့်ပြီး–

"သင်တို့နှစ်ယောက်မလိုက်ကြနှင့်တော့၊ ငါတစ်ယောက်တည်းပဲ နန်းတော်ထဲဝင်မယ်"

"ဘာဖြစ်လို့လဲဆရာ"

တပည့်နှစ်ယောက်က မေးလေ၏။

ဆရာတော်ကလည်း အမှန်အတိုင်းဖြေသည်။

"ဒီနိုင်ငံဟာ အလွန်တရာယဉ်ကျေးသိမ်မွေ့ပါတယ်၊ သင်တို့ရဲ့ ရုပ်ရည်တွေကတော့ အလွန်ရုပ်ဆိုးကြမ်းတမ်းတယ်၊ အတော့်ကိုကြောက်စရာကောင်းတယ်၊ ဒါကြောင့်မို့ မလိုက်ကြပါနဲ့လို့ပြောတာပါ..."

ကျုးပတ်ကိုင်သည် မကျေမနပ်ဖြစ်သွား၏။ ဆားဂူကျိန်းကတော့ ဆရာတော့်စကားကို ကျေကျေနပ်နပ်လက်ခံသည်။

"ဟုတ်သားပဲ...၊ ဆရာပြောတာမှန်တယ်"

ကျုးပတ်ကိုင်ကမူ ဆရာတော့်စကားကို မကျေနပ်သော်လည်း မလွန်ဆန်ဝံ့ပါချေ။

"မလိုက်ရရင်လဲ ကောင်းတာပေါ့၊ တပည့်တော်တို့ အိပ်ရေးဝဝ အိပ်ရတာပေါ့..."

သူ့စကားမှာ မလိုတမာပြောလိုက်သောစကား ဖြစ်ပါသည်။



ဆရာတော်က ကျုးပတ်ကိုင်၏စိတ်ထားကို သိသည်။

"တပည့်...ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့...၊ ငါ့စိတ်ထဲမှာမသင့်ဘူးထင်လို့ မခေါ်တာပါ..၊ ဘာမှစိတ်ထဲမှာ မထားပါနဲ့၊ ငါတို့ရည်ရွယ်ချက်ပေါက်မြောက်ဖို့သာ စိတ်ထဲမှာထားပါ..."

ဆားဂူကျိန်းကတော့ အေးအေးဆေးဆေးပင်၊ ဆရာတော်ကိုသာ စိုးရိမ်တကြီး မှာကြားသည်။

"ဆရာ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ..၊ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်တို့ ဆရာ့အားမှာပါမလာဘူးမဟုတ်လား..၊ တပည့်တော်တို့ ဒီမှာပဲ စောင့်နေပါမယ်ဆရာ"

ထန်စန်းကျွမ်းဆရာတော်သည် တပည့်များအား နှုတ်ဆက်၍ ထွက်ခွာသွားလေ၏။

ဆရာတော်သည် နန်းတော်မုခ်ဦးသို့ ရောက်ရှိလာလေသည်။

တံခါးမှူးကလက်အုပ်ချီ၍ မေးလျှောက်လေ၏။

ထန်စန်းကျွမ်းဆရာတော်က–

"ကျုပ်... ဘုရင့်ထံ ဝင်ရောက်ခစားမလို့ပါ..."

တံခါးမှူးက–

"ဘုရင်ထံခစားမယ့်လူတွေကတော့ အများကြီးပေါ့ဘုရား၊ ကိစ္စကြီးငယ်ကို သိပြီးမှ ဝင်ခွင့် ပြုသင့် မပြုသင့် ဆုံးဖြတ်ရပါတယ်၊ အရှင်ဘုရားက ဘာကိစ္စနဲ့ ဝင်ရောက်ခစားမှာလဲဘုရား..."

ဆရာတော်က–

"ကျုပ်ဟာ မဟာထန်နိုင်ငံကစေလွှတ်လိုက်တဲ့ တမန်ပါ..၊ ကျုပ်ဆီမှာ ထန်ဧကရာဇ်မင်းမြတ်ရဲ့ စာချွန်လွှာလဲ ပါပါတယ်၊ ကျုပ်ဟာ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်မယ့် ဘုန်းကြီးပါ..."

တံခါးမှူးသည် ထိုစကားကိုကြားသောအခါ ပျာပျာသလဲဖြစ်သွားတော့၏။

"ဆရာတော်ဘုရား...ဒီမှာ ခဏထိုင်တော်မူပါဘုရား...၊ တပည့်တော် ပြေး၍လျှောက်တင်ပေးပါမယ်ဘုရား"

တံခါးမှူးသည် ဆရာတော်ထိုင်နိုင်ရန် နေရာထိုင်ခင်းပြင်ဆင်ပေးပြီးနောက် ဘုရင်ရှေ့တော်မှောက်သို့ အပြေးကလေး ဝင်ရောက်သွားလေ၏။

ဆရာတော်မှာ တည်ကြည်သော ဣန္ဒြေဖြင့် တံခါးမှူးခင်းပေးသည့်အခင်းတွင် ဝင်ရောက်ထိုင်နေလေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၈၄)

## ဖြစ်ကြောင်းကုန်စင်

တံခါးမှူးသည်ဘုရင်ရှေ့တော်မှောက်သို့ဝင်ရောက်ခစားလေ၏။

"အရှင်မင်းမြတ်..နန်းတော်ရှေ့မှာ မဟာထန်နိုင်ငံကတာမန်ဆိုသူ ဘုန်းတော်ကြီးတစ်ပါး ရောက်နေပါတယ်ဘုရား..၊ ဘုန်းတော်ကြီးဟာ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်မယ့်ပုဂ္ဂိုလ်လို့သိရပါတယ်ဘုရား ဘုန်းတော်ကြီးဟာ အရှင်မင်းမြတ်နဲ့ တွေ့ဆုံလိုတယ်လို့ မိန့်ကြားပါတယ်ဘုရား..."

ဘုရင်သည် မဟာထန်နိုင်ငံမှ သာသနာ့ အာဇာနည် ပုဂ္ဂိုလ်တစ်ဦးအား ပိဋကတ်တော်များ ပင့်ဆောင်ရန် စေလွှတ်လိုက်ပြီဆိုသည့် သတင်းကို ရရှိပြီးလေပြီ။

"တံခါးမှူး...ဘုန်းတော်ကြီးအား ဝင်ခွင့်ပြုစေဗျား.."

တံခါးမှူးသည် ချက်ချင်းပင် ပြေးလွှားပြီး ဘုန်းတော်ကြီးအား ပင့်ခေါ်လေ၏။

ဆရာတော်သည် ဘုရင့်ရှေ့တော်မှောက်သို့ရောက်ရှိလာသည်။ ဘုရင်သည် ဆရာတော်၏ သိက္ခာသမာဓိရှိသော မျက်နှာတော်ကိုဖူးတွေ့လိုက်ရသောအခါ လွန်စွာ ကြည်ညိုစိတ် ပေါ်သွား၏။ မှူးမတ်အပေါင်း

လည်း ကြည်ညိုရိုသေစိတ်ပေါ်ကြသည်။

ဘုရင်သည် ပလ္လင်ပေါ်မှ ဆင်းသက်ပြီးလက်အုပ်ချီကြိုဆိုသည်။ မှူးမတ်များကလည်း ရှိခိုးကန်တော့ကြသည်။

ထို့နောက်ဘုရင်ဖြစ်သူသည်ဆရာတော်အားသလွန်ညောင်စောင်းတစ်ခုတွင်ထိုင်စေ၏။ သူကမူ ကြမ်းပြင်၌ထိုင်၍ ရှိခိုးလေ၏။

"အရှင်ဘုရား... အရှင်ဘုရားကို တပည့်တော်ဘာအကူအညီများ ပေးရမလဲဘုရား..၊ အရှင်ဘုရားအကြောင်း တပည့်တော် သတင်းရရှိပြီးပါပြီဘုရား..."

ထန်စန်းကျွမ်းဆရာတော်က ထန်ဧကရာဇ်ပေးလိုက်သည့်စာချွန်လွှာကို ထုတ်ပေးလေ၏။ စာချွန်လွှာ၌ ဆရာတော်သည် အကြည်တော်၏ပိုင်နက်နယ်မြေအား ဖြတ်ကျော်သွားမည်ဖြစ်၍ လိုအပ်သည့်အကူအညီများပေးပါမည့်အကြောင်း ရေးသားထားသည်။

ဆရာတော်က–

"ထုံးထမ်းစဉ်လာအရ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရခြင်းပဲ၊ ဘုရင့်နိုင်ငံတော်တွင်း ကျွန်ုပ်တို့ဖြတ်သွားလာခွင့်ကို ခွင့်ပြုပါဘုရင်မင်းမြတ်...."

ဘုရင်သည်ထိုစာချွန်လွှာ၏ ကျောဘက်ကို ကြည့်လိုက်သည်။ ဘုရင့်နိုင်ငံတော် ခုနစ်နိုင်ငံမှ ဘုရင်များ၏တံဆိပ်များရိုက်နှိပ်ပြီးခွင့်ပြုထားချက်များကို တွေ့ရှိရလေ၏။

"ဟဲ့.. ဝန်မင်းတို့.... ဒီစာရွက်ကျောပေါ်မှာ ဆရာတော့်ကို ဤနယ်မြေဒေသ၊ မည်သည့်နေရာကိုမဆို ဖြတ်သန်းသွားလာခွင့်ပြုကြောင်းစာရေးပြီး တံဆိပ်ရိုက်ပေးကြစမ်း"

ဘုရင်၏မိန့်ကြားသံထွက်လာသောအခါ သက်ဆိုင်ရာဝန်ကြီးသည် ပျာပျာသလဲပြုလုပ်ပေးရတော့၏။

"ဟဲ့...ဆရာတော်ကို ဆွမ်းကပ်ဖို့ လုပ်ကြစမ်း..."

ဘုရင့်အမိန့်သံ ထွက်ပေါ်လာပြန်၏။

ဆရာတော်က လက်ကာသည်။



"နေပါစေဘုရင်မင်းမြတ်...၊ ကျွန်ုပ်ဆွမ်းစားပြီးပါပြီ၊ ဆွမ်းစားပြီးမှ ထွက်လာတာပါ..."

"ဘာလိုများ စားပါသလဲ အရှင်ဘုရား..."

"တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်လာခဲ့ရတဲ့သူဆိုတော့ ဆွမ်းကပ်ဖို့ကိစ္စမှာ ဖြစ်သလို ဆက်ကပ်စေရတာပဲ၊ ကျွန်ုပ်ဟာ ကျင့်သားရနေပါပြီ၊ ဘုရင်မင်းမြတ်နဲ့ ပတ်သက်တဲ့ကိစ္စတစ်ခုကျန်နေသေးလို့ ဘုရင်မင်းမြတ်ကို ပြောပါရစေ..."

ဘုရင်သည် မျက်မှောင်ကုတ်သွား၏။

"ဘာများပါလဲ အရှင်ဘုရား.."

ထန်စန်းကျွမ်းဆရာတော်က–

"ကျွန်ုပ်တို့ခက်ခဲကြမ်းတမ်းတဲ့ ခရီးလမ်းကို လျှောက်လှမ်းလာခဲ့ရပါတယ်..၊ အဲဒီအခါမှာ ကျုပ်တို့ဟာ ဒီက လီသုံးရာလောက်ဝေးတဲ့တောင်တစ်တောင်မှာ လူသားမင်းသမီးတစ်ပါးနဲ့ တွေ့ဆုံရပါတယ်၊ အဲဒီမင်းသမီးကလေးက ဘုရင်မင်းမြတ်ကိုစာတစ်စောင်ပါးလိုက်ပါတယ်..."

ဆရာတော်သည် အတွင်းအိတ်ထဲမှာ စာတစ်စောင်ကို ဆွဲနုတ်ယူလိုက်၏။

စာအိတ်ပေါ်၌–

"ဖခမည်းတော်သို့...."

ထိုစာကိုတွေ့သောအခါ ဘုရင်မင်းမြတ်သည် နားဝေတိမ်တောင်ဖြစ်သွားသည်။ သူသည် ဆရာတော်ကိုလှမ်းကြည့်လေ၏။

ဆရာတော်က–

"အဲဒီမင်းသမီးဟာ ဘုရင်မင်းမြတ်ရဲ့သမီးတော်လို့ပြောပါတယ်"

ဘုရင်မင်းမြတ်သည် စာကိုလျင်မြန်စွာ ဖောက်လိုက်၏။သူသည် ဤလက်ရေးကို ကောင်းစွာမှတ်မိသည်။ ပျောက်ဆုံးသွားသော သမီးတော်၏ လက်ရေးဖြစ်နေသည်။ သူသည် တုန်တုန်ယင်ယင် ဖြစ်လာ၏။ အံ့သြလွန်းသဖြင့် သူစကားမပြောနိုင်ပါချေ။

သူ့စိတ်ထဲတွင် ဆယ့်သုံးနှစ်လုံးလုံး ပျောက်ကွယ်နေသည့် သမီးတော်သည် ဤလောကတွင် မရှိတော့ဟု ထင်ခဲ့မိသည် မဟုတ်ပါလော။

ယခုတော့ ဤသို့မဟုတ်ချေ၊ သမီးတော်သည် သက်ရှိထင်ရှား ဖြစ်နေသည် မဟုတ်ပါလော။

ဘုရင်မင်းမြတ်သည် သမီးတော်၏လက်ရေးအားတွေ့မြင်ရသောအခါ ဝမ်းနည်းဝမ်းသာခံစားနေ၏။ သူသည် စာကိုပင်မဖတ်နိုင်ချေ။ စာလုံးများသည် သူမျက်စိထဲ၌ဝါးနေသည်။

အတန်ကြာမှ ဘုရင်က တုန်တုန်ယင်ယင်ဖြင့်–

"သမီးတော်ကို အရှင်ဘုရားတွေ့ခဲ့တယ်မဟုတ်လား..."

ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ တွေ့ခဲ့ပါတယ်"

ဆရာတော်က ဆက်၍ပြောသည်။

"ဘီလူးဖမ်းထားတဲ့ ကျုပ်ကို မင်းသမီးကလေးက ကယ်ခဲ့ပြီး ဒီစာကို ပို့ပေးပါလို့ အကူအညီတောင်းခံခဲ့ပါတယ်..."

"ဘီလူး"

ဘုရင်သည် အံ့ဩစွာရေရွတ်လိုက်၏။

"ဟုတ်တယ်.. ကျွန်ုပ်ကို ဘီလူးကဖမ်းထားတာပါ..."

"ဘယ်လိုဖြစ်တာလဲ"

"စာကို ဖတ်ကြည့်ပါ၊ ကျွန်ုပ်ထင်တယ် အထဲမှာ အပြည့်အစုံပါမယ်လို့ ထင်ပါတယ်...."

ဘုရင်သည် မျက်ရည်များဖြင့် ဝေဝါးနေသည့်အတွက် စာကို မဖတ်နိုင်ချေ။

ဘုရင်က ရှင်းပြ၏။

"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်က ညတစ်ညမှာသမီးတော်လေး ပျောက်သွားတဲ့အတွက် တပည့်တော်ဟာ နန်းတွင်းသူအပျိုတော်များကို ရိုက်နှက် ဒဏ်ခတ်ခဲ့ပါတယ် ....၊ နန်းတွင်းသား အမှုထမ်းတွေကိုလဲ ထောင်သွင်း အကျဉ်းချခဲ့ပါတယ်.."

သူသည် စာကို အနီးရှိဝန်ကြီးတစ်ပါးကိုလှမ်းပေးလိုက်၏။

"ကဲဝန်မင်း ဒီစာကို အများကြားအောင်ဖတ်ပါ...."



ဝန်ကြီးသည် စာကိုဖြန့်လိုက်လေ၏။ ထို့နောက် ကျယ်လောင်သောအသံဖြင့် ဖတ်လိုက်သည်။

"ခမည်းတော်...

သမီးမိုက် စာရေးသားလိုက်ပါတယ်၊ သမီးတော်ဟာ လွန်ခဲ့တဲ့ဆယ့်သုံးနှစ် တစ်ဆယ့်ငါးရက်ညမှာ ဖခမည်းတော်ကို ခွင့်မတောင်းဘဲ အဖေါ်တစ်သင်းနဲ့ ပျော်ပွဲရှင်ပွဲကြည့်ရှုရန် ထွက်လာခဲ့မိပါတယ်၊ ဒီလို ပျော်ပွဲကို ကြည့်ရှုနေတုန်း ဘီလူးတစ်ကောင် ပွဲထဲသို့ ဆင်းလာပြီး သမီးတော်ကို အတင်းအဓမ္မခေါ်ဆောင်သွားခဲ့ပါတယ်...၊ နောက်ဆုံး အဲဒီဘီလူးဟာ သမီးတော်ကို အတင်းအဓမ္မပေါင်းသင်းခဲ့လို့ သမီးမိုက်မှာ ဘီလူးမကလေးနှစ်ကောင်ကို မွေးဖွားခဲ့ပါတယ် ဖခမည်းတော်...၊ သမီးမိုက်ဟာ ဘီလူးနဲ့ အိမ်ထောင်ကျခဲ့တဲ့အတွက် ဘယ်သူ့မှ မျက်နှာမပြရဲဘဲနဲ့ လိုဏ်ဂူထဲမှာ ပုန်းအောင်းနေခဲ့ရပါတယ်...၊ ဘီလူးကြီးဟာ သမီးကို တစ်ဖဝါးမျှမခွာဘဲ အနီးကပ် စောင့်ကြပ်နေတဲ့အတွက် သမီးတော်ဟာ ထွက်ပြေးဖို့ အခွင့်မသာခဲ့ပါဘူး၊ ထွက်ပြေးရင်လဲ မြို့တော်နဲ့ လီပေါင်းသုံးရာမျှ ကွာဝေးတဲ့အတွက် သူဟာ သမီးတော်ကို ပြန်လည် ဖမ်းမိသွားမှာပါပဲ...၊ ဒါကြောင့် သမီးတော်ဟာ ခမည်းတော်ဆီကို သတင်းမပို့နိုင်တာပါ...၊ ယခု... ဝဋ်ကြွေး လွတ်ကင်းရတော့မယ်လို့ သမီးတော် ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဘုန်းတော်ကြီး တစ်ပါးကို ဘီလူးကြီး ဖမ်းထားတာ တွေ့ရပါတယ်၊ သမီးတော် ကယ်တင်လိုက်ပါတယ်၊ စာတစ်စောင်ပေးပြီးလဲ ခမည်းတော်ဆီ အကြောင်းကြားပေးဖို့ တောင်းပန်လိုက်ပါတယ်...၊ ဒီစာကိုရပြီးရင် ဘုရင့်တပ်မတော်ကြီးကိုစေလွှတ်ပြီး သမီးမိုက်ကို လာရောက် ကယ်ယူပါလို့ အသနားခံပါတယ် ဖခမည်းတော်ဘုရား...

အမိုက်မ...

ပန်းတစ်ရာသမီးတော်"

ဝန်ကြီးသည် စာကိုပြီးဆုံးအောင် ဖတ်ပြရလေ၏။ ထို့နောက် စာကို ဘုရင်လက်တွင်းသို့ ပြန်အပ်လိုက်၏။ ဘုရင်မင်းမြတ်သည်စာကို ဖတ်ပြီးသော် အကြောင်းစုံ သိရှိသွားလေ၏။ ဘုရင်မင်းမြတ်သည် အံကို တင်းတင်းကြိတ်မိလေ၏။

ဘုရင်မင်းမြတ်က–

"ကဲ...ဝန်ကြီး၊ မှူးမတ်တို့ သမီးတော်က ဘီလူးလက်ထဲရောက် နေပြီဆိုတာ အားလုံးသိကြပြီမဟုတ်လား...."

ဝန်ကြီးမှူးမတ်များက–

"မှန်လှပါ..အကြောင်းစုံ သိရှိပါပြီဘုရား..."

ဘုရင်မင်းမြတ်က–

"ကောင်းပြီ၊ သမီးတော်ကို ကယ်တင်ဖို့ စစ်သည်တော်တွေကို စေလွှတ်ရမယ်..၊ အဲဒါဘယ်သူ ဦးစီးပြီး ဘီလူးကို သွားတိုက်မလဲ..."

ဘုရင်မင်းမြတ်၏စကားဆုံးသောအခါ ဝန်ကြီးမှူးမတ်တို့သည် လုံးဝအသံ တိတ်ဆိတ်သွားလေ၏။

ဘုရင်မင်းမြတ်သည် ဒေါသထွက်လာတော့သည်။

"ဘယ်လိုလဲ၊ သင်တို့ထဲမှာ ဘီလူးကို တိုက်ဝံ့တဲ့လူတစ်ယောက် မှမရှိတော့ဘူးလား..."

ဗိုလ်မှူးတစ်ဦးက ဘုရင်အားလျှောက်တင်လေ၏။

"အရှင်မင်းမြတ်...ကျွန်တော်မျိုးဟာ သာမန်ရန်သူနဲ့တိုက်ရမည် ဆိုပါက မြင်းတစ်စီးချင်း၊ ဆင်တစ်စီးချင်းတိုက်ရမည်ကို မကြောက်ပါ၊ သေရမည်ကိုလဲမကြောက်ပါ..၊ သမီးတော်ကို ကယ်ထုတ်ဝံ့ပါသည်။ သို့ပေမယ့် ဘီလူးနဲ့တိုက်ရမယ်ဆိုတော့ ကျွန်တော်မျိုးတို့ မဝံ့ဘဲဖြစ်နေ ပါတယ်ဘုရား...."

ဘုရင်မင်းမြတ်က–

"ဘာဖြစ်လို့လဲ...၊ ဘီလူးကို ဘာကြောက်စရာရှိလို့လဲ..."

ဗိုလ်မှူးက–

"ဘီလူးဆိုတာ မြေလျှိုးမိုးပျံတဲ့ပညာလဲတတ်ပါတယ်၊ နောက်ပြီး တန်ခိုးလဲရှိပါတယ်..၊ ဒါကြောင့်မို့ ကျွန်တော်မျိုးတို့ သာမန်လူသားတွေ



အနေနဲ့ ဒီဘီလူးကို ဘယ်လိုမှ မတိုက်နိုင်ကြောင်းလျှောက်တင်ဝံ့ပါတယ် ဘုရင်မင်းမြတ်..."

ဘုရင်မင်းမြတ်သည် အလွန်စိတ်ပျက်သွားလေ၏။

"ဒီအတိုင်းဆိုရင် ငါ့သမီးတော်လေးကို ဘီလူးကြီးလက်ထဲမှာ ဒီအတိုင်းပဲ ပစ်ထားရတော့မှာလား၊ ကြာရင် သမီးတော်လေး ဘဝဟာ နစ်မွန်းသထက် နစ်မွန်းတော့မှာပေါ့"

ဝန်ကြီးတစ်ဦးက–

"ဘီလူးဆိုသည်မှာ သာမန်လူမဟုတ်သည်မှာ အမှန်ဖြစ်ကြောင်း ပါအရှင်မင်းမြတ်..၊ ဘီလူးအား သွားရောက်တိုက်ခိုက်မည်ဆိုပါက တန် ခိုးရှင်တစ်ဦးဦးကို ဦးစီးစေလွှတ်ပြီး တိုက်မှ ဖြစ်နိုင်ပါလိမ့်မယ်၊ တန်ခိုး ရှင်တစ်ဦးဦးကို အကူအညီတောင်းဖို့ ကြိုးစားပါ အရှင်မင်းမြတ်...."

ဘုရင်ဖြစ်သူက ညည်းညူလိုက်သည်။

"ဘုန်းကံရှိတဲ့ တန်ခိုးရှင်ကို ဘယ်မှာလိုက်ရှာရမှာလဲ...."

ဝန်ကြီးက–

"အရှင်မင်းမြတ် သတိချပ်တော်မူပါ... ထန်စန်းကျွမ်းဆရာတော် ဟာ တောအထပ်ထပ် မြစ်ချောင်းအတန်တန်ကို ဖြတ်ကျော်လာနိုင်တဲ့ ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ...၊ မဟာထန်နိုင်ငံနဲ့ ရတနာ ဟတ္ထိနိုင်ငံဟာ ဘယ်လောက်ဝေးတယ်ဆိုတာ အရှင်မင်းမြတ်အသိပါ...၊ ဒီလောက်ဝေးတဲ့ခရီးကို ဆရာတော်ဟာ ဘေးမသီရန်မခအရောက်လာနိုင် ခဲ့ပါတယ်၊ နောက်ပြီး ဆရာတော်ဖြတ်သန်းလာတဲ့ အရှေ့ဇူးဇူးအရပ်ဟာ ဘီလူးတွေကြီးစိုးနေတဲ့ ခရီးလမ်းဖြစ်ပါတယ်၊ ဒါကြောင့်ဘီလူးတွေကို တိုက်ခိုက်ပြီး သမီးတော်ကို ကယ်နိုင်ဖို့ကိစ္စမှာ ထန်စန်းကျွမ်းဆရာတော် ကိုပဲ အကူအညီတောင်းခံသင့်ပါတယ် အရှင်မင်းမြတ်.."

ထန်စန်းကျွမ်းဆရာတော်မှာ သူ့တွင် ဘာတန်ခိုးမျှမရှိပါဘဲ လျက် သူတန်ခိုးရှိနေသည်ဟုထင်နေသောအခါ ပြုံးလိုက်မိသည်။ သူ သည် လက်ကို ခါယမ်းလိုက်ပြီး–

"ကျွန်ုပ်ကို အထင်ကြီးရင်မှားလိမ့်မယ်၊ ကျွန်ုပ်မှာ ဘာတန်ခိုးမှ မရှိပါဘူး...."

ဘုရင်ဖြစ်သူက–

"အရှင်ဘုရားတန်ခိုးမရှိဘူးလို့ ဘယ်လိုပြောမှာလဲ၊ ဒီခရီးဟာ ဘီလူးတွေကြီးစိုးနေတဲ့ခရီးပါ..၊အင်မတန်ခက်ခဲကြမ်းတမ်းတဲ့ခရီးလမ်းပါ အရှင်ဘုရားတန်ခိုးမရှိရင် ဒီကို မရောက်နိုင်ပါဘူး..."

ထန်စန်းကျွမ်းဆရာတော်က ရှင်းပြသည်။

"အမှန်အတိုင်း ပြောရမယ်ဆိုရင်.... ခရီးလမ်း တစ်လျှောက်လုံးမှာ ကျွန်ုပ်ကို စောင့်ရှောက်ခဲ့တဲ့တပည့်နှစ်ယောက်ရှိပါတယ်၊ အဲဒီတပည့်နှစ်ယောက်ကြောင့် ကျုပ်...ဒီကို ရောက်ရှိခဲ့တာဖြစ်ပါတယ်...."

ဘုရင်မင်းမြတ်သည် စဉ်းစားလေ၏။

ဘုန်းတော်ကြီးအား ခေါ်ဆောင်လာခဲ့သူများသည် တန်ခိုးသတ္တိရှိပေမည်။

"တန်တော့ အရှင်ဘုရားရဲ့ တပည့်တော်နှစ်ယောက်က တန်ခိုးရှိနေတာကိုး...."

"မှန်ပါတယ်၊ **သူတို့နှစ်ယောက်**စလုံးဟာ မိုးပျံမြေလျှိုးတတ်ကြပါတယ်...."

ဘုရင်မင်းမြတ်သည် လွန်စွာ ဝမ်းသာအားရဖြစ်သွားလေ၏။

"ဝမ်းသာလိုက်တာ...၊ အခု...ဆရာတော်ရဲ့ တပည့်နှစ်ယောက် မတွေ့ပါလား၊ ဘယ်မှာ နေရစ်ခဲ့ကြသလဲ.."

"သူတို့ တည်းခိုခန်းမှာ နေရစ်ကြပါတယ်...."

"သူတို့ကို ဘာကြောင့် တစ်ပါတည်းခေါ်မလာတာပါလဲဘုရား"

ဆရာတော်က ရှင်းပြသည်။

"သူတို့ဟာ အလွန်ပဲရုပ်ဆိုးကြပါတယ်၊ဒါကြောင့်ဘုရင်မင်းမြတ်နဲ့တကွ ဝန်ကြီးမှူးမတ်တွေ ကြောက်ရွံ့သွားကြမှာကို စိုးရိမ်တဲ့အတွက် ဒီကို ခေါ်မလာတာပါ..."

ဘုရင်မင်းမြတ်က–

"ကိစ္စမရှိပါဘူး၊ သူတို့ ဘယ်လောက်ရုပ်ဆိုးမှာလဲ၊ ရုပ်ဆိုးချင်သလောက် ရုပ်ဆိုးပါစေ...၊ ကဲ...မှူးမတ်တို့ ဆရာတော်ရဲ့ တပည့်နှစ်ယောက်ကို နန်းတော်ထဲဖိတ်ခေါ်လိုက်ကြပါ..."



ဘုရင်မင်းမြတ်သည် တည်းခိုခန်း၌ တည်းခိုနေကြသော ဆရာတော်၏ တပည့်နှစ်ယောက်ကို နန်းတော်တွင်းသို့ ဖိတ်ခေါ်ရန် အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်လေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၈၅)

## ဘီလူးနှင့်တိုက်ရန်ကတိပေးခြင်း

နန်းတွင်းမှ ကြိုဆိုရေးအဖွဲ့ဝင်များသည် တည်းခိုခန်းသို့ရောက်ရှိလာလေ၏။ သူတို့ကိုတွေ့သောအခါ နန်းတွင်းမှ အရာရှိများဖြစ်သဖြင့် တည်းခိုခန်းမှ လူများသည် ကြောက်ရွံ့သွားကြ၏။

"ကျွန်ုပ်တို့ကို မကြောက်ပါနဲ့၊ သင်တို့တည်းခိုခန်းမှာဧည့်သည်နှစ်ယောက်တည်းခိုနေတယ်လို့သိရတယ်၊ သူတို့ရဲ့ ဆရာ ဘုန်းတော်ကြီးဟာ ဘုရင်မင်းမြတ်ရဲ့ အပူဇော်ကိုခံယူနေပါတယ်၊ သူ့တပည့်နှစ်ယောက်ကို လာရောက်ကြိုဆိုခိုင်းလို့ လာကြိုရခြင်းဖြစ်ပါတယ်...."

ထိုအခါကျမှ တည်းခိုခန်းမှ လူများသည် စိတ်သက်သာရာရသွားကြလေ၏။

"ကဲ...အဲဒီလူနှစ်ယောက်ကို ခေါ်ပေးကြပါ..."

တည်းခိုခန်းမှ လူများသည် ပျာပျာသလဲပင်ကျူးပတ်ကိုင်တို့ကို ခေါ်ပေးကြလေ၏။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းသည် အခန်းထဲမှ ထွက်လာကြတော့၏။

ကြိုဆိုရေးအဖွဲ့ဝင်များသည် ကျူးပတ်ကိုင်တို့ကိုတွေ့သောအခါ



လွန်စွာထိတ်လန့်ချောက်ချားသွားကြလေ၏။ ဦးဆောင်လာသည့်ဝန်ကြီးမှာရပ်ပင်မရပ်နိုင်ချေ။ ထိုင်ချလိုက်ရ၏။ သို့သော်..ဝန်ကြီးသည် ကျူးပတ်ကိုင်တို့အား ဘုရင်မင်းမြတ်က ဖိတ်ကြားလိုက်ကြောင်း မပြောမဖြစ်ပြောရလေ၏။

ကျူးပတ်ကိုင်က–

"ဟာ...ဟန်ကျတာပဲ...၊ ဒါနဲ့ ကျုပ်တို့ဆရာကော အဆင်ပြေရဲ့လား..."

ဝန်ကြီးက–

"အဆင်ပြေပါတယ်၊ သင်တို့ရဲ့ ဆရာဟာဘုရင့်အပူဇော်ကိုခံနေပါတယ်"

သူတို့သည် ကြိုဆိုရေးအဖွဲ့ဝင်များနှင့်အတူ နန်းတော်ထဲသို့လိုက်ပါသွားကြ၏။

"ကဲ...ကဲ...ဘုရင့်ရှေ့တော်မှောက် ဝင်ရောက်ခစားကြပါ.."

ကြိုဆိုရေးအဖွဲ့ဝင်တစ်ဦးက ပြောလိုက်၏။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည်ဘုရင်ထံဝင်ရောက်ခစားကြ၏။ ဘုရင်မင်းမြတ်သည် ကျူးပတ်ကိုင်တို့၏ ကြောက်လန့်ဖွယ်ရာရုပ်အဆင်းကို မြင်သောအခါ မှင်တက်သွားသည်။ ဘုရင်မင်းမြတ်ပင်လျှင် ကြောက်ရွံ့သွားသည်။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့က ဦးညွှတ်ကြသည်။

"အရှင်မင်းမြတ်က ဖိတ်ခေါ်တဲ့အတွက် ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်...."

ထန်စန်းကျွမ်းဆရာတော်က–

"သင်တို့ကို ဖိတ်ခေါ်ရခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေဘူး၊ ဘုရင်မင်းမြတ်ရဲ့ သမီးတော်ဟာ ဘီလူးကြီးရဲ့ဇနီး ဖြစ်နေတယ်၊ သင်တို့တွေ့ခဲ့ တဲ့ အမျိုးသမီးဟာ ဘုရင်မင်းမြတ်ရဲ့ သမီးတော်ပေပဲ....၊ ယခု အဲဒီ ဘီလူးကြီးကို နှိမ်နင်းရဲတဲ့လူ မရှိလို့ သင်တို့ကို ဖိတ်ခေါ်ခြင်းပဲဖြစ်တယ်..."

ကျူးပတ်ကိုင်တို့သည် ဘုရင်က ဖိတ်ခေါ်သည် ဆိုသဖြင့် မာန

တက်သွားမိကြသည်။ ယခုမှ အကြောင်းရှိနေမှန်း သိရတော့သည်။

ဆရာတော်က–

“ကျူးပတ်ကိုင်...ဘုရင်မင်းမြတ် အကူအညီတောင်းမယ့်ကိစ္စကို သင် ကူညီနိုင်ပါ့မလား...”

ကျူးပတ်ကိုင်သည် အဆင်ခြင် အစဉ်းစားနည်းသူ ဖြစ်သည်။ သူသည် ရင်ကော့၍ အာမခံလိုက်လေ၏။

“လုပ်ပေးနိုင်ပါတယ်....”

ဘုရင်သည် အလွန်ဝမ်းသာသွား၏။

“အသင်သာ ဘီလူးကို သတ်ပြီး သမီးတော်ကို ကယ်နိုင်မယ်ဆိုရင် သင်ကပ္ပိယ လုပ်မနေနဲ့တော့၊ ကျွန်ုပ်က နိုင်ငံတစ်ဝက်ကိုခွဲပြီး မင်းစည်းစိမ်ကို သင့်ကိုတစ်ဝက်ပေးပါမယ်...”

ကျူးပတ်ကိုင် အလွန်ဝမ်းသာသွား၏။

ဆားဝူကျိန်းကမူ တိတ်တိတ်ဆိတ်ဆိတ်သာနေသည်။

ကျူးပတ်ကိုင်က–

“ကောင်းပါပြီ၊ ဘုရင်မင်းမြတ်သာ ကတိတည်ပါစေ...”

ဘုရင်မင်းမြတ်က–

“စိတ်ချပါ၊ ကျုပ်ကတိတည်မှာကိုတော့ စိတ်မပူပါနဲ့...၊ ဒါပေမယ့် တစ်ခုမေးချင်တယ်”

“မေးပါ”

“ဘီလူးဟာ တန်ခိုးရှိတယ်လို့ပြောတယ်၊ အသင်ကော တန်ခိုးရှိရဲ့လား”

ကျူးပတ်ကိုင်က ရင်ကော့လိုက်၏။

“ကျုပ်ကို အရင်က ဝက်ဘီလူးလို့ခေါ်ကြတယ်၊ ကျုပ်ဟာလဲ တန်ခိုးရှင်တစ်ယောက်ပဲ၊သင်တို့ကို ကျွန်ုပ်လက်တွေ့ပြမယ်...”

သူသည် ဘုရင်အားမေးလိုက်၏။

“ကဲ..ပြော၊ ကျုပ်ဘာလုပ်ပြရမလဲ၊ ဘုရင်မင်းမြတ် ခိုင်းချင်ရာ ခိုင်းပါ...”

ဘုရင်မင်းမြတ်သည် အနည်းငယ်စဉ်းစား၏။



“သင်..ကြိုက်နှစ်သက်ရာလုပ်ပြပါ....”

ကျူးပတ်ကိုင်က–

“ဒါဖြင့် ကျုပ်ရဲ့ခန္ဓာကိုယ်ကို ကြီးထွားလာအောင်လုပ်ပြမယ်၊ ဘုရင်မင်းမြတ် သဘောတူရဲ့လား.”

“လုပ်ပြပါ”

စကားဆုံးသောအခါ ကျူးပတ်ကိုင်သည် သူ့ခန္ဓာကိုယ်ကို တဖြည်းဖြည်း ကြီးထွားအောင် ပြုလုပ်လေတော့၏။ သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်း ကြီးထွားလာလေ၏။ အပေါ်သို့မြင့်၍မြင့်၍ တက်သွားသည်။ သူ၏အရပ်သည် နန်းတော်ခေါင်မိုးဖြင့် ထိလုမတတ်ရှိသောအခါမှ ရပ်တန့်သွားသည်။

သူ့ခန္ဓာကိုယ်ကြီးမှာလည်း အလွန်အမင်းဝလာသည်။ အရပ်ကြီးကလည်း အမြင့်ကြီးဖြစ်လာသည်။ ဘုရင်နှင့် မှူးမတ်များမှာ သူ့အားကြည့်ရင်း တုန်လှုပ်သွားသည်။

အချို့ အကြောက်လွန်သော နန်းတွင်းသားတို့မှာ မူးမေ့သွားကြသည်။

ဘုရင်က လက်ဖြင့်အချက်ပြလိုက်၏။

“တော်လောက်ပါပြီ၊ သင်တန်ခိုးရှိကြောင်း ကျွန်ုပ်ယုံကြည်ပါပြီ”

ကျူးပတ်ကိုင်က ခန္ဓာကိုယ်ကို တစ်ချက်မျှ လှုပ်ခါလိုက်ရာ သူ့ခန္ဓာကိုယ်မှာ မူလအနေအထားသို့ပြန်လည်ရောက်ရှိသွားလေ၏။

ကျူးပတ်ကိုင်သည် ဘုရင်အား ဦးညွတ်လိုက်သည်။

“ဘုရင်မင်းမြတ်... ကျေနပ်ပါပြီလား”

ဘုရင်က ခေါင်းညိတ်လိုက်၏။

“ကျေနပ်ပါပြီ၊ ယုံလဲယုံကြည်ပါပြီ၊ ဘီလူးကြီးကို သင်ယှဉ်နိုင်မယ်ဆိုတာ ကျွန်ုပ်သိပါပြီ”

ကျူးပတ်ကိုင်က–

“ကျွန်ုပ်ဟာ ဒီဘီလူးကြီးကို မကြောက်ပါဘူး၊ ဘီလူးကြီးကို သတ်ပြီး ဘုရင်မင်းမြတ်ရဲ့ သမီးတော်ကို ပြန်ခေါ်ပေးပါမယ်၊ ဘုရင်မင်းမြတ် ဘာမှစိုးရိမ်တော်မမူပါနဲ့...”

ဘုရင်က လက်ကာပြပြီး–

"ခဏနေပါဦး.. သင်က ဘာလက်နက်ကို အသုံးပြုမှာလဲ"

ကျူးပတ်ကိုင်က သူ့ထွန်ခြစ်ကို ထောင်ပြလိုက်၏။

"ဟောဒီမှာ ကျွန်ုပ်ရဲ့လက်နက်၊ ဒီထွန်ခြစ်နဲ့ တိုက်မယ်...."

ဘုရင်သည် ရယ်မောလေ၏။

"ဟာ... ထွန်ခြစ်ဆိုတာ လက်နက်မဟုတ်ဘူး၊ အမှိုက်သယ် မြောင်းဆယ်တဲ့ကိရိယာပါ...၊ ကျွန်ုပ်တို့ နန်းတော်ထဲမှာ ဓါး မျိုးစုံရှိ တယ်၊ လက်နက်မျိုးစုံရှိတယ်၊ အဲဒါကို ကြိုက်တာရွေးယူသွားပါ၊ ဘာပဲ ပြောပြော ဟိုဘီလူးဟာ စွမ်းရည်တော့ရှိမယ်၊ သင်.. လက်နက် တစ်ခုခု ယူသွားမှ အဆင်ပြေလိမ့်မယ်..."

ကျူးပတ်ကိုင်က ခေါင်းယမ်းလိုက်၏။

"ဒါဟာ တစ်လျှောက်လုံး ကျွန်ုပ်ကိုင်ခဲ့တဲ့လက်နက်ပဲ...၊ ဒီ ထွန်ခြစ်ကို ဘုရင်မင်းမြတ် အထင်မသေးပါနဲ့၊ ဘုရင်မင်းမြတ်ရဲ့ လက်နက်တွေထက် အများကြီး သာပါတယ်...."

ဘုရင်မင်းမြတ်က–

"ကျွန်ုပ်ရဲ့ စစ်တပ်ကြီးကိုသင်နဲ့အတူထည့်ပေးလိုက်ရဦးမလား"

ကျူးပတ်ကိုင်က ရယ်မောလေ၏။

"ဟား...ဟား...ဟား... ဘီလူးကို လူသားစစ်သည်တော်နဲ့ တိုက် လို့ဘယ်ရမလဲ၊ ဘုရင်မင်းမြတ်ရဲ့စစ်သည်တော်တွေ ပြုတ်ပြုတ်ပြုန်းသွား မှာပေါ့၊ ဘီလူးကို တန်ခိုးရှိတဲ့လူမှ တိုက်လို့ရပါတယ် အရှင်မင်းမြတ်"

"ဒီလိုဆိုရင် အသင် တစ်ယောက်တည်း သွားတိုက်မှာပေါ့..."

"ကျွန်ုပ် တစ်ယောက်တည်း သွားတိုက်ပါမယ်"

"ကဲ.. ဒီလိုဆိုရင်လဲ ကောင်းပါလေရဲ့၊ အောင်မြင်ခြင်းသတင်း ကို သင်နှင့်အတူ ဆောင်ကြဉ်းနိုင်ခဲ့ပါစေ..."

"စိတ်ချပါ...၊ အောင်မြင်ခြင်းသတင်းကို ဆောင်ကြဉ်းခဲ့ပါမယ်၊ ဘုရင်မင်းမြတ်ရဲ့သမီးတော်ကိုလဲ ခေါ်ဆောင်ခဲ့ပါမယ်...."

သူသည် သူ့ဆရာဖြစ်သော ဆရာတော်ကို ဦးချရှိခိုးလေ၏။

"ဆရာတော် ..... တပည့်တော် သွားလိုက်ပါဦးမယ်"



ဆရာတော်က–

"အမြန်ဆုံး ပြန်နိုင်အောင် ကြိုးစားပါ"

"စိတ်ချပါဆရာ... တပည့်တော် အမြန်ဆုံးပြန်နိုင်အောင်ကြိုးစား ပါ့မယ်..."

သူသည် နန်းတော်အပြင်သို့ ထွက်၍ တိမ်တိုက်တစ်ခုပေါ်သို့ ခုန်တက်သွားလေ၏။

ဘုရင်နှင့် မှူးမတ်အပေါင်းတို့သည် နန်းတော်အပြင်ဘက်သို့ ထွက်၍ ကြည့်ရှုကြလေ၏။ ကျူးပတ်ကိုင် တိမ်တိုက်ကို စီး၍ ထွက်ခွာ သွားသည်ကို မြင်သောအခါ လက်ခုပ်လက်ဝါးတီး၍ ချီးကျူးကြလေ၏။ သူတို့သည် နတ်များ၊ ဘီလူးများ၏ တန်ခိုးဣဒ္ဓိပါဒ်စွမ်းရည်ကိုမမြင်ဖူး ကြချေ။ ကျူးပတ်ကိုင်၏စွမ်းရည်များကို မြင်သောအခါ ရင်သပ်ရှုမော ဖြစ်ကြလေ၏။

ထန်စန်းကျွမ်းဆရာတော်မှာ စွန်းဟိန်ကျဲအကြောင်း ကောင်းစွာ မသိသော်လည်း ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်း အကြောင်းတော့ သိသည်။ သူ့အစွမ်းဖြင့် ဘီလူးကြီးကို ဂုံးဝမနိုင်နိုင်ကြောင်း ဆရာတော် သိသည်။ ထို့ကြောင့် ဆရာတော်သည် ဆားဝူကျိန်းဘက်သို့ လှည့်လိုက် ပြီး ပြောသည်။

"ဝူကျိန်း .. သင့်အစ်ကိုလတ်အကြောင်းကို သင်လဲသိသွားပြီ၊ သူဘီလူးကြီးကို အသေအလဲ ယှဉ်ပြိုင်ရလိမ့်မယ်၊ သင်ပါလိုက်ပြီးကူညီ လိုက်ပါဦး...."

ဆားဝူကျိန်းက လက်အုပ်ချီလိုက်၏။

"ဆရာရဲ့ အမိန့်အတိုင်းပါဘုရား..."

ဆားဝူကျိန်းသည် အပြောသမားမဟုတ်ပေ၊ မည်သည့်အခါမှ စကား များများပြောသူမဟုတ်ပေ။ လက်တွေ့သမားသာဖြစ်သည်။ သူသည် တောင်ဝှေးကိုဆွဲယူပြီး ကိုယ်ကိုတစ်ချက်မျှ လှုပ်လိုက်ရာ သူ့ခန္ဓာ ကိုယ်သည် မြောက်တက်သွားပြီး တိမ်တိုက်တစ်ခုပေါ်သို့ ရောက်ရှိသွား လေ၏။

ထိုအခါ ဘုရင်နှင့် မှူးကြီးမတ်ရာ သေနာပတိတို့သည် ကြီးစွာ

သော အုံသြခြင်း ဖြစ်ကြလေ၏။

"ဟာ..သူလဲ မိုးပျံနိုင်ပါကလား"

အုတ်အော်သောင်းတင်း ချီးကျူးသံကြီး ထွက်ပေါ်လာလေ၏။

ဘုရင်နှင့် မှူးမတ်များသည် ဆရာတော်၏ တပည့်နှစ်ယောက်စလုံး မြေလျှိုးမိုးပျံနိုင်သော အတတ်ကို တတ်မြောက်ထားသည်ကို တွေ့သောအခါ ဝမ်းမြောက်ဝမ်းသာချီးကျူးကြသည်။

ဘုရင်သည် ထန်စန်းကျွမ်းဆရာတော်ပါ တိမ်တိုက်ပေါ်ခုန်လိုက်သွားမည်ကို စိုးရိမ်သဖြင့် ကမန်းကတန်း လျှောက်ထားရသည်။

"ဆရာတော်ဘုရား... တပည့်များနောက်ကို လိုက်မသွားပါနဲ့ ဘုရား..."

ဆရာတော်သည်တပည့်များအတွက်ပူပန်နေရာမှပြုံးလိုက်မိသည်။

"စိတ်ချပါ...ကျွန်ုပ်က မြေလျှိုးမိုးပျံတဲ့အတတ်ကို မတတ်ပါဘူး"

သူတို့သည် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ ပြန်လာမည့်အချိန်ကိုသာ စောင့်ဆိုင်းနေရတော့သည်။

❋ ❋ ❋ ❋ ❋ ❋ ❋

အခန်း(၈၆)

## သတ္တိရှိသောသူရဲကောင်း

ကျူးပတ်ကိုင်သည် တိမ်တိုက်ကိုစီးကာ ဘီလူးကြီး၏ အရပ်သို့ သွားလေ၏။ သူသည် လီသုံးရာခန့်ကိုတိမ်တိုက်စီးသွားရခြင်းဖြစ်သည်။

ဆားဝူကျိန်းသည် နောက်မှ အော်ခေါ်လိုက်သည်။

"ကျူးပတ်ကိုင်...ငါ့ကို စောင့်ပါဦး...."

ကျူးပတ်ကိုင်သည် အသံကြားသဖြင့် လှည့်ကြည့်သည်။ ဆားဝူကျိန်းသည် တိမ်တိုက်ကိုစီး၍ လိုက်လာကြောင်းတွေ့ရှိရလေ၏။

"ဝူကျိန်း...မင်းဘာကိစ္စနဲ့လိုက်လာရတာလဲ"

ဆားဝူကျိန်းက–

"ဆရာက မင်းကို သွားကူညီလိုက်ပါဆိုလို့ လိုက်လာရတာ...၊ ငါကဘာမျှ မပြောပါဘူး၊ ဆရာက ကူညီခိုင်းလိုက်လို့ပါ.."

ဆားဝူကျိန်းက ရှင်းပြ၏။

ကျူးပတ်ကိုင်သည် ဘီလူးကြီးနှင့် သူတို့နှစ်ယောက်အသေအလဲ တိုက်ခိုက်ခဲ့သည်ကို မြင်ယောင်မိ၏။ သူတစ်ယောက်တည်း ဘီလူးကြီးကို မည်သည့်နည်းနှင့်မျှ မနိုင်သည်ကို သိသည်။ ဆားဝူကျိန်းလိုက်လာသည်ကိုတွေ့သောအခါ လွန်စွာဝမ်းသာသွား၏။

"ဟာ... သိပ်ကောင်းတယ်၊ ငါတို့နှစ်ယောက် ယှဉ်ပြိုင်ရတာ အသေအလဲ ယှဉ်ပြိုင်ရတာပဲ၊ ငါတစ်ယောက်ထဲဆိုရင် မနိုင်နိုင်ဘူး"

ကျူးပတ်ကိုင်သည်လွန်စွာစိတ်ဓါတ်တက်ကြွလာ၏။ သူတို့နှစ်ယောက်သည် တိမ်တိုက်ကိုယ်စီ စီးလျက် ဘီလူးကြီး နေထိုင်ရာအရပ်သို့ ရှေ့ရှုသွားလေ၏။ မကြာမီ သူတို့သည် စေတီကို မြင်ကြရ၏။ သူတို့သည် ဘီလူးကြီးနေထိုင်ရာအရပ်သို့ ရောက်ခဲ့ကြလေပြီ။

သူတို့သည် တိမ်တိုက်ပေါ်မှ ဆင်းသက်ခဲ့ကြ၏။ ကျူးပတ်ကိုင်သည် ထွန်ခြစ်ကို ကိုင်လျက် ကျောင်းရှေ့သို့သွားရောက်စိန်ခေါ်သည်။

"ဘီလူး...ထွက်ခဲ့စမ်းပါ၊ ကျုပ်တို့က ခင်ဗျားကိုဖမ်းဖို့ထွက်လာခဲ့ကြတာ..၊ ခင်ဗျား အခုဘယ်မှာ ပုန်းနေသလဲ..."

ဘီလူးများ ည် ထိတ်ထိတ်ပျာပျာဖြစ်သွားကြ၏။ သူတို့သည် ကျောင်းတွင်းသို့ ပြေးဝင်ပြီး တံခါးပိတ်လေ၏။ ဘီလူးများသည် ဘီလူးကြီးထံ သွားရောက် သတင်းပို့ကြသည်။

"သခင်ကြီး...သခင်ကြီး...အပြင်မှာ ရန်သူနှစ်ယောက်ရောက်နေပါတယ်၊ သခင်ကြီးကို စိန်ခေါ်နေပါတယ်"

"ဟေ...ဘယ်သူတွေလဲ"

ဘီလူးကြီးသည် ဓါးကိုဆွဲ၍ထွက်လာလေ၏။

"ဒုံး...ဒုံး...ဒုံး...."

"ဝုန်း...ဝုန်း...ဝုန်း..."

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် တံခါးကို ဖျက်နေကြရာ တံခါးသည် ပြိုကျလုနီးနီးရှိနေလေပြီ။

ဘီလူးကြီးသည် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ကိုမြင်သောအခါ ဒေါသအကြီးအကျယ်ထွက်လေတော့၏။

"သင်တို့ဘယ်လိုဖြစ်လာကြတာတုန်း၊ ဘာဖြစ်လို့ကျုပ်ရဲ့တံခါးကို ဖျက်နေကြတာလဲ၊ သင်တို့ကို ပြန်လွှတ်ပေးလိုက်တာ ကျုပ်ကို အခုလို စော်ကားဖို့မဟုတ်ဘူး...."

ကျူးပတ်ကိုင်က–

"သင် ဘာ တွေပြောနေတာလဲ၊ ကျုပ်အခုလာတာကကျုပ်တို့ ခရီး



သက်သက်ထွက်လာကြတာမဟုတ်ဘူး၊ တာဝန်နဲ့လာခဲ့တာ"

"ဘာတာဝန်လဲ"

"ရတနာဟတ္ထိနိုင်ငံတော်ရဲ့ ဘုရင်မင်းမြတ်က တာဝန်ပေးလိုက်တဲ့ တာဝန်က သင့်ကိုဖမ်းဖို့ပဲ၊ သင် ကျူးလွန်တဲ့အပြစ်ကတော့ ရတနာဟတ္ထိနိုင်ငံတော် ဘုရင်မင်းမြတ်ရဲ့ သမီးတော်ကို ခိုးယူပေါင်းသင်းတဲ့ အပြစ်ပဲ..."

"အဲဒါ..သင်နဲ့ဘာဆိုင်လို့လဲ"

ဘီလူးကြီးက ဆက်ပြော၏။

"ကျုပ်က ကျုပ်ရဲ့ဇနီးရဲ့စကားကို နားထောင်ပြီး သင်တို့ကို လွှတ်လိုက်တယ်၊ အခုသင်တို့က ကျေးဇူးကို ပြန်ဆပ်ကြတယ်ပေါ့၊ သင်တို့တော့ သေကြရလိမ့်မယ်...."

"ကဲ...ပြောနေကြာတယ်"

ကျူးပတ်ကိုင်သည် ထွန်ခြစ်ဖြင့် စတင်တိုက်ခိုက်လေတော့၏။

ဘီလူးကြီးက ဓါးဖြင့်ခုခံလေ၏။

ဆားဝူကျိန်းသည် ဟောင်ရေးဖြင့် တိုက်ခိုက်လိုက်သည်။ သူတို့သည် အပြန်ပြန်အလှန်လှန် တိုက်ခိုက်ကြတော့သည်။ နှစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်သော တိုက်ပွဲဖြစ်သော်လည်း ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ တိုက်ခိုက်၍မနိုင်ဘဲဖြစ်နေကြသည်။

သူတို့အနီးတွင် နတ်အပေါင်းလည်းမရှိကြတော့ပေ။ ထိုနတ်တို့မှာ ထန်စန်းကျွမ်းဆရာတော်ကိုသာ စောင့်ရှောက်နေကြသဖြင့် ရတနာဟတ္ထိနိုင်ငံတော်၏ နန်းတော်အတွင်း ရောက်ရှိနေကြသည်။

ထို့ကြောင့် မကြာမီ ကျူးပတ်ကိုင် ရှုံးတော့သည်။ သူသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းပြေးတော့သည်။

ဆားဝူကျိန်းသည် လွန်စွာသတ္တိရှိ၏။ သူသည်ယခင်ကျူးပတ်ကိုင်နှင့် တိုက်ခိုက်စဉ်ကလည်း ဤသို့အနိုင်မခံ အရှုံးမပေးဘဲ တိုက်ခိုက်ခဲ့သည် မဟုတ်ပါလော။ စွန်းဟိန်ကျဲရောက်လာ၍သာ သူ ထွက်ပြေးရခြင်းဖြစ်သည်။

သို့သော် ... မကြာမီ သူသည် ဘီလူးကြီးကို ရှုံးနိမ့်သွားပြီး

ဘီလူးကြီး၏ ပစ်ချခြင်းကိုခံလိုက်ရလေ၏။ အောက်မှ ဘီလူးများသည် ကောင်းကင်မှ လွင့်စဉ်ကျလာသော ဆားဝှကျိန်းအား ကြိုးများဖြင့်အထပ်ထပ်ရစ်ပတ်တော့၏။ ထို့နောက် ကျောင်းတော်ထဲ ထမ်း၍ဝင်သွားသည်။ ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ဘီလူးကြီးသည် စဉ်းစားဆင်ခြင်ဉာဏ်ရှိသော ဘီလူးဖြစ်၏။ ကျူးပတ်ကိုင်နှင့် ဆားဝှကျိန်းတို့ လာရောက် တိုက်ခိုက်ကြခြင်းမှာ အကြောင်းမဲ့ မဟုတ်နိုင်ကြောင်းတွေးသည်။ တစ်စုံတစ်ယောက်က ရတနာဟတ္တိပြည့်ရှင်မင်းကို အကြောင်းကြား၍သာ ဖြစ်မည်ဟု သူ တွေးတော ဆင်ခြင်မိသည်။

သူသည် ပန်းတစ်ရာမင်းသမီးကို ခိုးယူပေါင်းသင်းခဲ့သည်မှာ ဆယ့်သုံးနှစ်တိတိရှိလေပြီ။ သမီးနှစ်ဦးပင် မွေးဖွားပြီးခဲ့ချေပြီ။ ထိုအချိန်ထိ ရတနာဟတ္တိနိုင်ငံတော်မှ လုံးဝမသိဘဲ ယခု ထန်စန်းကျွမ်းဆရာတော်တို့ ပြန်သွားမှ သိသွားခြင်းမှာ ပန်းတစ်ရာမင်းသမီးက သတင်းပါးလိုက်ခြင်းသာဖြစ်မည်ဟု ဆင်ခြင်တွေးတောမိလေ၏။

ထို့ကြောင့် သူသည် ဆားဝှကျိန်းအား ချက်ချင်းမသတ်ဘဲ ယင်းအကြောင်းများကို စစ်ဆေးမေးမြန်းပြီးမှ သတ်မည်ဟု စိတ်တွင်တေးထားလိုက်သည်။ သူသည် ဆားဝှကျိန်းကို စစ်ဆေးရန် ထွက်အလာတွင် လှရိပ်တစ်ရိပ်ကို ရိပ်ခနဲတွေ့လိုက်ရသဖြင့် တံခါးဖြင့်ကွယ်လိုက်သည်။

ထွက်လာသူကား ပန်းတစ်ရာမင်းသမီးပေတည်း။ သူမသည် ဖခမည်းတော်ထံစာပို့ခြင်းကို ဘီလူးကြီးသံသယရှိနေကြောင်း လုံးဝမသိရှိသေးချေ။ သူမသည် ကြိုးဖြင့် တုပ်နှောင်ခံထားရသော ဆားဝှကျိန်းကို တွေ့မြင်သောအခါ လွန်စွာအံ့အားသင့်သွားလေ၏။

“ဟောတော့... ဒီကပ္ပိယကို ဘယ်နဲ့ပြန်ဖမ်းမိတာလဲ”

ဘီလူးကြီးသည် သံသယပိုဝင်သွားပြီး တံခါးကြားမှ ထွက်လာလေ၏။

“သူတို့ကို နင့်ဖခမည်းတော်ကနင့်ကိုကယ်ဖို့ တာဝန် ပေးလိုက်လို့ ရောက်လာပြီး ငါ့ကို ရန်မူကြတာ....”

ထိုစကားကို ကြားသောအခါ ပန်းတစ်ရာမင်းသမီးသည် ကွက်ခနဲ မျက်နှာပျက်သွား၏။



ဘီလူးကြီးသည် မင်းသမီး၏မျက်နှာကို အကဲခတ်နေသူဖြစ်ရာ မျက်နှာပျက်သွားသည်ကို မြင်သည်နှင့်သူ့အတွေးမှန်ပြီဟုယုံကြည်လိုက်သည်။

သူသည် ခက်ထန်စွာ အော်ငေါက်လိုက်သည်။

“ငါ့ကို မှန်မှန်ပြောစမ်း.... နင့်ရဲ့ ခမည်းတော်ဆီ နင်သတင်းပို့လိုက်တယ် မဟုတ်လား...."

ပန်းတစ်ရာမင်းသမီးသည် ဘီလူးကြီးကို ကြောက်ရသူဖြစ်ရာ သူမအား ဟုတ်မှန်သည့်အတိုင်းစွပ်စွဲလိုက်သောအခါ ထိတ်ထိတ် ပျာပျာ ဖြစ်သွားလေ၏။

“မ...မ...မဟုတ်ရပါဘူးရှင်”

ဘီလူးကြီးသည် သူမအား လက်ပြန်ရိုက်ချလိုက်လေ၏။

“ဝုန်း”

သူမသည် ကြမ်းပေါ်ခွေခွေကလေးလဲကျသွားသည်။ သူမ၏ထုံးထားသော ဆံထုံးပြေကျသွားသည်။ ရွှေဆံထိုးများ လွင့်ကျလာလေ၏။

“ရှင်...ရှင် ဘယ်လိုလုပ်လိုက်တာလဲ”

ဘီလူးကြီးက ဒေါသတကြီးဖြင့်–

“နင့်အကြောင်းမသိရင်ခက်မယ်၊ နင်က ဘုန်းတော်ကြီးကို တိတ်တဆိတ်ပြန်လွှတ်ပြီး နင့်ဖခမည်းတော်ဆီ စာပို့လိုက်တာမဟုတ်လား”

ဘီလူးကြီးက ဆက်ပြောလေ၏။

“နင့်ကို ငါခိုးလာပေမယ့် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းခဲ့တယ်၊ ရွှေဆိုရင်ရွှေ ငွေဆိုရင်ငွေ ပေးခဲ့တယ်၊ အခုတော့ နင်က ငါ့ကို သစ္စာဖောက်တယ်၊ ငါ...နင့်ကို သတ်ရတော့မယ်..."

ပန်းတစ်ရာမင်းသမီးသည် တုန်လှုပ်ချောက်ချားသွားလေ၏။

“ရှင်.. ကျွန်မကို မတရား မစွပ်စွဲပါနဲ့၊ ကျွန်မ ဘယ်သူ့ကိုမှ စာမပေးခဲ့ဘူး...."

ဘီလူးကြီးသည် မဲ့ပြုံးပြုံးလေ၏။

“အေး ... မင်းစာပို့တယ် မပို့ဘူးဆိုတာ ဒီက ကပ္ပိယကို

စစ်ဆေး လိုက်ရင် ပေါ်မှာပဲ.... ဟော့...ကပွိယ.... ထစမ်း...."

ဘီလူးကြီးသည် ကပွိယ ဆားဝူကျိန်အား ငေါက်ငန်းလေ၏။ ဆားဝူကျိန်းမှာ ဣန္ဒြေမပျက်ချေ။ သူသည်တည်တည်ငြိမ်ငြိမ်ပင်ရှိသည်။

"သင်...ဘာမေးမလို့လဲ"

ဘီလူးကြီးက–

"သင်တို့ ကျုပ်ကို ခုလိုလာရန်မှတာဟာ မင်းသမီးက သူ့ခမည်းတော်ဆီ အကြောင်းကြားစာပို့လိုက်လို့ မဟုတ်လား...."

ဆားဝူကျိန်းသည် စဉ်းစားရလေတော့သည်။ သူကဟုတ်ပါသည်ဟု ပြောလိုက်လျှင် ပန်းတစ်ရာမင်းသမီးအသတ်ခံရမည်မှာသေချာသည်။ ပန်းတစ်ရာမင်းသမီးသည် မိမိဆရာနှင့်တကွမိမိတို့ အသက်ကိုကယ်တင်ပေးခဲ့ဖူးသည် မဟုတ်ပါလော။ ပန်းတစ်ရာမင်းသမီး၏ကျေးဇူးသည် မိမိတို့အပေါ်တွင်ရှိနေသည်ကို မိမိကျေးဇူးမကန်းသင့်ချေ။

ယခု ကျူးပတ်ကိုင်လည်းလွတ်သွားချေပြီ။ ဆရာတော်မှာလည်း ဘေးကင်းရန်ကင်းဖြစ်နေပြီ၊ သေလျှင် မိမိတစ်ဦးတည်းသာ သေရမည်ဖြစ်သည်။ မိမိသာအသေခံလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူသည် သေမှာကို မကြောက်သောသူဖြစ်ရာ ရဲရဲဝံ့ဝံ့ပင်ပြောလေ၏။

"အသင်ဘီလူး... သင်ဟာ စဉ်းစားဉာဏ်မရှိတဲ့ဘီလူးပဲ...၊ ကိုယ့်ဇနီးကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲတဲ့ဘီလူးကို ကျုပ်ဒီတစ်ခါပဲတွေ့ဖူးတယ်၊ သူက သူ့အကြောင်း၊ သင့်အကြောင်းကို ကျုပ်တို့ကို ဘာမှလဲ မပြောဘူး၊ ဘာစာမှလဲ မပေးလိုက်ဘူး......"

ဘီလူးကြီးက ဒေါသတကြီးအော်ငေါက်လိုက်၏။

"ဒါဖြင့် ဘုရင်က သူ့သမီး ဒီမှာ ရှိတာကို ဘာကြောင့်သိသွားသလဲ...၊ သင်တို့ကို လွှတ်လိုက်တာက ဘာသဘောလဲ...."

ဆားဝူကျိန်းသည် တစ်ခဏမျှစဉ်းစားလိုက်၏။ ဤမေးခွန်းအား ပြည့်စုံတိကျစွာ အဖြေပေးနိုင်ရန် မလွယ်လှချေ။ ဘီလူးကြီးလက်ခံနိုင်ပါမှ ပန်းတစ်ရာမင်းသမီး အသက်ချမ်းသာရာရပေမည်။

"ဒါက ရှင်းပါတယ်"

"ဘာရှင်းတာလဲ"



"ကျုပ်ဆရာက သူဖြတ်သွားတဲ့နိုင်ငံတိုင်းမှာ ထန်ဘုရင်ရဲ့ မေတ္တာရပ်ခံချက်ကို ထုတ်ဖော်ပြသလေ့ရှိတယ်...၊ ရတနာဟတ္တိနိုင်ငံ ဘုရင်ကိုလဲထုတ်ပြခဲ့တယ်၊ အဲဒီမှာခုနစ်နိုင်ငံရဲ့ တံဆိပ်တုံးတွေရှိတယ်၊ ဘုရင်က ဒီတံဆိပ်တုံးတွေကိုကြည့်ပြီး အရှင်ဘုရားတို့လာတဲ့လမ်းမှာ အေးအေးချမ်းချမ်းရှိရဲ့လားလို့ မေးလျှောက်တယ်"

ဆားဝူကျိန်း၏အသံမှာ တည်ငြိမ်လှသည်။ သေမှာကိုမကြောက်သောသူတစ်ယောက်အဖို့ အဘယ်အရာကိုမျှ စိုးရိမ်ဖွယ်မရှိတော့ပါချေ။

"အဲဒီမှာ ဆရာတော်ကသူ့ကိုဘီလူးဖမ်းတဲ့အကြောင်းပြောတယ်၊ မင်းသမီးတစ်ပါးက သူ့ကိုကူညီပြောပေးလို့ သူ ဘီလူးလက်က လွတ်ခဲ့ကြောင်းပြောတယ်၊ အဲဒီမှာတင် ဘုရင်က သေသေချာချာ မေးတော့တာပဲ၊ ဆရာတော်က မင်းသမီးရဲ့အသက်အရွယ်၊ ရုပ်ရည်၊ အရပ်အမောင်း စတဲ့အရာတွေကို သေသေချာချာရှင်းပြလိုက်တယ်၊ အဲဒီမှာတင် ဘုရင်ဟာ သင့်ဇနီးကို သူ့သမီးတော်လို့ တပ်အပ်စွပ်စွဲတော့တာပဲ...၊ ဘီလူးမိုက်သင်မို့လို့ ရိုးသားတဲ့ဇနီးကို ရက်ရက်စက်စက် ရိုက်နှက်တယ်...."

ဆားဝူကျိန်းသည် ဖြတ်ထိုးဉာဏ်ကောင်းလှသည်။ သူသည် ချက်နှင့်လက်နှင့် ရှင်းပြလိုက်သည်။

ဘီလူးကြီးသည် ဓါးကို လွှတ်ချကာ သူ့ဇနီးကို တောင်းပန်လေတော့၏။

"ငါမှားသွားပြီ... ငါမှားသွားပြီ၊ ငါ့ကို ခွင့်လွှတ်ပါ...."

ပန်းတစ်ရာမင်းသမီးသည် ဆားဝူကျိန်းကို ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်၍ ဘီလူးကြီးအားလှည့်ပြုံးပြလိုက်သည်။

"ခွင့်လွှတ်ပါတယ်ရှင် ... ဒါပေမယ့် ဒီကပွိယကိုတော့ ကြိုးနဲ့ခံ တုပ်နှောင်ထားပါနဲ့...."

ဘီလူးကြီးက–

"ဘာလဲ၊ မင်းက သူ့ကို လွှတ်ပေးစေချင်လို့လား..."

မင်းသမီးက–

"လွှတ်ပေးရမယ်လို့ ကျွန်မစကားထဲမှာ တစ်ခွန်းမပါပါဘူး...၊ ကျွန်မစိတ်ထဲမှာ အတုပ်နှောင်ခံထားရတဲ့ သူတွေကို လုံးဝ မမြင်ချင်ဘူး၊

သူ့ကို ကြိုးဖြေပေးဖို့သာ ပြောတာပါ...."

ဘီလူးကြီးသည် ခေါင်းညိတ်လေ၏။

"ကောင်းပြီလေ"

သူသည် သူကိုယ်တိုင်တော့ ကြိုးမဖြေချေ။ တပည့်တပန်း ဘီလူးများကို ခေါ်လိုက်၏။

"ဟေ့...လာကြစမ်း၊ ဒီအကျဉ်းသားကို ကြိုးဖြေပေးကြစမ်း"

ဘီလူးများက–

"ကြိုးဖြေပေးတာတော့ ဟုတ်ပါတယ်၊ သခင်ကြီး တော်ကြာ ဒီ အကျဉ်းသား ထွက်ပြေးသွားရင်...."

ဘီလူးကြီးသည် ဒေါသနှင့် အော်လိုက်၏။

"မင်းတို့ရူးနေသလား၊ အကျဉ်းသားကို အချုပ်ခန်းထဲထည့်ထားပေါ့၊ ဒါလေးတောင် မင်းတို့မသိကြဘူးလား"

ဘီလူးများသည် ဆားဝူကျိန်းအား ကိုယ်ပေါ်မှ ကြိုးများကို လျင်မြန်စွာ ဖြေပေးပြီး၊ အချုပ်ခန်းထဲသို့ ထည့်သွင်းလိုက်ကြ၏။

ဆားဝူကျိန်းသည် ပန်းတစ်ရာမင်းသမီးကလေး၏ ကျေးဇူးတင်စွာကြည့်သည့်အကြည့်ကို လျှပ်တစ်ပြက်တွေ့ရှိလိုက်ရပြီး အချုပ်ခန်းတွင်းသို့ဝင်လိုက်ရတော့သည်။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၀၇)

## ဘီလူး၏ဝရိယာဘယ်

ဘီလူးသည်ဆားဝူကျိန်းအားအချုပ်ခန်းတွင်းသွင်းလိုက်ပြီးနောက် အဖြစ်အပျက်ကို ပြန်လှန်စဉ်းစားလေ၏။ ထို့နောက်သူသည် တစ်စုံတစ်ခုကို စဉ်းစားမိလေ၏။ ထို့ကြောင့် သူ၏ဇနီးသည် ပန်းတစ်ရာမင်းသမီးအား စကားပြောလေ၏။

"ရှင်မ...ငါတို့အကြောင်း ရှင်မရဲ့ခမည်းတော် သိသွားပြီဆိုတော့ ငါကိုယ်တိုင်သွားပြီး ခမည်းတော် စိတ်ပြေအောင် အကျိုးအကြောင်း ရှင်းပြရင် ကောင်းမယ်ထင်တယ်..."

မင်းသမီးက–

"ဘယ်လိုလုပ် ရှင်နန်းတော်ထဲဝင်နိုင်မှာလဲရှင်...၊ ရှင့်ရုပ်ရည်ကို ပြန်ကြည့်ပါဦး...၊ ဒီလောက် ကြောက်စရာကောင်းတဲ့ ရုပ်ရည်နဲ့ ရှင်သွားရင် နန်းတော် တစ်ခုလုံး လန့်ဖျပ်ပြီး သေကုန်မှာပေါ့...၊ မသွားတာဘဲ ကောင်းပါတယ်...."

ဘီလူးကြီးက ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား... ဒါကအကြောင်းလား...၊ ငါတို့ဘီလူးတွေဟာ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်းနိုင်ကြတာပဲ၊ လူချောလူလှ တစ်ယောက်

အဖြစ် ဖန်ဆင်းသွားရင် မင်းရဲ့နန်းတော်ကလူတွေ ဘယ်သိမလဲ"

"ဖြစ်ပါ့မလားရှင်"

"ဖြစ်ပါတယ်၊ မယုံရင်ကြည့်"

သူသည် ဖနောင့်တစ်ချက်ဆောင့်လိုက်သည်နှင့် ကြောက်မက်ဖွယ်ဘီလူးကြီးအဖြစ်မှအလွန်ချောမောသိမ်မွေ့သောလူငယ်တစ်ဦးအသွင်သဏ္ဌာန်သို့ကူးပြောင်းရောက်ရှိသွားလေ၏။

"ကဲ...ရှင်မ... ဘယ်နဲ့လဲ"

ပန်းတစ်ရာမင်းသမီးက ရယ်မောလိုက်၏။

"ရှင်က အတော်ကို တတ်နိုင်တာပဲ၊ အဲသလိုရုပ်ရည်ပြောင်းလိုက်ရင် မဆိုးပါဘူး၊ နန်းတော်ထဲဝင်လို့ရပါတယ်"

မင်းသမီးမှာ မတတ်သာသဖြင့် ဘီလူးကြီးအား နန်းတော်ထဲစေလွှတ်ရတော့သည်။ အကယ်၍ သူမအားမတိုင်ပင်ဘဲ ထွက်သွားပါကလည်း သူမ မည်သို့မျှ တတ်နိုင်မည်မဟုတ်ချေ။

"ဒါဖြင့်...ငါ ခုပဲသွားမယ်"

သူက မှာကြား၏။

"ဒီကပ္ပိယကိုမလွှတ်နဲ့ဦး ...၊ ငါပြန်လာမှ လွှတ်သင့်မလွှတ်သင့်စဉ်းစားမယ်.."

ပန်းတစ်ရာမင်းသမီးမှာ ခေါင်းသာညိတ်ရတော့သည်။

"ကောင်းပါပြီ"

ဘီလူးကြီးသည် ပန်းတစ်ရာမင်းသမီးအား နှုတ်ဆက်၍ ကျောင်းတော်မှ ထွက်ခွာသွားလေ၏။ ဘီလူးကြီးမှာကျူးပတ်ကိုင်တို့ထက်တန်ခိုးရှိသူဖြစ်၍ တိမ်တိုက်ကိုစီး၍ ခရီးနှင်လေ၏။

ဤသို့ဖြင့် ရတနာဟတ္တိနိုင်ငံတော်အပေါ်သို့ ရောက်ရှိလာတော့၏။ သူသည် ဤနိုင်ငံသို့ လွန်ခဲ့သည့် ဆယ့်သုံးနှစ်က ရောက်ခဲ့ဖူးပေသည်။ သူသည် တိမ်တိုက်ပေါ်မှ ဆင်းသက်လိုက်လေ၏။

သူသည် မြေပြင်သို့ရောက်သောအခါ စာသမား ပေသမားတစ်ယောက်အဖြစ်သို့ ပြောင်းလဲလိုက်၏။ သူသည် နန်းတော်ရှေ့သို့လျှောက်လာ၏။ နန်းတော်ရှေ့၌ အစောင့်အကြပ်များစွာ ရှိနေသည်။ တံခါးမှူးလည်း စောင့်ကြပ်နေသည်။



သူသည် တံခါးမှူးအား အရိုအသေပြုလိုက်၏။

တံခါးမှူးက သူ့အားအသေအချာကြည့်လိုက်သည်။လူချောလူလှတစ်ယောက် စာပေသမားတစ်ယောက်က သူ့အား အရိုအသေပေးနေသည်မဟုတ်ပါလော။

"မင်းက ဘာကိစ္စရှိလို့ ငါ့ကို အရိုအသေလာပေးနေရတာလဲ"

"တံခါးမှူးခင်ဗျား... ကျုပ်ဟာ ပန်းတစ်ရာမင်းသမီးရဲ့ခင်ပွန်းသည်ပါ...၊ ခမည်းတော်ဘုရင်ကြီးကို လျှောက်တင်စရာရှိလို့ ဝင်ရောက်ခစားခွင့်ပေးပါလို့ တောင်းပန်ပါတယ်ခင်ဗျား...."

တံခါးမှူးသည် ယဉ်ကျေးသိမ်မွေ့စွာလာရောက်တောင်းပန်နေသူမှာ ပန်းတစ်ရာမင်းသမီး၏ခင်ပွန်းသည် ဖြစ်သည်ဟုသိရသောအခါ အကြီးအကျယ်ထိတ်လန့်သွား၏။သူသိထားသည်မှာပန်းတစ်ရာမင်းသမီး၏ခင်ပွန်းမှာ လွန်စွာအရုပ်ဆိုးသည့် ဘီလူးကြီးတစ်ကောင်ဖြစ်နေသည်မဟုတ်ပါလော၊ ယခု သူမြင်နေသည်မှာ လူချော လူလှတစ်ယောက်ဖြစ်နေသည်။ သူသည် ဘုရင်မင်းမြတ်အားပြေး၍လျှောက်ထားလေသည်။

ဘုရင်သည် ထန်စန်းကျွမ်းဆရာတော်ကို တိုင်ပင်လိုက်၏။

"အရှင်ဘုရား.... ပန်းတစ်ရာမင်းသမီးရဲ့ခင်ပွန်းဟာ ဘီလူးကြီးလို့အရှင်ဘုရားပြောခဲ့ပါတယ်၊ အခုရောက်လာတဲ့လူက လူချောလူလှတစ်ယောက်ဖြစ်နေပါတယ်၊ တွေ့ခွင့်ပေးသင့်မပေးသင့် အကြံပေးပါဦး...."

ထန်စန်းကျွမ်းဆရာတော်သည် စဉ်းစားဆင်ခြင်ပြီး အကြံပေးလိုက်၏။

"ဘုရင်မင်းမြတ် ပန်းတစ်ရာမင်းသမီးရဲ့ခင်ပွန်းဟာ ဘီလူးပါ၊ ဘီလူးဆိုတာ မြေလျှိုးမိုးပျံနိုင်တယ်၊ ရုပ်ပြောင်းရုပ်လွှဲလုပ်နိုင်တယ်၊ သူ့ကို အတွေ့မခံလဲ တွေ့အောင်လာနိုင်တယ်၊ သူ့ကိုတွေ့ခွင့်ပေးလိုက်တာကောင်းပါတယ်၊ တွေ့ခွင့်မပေးလဲ သူ အတင်းတွေ့ချင်ရင် ဘယ်လိုမှတားနိုင်မှာမဟုတ်ဘူး...."

ခဏမျှကြာသောအခါ တံခါးမှူးသည်အလွန်ယဉ်ကျေးသိမ်မွေ့၍ချောမောလှသူတစ်ဦးအားဘုရင့်ရှေ့တော်မှောက်သို့ခေါ်ဆောင်လာလေ၏။

ဘုရင်နှင့်မှူးမတ်များမှာ ထန်စန်းကျွမ်းဆရာတော် ပြောသည့် ဘီလူးကြီးမှာ ဘီလူးကြီးမဟုတ်ဘဲ လွန်စွာ ယဉ်ကျေးသိမ်မွေ့သော လူတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် အားလုံး အံ့သြကုန်သည်။ ထန်စန်းကျွမ်းဆရာတော်၏ စကားကို ဒွိဟဖြစ် တွေးတောကြလေတော့၏။

ထိုလူအား တွေ့မြင်သောအခါ ဘုရင်မင်းမြတ်သည် ကြောက်ရွံ့သောစိတ်များ ပပျောက်သွားလေ၏။

"သင်က ဘယ်သူလဲ...၊ ဘာကိစ္စနဲ့ လာသလဲဆိုတာ အမြန်သံတော်ဦးတင်စမ်း..."

ဘီလူးကြီးက ဦးညွတ်ရှိခိုးလိုက်၏။

"ကျွန်တော်မျိုးက ဒီကနေ လီပေါင်းသုံးရာကျော်မျှ ကွာဝေးတဲ့ လခြမ်းကျောင်းတော်ရာမှာ နေထိုင်သူဖြစ်ပါတယ်"

ဘုရင်က -

"သင်လာတဲ့ ကိစ္စကို သံတော်ဦးတင်ပါ"

ဘီလူးကြီးက -

"ကျွန်တော်မျိုးဟာ ပန်းတစ်ရာမင်းသမီးရဲ့ ခင်ပွန်းသည် ဖြစ်ပါတယ်...."

ဘုရင်သည် ထန်စန်းကျွမ်းဆရာတော်အား တစ်ချက်ကြည့်လိုက်၏။ ထို့နောက် မင်းသမီး၏ခင်ပွန်းသည်ဟုပြောနေသူအား ပြန်လည်အကဲခတ်လိုက်သည်။

ဘုရင်မင်းမြတ်က-

"အသင်က ကျွန်ုပ်ရဲ့ သမီးတော်ကို အတင်းအဓမ္မပေါင်းသင်းတယ်လို့ကြားရတယ်၊ သင်ဘာကြောင့် ဒီအကြောင်းကို ထိန်ချန်ထားရတာလဲ"

ဘီလူးက-

"အစက ပန်းတစ်ရာမင်းသမီးဟာ သူ့ကိုယ်သူ ဘုရင့်သမီးတော်လို့ ပြောမပြပါဘူး၊ ကျွန်တော်မျိုးက သာမန်အထက်တန်းလွှာ မိသားစုကဖြစ်တယ်လို့ ထင်မြင်မိခဲ့ပါတယ်..."



ဤသည်မှာ ဘီလူးက လီဆယ်ပြောသော စကားဖြစ်ပါသည်။ သူသည် စတင်ခိုးယူသွားကတည်းက ဘုရင့်သမီးမှန်း သိသည်။

ဘုရင်က-

"ဘာပဲဖြစ်ဖြစ်.. သင်ဟာ ကျုပ်သမီးကို အတင်းအဓမ္မ ပေါင်းသင်းခဲ့တဲ့အတွက် သင့်ကို သေဒဏ်အပြစ်ပေးရလိမ့်မယ်..."

ဘီလူးက တောင်းပန်တိုးလျှိုးသည်။

"ကျွန်တော်မျိုးကို အထင်မလွဲပါနဲ့ အရှင်မင်းကြီး၊ မင်းသမီးကို ကျွန်တော်မျိုး အတင်းအဓမ္မပေါင်းတာ မဟုတ်ပါဘူး..."

"ကျွန်ုပ်ကို လိမ်လည်မပြောနဲ့၊ သင်.. သူ့ကို ခိုးယူပေါင်းသင်းတာမဟုတ်ရင် ဘာကြောင့်ဆယ့်သုံးနှစ်လုံးလုံး ငါကိုယ်တော်မြတ်ဆီကို သံတော်ဦးမတင်တာလဲ...."

"ဒီအကြောင်းနဲ့ပတ်သက်လို့ ကျွန်တော်မျိုးတင်လျှောက်တာကို နားဆင်တော်မူပါ..."

"တင်လျှောက်စေ"

"အကြောင်းက ဒီလိုပါ...၊ လွန်ခဲ့တဲ့ဆယ့်သုံးနှစ်ရဲ့ညတစ်ညမှာ ကျွန်တော်မျိုးဒီမြို့ထဲမှာရှိနေပါတယ်၊ မြို့ပြင်တောစပ်က အော်သံကြားလိုက်ရတာနဲ့ မြို့ပြင်ကို ပြေးမိပါတယ်..၊ ဒီအော်သံဟာ မြို့ပြင်တောအုပ်ထဲကဖြစ်တယ်ဆိုတာကြားကြားချင်း ကျွန်တော်မျိုးသိပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုး တောအုပ်ထဲကို လိုက်တော့တာပဲ...."

သူက ဆက်၍ လျှောက်ထားလေ၏။

"ကျွန်တော်မျိုးရောက်ရှိသွားတဲ့အခါမှာ ကျားတစ်ကောင်ဟာမိန်းကလေးတစ်ယောက်ကို ခုန်အုပ်လုဆဲဆဲရှိနေတာကို တွေ့ရပါတယ်...၊ ကျွန်တော်မျိုးဟာ တိုက်ခိုက်မှု အတတ်မျိုးစုံကို တတ်မြောက်သူ တစ်ဦးဖြစ်ပါတယ်၊ ကျားကို ထွက်ပြေးသွားအောင် တိုက်ခိုက်ပြီး မိန်းကလေးကို ကယ်တင်လိုက်ပါတယ်..."

ဘုရင်က-

"သင့်ပုံကတော့ နနနယ်နယ်နဲ့ စာပေသမားပုံသွင်ပါလား၊ ထားပါတော့၊ အဲဒီမိန်းကလေးဟာ ပန်းတစ်ရာမင်းသမီးလား...."

"ဟုတ်ပါတယ်...အရှင်မင်းမြတ်"

"မင်းသမီးမှန်းသိရင် ကျွန်ုပ်ရှေ့တော်မှောက်ကို အရောက်ပြန်ပို့သင့်တာပေါ့"

"အဲဒီအချိန်မှာ မင်းသမီးဟာ အကြောက်လွန်ပြီး သတိမေ့နေပါတယ်"

ဘိလူးသည် ထိုအကြောင်းအရာများကို လိမ်လည်လှည့်ဖြား၍ပြောဆိုနေခြင်းဖြစ်သည်။ သူသည် လေပွေမွှေ့သကဲ့သို့ ကောင်းကင်မှဆင်းသက်ပြီး မင်းသမီးကိုခိုးယူသွားခြင်းသာဖြစ်သည်။

သူက ဆက်ပြောသည်။

"ကျွန်တော်မျိုးဟာ အိမ်ကိုခေါ်ပြီးပြုစုပေးပါတယ်...၊ သူသတိရလာတော့လဲ သူဟာ မင်းသမီးဖြစ်ကြောင်းပြောမပြပါဘူး..၊ ဒါနဲ့ တစ်ယောက်နဲ့တစ်ယောက်မေတ္တာရှိပြီး လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ခြင်းဖြစ်ပါတယ်..."

ဘုရင်က–

"ဆယ့်သုံးနှစ် ကြာပြီးမှ သင်က ဘာဖြစ်လို့ လာပြီး လျှောက်တင်နေရတာလဲ"

ဘိလူးကြီးက–

"လွန်ခဲ့တဲ့တစ်ရက်နှစ်ရက်က ကျွန်တော်မျိုးနေထိုင်တဲ့အရပ်ကို ဘုန်းတော်ကြီးတစ်ပါးရောက်ရှိလာပါတယ်၊ဒါကြောင့်ကျွန်တော်မျိုးရဲ့ဇနီးဟာ မင်းသမီးဖြစ်ကြောင်းသိရပါတယ်၊ ဒါကြောင့် မဆိုင်းမတွလာရောက်သံတော်ဦး တင်ရခြင်းပါ..."

ဘုရင်က–

"ကျွန်ုပ်ရဲ့သမီးတော်ကို သင်ခေါ်လာသင့်တာပေါ့...၊ ဘာကြောင့်ခေါ်မလာရတာလဲ...၊ သင်တောင် အရောက်လာခဲ့ပြီပဲ၊ သူ့ကိုလဲ ခေါ်လာသင့်တာပေါ့...."

ဘိလူးကြီးက–

"သူ့ကိုခေါ်လာလို့ မဖြစ်သေးပါဘူးဘုရား..၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုခေါ်လာရင် အသက်အန္တရာယ်စိုးရိမ်ရလို့ပါ...."



ဘုရင်က–

"ဘာဖြစ်လို့ အသက်အန္တရာယ်စိုးရိမ်ရတာလဲ"

"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က ရွှေမင်းသမီးကို ရန်ပြုခဲ့တဲ့ကျားရန်ကို ကြောက်နေရလို့ပါ..."

"အဲဒီကျားက လွန်ခဲ့တဲ့ဆယ့်သုံးနှစ်က ကျားပဲ၊ ဘာများကြောက်စရာရှိလို့လဲ...."

"အဲဒီကျားက နန်းတော်ထဲရောက်နေလို့ပါ..."

သူ့စကားကြောင့် ဘုရင်နှင့်ဝန်ကြီးမှူးမတ်တို့သည် နန်းတော်တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုကြတော့၏။ နန်းတော်ဝန်းကျင်၌ ကျားကို အရိပ်အယောင်မျှပင် မတွေ့ရချေ။

ဘုရင်က–

"သင်ပြောတဲ့ကျားလဲ အရိပ်အယောင်ပင် မတွေ့ရပါလား"

ဘိလူးကြီးက ရယ်မောလိုက်၏။

"ဟား...ဟား....ဟား.... ဘယ်မှာတွေ့မှာလဲ၊ ကျားက ဘုန်းတော်ကြီးယောင်ဆောင်ထားတာကိုး..."

ဆရာတော်သည် မတ်တတ်ထရပ်ရင်း ကန့်ကွက်လိုက်၏။

"ဒကာ.. မဟုတ်တာမပြောပါနဲ့"

ဘုရင်သည် ထန်စန်းကျွမ်းဆရာတော်ကို မင်းသမီး၏ ခင်ပွန်းဝင်လာကတည်းက သံသယဖြစ်နေရာ ဆရာတော်ကို အသေအချာကြည့်လေ၏။

"သူဟာ ကျားဖြစ်တယ်လို့ သင်ဘာကြောင့်ပြောနိုင်သလဲ"

"အရှင်မင်းမြတ် မယုံရင် ကျွန်တော်မျိုးလက်တွေ့လုပ်ပြပါ့မယ် ရေတစ်ခွက်သာ ကျွန်တော်မျိုးကိုပေးပါဘုရား..."

ဘုရင်က အမိန့်ပေးလိုက်သောအခါ နန်းတွင်းသား တစ်ဦးသည် ရေတစ်ခွက်ကို လာရောက်ပေးလေ၏။

ထန်စန်းကျွမ်းဆရာတော်က ဘိလူးကြီးအားကြည့်၍–

"သင်...ဘာတွေ မဟုတ်တာ လုပ်မလို့လဲ"

ဘိလူးက ရယ်မောရင်း–

"မဟုတ်တာလုပ်ပြမလို့ မဟုတ်ပါဘူး၊ ဟုတ်တာလုပ်ပြမလို့ပါ"

ဘီလူးသည် ရေခွက်ထဲသို့လက်နှိုက်၍မွှေလိုက်၏။ ထို့နောက် ရေကိုငုံလိုက်ပြီး ဆရာတော်၏ခန္ဓာကိုယ်ပေါ်သို့ မှုတ်ထုတ်လိုက်သည်။

"ဖူး.."

ရေစက်ကလေး တစက်သည် ထန်စန်းကျွမ်းဆရာတော်၏ ခန္ဓာကိုယ်ပေါ်သို့ရောက်ရှိသွား၏။ ထိုအခါ ထန်စန်းကျွမ်းဆရာတော်သည် တဖြည်းဖြည်းပြောင်းလဲသွား၏။ နောက်ဆုံး ကြောက်မက်ဖွယ်ရာ ကျားတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွား၏။

"ဝေါင်း"

ကျားကြီးသည် ဟိန်းဟောက်လေ၏။

ဘုရင်နှင့် မှူးမတ်၊ သေနာပတိများသည် ကျားကြီးကို ကြောက်လန့်ပြီး နံရံအနီးသို့ တိုးကပ်သွားကြသည်။

ဘီလူးက လက်ကာပြလိုက်ပြပြီး–

"မကြောက်ကြပါနဲ့၊ ကျွန်တော်မျိုးမှာ ကျားနိုင်တဲ့ပညာ ရှိပါတယ်...."

သူ့လက်ထုတ်လိုက်သောအခါ လက်ထဲ၌ ကြိုးတစ်ချောင်းပါလာလေ၏။ ကျား၏လည်ပင်း၌သွားရောက်ပတ်ချည်လိုက်၏။ ထို့နောက်သူသည် နန်းတော်ဆောင်တိုင်တစ်တိုင်၌သွားရောက် ချည်ထားလိုက်သည်။

ဘုရင်သည် သက်ပြင်းချလေ၏။ သူသည် ဆရာတော်အဖြစ်မှ ကျားကြီးအဖြစ်သို့ ပြောင်းလဲသွားသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပြီမဟုတ်ပါလား...။

"ငါ့သမက်တော် အရောက်မြန်ပေလို့ပဲ..၊ နို့မို့ဆိုရင် ငါနတ်ရွာစံပြီ..."

ဘီလူးက–

"မှန်လှပါ.. ကျွန်တော်မျိုးသတင်းကြားလျှင်ကြားချင်းလာခဲ့တာပါဘုရား၊ အခုတော့ အရှင်မင်းမြတ်ရဲ့အသက်ကို ကယ်နိုင်လိုက်ပါပြီ"

ဘုရင်သည် လွန်စွာ သဘောကျသွားလေ၏။

"ကဲ...သမက်တော် နန်းတော်ထဲမှာ နားပေတော့"



သူသည် ဘီလူးကြီးအားဂုဏ်ပြုညစာကျွေးမွေးရန်အမိန့်ချလိုက်တော့သည်။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၈၈)

## လိုလျှင်ကြံဆ နည်းလမ်းရ

လရောင်ကထိန်ထိန်သာနေ၏။ နန်းရင်ပြင်သည် ကျယ်ပြောလှလေရာ များပြားသောနန်းတွင်းသူများမှာ နန်းရင်ပြင်၌ လူမရှိသလိုဖြစ်နေသည်။ နန်းတွင်းသားများက ဘုရင့်သမက်တော်အား ပျော်ရွှင်မြူးထူးစွာ ညစာစားပွဲဖြင့် ဧည့်ခံနေ၏။

သန်းခေါင်ကျော်လာသောအခါ ဘီလူးကြီးသည် အရက်အလွန်အကျွံသောက်ထားမိသဖြင့် သူ၏ဖန်ဆင်းထားသော ရုပ်ရည်ပျောက်ကွယ်ပြီး နဂိုမူလရုပ်ရည်သို့တဖြည်းဖြည်းကူးပြောင်းသွားလေ၏။

နန်းတွင်းပျိုဖြူများသည် ရုပ်ရည်ချောမောသောလူက ကြောက်မက်ဖွယ်ရာကောင်းလှသည့် ဘီလူးတစ်ကောင်၏ရုပ်အဆင်းသို့ပြောင်းလဲလာသည်ကို တွေ့ရသောအခါ လွန်စွာထိတ်လန့်တုန်လှုပ်သွားကြသည်။ သူတို့သည် သံသေးသံကြောင်များဖြင့် အော်ဟစ်အကူအညီ တောင်းကြလေတော့၏။ သို့သော်... အစောင့်များမှာဥယျာဉ်တွင်း၌ စောင့်ကြပ်နေကြခြင်း၊ နန်းတော်တံခါးပတ်ဝန်းကျင်၌ စောင့်ကြပ်နေကြရခြင်းတို့ကြောင့် သူတို့၏ အော်ဟစ်သံများကို မကြားနိုင်ဘဲဖြစ်နေသည်။

ဘီလူးကြီးမှာ သူ့နဂိုရုပ်သွင်ပေါ်နေပြီဖြစ်၏။



"တိတ်ကြစမ်း"

သူသည် အော်လိုက်၏။ သူအော်ဟစ်လိုက်ခါမှ ပါးစပ်ကြီးပြဲပြီး အလွန်ကြောက်စရာရုပ်သွင်ကို မြင်ကြရသည်။

"အား...."

"အူး...."

"ကယ်ကြပါဦး"

နန်းတွင်းပျိုဖြူတို့သည် ဆောက်တည်ရာမရ ကြောက်လန့်ပြီး အော်ဟစ်ကြတော့၏။

ထိုအခါ ဘီလူးကြီးသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး နန်းတွင်း ပျိုဖြူများထဲမှ မိန်းကလေး တစ်ယောက်အား ကုပ်ချိုးပြီး စားသောက်လေတော့၏။

ထိုအခါ နန်းတွင်းပျိုဖြူများမှာ ကြောက်လန့်တကြား ငယ်သံပါအောင်အော်ဟစ်ကြလေတော့၏။

ဆရာတော်စီးနင်းသောမြင်းမှာ သာမန်မြင်းမဟုတ်ချေ။ နဂါးမှ ဖန်ဆင်းထားသောမြင်းဖြစ်သည်။ မြင်းဖြူကြီးသည် နန်းရင်ပြင်မှ မိန်းကလေးတို့၏ငယ်သံပါအောင်အော်ဟစ်သည့်အသံများကြားသောအခါဘီလူးကြီး သောင်းကျန်းမည့်အဖြစ်ကို ရိပ်မိသိရှိလေ၏။

မိမိဆရာအားကျားအဖြစ်ဖန်ဆင်းထားလိုက်သည့်အဖြစ်ကိုလည်း သိရှိသည်။ သို့သော်..ကျူးပတ်ကိုင်နှင့်ဆားဝူကျိန်းတို့မည်သည့်အရပ်သို့ ရောက်သွားသည်ကို သူမသိချေ။

သူသည် ထန်စန်းကျွမ်းဆရာတော်၏ ကယ်မည့်သူမရှိသည့် အဖြစ်ကို တွေ့နေရသည်။

"ငါ ဒီအတိုင်းကြည့်နေလို့မဖြစ်တော့ဘူး၊ ငါ့ဆရာကို ငါကယ်မှ ဖြစ်တော့မယ်..."

သူသည် ကိုယ်ကို တစ်ချက်လှုပ်လိုက်ရာ နဂါးအဖြစ်သို့ ရောက်ရှိလာ၏။ နဂါးအဖြစ်မှ ကိုယ်ကိုလှုပ်လိုက်ပြန်ရာ လူတစ်ယောက်အဖြစ် သို့ရောက်ရှိလာသည်။

သူသည် ဘီလူးကြီးရှိရာသို့ ချဉ်းကပ်သွား၏။ ဘီလူးကြီးသည်

နန်းတွင်းအပျိုတော်များအား ဖမ်းယူစားသောက်နေသည်ကို တွေ့မြင်ရသည်။

သူသည် ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်ပြန်ရာ သူသည် နန်းတွင်းပျိုဖြူတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွား၏။ သူသည် စားပွဲပေါ်ရှိ အရက်ကရားကို ယူ၍ဘီလူးကြီးထံသို့ လျှောက်သွားသည်။

ဘီလူးကြီး၏ ပတ်ဝန်းကျင်၌ မည်သည့် နန်းတွင်းပျိုဖြူမျှမရှိတော့ပေ။ ယခု နန်းတွင်းပျိုဖြူတစ်ယောက်ကပ်လာသောအခါဘီလူးကြီးသည် အလွန်အံ့သြသွားလေ၏။

ဘီလူးကြီးက–

"မင်း...ငါ့ကိုမကြောက်ဘူးလား.."

နဂါးက ပြုံးပြလိုက်၏။

"ကျွန်မက ဘာဖြစ်လို့ကြောက်ရမှာလဲ"

သူမသည် အရက်ကရားထဲမှ အရက်ကိုငှဲ့၍ပေးလိုက်လေ၏။

"သောက်လိုက်နော်...အစ်ကိုကြီး..."

ဘီလူးကြီးသည် သဘောကျစွာရယ်လိုက်၏။ သူသောင်းကျန်းနေသည်မှာ စားပွဲများ အားလုံး ဖရိုဖရဲဖြစ်နေသည်။ နန်းတွင်း ပျိုဖြူနှစ်ယောက်လည်းသေဆုံးသွားသည်။

"သောက်မယ်...၊ သောက်မယ်"

ဘီလူးကြီးက နန်းတွင်းသူမ လှမ်းပေးသော အရက်ခွက်ကို တစ်ခွက်ပြီးတစ်ခွက်မော့ချသောက်သုံးနေသည်။ အရက်ခွက်များ သောက်ပါများသောအခါ ဘီလူးကြီးပြန်မူးလာပြန်သည်။

နန်းတွင်းပျိုဖြူအဖြစ်ပြောင်းလဲထားသော နဂါးသည်အခွင့်အရေးကိုစောင့်နေသူဖြစ်ရာ ဘီလူးကြီး၏ ဓါးကိုဆွဲ၍ ခုတ်ချလိုက်လေသည်။

ဘီလူးကြီးမှာ ဘီလူးပါးပင်ဖြစ်၏။ အရက်အလွန်အကျွံမူးယစ်နေသော်လည်း သူသည် သတိရှိ၏။ လေတိုးသံ ကြားသည်နှင့် သူရှောင်တိမ်းပြီးဖြစ်သည်။

သူသည် နန်းတွင်းသူပျိုဖြူအား မျက်လုံးပြူး၍ကြည့်လေ၏။

"သင်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို လုပ်ကြံရတာလဲ၊



ကျုပ် သတိရှိပေလို့ပေါ့..."

နန်းတွင်းပျိုဖြူက ရယ်မောလိုက်၏။

"ကျွန်မဘယ်သူလဲဆိုတာ ရှင် မကြာခင်သိစေရပါမယ်"

သူမသည် ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်သည်နှင့် နဂါးတစ်ကောင်အဖြစ်သို့ပြောင်းလဲလိုက်၏။

"ကျုပ်က တခြားလူမဟုတ်ဘူး၊ နဂါးပဲ၊ ကွမ်ယင်မယ်တော်က ထန်စန်းကျွမ်းဆရာတော်စီးဖို့ကျုပ်ကို မြင်းတစ်ကောင်အဖြစ်ဖန်ဆင်းခဲ့တယ်၊ ကျုပ်ဟာ ပိဋကတ်သုံးပုံရရှိလာသည်အထိ အကူအညီပေးရမှာဖြစ်တယ်၊ ကျုပ် သင့်ကိုတိုက်ခိုက်တာပေါ့၊ သင်က ကျုပ်ရဲ့ဆရာကို ဒုက္ခရောက်အောင်လုပ်ထားတာကိုး၊ သင့်ကို ကျုပ်သတ်မယ်"

ဘီလူးကြီးက တဟားဟားရယ်မောလေ၏။

"မင်းကလား ငါ့ကို သတ်နိုင်မှာ"

နဂါးသည် လုံးဝစကားမပြောတော့ဘဲ ဘီလူးကြီးအားတိုက်ခိုက်လေတော့၏။ သူတို့နှစ်ယောက်သည်အပြန်ပြန်အလှန်လှန်တိုက်ခိုက်ကြသည်။ နောက်ဆုံးတိမ်တိုက်ပေါ်သို့ ရောက်ရှိသွားကြသည်။

အတန်ကြာသောအခါ နဂါးသည်ဘီလူးကြီးအားမနိုင်မှန်းသိလာသည်။ ထို့ကြောင့်သူထွက်ပြေးရတော့၏။ ဘီလူးကြီးသည် နဂါးကိုသတ်အံ့သောငှာ ထက်ကြပ်မကွာလိုက်လေ၏။

အတော်အတန်ကျယ်ဝန်းသော မြစ်တစ်ခုကိုတွေ့မြင်ရသောအခါ နဂါးသည် မြစ်ထဲသို့ထိုးဆင်းပြေးရတော့၏။

ဘီလူးကြီးသည် တောက်တစ်ချက်ခေါက်ပြီး နန်းတော်သို့လှည့်ပြန်လေတော့၏။ သူသည် အရက်ဆက်သောက်ရင်း နန်းရင်ပြင်၌ သောင်းကျန်းတော့သည်။

ကျူးပတ်ကိုင်သည် တိမ်ပေါ်မှ အောက်သို့ဆင်းပြေးခဲ့ရာလွန်စွာမောပန်းနေတော့သည်။ သူသည် မောပန်းလွန်းသဖြင့် ချုံပုတ်ထဲ၌အိပ်ပျော်သွားတော့၏။ အိပ်ရာမှလန့်နိုးလာသောအခါ ဖြစ်ပြီးခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်သတိရမိလေ၏။

"ဒုက္ခပဲ ငါလဲ မောမောနဲ့ အိပ်ပျော်သွားတယ်၊ ဆားဝူကျိန်းတော့

သေပြီနဲ့တူတယ်"

သူသည် မျက်မှောင်ကြုတ်လျက်စဉ်းစားနေရသည်။

"ငါ ဘာဆက်လုပ်ရမလဲ"

သူသည် နားရွက်ခတ်ပြီး သူ့ဘာသာသူပြောလိုက်သည်။

"ငါ..ဘီလူးကြီးကိုမှ မနိုင်တာဘဲ၊ ဆရာကို ပြန်လျှောက်ရင်ပြီးတာပဲ..."

သူသည် ချုံပုတ်ထဲမှ တိုးထွက်ပြီးရတနာဟတ္ထိနိုင်ငံသို့ပြန်သွားလေတော့၏။ ရတနာဟတ္ထိမြို့တော်တစ်မြို့လုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျူးပတ်ကိုင်သည် ရွှေနန်းတော်ထဲသို့ တိတ်တဆိတ်ဝင်လာ၏။

သူသည် ထန်စန်းကျွမ်းဆရာတော်မည်သည့်နေရာ၌ အိပ်စက်နေမှန်းမသိသဖြင့် ဥယျာဉ်ထဲသို့စတင်ဝင်လာလေ၏။

"ငါတစ်ရေးအိပ်လိုက်ဦးမယ်၊ ညကြီးဆိုတော့ ဆရာ့ကိုနှိုးရတာအားနာစရာကောင်းနေတယ်၊ မနက်ကျမှပဲ အကျိုးအကြောင်းသွားပြောပြတော့မယ်"

သူသည် အိပ်ရန်ပြင်ဆင်လေ၏။

ထိုအခါ မှောင်ထဲမှ မျက်လုံးတစ်စုံက သူ့အား စိုက်ကြည့်နေသည်ကို တွေ့ရသဖြင့် သူသည် ရင်ထိတ်သွားလေ၏။

"ဘယ်သူလဲ.."

သူသည် မှောင်ထဲသို့ တိုးဝင်၍ ကြည့်လိုက်သောအခါ ဆရာတော်စီးသည့် မြင်းဖြူကြီးဖြစ်နေတော့သည်။

"ငါဘယ်သူလဲမှတ်တယ်၊ မြင်းကြီးကိုး...ကဲ..ကဲ ငါလဲအိပ်ဦးမှ"

"သင့်မှာ အိပ်ချိန်ရှိသေးလို့လား"

ကျူးပတ်ကိုင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဟောဗျာ.. မင်းက စကားပြောတတ်တာကိုး"

မြင်းဖြူကြီးက-

"ကျုပ်စကားပြောတတ်တာ၊ မပြောတတ်တာကအရေးမကြီးဘူး၊ အခု ဆရာ ဒုက္ခရောက်နေပြီ"



"ဆရာ... ဘာဒုက္ခရောက်နေလို့လဲ"

"ဘီလူးကြီးတစ်ကောင် ရုပ်ဖျက်ပြီး ဝင်ရောက်လာတယ်"

သူက ဘီလူးကြီး ရုပ်ဖျက်လာသည့်အကြောင်း၊ ဆရာတော့်ကို 'ကျား' အဖြစ်ဖန်ဆင်းထားသည့်အကြောင်း၊ နန်းရင်ပြင်၌ နန်းတွင်းမျိုးဖြူနှစ်ဦးကို ဘီလူးကြီး စားသောက်သည့်အကြောင်း၊ သူနှင့်အပြန်အလှန်တိုက်ခိုက်သည့်အကြောင်း၊ သူထွက်ပြေးရသည့်အကြောင်းနှင့် ယခုနန်းရင်ပြင်၌ ဘီလူးကြီးပြန်လည်သောင်းကျန်းနေသည့်အကြောင်းများကို ပြန်လည်ပြောပြလိုက်၏။

"ဩော်..ဒါကြောင့် မင်းတစ်ကိုယ်လုံးရေတွေစိုနေတာကိုး..."

"ဟုတ်တယ်၊ ကျုပ်ရေထဲဆင်းပြေးရတယ်၊ သူဆက်မလိုက်လို့တော်သေးတာပေါ့"

"ဒဏ်ရာတွေ ဘာတွေကောရသေးသလား"

"မရပါဘူး"

"ကဲ..မင်းလဲမင်းရဲ့ ပင်လယ်ကိုပြန်ပေတော့၊ ငါလဲငါ့သစ်တောအုပ်လိုဏ်ဂူရှိတဲ့နေရာကို ပြန်မယ်..၊ ငါတို့ဝဋ်က လွတ်ကင်းပြီ"

မြင်းဖြူကြီးသည်ခေါင်းကိုသွက်သွက်ခါအောင်ခါယမ်းတော့၏။

"အခုဆရာဒုက္ခရောက်နေပြီ၊ ဆရာဒုက္ခရောက်နေချိန်မှာ ကိုယ့်ဆရာကို ကိုယ်ပစ်ပြေးတာဆရာ့အပေါ် သစ္စာမဲ့တာပဲ...၊ ကျုပ်ကတော့ထွက်မပြေးဘူး..."

ကျူးပတ်ကိုင်က စိတ်ပျက်လက်ပျက်ပြောသည်။

"ငါကလဲ ဒီဘီလူးကို မနိုင်ဘူး၊ မင်းလဲမနိုင်ဘူး၊ ဆားဝှကျိန်းလဲမနိုင်ဘူး၊ ငါတို့ ကိုယ်နေရာ ကိုယ်မပြန်လို့ ဘာလုပ်ရမှာလဲ"

"နည်းလမ်း ရှာရမှာပေါ့"

"ဘယ်လိုနည်းလမ်းလဲ"

"ဘီလူးကြီးကို နိုင်မယ့်သူဟာ တစ်ယောက်တည်းရှိတယ်၊ သူ့ကို သွားခေါ်သင့်တာပေါ့..."

ကျူးပတ်ကိုင်က-

"သင်က စွန်းဟိန်ကျဲကို ပြောနေတာလား..."

"ဟုတ်တယ်၊ ကျုပ်သူ့ကို ပြောတာပေါ့၊ အစ်ကိုကြီးဟာတန်ခိုးအင်မတန်ရှိတယ်၊ နောက်ပြီး သူထင်တာကိုလဲ စွပ်လုပ်တတ်တယ်၊ သူ့ကို သွားခေါ်ရင်အကောင်းဆုံးပါပဲ..."

ကျူးပတ်ကိုင်က ခေါင်းယမ်းလိုက်၏။

"မဖြစ်ဘူး..ညီလေး...သူနဲ့ငါကသိပ်မတည့်ဘူး၊ သူ့ကိုဆရာကနှင်ဖို့ ငါက ချောက်တွန်းထားသလိုဖြစ်နေတယ်..."

နဂါးက ခေါင်းညိတ်၏။

"ကျုပ်သိတာပေါ့၊ သူ့ကို ဆရာအထင်မှား အမြင်မှားဖြစ်အောင်သင်ပဲပြောနေတာပဲ၊ သင်ပဲချောက်တွန်းနေတာပဲ..၊ ဒါကြောင့်မို့ သူ့ကိုပြန်ခေါ်ဖို့ သင့်မှာ တာဝန်ရှိနေတယ်.."

ကျူးပတ်ကိုင် မရေရာသောအကြောင်းပြချက်များဖြင့်ပြောသည်။

"ငါက သူ့ကို ချောက်တွန်းတာမဟုတ်ပါဘူး၊ စ,တာပါ၊ ဆရာက အထင်အမြင်လွဲမှားသွားတာပါ"

"ဘာအကြောင်းပဲဖြစ်ဖြစ်..၊ အခုဆရာ ဒုက္ခရောက်နေပြီ၊ ဆရာ့ကိုကျုပ်တို့ကယ်တင်ဖို့ တာဝန်ရှိတယ်၊ တာဝန်ကရှောင်မပြေးပါနဲ့..."

ကျူးပတ်ကိုင်သည် သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ... ငါသွားပါတော့မယ်၊ တကယ်လို့သူလိုက်မလာရင် ပြန်မလာတော့ဘူး၊ သင်လဲပြန်ပေတော့"

နဂါးက–

"သွားသာသွားပါ၊ ဆရာဒုက္ခရောက်နေတဲ့အကြောင်းသာပြောဖြစ်အောင်ပြောပါ၊ သူဟာ သင့်ထက် ဆရာကို သံယောဇဉ်ရှိပါတယ်၊ ဆရာ့အကြောင်းသူသိရင် သူဟာနေနိုင်မှာမဟုတ်ပါဘူး၊ အမြန်လိုက်လာမှာသေချာပါတယ်..."

ကျူးပတ်ကိုင်က–

"အဲဒီစကားတော့မပြောပါနဲ့ ၊ ငါလဲ ဆရာ့ကို သံယောဇဉ်ရှိပါတယ်၊ ငါတို့ဘီလူးကြီးကို နိုင်မှမနိုင်တာ၊ ကဲ...ငါသွားပြီ၊ မင်းသာအခြေအနေကို စောင့်ကြည့်နေပေတော့"

သူသည် စကားဆုံးသွားသည်နှင့် ကောင်းကင်ပေါ်ရှိ တိမ်တိုက်



တစ်ခုပေါ်သို့ခုန်တက်သွား၏။ ထို့နောက် တောင်ပင်လယ်ရှိဟွာကိုးစန်းတောင်သို့အလျင်အမြန်သွားလေတော့၏။

နံနက်လင်းချေပြီ။

နေရောင်ခြည်သည် နွေးထွေးနေ၏။

ဟွာကိုးစန်းတောင်တစ်ခုလုံးသည် မျောက်မင်းစွန်းဝူခုံးပြန်လာ၍လားမသိ၊ တစ်တောင်လုံးလှပနေ၏။ မျောက်မင်းသည် မျောက်များအား သစ်ပင်များ ပြန်လည်စိုက်ပျိုးရန် အမိန့်ပေးထားသည်။

တသွင်သွင်တိုက်ခတ်နေသော လေပြည်ထဲမှ ပန်းရနံ့များကိုရှူရှိုက်သောအခါ ကျူးပတ်ကိုင်ရင်ထဲ အေးမြသွားလေ၏။

သူသည် ဟွာကိုးစန်းတောင်မှ တောင်ဖက်လမ်းအတိုင်းလျှောက်လာလေ၏။ မကြာမီ တောင်ခုလတ်လွင်ပြင်တစ်ခုသို့ရောက်ရှိလာလေ၏။

"ဟော..."

တွေ့ပါလေပြီ။ ကျူးပတ်ကိုင်သည်မျောက်အုပ်ကြီးကို တွေ့ရှိရလေတော့၏။

စွန်းဟိန်ကျဲသည် မျောက်အုပ်ကြီး၏ဂါရဝပြုခြင်းကိုခံယူနေ၏။

ယခု ကျူးပတ်ကိုင်မြင်ရသော စွန်းဟိန်ကျဲမှာ ယခင်စွန်းဟိန်ကျဲမဟုတ်တော့ပေ။ ယခင်က ဝတ်စားဆင်ယင်မှုမျိုး မဝတ်ဆင်တော့ပေ။

သူ့ခေါင်းပေါ်တွင် ရှည်လျားသော ငှက်မွေးနှစ်ချောင်းဖြင့်မွမ်းမံထားသည်၊ သရဖူတစ်လုံးကို ဆောင်းထား၏။ သူ့ကိုယ်ပေါ်တွင် အဝါရောင်ပိုးဖဲတို့ဖြင့်ချုပ်လုပ်ထားသော ဝတ်စုံတစ်စုံရှိနေသည်။

ကျူးပတ်ကိုင်သည် ရင်ထဲမှ ကျိတ်၍ပြောလိုက်၏။

"မင်းက ဒီကိုပြန်ချင်မှာပေါ့၊ ဒီမှာဆိုရင် မင်းကဘုရင်ပဲ..၊ကိုယ့်သဘောနဲ့ကိုယ်လုပ်ချင်ရာကိုလုပ်နိုင်တာပဲ...၊ ဘယ်သူ့မဆို ကိုယ်နေရာမှာတော့ကိုယ်ဘုရင်ပဲ၊ ဒါတောင် မပြန်ချင်သလိုလို ဆရာ့ကိုတောင်းပန်နေသေးတယ်.."

အမှန်မှာ စွန်းဟိန်ကျဲသည် ဆရာတော်ကို သံယောဇဉ်ရှိသဖြင့် ပိဋကတ် သုံးပုံ ရရှိသည်အထိ သူလိုက်ပါ ပို့ဆောင် ပေးလိုသည်ကအမှန်ပင် ဖြစ်ပါသည်။ ဤသည်ကို ကျူးပတ်ကိုင်က အထင်မှားနေခြင်း

ဖြစ်သည်။ မလိုတမာ ဖြစ်နေခြင်းဖြစ်သည်။

သူသည် မျောက်အုပ်စုအနီးသို့လျှောက်သွား၏။ သို့သော်...ဆင်ဖြူမျက်နှာ၊ ဆင်မဲ မကြည့်ဝံ့သလို စွန်းဟိန်ကျဲနှင့် ရင်မဆိုင်ဝံ့ဘဲရှိနေသည်။ သို့သော်...ရောက်ပြီးမှတော့ စွန်းဟိန်ကျဲကို မတွေ့လျှင် မဖြစ်တော့ချေ။ သူသည် မျောက်အုပ်ထဲ ရောနှောထိုင်လိုက်ပြီး စွန်းဟိန်ကျဲအား ဂါရဝပြုလေ၏။

စွန်းဟိန်ကျဲ၏မျက်စိသည် အလွန်လျင်မြန်လှသဖြင့်မျောက်အုပ်ကြားထဲတွင် ရောက်ရှိနေသော ကျူးပတ်ကိုင်အား ထူးခြားနေသူ တစ်ဦးအဖြစ် သိလိုက်သည်။

"ဟေ့.. ငါတို့ မျောက်တွေကြား... ဘယ်ကလူရိုင်းတစ်ယောက်ရောက်နေတာလဲ...၊ ရှေ့ကို ခေါ်ခဲ့စမ်း..."

မျောက်များသည် ကျူးပတ်ကိုင်အား ရှေ့သို့ တွန်းထိုးခေါ်ငင်ခဲ့ကြသည်။

ကျူးပတ်ကိုင်သည် သူ၏ကြီးမားသော နားရွက်ကြီးကိုဖုံးထား၏။ သူ၏ရှည်လျားသော နှာခေါင်းအားလည်းဖုံးထား၏။ ရုတ်တရက် စွန်းဟိန်ကျဲ မမှတ်မိနိုင်စေရန်ဖြစ်သည်။

စွန်းဟိန်ကျဲက–

"သင်က ဘယ်ကလူရိုင်းလဲ..၊ ငါတို့မျောက်အုပ်နဲ့ သင်နဲ့က တ ခြားစီပဲ...၊ ဘာကိစ္စနဲ့ သင်ရောက်လာတာလဲ"

ကျူးပတ်ကိုင်က–

"ကျွန်ုပ် လူရိုင်းမဟုတ်ပါဘူး"

"လူရိုင်းမဟုတ်ရင် ဘာလဲ"

ကျူးပတ်ကိုင်သည် သူ၏ကြီးမားသော နားရွက်နှင့် ရှည်လျားသောနှာခေါင်းအား ဖွင့်ပြလိုက်၏။

"ကျုပ်ကို မမှတ်မိတော့ဘူးလား အစ်ကိုကြီး"

"ဟာ..."

စွန်းဟိန်ကျဲသည် အလွန်အံ့ဩသွား၏။

"သင်က ကျူးပတ်ကိုင်ကိုး...."



"ဟုတ်ပါတယ် အစ်ကိုကြီး"

"မင်းက ဆရာပိဋကတ်သုံးပုံ ပင့်ဆောင်မယ့်ခရီးကို မလိုက်ပါဘဲ ဘယ်နဲ့ငါ့ဆီကို ရောက်လာရတာလဲ"

ကျူးပတ်ကိုင်သည် အမှန်အတိုင်းမပြော လိမ်ပြောလိုက်သည်။

"ဆရာက အစ်ကိုကြီးကို သတိရလွန်းလို့ ကျုပ်ကိုလာခေါ်ခိုင်းလိုက်တာပါ"

စွန်းဟိန်ကျဲက စဉ်းစားသည်။ ထို့နောက် ကျူးပတ်ကိုင်ကို လေးနက်စွာပြောသည်။

"ကျူးပတ်ကိုင် ... ဆရာဟာ ကျောက်ပြားပေါ်မှာစာရေးပြီးငါ့ကို တပည့်အဖြစ်က စွန့်လွှတ်လိုက်ပြီ၊ ငါ့ကို ဆရာဘယ်နည်းနဲ့မှ ခေါ်မှာ မဟုတ်ပါဘူး၊ ဒါကို ငါသိတယ်"

ကျူးပတ်ကိုင် စကားမပြောတော့ချေ။

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင် ငြိမ်နေပုံကိုကြည့်ပြီး တစ်ခုခု ထူးခြား နေပြီကို ရိပ်မိသည်။

"ဟေ့ကောင် မှန်မှန်ပြောစမ်း..၊ ဆရာ ဒုက္ခရောက်နေပြီ မဟုတ်လား"

ကျူးပတ်ကိုင်က ခေါင်းခါယမ်းလိုက်ပြီး ဇွတ်လိမ်သည်။

"သူ ဘာမှမဖြစ်ဘူး၊ အစ်ကိုကြီးကို သတိရလို့ပါ..."

စွန်းဟိန်ကျဲသည် ထိုစကားကို ဆက်မမေးတော့ချေ။

အစ ဖြတ်လိုက်သည်။

"ကဲ...မင်းလဲ ငါ့ဆီရောက်တုန်း ပေါက်တုန်း ငါအကောင်းဆုံး ဧည့်ခံလိုက်ပါမယ်၊ ကဲ..စားချင်တာစား...၊ ငါ့မှာ ရှိသမျှကို မင်းစားစေရမယ်..."

စွန်းဟိန်ကျဲသည် လက်ခုပ်တီးလိုက်၏။ မျောက်များသည် သစ်သီးဝလံများကို ကျူးပတ်ကိုင်ရှေ့ လာရောက်ချပေးလေ၏။

ကျူးပတ်ကိုင်မှာ အလွန်ဆာလောင်မွတ်သိပ်နေသဖြင့်အငန်းမရ စားသောက်တော့သည်။

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင် အစားအသောက်လောဘကြီးလှ

သည်ကိုသိသဖြင့် လိုသမျှကို ချပေးပြီး ပြုံးပြုံးကြီးကြည့်နေလေ၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၈၉)

## မြော်မြင်ဆင်ခြင်နိုင်သောတပည့်ကြီး

ကျူးပတ်ကိုင်သည် အတော်ဗိုက်ဝသွားသောအခါ စကားပြောရန် ပါးစပ်ဟလိုက်၏။

"အစ်ကိုကြီး..."

စွန်းဟိန်ကျဲက လက်တားလိုက်သည်။

"ငါ့ဆီရောက်တုန်းပေါက်တုန်း ငါတို့ ဟွာကိုးစန်းတောင်စခန်း ဘယ်လောက်လှသလဲဆိုတာ လိုက်ပြရမယ်.."

သူသည် ကျူးပတ်ကိုင်အား ခေါ်၍ တောင်တန်း၊ သစ်တောနှင့် ရေတံခွန်တို့အား လိုက်လံပြသလေ၏။ ပြီးဆုံးသွားသောအခါစွန်းဟိန်ကျဲ ကပြော၏။

"ကဲ..မင့်းကိုလဲ ငါပြသလို့ ကုန်ပြီ၊ မင်းလဲပြန်ပေတော့"

ကျူးပတ်ကိုင်က–

"အစ်ကိုကြီးကော မလိုက်ဘူးလား"

စွန်းဟိန်ကျဲက ခေါင်းယမ်းလိုက်၏။

"ငါမလိုက်တော့ဘူး၊ ဆရာ့ကို ကျေးဇူးတင်တဲ့အကြောင်း ပြန်ပြောလိုက်ပါကွာ...."

ကျူးပတ်ကိုင်မှာ ထပ်မံမပြောဝံ့တော့သဖြင့် စွန်းဟိန်ကျဲအား နှုတ်ဆက်၍ ဟွာကိုးစန်းတောင်မှ ထွက်ခွာသွားရလေ၏။

ကျူးပတ်ကိုင် တောင်ထိပ်မှ ဆင်းသွားသည်နှင့် စွန်းဟိန်ကျဲသည် မျောက်နှစ်ကောင်အား အမိန့်ပေးလိုက်သည်။

"မင်းတို့နှစ်ကောင် ဟိုဝက်ပုတ်နောက်ကိုလိုက်စမ်း....၊ သူမသိအောင်လိုက်နော်...၊ ဒီကောင်ကဗျစ်တောက်ဗျစ်တောက်ပြောတတ်တယ်၊ သူဘာတွေပြောသလဲဆိုတာ နားထောင်ခဲ့စမ်း..."

မျောက်နှစ်ကောင်တို့သည် လျင်မြန်စွာ လိုက်သွားလေ၏။ ကျူးပတ်ကိုင်သည် မျောက်နှစ်ကောင်လိုက်လာသည်ကို မသိချေ။ မျောက်နှစ်ကောင်ကလည်း ဘေးမှ သစ်ပင်အကြိုအကြားမှ လိုက်ပါလာကြသည်။

သူသည် စွန်းဟိန်ကျဲပြောသည့်အတိုင်း စကားကို ဗျစ်တောက်ဗျစ်တောက်နှင့် ပြောကြားလာလေ၏။

"မျောက်စုတ်...မျောက်နာ..လူပါးဝတဲ့မျောက်...သစ္စာမဲ့တဲ့မျောက် သူ ဘုရင်အဖြစ် ခံစားနေရလို့ ငါတို့ခံစားရတဲ့ဒုက္ခတွေ မေ့နေပြီ၊ ဆရာကတော့ ဟိုမှာ ဒုက္ခရောက်နေပြီ...၊ သူကတော့ ဒီမှာဇိမ်နဲ့နေတယ်၊ တစ်နေ့ဒီမျောက်စုတ်ကို မိုးကြိုးပစ်လိမ့်မယ်"

သူသည် အယုတ္တအနတ္တမျိုးစုံသုံးလျက် စွန်းဟိန်ကျဲအား ဆဲရေးသွားလေ၏။

မျောက်နှစ်ကောင်သည် သူတို့ကြားသိသမျှကို စွန်းဟုန်ကျဲအား ပြန်ပြောလေတော့၏။

စွန်းဟိန်ကျဲသည် အကြီးအကျယ်ဒေါသထွက်လေ၏။

"ငါမေးတုန်းကတော့ ဆရာဘာမှမဖြစ်သယောင်ပြောတယ်၊ ငါ့ကွယ်ရာကျတော့ ငါကဆရာ့ကို မကယ်လို့ဆိုပြီးတော့ ငါ့ကိုဆဲတယ်၊ ဒီဝက်ပုတ်ကို သွားဖမ်းခဲ့ကြစမ်း"

မျောက်အကောင်ငါးဆယ်ခန့် တစ်ဟုန်ထိုးပြေးလွှားသွားကြ၏။

ကျူးပတ်ကိုင်သည် မျောက်များလာရောက်ဖမ်းဆီးသောအခါ မျောက်များကိုလည်း ထိခိုက်ဒဏ်ရာရအောင် မလုပ်ရဲချေ။ စွန်းဟိန်ကျဲ စိတ်ဆိုးမည်ကို စိုးရိမ်သည်။ စွန်းဟိန်ကျဲ စိတ်ဆိုးလျှင် တစ်ဖွတ်ထိုး



လုပ်တတ်သည်မဟုတ်ပါလား။

မျောက်တို့သည် ကျူးပတ်ကိုင်အား တွန်းထိုးခေါ်ငင်လာကြ၏။

စွန်းဟိန်ကျဲက ကြည့်လိုက်သောအခါ အကျီများစုတ်ပြဲပြီး ဦးခေါင်း၌လည်း ဘုများဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ မျက်နှာတစ်ခုလုံးလည်း ရှုံ့မဲ့နေသည်။

စွန်းဟိန်ကျဲက–

"မင်း...ငါ့ဆီရောက်လာတော့ ငါက ဝမ်းသာအားရနဲ့မင်းကိုပြုစုတယ်၊ အစားအသောက်ကျွေးမွေးတယ်၊ ငါ့ရဲ့ဟွာကိုးစန်းတောင်စခန်းကို လိုက်ပြတယ်၊ ငါ့ကွယ်ရာလဲကျရော ငါ့ကို အပြစ်ပြောတော့တာပဲ၊ အဲဒါဘာကောင်းသလဲ"

ကျူးပတ်ကိုင်က တွင်တွင်ငြင်းသည်။

"အစ်ကိုကြီး...ကျုပ် ဘာမှမပြောပါဘူးဗျာ"

စွန်းဟိန်ကျဲက–

"ငါ့အကြောင်းကို မင်းသိတယ်၊ ငါ့ကိုလိမ်လို့ မရပါဘူး၊ ငါ့ရဲ့နားရွက်တစ်ချက် ခတ်လိုက်တာနဲ့ ငရဲပြည်မှာ ပြောတဲ့စကားသံတောင် ငါ ကြားနိုင်တယ်"

ကျူးပတ်ကိုင်မှာ ပါးစပ်ပိတ်နေရတော့သည်။

စွန်းဟိန်ကျဲက–

"ငါကဆရာ့အကြောင်းမေးတယ်၊ မင်းကလိမ်ပြောတယ်၊ ပြောစမ်း...၊ အခု....ဆရာ ဒုက္ခရောက်နေတယ် မဟုတ်လား၊ ဒီဒုက္ခကို မင်းတို့မကယ်နိုင်တော့ဘူး မဟုတ်လား..."

ကျူးပတ်ကိုင် မလိမ်ဝံ့တော့ချေ။

"ဟုတ်ပါတယ် အစ်ကိုကြီး... ဆရာ ဒုက္ခရောက်နေပါပြီ"

"မင်း အခုငါ့ဆီလာတာ ငါ့ဆီက အကူအညီ့လာတောင်းတာ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"ဆရာ အခုဘယ်မှာလဲ"

ကျူးပတ်ကိုင်သည် ဆရာတော်အား လခြမ်း ကျောင်းတော်မှ

ဘီလူးဖမ်းခြင်းမှ အစပြု၍ နောက်ဆုံးမြင်းဖြူကြီးကသူ့အား စွန်းဟိန်ကျဲအား သွားရောက်ခေါ်ငင်ရန် အဆိုပြုသည်အထိ ဖြစ်ရပ်အားလုံးအား ပြောပြလေတော့၏။

စွန်းဟိန်ကျဲက–

"မင်းက အဲဒီဘီလူးကို ငါ့နာမည်ထုတ်မပြောလိုက်ဘူးလား"

သူတို့သည် ထိုအချက်ကို မေ့နေခဲ့သည်။ စွန်းဟိန်ကျဲ၏အမည်ကိုထုတ်ပြောလိုက်ပါက ဤအဖြစ်သို့ရောက်ချင်မှရောက်ပေမည်။သူသည် အကြီးအကျယ် နောင်တရသွားလေ၏။သို့သော်... စွန်းဟိန်ကျဲကအပြစ်ပြောမည်ကို စိုးရိမ်သဖြင့် သူသည် မဟုတ်မမှန်လိမ်ညာပြောလိုက်သည်။

"ပြောတာပဲ အစ်ကိုကြီးရယ်... မပြောဘဲနေပါ့မလား"

စွန်းဟိန်ကျဲအံ့ဩသွားသည်။ သူ့နာမည်ကို ထုတ်ပြောပါလျက် ဤဘီလူးက ဤသို့ပြုမူခဲ့ခြင်းဖြစ်လေသလော။

"ဘီလူးက ဘာပြောသလဲ"

"အင်မတန်ခေါင်းမာတဲ့ ဘီလူး...၊ အတော်ကြီးကျယ်တဲ့ဘီလူး...၊ မင်းတို့ စွန်းဟိန်ကျဲကို ခေါ်ခဲ့စမ်း၊ သူကဝက်ဆိုရင် အရေခွံနွှာပြီး ပြုတ်စားမယ်၊ သူက မျောက်ဆိုရင် အကင် ကင်စားမယ်လို့ပြောပါတယ်"

စွန်းဟိန်ကျဲသည် ထိုစကားကိုကြားသောအခါ သူ့ဒေါသကို မထိန်းနိုင်တော့ပေ။ ကျူးပတ်ကိုင် အပိုပြောတတ်သည်ကို သူမေ့သွားလေ၏။

"ဟင်း...ငါ့နာမည်ကိုကြားရင် သူလေးစားသွားရမယ်၊ အခုတော့ ပေါက်ကရ စကားတွေ ပြောပြီးငါ့ကို အထင်သေးကြောင်းပြတယ်၊ ငါ့အကြောင်းသိရတော့မှာပေါ့"

ကျူးပတ်ကိုင်က–

"ဟုတ်ပါတယ်၊ ဒီဘီလူးကို ဆုံးမသင့်ပါတယ် အစ်ကိုကြီး"

စွန်းဟိန်ကျဲသည် ထိုင်ရာမှထလိုက်သည်။

"ငါဝတ်လာတဲ့ အဝတ်အစားတွေထုတ်ပေးစမ်း"

မျောက်ကြီးလေးကောင်မှာ စိတ်မကောင်း ဖြစ်သွားကြသည်။ သူတို့၏အရှင်သခင်ထပ်မံလိုက်သွားလျှင် သူတို့ကိုးကွယ်ရာမဲ့ဖြစ်ချေတော့မည်။



"အရှင်မျောက်မင်း... လိုက်သွားဦးမလို့လား"

စွန်းဟိန်ကျဲက ခေါင်းညိတ်လိုက်၏။

"ငါလိုက်သွားမှဖြစ်မယ်၊ ထန်စန်းကျမ်းဆရာတော် ပိဋကတ်သုံးပုံပင့်ဆောင်မပြီးမချင်း ငါစိတ်အေးရမှာ မဟုတ်ဘူး၊ ဒီတော့ မင်းတို့စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေကြပါ၊ ဟွာကိုးစန်းတောင်ပတ်ဝန်းကျင်ကိုလဲ သစ်ပင်စိုက်ကြပါ၊ မုဆိုးတွေလဲမလာရဲတော့ပါဘူး၊ မင်းတို့အားလုံးတက်ညီလက်ညီနဲ့ အမျိုးကိုစောင့်ရှောက်ရင် ဘယ်သူမှ အမျိုးကိုမဖျက်ဆီးနိုင်ဘူး...."

သူသည် မျောက်ကြီးများ ယူလာသည့်ဝတ်စုံကို ပြန်လည်ဝတ်ဆင်လိုက်၏။ သူသည် မျောက်များကို နှုတ်ဆက်ကာ ကျူးပတ်ကိုင်နှင့်အတူ ရတနာဟတ္တိနိုင်ငံသို့ လိုက်ပါသွားတော့၏။သူတို့သည်တိမ်တိုက်ကိုစီးလာကြရာ မကြာမီလခြမ်းကျောင်းတော်သို့ ရောက်ရှိလာကြ၏။

ကျူးပတ်ကိုင်က ညွှန်ပြလိုက်၏။

"အစ်ကိုကြီး ဟိုမှာ ရွှေရောင်တဝင်းဝင်းနဲ့ စေတီကိုတွေ့တယ်မဟုတ်လား"

"အင်း..တွေ့တယ်"

"အဲဒါ.. ဘီလူးကြီးနေထိုင်တဲ့ကျောင်းတော်ပေါ့၊ အခုဘီလူးကြီးဟာ ရတနာဟတ္တိနေပြည်တော်ကို ရောက်နေတယ်၊ ဒီမှာ ဘယ်သူ့မှရှိဟန်မတူဘူး...."

"အဲဒီနေရာကို ဆင်းကြည့်မယ်"

"ဘီလူးမှ မရှိတာဘဲ"

စွန်းဟိန်ကျဲက–

"မင်းပြောပြထားလို့ ငါအားလုံးသိထားပြီးပါပြီ၊ မင်းငါ့ကိုဆရာမလုပ်ပါနဲ့၊ ငါပြောသလိုသာ မင်းလုပ်ပါ"

မကြာမီ သူတို့သည် ကျောင်းတော်ခေါင်မိုးအထက်ကောင်းကင်သို့ရောက်ရှိလာကြ၏။

သူက ကျူးပတ်ကိုင်အား မှာကြားသည်။

"မင်း... ဒီမှာ နေရစ်ပါ..၊ ငါဆင်းပြီးအခြေအနေသွားကြည့်လိုက်ဦးမယ်..."

"ဟုတ်ကဲ့အစ်ကိုကြီး"

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ မြေပြင်သို့ ဆင်းသွားလေတော့၏။

ကျောင်းရှေ့ မြေပြင်ကွက်လပ်တစ်ခုရှိရာ ကလေးနှစ်ဦး ဆော့ကစားနေသည်ကို တွေ့ရလေ၏။ တစ်ယောက်က ဆယ့်နှစ်နှစ်ခန့်ရှိပြီး၊ တစ်ယောက်က ရှစ်နှစ်ခန့်သာရှိသည်။ ထိုကလေးနှစ်ယောက်မှာ ဘီလူးကြီး၏သမီးများဖြစ်မည်ဟု စွန်းဟိန်ကျဲခန့်မှန်းသိရှိလိုက်သည်။သူသည် ဘာမျှမပြောဘဲ၊ ထိုကလေးနှစ်ယောက်အားဆွဲ၍ ချောက်ကမ်းပါးအစွန်သို့ ခေါ်သွားလေ၏။ ကလေးနှစ်ယောက်သည် ထိတ်လန့်သွားကြပြီး အော်ဟစ်အကူအညီတောင်းကြလေတော့သည်။

ပန်းတစ်ရာမင်းသမီးသည်ကလေးများအော်သံကြားသဖြင့်ကမန်းကတန်း ပြေးထွက်လာသည်။ ကလေးနှစ်ယောက်အား စွန်းဟိန်ကျဲက ချောက်ကမ်းပါးမှတွန်းချမည်တကဲကဲ ပြုလုပ်နေသည်ကို မြင်ရသောအခါ သူမသည် အကြီးအကျယ် ထိတ်လန့်သွားလေတော့၏။

သူမက–

"ရှင်ဘယ်နဲ့လုပ်နေတာလဲ၊ ရှင်သာ ကလေးတွေကို ချောက်ထဲ တကယ်ပစ်ချကြည့်...၊ ရှင့်အသက်ကို ဖက်နဲ့ထုပ်ထားပေတော့၊ ရှင့်ကို ကလေးတွေအဖေ ဘီလူးကြီးက အသေသတ်မှာ..."

စွန်းဟိန်ကျဲက–

"ကျုပ်ဟာ ထန်စန်းကျွမ်းဆရာတော်ရဲ့တပည့်ကြီးစွန်းဟိန်ကျဲပဲ၊ သင့်ရဲ့ယောကျ်ားဘီလူးကြီးဟာ ကျုပ်ရဲ့ညီတစ်ယောက်ကို ဖမ်းထားတယ် ကလေးတွေ မသေစေချင်ရင် သူ့ကိုလွှတ်ပေးပေတော့"

ပန်းတစ်ရာမင်းသမီးသည် ကျောင်းထဲသို့ပြန်ဝင်သွား၏။ သူမသည် ဆားဝူကျိန်းကို အချုပ်ခန်းထဲမှ ထုတ်ပေးလိုက်သည်။

ဆားဝူကျိန်းက–

"သင်က ကျုပ်ကို လွှတ်ပေးတာ အရေးမကြီးပါဘူး...၊ တော်ကြာ



ဘီလူးကြီးက သင့်ကို လိုက်သတ်နေပါဦးမယ်၊ ပထမတစ်ခါထဲက ဒီဘီလူး ရက်စက်တာကို ကျုပ်သိတယ်...."

ပန်းတစ်ရာမင်းသမီးက–

"အခြေအနေက ရှင်ထင်သလို မဟုတ်ပါဘူး၊ အခုအပြင်မှာ ထန်စန်းကျွမ်းဆရာတော်ရဲ့တပည့်ကြီးရောက်နေပါတယ်၊ သူက ရှင့်ကို လွှတ်မပေးရင် ကျွန်မရဲ့ရင်သွေးနှစ်ယောက်ချောက်ထဲတွန်းချမယ်လို့ပြောနေတယ်ရှင့်"

ဆားဝူကျိန်းသည် စွန်းဟိန်ကျဲရောက်လာသည်ဟုကြားသိရသောအခါ လွန်စွာဝမ်းသာ အားတက်သွားလေ၏။

"အစ်ကိုကြီး ပြန်ရောက်လာပြီ ဟုတ်လား"

သူသည် အော်ဟစ်ရင်း ပြေးထွက်သွားလေတော့၏။

စွန်းဟိန်ကျဲသည် ဆားဝူကျိန်းကို ပြုံး၍ကြည့်နေသည်။

ဆားဝူကျိန်းသည် စွန်းဟိန်ကျဲကို ဒူးထောက်ဂါရဝပြုလေ၏။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးရောက်လာလို့မှ ကျုပ်မလွတ်ရင် ကျုပ်အသေခံလိုက်ပါမယ်ဗျာ.."

စွန်းဟိန်ကျဲက–

"မင်းအခုမှ ကျေးဇူးတင်စကား လာပြောမနေနဲ့၊ ဆရာကငါ့ကို နှင်လွှတ်တုန်းကတော့ ငါ့ဘက်က တစ်ခွန်းဝင်ပြောဖော်မရဘူး.."

"အစ်ကိုကြီးရယ်၊ ကျုပ်ကညီအငယ်ဆုံးပါ၊ ကျုပ်စကားကိုဘယ်သူကမှ အရေးထားတယ်လို့မထင်ပါဘူး၊ ဒါကြောင့်အစ်ကိုကြီးဘက်က ဝင်မပြောမိတာပါ၊ ကျုပ်စိတ်ထဲမှာတော့ အစ်ကိုကြီးကို စတွေ့ကတည်းက အခုအထိ ရိုသေလေးစားလျက်ပါ..."

စွန်းဟိန်ကျဲသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

ထို့နောက်သူသည် ကောင်းကင်သို့ မော့၍အော်လိုက်၏။

"အောက်ကို ဆင်းလာခဲ့တော့ ကျူးပတ်ကိုင်"

စွန်းဟိန်ကျဲ၏ အော်သံကိုကြားသောအခါ တိမ်တိုက်ပေါ်မှ စောင့်နေသော ကျူးပတ်ကိုင်သည် ကမန်းကတန်း ဆင်းလာလေ၏။ သူသည် ဆားဝူကျိန်းကိုတွေ့သောအခါ ဝမ်းသာသွားသည်။

"ဂူကျိန်း...မင်းလွတ်လာပြီလား..."

"လွတ်လာပါပြီ၊ နှစ်ယောက်သားတိုက်တုန်းက တိုက်ပြီးရှုံးတော့ ပြေးလိုက်တာတန်းနေတာပဲ၊ အသေခံတိုက်မယ်ဆိုတဲ့စိတ်တော့ မရှိဘူး၊ ဒါကြောင့် ငါအဖမ်းခံရတာပေါ့..."

ဆားဂူကျိန်းက ကျူးပတ်ကိုင်အား မကျေမနပ်ပြောလေ၏။

"ငါသိပါတယ်ကွာ၊ ဘီလူးကြီးက မင်းကို မသတ်ဘူးဆိုတာ"

"တော်စမ်း"

စွန်းဟိန်ကျဲက ငေါက်ငမ်းလိုက်၏။

"အပိုတွေပြောမနေနဲ့၊ ငါခိုင်းတာကို အမှားအယွင်းမရှိအောင် လုပ်...၊ နားထောင်ကြ..."

စွန်းဟိန်ကျဲသည် စစ်သူကြီးတစ်ဦးပမာ စီမံခန့်ခွဲလေတော့၏။ သူသည် ကလေးနှစ်ယောက်ကို ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းဆီသို့တွန်းပို့လိုက်၏။

"မင်းတို့ ဒီကလေးနှစ်ယောက်ကို ခေါ်ပြီး ရတနာဟတ္တိနိုင်ငံကို သွားပါ၊ ဘီလူးဟာ နန်းတော်ရင်ပြင်မှာရှိနေတယ်လို့သိရတယ်၊သူတို့ကို အဲဒီရင်ပြင်ပေါ် ပစ်ချလိုက်...."

ပန်းတစ်ရာမင်းသမီးက အမောတကော ဝင်ရောက် ပြောဆိုလာလေ၏။

"သင် ကတိ မတည်ပါလား"

"ကျုပ်က ဘာကို ကတိတည်ရမှာလဲ"

"သင်ပဲပြောတာပဲ၊ သင့်ရဲ့ညီကို ပြန်လွှတ်ပေးရင် ကျွန်မရဲ့ ကလေးနှစ်ယောက်ကိုလဲ ပြန်လွှတ်ပေးမယ်လို့ သင်ပြောခဲ့တယ် မဟုတ်လား"

စွန်းဟိန်ကျဲသည် ခေတ္တစဉ်းစားလိုက်၏။

"ဟုတ်တယ်၊ ကျုပ်ကတိပေးခဲ့တယ်၊ ဒါပေမယ့် ဒီကလေးတွေကို အခုတော့ ပြန်လွှတ်မပေးနိုင်သေးဘူး၊ ကိစ္စတွေပြီးစီးသွားမှ ပြန်လွှတ်ပေးနိုင်မယ်၊ ကျူးပတ်ကိုင်နဲ့ ဆားဂူကျိန်း... ဒီကလေးနှစ်ယောက်ကို ခေါ်သွား၊ ကောင်းကင်ပေါ်က ပစ်မချနဲ့တော့၊ ဘီလူးကြီးကို ဒီရောက်



အောင် ကလေးနှစ်ယောက်ကို ပြပြီးမျှားခေါ်ခဲ့..."

ကျူးပတ်ကိုင်က–

"အစ်ကိုကြီး ဘာဖြစ်လို့ လိုက်မလာတာလဲ၊ ဟိုမှာ ဘီလူးကို ဆုံးမရင်ဖြစ်ပါတယ်၊ ဘာကြောင့် ဒီကို မျှားခေါ်ခိုင်းရတာလဲ"

စွန်းဟိန်ကျဲက ရှင်းပြရသည်။

"ဟိုမှာ ဘီလူးနဲ့ တိုက်ခိုက်ရင် တိုင်းသူပြည်သားတွေ၊ အဆောက်အဦးတွေ မထိခိုက်ဘူးလို့ မပြောနိုင်ဘူး၊ နောက်ဆုံး မြို့တော်တစ်ခုလုံး မီးဟုန်းဟုန်း တောက်သွားနိုင်တယ်၊ ဒါကြောင့် အပြစ်မဲ့တဲ့ ပြည်သူတွေ ဘေးကင်း ရန်ကင်းဖြစ်အောင် ဘီလူးကို ဒီကို မျှားခေါ်ခဲ့လို့ပြောတာ"

ကျူးပတ်ကိုင်သည် ထိုစကားကိုကြားသောအခါစွန်းဟိန်ကျဲအား ချောက်တွန်းခဲ့မိသည်တို့ကို နောင်တရမိလေ၏။ စွန်းဟိန်ကျဲသည် မိမိထက် အမြော်အမြင်ရှိကြောင်းကို သူသိလိုက်မိသည်။

ဆားဂူကျိန်းကတော့ စွန်းဟိန်ကျဲအပေါ် အတိုင်းအဆမရှိ ယုံကြည်ထားသူ ဖြစ်လေ၏။

ကျူးပတ်ကိုင်က–

"အစ်ကိုကြီးရဲ့အကြံဉာဏ်ဟာ သင့်မြတ်ကောင်းမွန်လှပါတယ်"

ပန်းတစ်ရာမင်းသမီးက–

"ဆားဂူကျိန်းဟာ ကျွန်မကို ကယ်တင်ထားတဲ့ပုဂ္ဂိုလ်ပါ၊ ဒီကျေးဇူးကို ထောက်ထားပြီးစေတနာစကားတစ်ခွန်းတော့ ပြောချင်ပါတယ်"

စွန်းဟိန်ကျဲက–

"ပြောပါ..."

"သင်တို့ ဘီလူးကြီးကို တိုက်ခိုက်ဖို့ အခုကြံစည်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"သင်တို့ ဘီလူးကြီးကို မနိုင်နိုင်ပါဘူး၊ သင်တို့ အသက်ဆုံးရှုံးမှာကိုပဲ မြင်နေပါတယ်"

စွန်းဟိန်ကျဲက–

"သင်ဟာ ဘီလူးကြီးနဲ့ အိမ်ထောင်ပြုလိုက်ရပေမယ့် စိတ်ကောင်း

စေတနာကောင်းရှိတာ တွေ့ရပါတယ်၊ ဒါကြောင့် ဒီကိုကျုပ်ရောက်လာခြင်းဟာ သင့်ဝဋ်ကြွေးတွေ ကုန်ဆုံးဖို့ ဖန်လာတာပဲဖြစ်ပါတယ်..."

"ကျွန်မရဲ့ ဝဋ်ကြွေးတွေကတော့ မကုန်နိုင်သေးပါဘူး၊ အခုပဲ သင်တို့ဟာ ကျွန်မရဲ့ ရင်သွေးနှစ်ယောက်ကို သင့်ရဲ့ တပည့်နှစ်ယောက်နဲ့ ထည့်လိုက်ပြီမဟုတ်လား"

"မင်းသမီး... သင်ဟာ ကလေးတွေအပေါ်မှာ သံယောဇဉ်ရှိနေပါလား..."

မင်းသမီးသည် ဘာမျှမပြောနိုင်ဘဲ ခေါင်းငုံ့သွား၏။

"မင်းသမီး... ကျုပ်ပြောမယ်၊ သေသေချာချာ နားထောင်ပါ၊ သူတို့ဟာ လူရဲ့ရင်သွေးတွေမဟုတ်ပါဘူး၊ ဘီလူးရဲ့ရင်သွေးတွေပါ..၊ သူတို့ကြီးလာရင် လူပေါင်းများစွာဟာ သူတို့ကြောင့် သေဆုံးကြရမယ်ဆိုတာကို မင်းသမီးသိထားပါ"

ပန်းတစ်ရာမင်းသမီးမှာ ရှိုက်နေ၏။

"မင်းသမီး...ဘီလူးကြီးပေါ်မှာ သံယောဇဉ်ရှိနေပြီလားလို့သိချင်ပါတယ်..."

ပန်းတစ်ရာမင်းသမီးက ချက်ချင်းခေါင်းမော့လာသည်။

"မရှိပါဘူး"

"ဒီလိုဆိုရင် သင့်ရဲ့ခမည်းတော်ဆီ မပြန်ချင်ဘူးလား"

"ပြန်ချင်ပါတယ်၊ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်အချိန်ကလဲ ပြန်ချင်ပါတယ်၊ အခုလဲ ပြန်ချင်ပါတယ်၊ ပြန်ချင်လို့ ဘုန်းတော်ကြီးကို စာရေးပေးလိုက်တာပေါ့...၊ အဲဒီလိုစာရေးပေးရမလားဆိုပြီး ဘီလူးကြီးက သတ်မယ်လုပ်နေတုန်း အသင့်ရဲ့ညီတော်က ကျွန်မကို ဝင်ကယ်တာပါ၊ သူဟာ တကယ်ကို သတ္တိရှိပါတယ်၊ သူသေချင်သေပါစေ..၊ ကျွန်မ မသေရင်ပြီးရော ဆိုပြီး သူဝင်ပြောလို့ ဘီလူးကြီးက ကျွန်မကို မသတ်တာပါ..."

"မင်းသမီး တကယ်ပြန်ချင်သလား"

"တကယ်ပြန်ချင်ပါတယ်"

"တော်ကြာ ဘီလူးကြီးကို သံယောဇဉ်ရှိနေရင်..."

"ဘယ်မိန်းကလေးမှ ဒီလောက်ကြမ်းတမ်းရက်စက်တဲ့ဘီလူးကြီးကို သံယောဇဉ်မရှိနိုင်ပါဘူး"



"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်စကားကို နားထောင်ပါ.."

မင်းသမီးသည် အံကြိတ်၍ ပြောလိုက်လေ၏။

"ပြောပါ"

စွန်းဟိန်ကျဲက–

"မင်းသမီး...လောလောဆယ် ဘီလူးကြီးမတွေ့နိုင်တဲ့တစ်နေရာရာမှာ သွားပုန်းနေပါ၊ ပြီးရင် ကျုပ်လာခေါ်ပါ့မယ်"

မင်းသမီးသည် အနည်းငယ်စဉ်းစားလိုက်သည်။

"ကောင်းပြီလေ၊ ကျွန်မသွားပုန်းမယ်..."

မင်းသမီးသည် ဘီလူးကြီးမတွေ့နိုင်သည့်နေရာ၌ပုန်းအောင်းရန် ထွက်ခွာသွားတော့သည်။ စွန်းဟိန်ကျဲသည် ပန်းတစ်ရာမင်းသမီးထွက်ခွာသွားသည်ကို စောင့်ကြည့်နေသည်။

"အင်း... မင်းသမီးကြည့်ရတာတော့ စိတ်ပြတ်သားပုံရတယ်၊ ငါကူညီရမှာပေါ့လေ"

မင်းသမီးသည် စွန်းဟိန်ကျဲ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

စွန်းဟိန်ကျဲသည် လက်တစ်ဘက်ဖြင့် လေကိုဖမ်းဆုပ်ပြီး သူ့မျက်နှာမှ ခြေဖျားအထိ သပ်ချလိုက်သည်။ ထိုနောက် ခြေဖနောင့် တစ်ချက် ဆောင့်လိုက်ရာ ပန်းတစ်ရာ မင်းသမီးအသွင် သဏ္ဍာန်သို့ ပြောင်းလဲသွားလေတော့၏။

သူသည် ဘီလူးကြီး ပြန်လာမည့်အချိန်ကို စောင့်ဆိုင်းနေလေတော့သည်။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၉၀)

## တိုက်ပွဲကြီးကိုကြိုစောင့်သူ

ကျူးပတ်ကိုင်နှင့်ဆားဝူကျိန်းတို့သည် ဘီလူးငယ်တစ်ကောင်စီကိုဆွဲခေါ်သွားကြရာ နန်းတော်ကောင်းကင်ပြင်သို့ ရောက်ရှိလာကြလေ၏။ သူတို့သည်စီးလာသောတိမ်တိုက်များကိုရပ်တန့်လိုက်ကြသည်။

ကျူးပတ်ကိုင်က ကျယ်လောင်စွာဖြင့်အော်လိုက်၏။

"ဟေ့ .... ဘီလူးကြီးထွက်ခဲ့စမ်း၊ကျုပ်သင့်ရဲ့ရင်သွေးနှစ်ကောင်ကိုခေါ်လာခဲ့ပြီ၊သင်ထွက်မလာရင်သင့်ရင်သွေးတွေကိုကျုပ်သတ်ပစ်မယ်"

ကျူးပတ်ကိုင်မှာပါးစပ်အလွန်ပြဲသူဖြစ်သည်။ စကားပြောရာ၌လည်း လွန်စွာအသံကျယ်သည်။ သူသည်အသံကုန်အော်လိုက်သောအခါကြားရသူများနားတွင် တုန်ခါသွားတော့၏။ နန်းတွင်းသူ နန်းတွင်းသားများ ရတ်ရတ်သဲသဲဖြစ်ကုန်သည်။

ဘီလူးကြီးကတော့ အိပ်မောကျနေ၏။ နန်းတွင်းသားတို့သည်နန်းရင်ပြင်၌တစ်ယောက်မျှမနေရဲကြချေ။ ဘီလူးကြီးအိပ်မောကြနေသည်မဟုတ်ပါလော။ သူသည်လူသားလည်းစားထားသည်။ အရက်များကိုလည်းစိတ်တိုင်းကျသောက်ထားသည်။ သူသည် မျက်လွှာပင့်မရဘဲ ဖြစ်နေသည်။



ကျူးပတ်ကိုင်သုံးကြိမ်တိတိအော်ခေါ်လေ၏။ ဘီလူးကြီးမှာအသံကြားရသော်လည်း မျက်လုံးဖွင့်မရဘဲဖြစ်နေသည်။

ကျူးပတ်ကိုင်သည် ဒေါသထွက်လာ၏။

"ကျုပ်ခေါ်တာ သုံးကြိမ်ရှိပြီနော် ....၊ သင် ထွက်မလာရင် သင့်ရင်သွေးတွေကို ပစ်ချလိုက်မယ်"

ဘီလူးကြီး ထွက်မလာချေ။

ကျူးပတ်ကိုင်၏ဒေါသသည် အဆုံးစွန်သို့ရောက်ရှိသွား၏။ သူ့လက်ထဲမှဘီလူးမလေးကို နန်းရင်ပြင်သို့ပစ်ချလိုက်၏။ ဆားဝူကျိန်းလည်းသူ့လက်ထဲမှဘီလူးမလေးကို ပစ်ချလိုက်၏။ဘီလူးလေးနှစ်ကောင်နန်းရင်ပြင်၌ကျပြီး မရှုမလှ သေပွဲပင်သွားသော အခါမှ ဘီလူးကြီးကလန့်ဖျပ်နိုးလာတော့သည်။

သူသည် ကောင်းကင်သို့ မော့ကြည့်၏။

"ဘယ်သူလဲ .... ငါ့ကလေးတွေကို ပစ်ချလိုက်တာ ...."

ကျူးပတ်ကိုင်သည် တိမ်ကိုစီး၍နိမ့်ဆင်းလာသည်။

"ကျုပ်နဲ့ဆားဝူကျိန်း ...."

ဘီလူးကြီးသည် မျက်မှောင်ကုတ်သွားလေ၏။ ဆားဝူကျိန်းအားမိမိကဖမ်းပြီး ကျောင်းတော်အချုပ်ခန်းထဲသို့ထည့်ခဲ့သည်မဟုတ်ပါလော။ ယခု .... ဆားဝူကျိန်း လွတ်လာပြန်ပြီ။ မိမိ၏ဇနီးကလွှတ်ပေးလိုက်သည်လော။

သူစဉ်းစားနေစဉ် ကျူးပတ်ကိုင်က အော်ပြောလာပြန်လေ၏။

"ဒီမှာဘီလူးကြီး .... သင့်ရဲ့ကလေးနှစ်ယောက်ကိုတော့ ကျုပ်သတ်ပစ်လိုက်ပြီ ....၊ သတ္တိရှိရင် လိုက်ခဲ့ပါ ....၊"

ဘီလူးကြီးက –

"သင်တို့ဟာငါ့အပေါ်ရန်လိုနေတဲ့သူတွေဖြစ်တယ်၊မင်းတို့ငါ့ကလေးတွေဆိုပြီး တခြားကလေးတွေကို သတ်ချင်သတ်ကြမှာ၊ ဒီတော့ကျောင်းတော်ရာကို ပြန်ကြည့်မယ်၊ ဟုတ်ရင်တော့ မင်းတို့ပြေးစရာမြေမရှိဘူးမှတ်ပေတော့"

ထိုစကားကို ပြောပြီးနောက် ဘီလူးကြီးသည် တိမ်တိုက်ပေါ်သို့

ခုနှစ်တက်ကာ သူ့ဌာနေဆီသို့ ပြန်လေတော့၏။ စွန်းဟိန်ကျဲ၏ ရည်ရွယ်ချက်မှာ အလိုလို ပြည့်မြောက်သွားသည်။ ကျူးပတ်ကိုင်ကို မှုားခေါ်ရန်ပင် မလိုတော့ချေ။

ကျူးပတ်ကိုင်သည်ဆားဝူကျိန်းကိုကြည့်လိုက်၏။ ဆားဝူကျိန်းကပြုံးပြသည်။

"အစ်ကိုကြီးကငါးစာကိုပြပြီးငါးမျှားချိတ်မှာ ချိတ်မိအောင် ငါတို့ကိုပြောလိုက်တယ်၊ အခု .... ငါးကြီးက ငါးစာမရှိတဲ့ငါးမျှားချိတ်ဆီကိုပြေးနေပြီ ...."

"အေး .... ဟုတ်တယ် ...."

ကျူးပတ်ကိုင်က ရယ်မော၍ ပြောလေ၏။

ဘီလူးကြီးသည်တိမ်တိုက်ပေါ်မှဆင်းလိုက်သည်။ ကျောင်းတော်ရာအဝင်ဝတွင် ပန်းတစ်ရာမင်းသမီးကိုတွေ့ရသည်။ ပန်းတစ်ရာမင်းသမီးကရင်ကိုဖိ၍ ပြောလေ၏။

"ရှင် .... ရှင်အခုမှပြန်လာရသလား"

ဘီလူးကြီးက -

"ဟုတ်တယ်၊ ငါဟိုမှာပြဿနာတွေရှင်းပေးလိုက်တော့ ခမည်းတော်ဘုရင်မင်းမြတ်က ငါ့ကိုသဘောကျသွားတယ်၊ ဂုဏ်ပြုညစာစားပွဲမှာ အရက်တွေအသောက်လွန်သွားတယ် ....၊ အခုမှပြန်လာနိုင်တယ်"

ပန်းတစ်ရာမင်းသမီးက -

"ရှင်ကတော့ စည်းစိမ်ရှိနေတာပေါ့လေ ....၊ ရှင့်ကလေးနှစ်ယောက်ကို သူတို့ဖမ်းခေါ်သွားပြီရှင့် ...."

"နေပါဦးဟိုမှာ ဆားဝူကျိန်းဆိုတဲ့ကောင်ကို ငါဖမ်းထားခဲ့တာ သူက ဘယ်နဲ့လွတ်လာရတာလဲ"

"ဟိုဝက်ပုတ်ကကျွန်မရဲ့ကလေးနှစ်ယောက်ကို ဖမ်းမိသွားတယ်လေ၊ ဆားဝူကျိန်းကို မလွှတ်ရင်ကလေးတွေကို ချောက်ကမ်းပါးထဲပစ်ချမယ်လို့ပြောလို့ ဆားဝူကျိန်းကို လွှတ်ပေးလိုက်ရတယ်၊ လွှတ်လဲပေးလိုက်ရော သူတို့ဟာကလေးနှစ်ယောက်ကို ဖမ်းခေါ်ပြီး သွားကြတော့တာပဲ ...."



ဘီလူးကြီးသည် အံကို တင်းတင်းကြိတ်လိုက်၏။

"ဒါဖြင့် နန်းရင်ပြင်ကို ပစ်ချလိုက်တာ ငါ့ရဲ့ကလေးတွေပေါ့"

"သူတို့ .... သူတို့ ကလေးတွေကိုပစ်ချလိုက်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ပစ်ချကြတယ်"

"ကျွန်မကလေးတွေ သေပြီပေါ့ ...."

ဘီလူးကြီးက အံကြိတ်၍ပြောသည်။

"သေပြီ"

ပန်းတစ်ရာမင်းသမီးသည် ငိုကြွေး လေတော့၏။ သူမသည် လွန်စွာပူဆွေးသောကရောက်သွားသည်။ ဘီလူးကြီးက နှစ်သိမ့်လိုက်၏။

"မငိုပါနဲ့မိန်းမရယ် .... ဒီနှစ်ကောင်ကိုရန်ကြွေးပြန်ဆပ်ပါ့မယ်၊ သူတို့နှစ်ကောင်ကိုရိုက်သတ်လိုက်ရင် အကြွေးကြေသွားတာပေါ့ ...."

မင်းသမီးက -

"ရှင်သူတို့ကို နိုင်မှာမဟုတ်ဘူး၊ ကျွန်မကလေးတွေကို ဆွဲခေါ်တုန်းက လက်မောင်းမှာတောင် ဒဏ်ရာရသွားသေးတယ်"

"သိပ်နာသွားသလား"

"နာတာပေါ့ ကျွန်မက လူသားစစ်စစ်ပဲ"

"မပူပါနဲ့ ... ငါ့မှာဝေဒနာပျောက်တဲ့ဆေးစွမ်းကောင်းရှိပါတယ်"

ဘီလူးသည်လက်ဖြန့်ပြီးပါးစပ်ထဲမှ ပုလဲတစ်လုံးကိုထွေးထုတ်လိုက်လေ၏။ ပုလဲလုံးမှာ ဝင်းလက်နေသည်။

"အဲဒီပုလဲနဲ့ကိုက်ခဲနာကျင်နေတဲ့ နေရာကိုတို့လိုက်ရင် နာကျင်တဲ့ဝေဒနာဟာ ချက်ချင်းပျောက်သွားတာပဲ"

မင်းသမီးက -

"ဟုတ်လား ....၊ ဝမ်းသာစရာပဲ"

သူမသည် ပုလဲလုံးအားလှမ်းယူပြီး ရင်ဘတ်ထဲထည့်သွင်းလိုက်လေ၏။

ဘီလူးကြီးက အံ့အားသင့်သွား၏။

"မိန်းမ .... ဒါ ဘာလုပ်တာလဲ"

မင်းသမီးက ပြန်မေး၏။

"ဘာလုပ်လို့လဲ"

"ပုလဲကို မင်းဘာဖြစ်လို့သိမ်းလိုက်တာလဲ"

"ကျွန်မသိမ်းတာပေါ့၊လင်ပစ္စည်းကိုမယားပိုင်တာပဲမဟုတ်လား"

"မပိုင်ဘူး၊ အဲ့ဒီပုလဲလုံးကို ပြန်ပေးစမ်း ...."

ဘီလူးကြီး၏မျက်နှာသည်ကြောက်မက်ဖွယ်ရာကြမ်းတမ်းရုပ်ဆိုးလာ၏။ သူသည် ပန်းတစ်ရာမင်းသမီးအား သတ်ဖြတ်မည်နှယ်ဟန်ပြင်လာ၏။

မင်းသမီးသည်လေကိုဖမ်းဆုပ်လျက် သူ့တစ်ကိုယ်လုံးကိုသပ်ချပြီး ဖနောင့်ပေါက်လိုက်ရာ ဝုန်းခနဲအသံကြီး မြည်ဟည်းသွားပြီး စွန်းဟိန်ကျဲ၏ နဂိုရုပ်သွင် ပြန်ပေါ်လာလေ၏။

"ဘယ်သူက သင့်ရဲ့မိန်းမလဲ .... သေသေချာချာကြည့်ပါဦး"

ဘီလူးကြီးသည်အသေအချာကြည့်လိုက်သောအခါ မျောက်တစ်ကောင်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။ ယင်းမျက်နှာကို သူသည် တစ်နေရာ၌ တွေ့ခဲ့ဖူးသည်ဟုထင်၏။ သို့သော် .... သူသည် သေချာစွာ မမှတ်မိချေ။ စဉ်းစားသော်လည်း သူ့အသိစိတ်ထဲ ပေါ်မလာပေ။

"သင်ကဘယ်သူလဲ .... ဘာကြောင့် ကျုပ်မိန်းမအဖြစ် ဖန်ဆင်းထားရတာလဲ ...."

စွန်းဟိန်ကျဲက -

"ကျုပ်က ထန်စန်းကျွမ်းဆရာတော်ရဲ့တပည့်ကြီး စွန်းဟိန်ကျဲပဲ ကျုပ်ရဲ့သတင်းကို မကြားဖူးဘူးလား ...."

ဘီလူးကြီးသည်ခေါင်းကုတ်လိုက်၏။

"ထန်စန်းကျွမ်းဆရာတော်ဆီမှာ တပည့်ကြီး ကျူးပတ်ကိုင်နဲ့ ဆားဝူကျိန်းဆိုတာပဲရှိပါတယ်၊ သင်က ဘယ်က ပေါက်လာတာလဲ၊ ထန်စန်းကျွမ်းဆရာတော်မှာ တပည့်နှစ်ယောက်ပဲရှိတယ်၊ သုံးယောက်မရှိဘူး ...."

"အရင်ကသုံးယောက်ရှိတယ်၊ နောက်မှ နှစ်ယောက်ထဲဖြစ်သွားတာ၊ ကျုပ်အကြောင်း ကျူးပတ်ကိုင်က ပြောမပြဘူးလား ......"

"သူကဘာပြောမှာလဲ"



"သင်လိမ်ပြောမနေနဲ့ ... ကျူးပတ်ကိုင်က ကျုပ်နာမည်ကိုထုတ်ပြောပြလို့ သင်ကတောင်ကျုပ်ကို ဝက်ဖြစ်ရင်ပြုတ်မယ်၊ မျောက်ဖြစ်ရင်ကင်မယ်လို့တောင်ပြောခဲ့ဖူးသေးတယ် မဟုတ်လား"

ဘီလူးကြီးက ခေါင်းခါ၏။

"သင့်ကိုလဲ ကျုပ်မသိဘူး၊ သင့်အကြောင်းလဲကျုပ်မပြောဘူး၊ မသိတဲ့လူတစ်ယောက်အကြောင်း ဘာပြောစရာရှိတော့မှာလဲ..."

စွန်းဟိန်ကျဲသည်ဘီလူးပြောင်လိမ်နေသည်ဟုယူဆလိုက်သည်။

"ဒါကိုထားလိုက်ပါတော့...အခုသင်က ကျုပ်ဆရာကို ဒုက္ခပေးခဲ့တယ်၊ ကျုပ်က ကျုပ်ဆရာကို ဘယ်လိုနည်းနဲ့မှ ဒုက္ခပေးတာကို ကျုပ်က မခံနိုင်ဘူး...၊ သင့်ကို ကျုပ်သတ်ရလိမ့်မယ်..."

ဘီလူးကြီးက မေး၏။

"အခုလာတာ... သင်တစ်ယောက်တည်းလား"

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"ဟုတ်တယ် ကျုပ်တစ်ယောက်တည်းပဲ"

ဘီလူးကြီးက ရယ်မောလေ၏။

"ဟား...ဟား...ဟား...."

စွန်းဟိန်ကျဲက မျက်မှောင်ကုတ်ပြီး ကြည့်လိုက်၏။

"သင်....ဘာရယ်တာလဲ"

ဘီလူးကြီးက-

"ဒီနေရာမှာ ကျုပ်ရဲ့ ဘက်တော်သား ဘီလူးဘယ်နှစ်ကောင်ရှိတယ်ဆိုတာ သင်သိရဲ့လား..."

စွန်းဟိန်ကျဲကရယ်၍မေးသည်။

"ဘယ်လောက်ရှိသလဲ"

ဘီလူးကြီးက လက်ညှိုးနှစ်ချောင်းထောင်ပြ၏။

"နှစ်ရာရှိတယ်"

စွန်းဟိန်ကျဲက ဟားတိုက်ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား...."

ဘီလူးကြီးက-

"သင်...ဘာရယ်တာလဲ"

"ကျုပ်က ဘီလူးနှစ်ထောင်လောက်များရှိသလားလို့၊ နှစ်ထောင်ဆိုရင် ကျုပ်တော်တော် စဉ်းစားရလိမ့်မယ်၊ နှစ်ရာတော့ ကျုပ်က မမှုပါဘူး..."

"ကြီးကြီးကျယ်ကျယ် ပြောနေလိုက်တာ...၊ ကဲ...သင်...သေဖို့သာပြင်ပေတော့"

သူသည် လက်ခုပ်တီးလိုက်သည်။ ထိုအခါဘီလူးမျိုးစုံထွက်လာတော့၏။ စုစုပေါင်းနှစ်ရာကျော်ခန့်ရှိသည်။သူတို့လက်ထဲတွင်လက်နက်မျိုးစုံ ပါလာသည်။

ဘီလူးကြီးက–

"ဒီမျောက်စုတ်....လေကျယ်နေတယ်၊ နောက်ထပ်လေမကျယ်နိုင်အောင် သင်တို့ ရိုက်သတ်ကြစမ်း...၊ ကြိုက်တဲ့နည်းနဲ့သတ် ဒီမျောက်သေဖို့သာ လိုရင်းပဲ..."

ဘီလူးများသည် စွန်းဟိန်ကျဲအား ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့၏။

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဒီလိုလား..."

သူသည် ဂါထာတစ်ပုဒ်ကိုရွတ်ဖတ်သရဇ္ဈာယ်လိုက်၏။သူ၏ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ခါလိုက်သည်။ သူ၏ခန္ဓာကိုယ်သည်တစ်စထက်တစ်စ ကြီးထွားလာ၏။ သူ့အရပ်သည် ဆယ်တောင်ခန့် မြင့်လာသည်။ ဦးခေါင်းသုံးလုံးနှင့် လက်ခြောက်ဖက်ဖြစ်သွားသည်။

သူသည် လက်ထဲ၌ လိုတရသံတုတ်သုံးချောင်းကိုင်ထားသည်။ မိုးခြိမ်းသံကဲ့သို့ အသံပြုပြီး မုန်တိုင်းတိုက်ခိုက်သကဲ့သို့တိုက်ခိုက်လိုက်သောအခါ ဘီလူးနှစ်ရာတို့သည် သေသူသေ၊ ကြေသူကြေ၊ ဒဏ်ရာရသူရဖြင့် အလဲလဲ အပြိုပြိုဖြစ်ကာ ထွက်ပြေးသွားကြတော့သည်။

ဘီလူးကြီးတစ်ကောင်သာ ကျန်ရစ်တော့သည်။

စွန်းဟိန်ကျဲသည် ကိုယ်ကို တစ်ချက် လှုပ်ခါလိုက်ရာ နဂိုမူလအရွယ်သို့ပြန်ရောက်ရှိလာသည်။



"ကဲ... သင့်ရဲ့ ဘီလူးတစ်ယောက်သာ ကျန်သေးရဲ့လားလို့ ကြည့်စမ်းပါဦး..."

ဘီလူးကြီးသည် သုန်မှုန်နေ၏။

"သင်တစ်ယောက်တည်းကျန်တော့တယ်မဟုတ်လား၊သင့်တပည့်တပန်းတွေ ထွက်ပြေးကြပြီ"

ဘီလူးကြီးက–

"ကျုပ်ရဲ့ တပည့်တွေ ထွက်ပြေးသွားတာနဲ့ သင်က ကျုပ်ကိုနိုင်မယ်ထင်သလား..."

"တိုက်ကြည့်တာပေါ့"

စွန်းဟိန်ကျဲသည် စကားဆုံးသည်နှင့် သံတုတ်နဲ့ ခုန်ရိုက်လိုက်သည်။

ဘီလူးကြီးကလည်း အသင့်ပါလာသော ဓါးဖြင့်ခုခံလိုက်၏။ဤသို့ဖြင့် ပြင်းထန်သော တိုက်ပွဲကြီးသည် ဖြစ်ပေါ်လာတော့သည်။

* * * * * * *

## အခန်း(၄၁)

## အပြစ်ဒဏ်

တိုက်ပွဲသည် ပိုမိုပြင်းထန်လာလေ၏။ သူတို့သည်တိုက်ခိုက်ရင်း ကောင်းကင်ပေါ်သို့ရောက်ရှိသွား၏။

"ဒုံး..."

"ချွမ်း..."

သံတုတ်နှင့်ဓါးတို့သည် မီးပွင့်များ ဖြာထွက်သည်အထိပြင်းထန်စွာ ထိခိုက်မိကြလေ၏။ စွန်းဟိန်ကျဲသည် ဘီလူးကြီးအားအမျိုးမျိုးတိုက်ခိုက်၏။ ဘီလူးကြီးကလည်း အမျိုးမျိုးခုခံသည်။ ဤသို့ဖြင့် သူတို့သည် ကောင်းကင်ပေါ်သို့ တဖြည်းဖြည်းတက်သွားကြလေတော့၏။

ကောင်းကင်၌ သူတို့နှစ်ဦးသည်ပြင်းထန်စွာတိုက်ခိုက်ကြသည်။ သူတို့သည် တဖြည်းဖြည်းနှင့်နတ်မင်းကြီး၏တိမ်တိုက်နန်းတော်အနီးသို့ရောက်ရှိသွားလေ၏။

စွန်းဟိန်ကျဲသည် အသာစီးရရှိနေသူဖြစ်သည်။ သူသည် သိုင်းကွက်တစ်ကွက်ကို ထုတ်ပြပြီးနောက် ဘီလူးကြီး၏ဦးခေါင်းပေါ်သို့ ပြင်းထန်စွာရိုက်ချလိုက်တော့သည်။

"ထန်း"



သူ၏ သံတုတ်ရိုက်ချက်သည် ဘီလူးကြီးအားတည့်တည့်ကြီးရိုက်မိသွား၏။ သူသည် ဝမ်းသာအားရ ဘီလူးကြီးအားကြည့်လိုက်၏။

"ဟာ..."

ဘီလူးကြီးမှာ ထူးဆန်းလှစွာ သူ့နေရာ၌မရှိတော့ဘဲ ပျောက်ကွယ်နေပြီဖြစ်လေ၏။

"ဘီလူး ဘယ်ရောက် သွားသလဲ"

စွန်းဟိန်ကျဲသည် စိတ်ထဲ၌ မကျေမနပ်ဖြစ်သွား၏။သူသည် အဘယ့်ကြောင့် ဘီလူးပျောက်သွားရသည်ကို ဆင်ခြင်စဉ်းစားလေတော့သည်။

"ဒီဘီလူးဟာ နတ်မင်းကြီးရဲ့ တိမ်တိုက်နန်းတော်အနီးအနားရောက်မှပျောက်သွားတယ်၊ သူဟာ လွတ်မြောက် ထွက်ပြေးသွားနိုင်တယ်၊ ဒီတော့ နယ်နယ်ရရ ဘီလူးဟုတ်ပုံမရဘူး၊ နတ်မင်းကြီးနဲ့တစ်နည်းတစ်ဖုံ ပတ်သက်နီးနွယ်နေတဲ့ ဘီလူးဖြစ်ပုံရတယ်"

နတ်မင်းကြီးနှင့် ပတ်သက်နီးနွယ်ပုံရသော ဘီလူးဖြစ်သဖြင့် နတ်မင်းကြီးအား အကျိုးအကြောင်းလျှောက်ထားရန် သူသည် စိတ်ကူးလိုက်၏။

"ဒီဘီလူးအကြောင်းကို နတ်မင်းကြီးကတစ်နည်းတစ်ဖုံ သိလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် နတ်မင်းကြီးကို အကျိုးအကြောင်းဝင်ပြောရမယ်..."

စွန်းဟိန်ကျဲသည် နတ်မင်းကြီးကို နည်းနည်းမျှမကြောက်ချေ။ သူသည် နတ်မင်းကြီး၏ တိမ်တိုက်နန်းတော်ဆီသို့ ရောက်လာလေ၏။

တံခါးမှူးနှစ်ယောက်သည် စွန်းဟိန်ကျဲအား ကောင်းစွာမှတ်မိလေ၏။ သူသည် နတ်ပြည်တစ်ခုလုံး ဝရုန်းသုန်းကားဖြစ်အောင် တိုက်ခိုက်သူ မဟုတ်ပါလော။

သူတို့သည် စွန်းဟိန်ကျဲကို မထီမဲ့မြင်မပြုဝံ့ချေ။ သူတို့သည် ပြုံးချိုစွာဖြင့် နှုတ်ဆက်ကြလေ၏။

"အသင်မျောက်မင်း... ဘယ်ကနေ လှည့်ဝင်လာပါသလဲ၊ကျန်းခံ့သာလို့ မာပါရဲ့လား..."

သူတို့သည် မျောက်မင်းအား မျက်နှာချိုသွေးကြသည်။

စွန်းဟိန်ကျဲက -

"ကျုပ်နဲ့ဘီလူးကြီးတစ်ကောင် တိုက်ခိုက်ကြပါတယ်..၊ ဘီလူးကြီးဟာ ရုတ်တရက် ပျောက်ကွယ်သွားတယ်..၊ ဒီကိုရောက်လာတာလား လို့ လိုက်ရှာနေတာပါ..."

တံခါးမှူးများက ခေါင်းယမ်းသည်။

"မျောက်မင်း....ဘီလူးတစ်ကောင်မှမတွေ့ပါဘူးဗျာ...၊ဒီကိုဘီလူး တက်လာတယ်ဆိုရင်လဲ ကျုပ်တို့သိရမှာပါပဲ..."

စွန်းဟိန်ကျဲက–

"သင်တို့ ဒီဘီလူးကို မတွေ့ဘူးဆိုရင် ကျုပ် နတ်မင်းကြီးဆီ ဝင်တွေ့ပြီးမေးရမှာပဲ"

တံခါးမှူးတို့ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"နတ်မင်းကြီး နတ်များကို စုဝေးပြီး နတ်သဘင်အစည်းအဝေးပြု လုပ်နေပါတယ်၊ ဒါကြောင့် အခုတွေ့ဖို့မလွယ်သေးပါဘူး..."

စွန်းဟိန်ကျဲက ပြောလိုက်သည်။

"ကောင်းတယ်... ဒီလို လူစုံတက်စုံရှိမှ ပိုအဆင်ပြေတယ်၊ နတ် အားလုံးကို မေးလိုက်ရင် ဒီဘီလူးဘယ်မှာ ကပ်နေတယ်ဆိုတာကို သိရမှာပေါ့၊ ကျုပ်ကိုယ်တိုင် နတ်မင်းကြီးကို ဝင်တွေ့မယ်..."

စွန်းဟိန်ကျဲက ခြေလှမ်းပြင်လိုက်ရာ တံခါးမှူးများက တားမြစ် ကြရသည်။

"အသင်မျောက်မင်း...ညီလာခံကိုမဝင်ပါနဲ့၊ကျုပ်တို့ဝင်အကြောင်း ကြားပေးပါ့မယ်၊ ကျုပ်တို့အစောင့်တွေရှိပြီး ဥဒဟိုဝင်ထွက်နေရင် ကျုပ် တို့ အပေါ် အပြစ်ကျရောက်ပါလိမ့်မယ်..."

စွန်းဟိန်ကျဲ ရပ်စောင့်လိုက်သည်။

"ကဲ.. သင်တို့ သွားရောက်အကြောင်းကြားကြပေတော့..."

တံခါးမှူးတစ်ယောက်သည် ညီလာခံ ကျင်းပရာသို့ သုတ်သုတ် ပျာပျာ ဝင်ရောက်သွား၏။ တံခါးမှူး တစ်ယောက်က စွန်းဟိန်ကျဲနှင့် စောင့်နေခဲ့သည်။

တခဏမျှသာ ကြာသည် နတ်မင်းကြီးသည် နတ်အပေါင်းခြံရံ



လျက် တိမ်တိုက်နန်းတော်ရှေ့သို့ ထွက်လာလေ၏။

စွန်းဟိန်ကျဲသည် နတ်မင်းကြီးက တကယ်တမ်းထွက်တွေ့ဆုံ သောအခါ အားတောင့်အားနာဖြစ်လာသည်။

သူသည် လက်အုပ်ချီ၍ ဂါရဝပြုလိုက်၏။

"နတ်မင်းကြီးကို ဂါရဝပြုပါတယ်..."

နတ်မင်းကြီးက ရယ်ရယ်မောမောဖြင့်–

"မျောက်မင်း ထန်စန်းကျမ်းဘုန်းတော်ကြီးနှင့်အတူပိဋကတ်သုံး ပုံကို သွားရောက်ပင့်ဆောင်ရာမှာ လိုက်သွားတယ်လို့ ကျွန်ုပ်ကြားသိထား တယ်...၊ အခု ဘာကိစ္စနဲ့ ကျုပ်ဆီရောက်လာတာလဲ..."

သူသည် ရယ်မောရင်း ဆက်ပြော၏။

"ဘုန်းကြီးနောက်လိုက်ရတာ ပျင်းလို့ ကျွန်ုပ်ရဲ့ပလ္လင်ကို လုချင် စိတ်ပြန်ပေါ်လာပြန်ပြီလား..."

စွန်းဟိန်ကျဲကလည်း ရယ်မောလိုက်သည်။

"မဟုတ်ရပါဘူးဗျာ၊ ထစ်ခနဲဆို ကျုပ်ကို မကောင်းထင်နေ တော့တာပဲကိုး...၊ ကိစ္စနည်းနည်းရှိလို့ ကျုပ်ရောက်လာတာပါ...."

"ဘာကိစ္စများလဲ ပြောပါ၊ ကျွန်ုပ်ဆောင်ရွက်ပေးနိုင်တာဆိုရင် ဆောင်ရွက်ပေးဖို့ ဝန်မလေးပါဘူး..."

"ကျုပ်နဲ့ ဘီလူးတစ်ကောင်နဲ့ တိုက်ခိုက်ကြတယ်၊ ဘီလူးဟာ တိမ်တိုက် နန်းတော်အနီးကို ပြေးလာတယ်၊ ဒီအနီးအနားမှာ ပျောက်ချင်း မလှ ပျောက်သွားတယ်၊ ဒါကြောင့် နတ်မင်းကြီးနဲ့များပတ်သက်ဆက်စပ် နေမလားလို့ ယူဆပြီး ကျုပ်လာမေးတာပါ ...."

နတ်မင်းကြီးသည်နတ်ကြီးလေးပါးအား ချက်ချင်းဆင့်ခေါ်လိုက် ၏။

"ကဲ .... သင်တို့ ကြားကြတယ်မဟုတ်လား ...."

"ကြားပါတယ် အရှင်နတ်မင်းကြီး"

"ဒီကိစ္စကိုချက်ချင်းစုံစမ်းကြ ...."

"မှန်လှပါ၊ ချက်ချင်းစုံစမ်းပါ့မယ်"

နတ်ကြီးလေးပါးသည် နတ်ပြည်မှ နတ်သားများ၏စာရင်းကိုစစ်

ဆေးကြတော့၏။ တစ်ခဏမျှသာကြာသည်။ နတ်ကြီးလေးပါးသည် နတ်မင်းကြီး၏ရှေ့တော်သို့ရောက်ရှိလာကြ၏။ သူတို့သည် နတ်မင်းကြီးအား သံတော်ဦးတင်ကြသည်။

"'မှန်လှပါနတ်မင်းကြီး .... နတ်ဘုံတွင်ရှိကြသူ နတ်သားများ သူ့နေရာနှင့်သူ လူစုံတက်စုံရှိနေကြပါတယ်၊ ဒါပေမယ့် နက္ခတ်တာရာနတ်နှစ်ဆယ့်ရှစ်ပါးရှိတဲ့အနက် နတ်တစ်ပါးပျောက်ဆုံးနေတာကိုတွေ့ရပါတယ်'"

နတ်မင်းကြီးက –

"ဘယ်နတ် ပျောက်ဆုံးနေလို့လဲ"

နတ်ကြီးတစ်ပါးက –

"ဝံပုလွေနက္ခတ်တာရာနတ်ပါ နတ်မင်းကြီး"

နတ်မင်းကြီးက –

"သူပျောက်ဆုံးနေတာဘယ်လောက်ကြာပြီလဲ"

နတ်ကြီးလေးပါးအနက် နတ်ကြီးတစ်ပါးက –

"ယနေ့အထိဆိုရင် ဆယ့်သုံးရက်လောက်ရှိပါပြီ"

နတ်မင်းကြီးက ခေါင်းညိတ်လိုက်၏။

"မိုးပေါ်မှာတစ်ရက်ဆိုရင် လူ့ပြည်မှာတစ်နှစ်၊ သူဟာလူ့ပြည်မှာ ဆယ့်သုံးနှစ်တိုင်တိုင်ကြာခဲ့ပြီပေါ့ ...."

နတ်ကြီးလေးပါးက ပြိုင်တူခေါင်းညိတ်လိုက်၏။

"မှန်လှပါ နတ်မင်းကြီး"

စွန်းဟိန်ကျဲက –

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်၊ ဒီဘီလူးကြီးဟာ လူ့ပြည်ကပန်းတစ်ရာမင်းသမီးကို ခိုးယူပေါင်းသင်းနေတာဟာ ဆယ့်သုံးနှစ်ရှိပြီလို့သိရပါတယ် ...."

နတ်မင်းကြီးက –

"ကျွန်ုပ် အမိန့်ချမှတ်မယ်၊ သေသေချာချာမှတ်ထားပါ ...."

နတ်ကြီးလေးပါးက –

"မှတ်သားဖို့ အသင့်ပါဘုရား"



"ကောင်းပြီ၊ စွန်းဟိန်ကျဲရဲ့ပြောကြားချက်အရ သူဟာကောင်းကင်ဘုံကို ပြန်ရောက်နေပြီ၊ သူဟာ တစ်နေရာရာမှာ ပုန်းနေလိမ့်မယ်၊ နတ်ပြည်က ရှိသမျှနတ်တွေ ကိုယ်စီရှာဖွေကြ ...."

"အမိန့်အတိုင်းပါ နတ်မင်းကြီး ...."

နတ်ကြီးလေးပါးက လျှောက်တင်လိုက်ကြ၏။

နတ်မင်းကြီးက စွန်းဟိန်ကျဲကို ကြည့်လိုက်၏။

"ကဲ ... မျောက်မင်း ... ဒီမှာခဏလေး အေးအေးဆေးဆေးထိုင်စောင့်ပါ၊ သူတို့မကြာခင်ပျောက်ဆုံးနေတဲ့နတ်မင်းကိုဖမ်းမိလာမှာပါ ...."

စွန်းဟိန်ကျဲက အေးအေးဆေးဆေးပင် ထိုင်လိုက်၏။

နတ်မင်းကြီးက ပဋိသန္ဓာရစကားပြောသည်။

"မျောက်မင်း .... ဆရာတော်နဲ့လိုက်ရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်၊ တစ်ခါတစ်ရံအခက်အခဲလေးတွေ ·ဖြေရှင်းရတာတော့ ရှိတာပေါ့လေ၊ ခုလိုဟာမျိုးပေါ့"

"ကောင်းပါတယ်၊ စိတ်ကိုရှုးစိုက်စရာရှိတော့ တခြားဗာရီရလုပ်·ငန်းတွေကို မလုပ်ဖြစ်တော့ဘူးပေါ့ ...."

စွန်းဟိန်ကျဲက ပြုံး၏။

"စိတ်ချပါနတ်မင်းကြီး ... ကျုပ်ဟာဘုန်းကြီးတပည့်ဖြစ်နေပြီ၊ ဣန္ဒြေနဲ့ သိက္ခာနဲ့နေတတ်ပါပြီ၊ ကျုပ်အတွက် စိတ်မပူပါနဲ့"

ထိုအချိန်၌နတ်ကြီးလေးပါးနှင့် နတ်အများသည်ဝံပုလွေ နက္ခတ်တာရာနတ်ကို လိုက်လံရှာဖွေကြလေ၏။ မကြာမီသူတို့သည် ဝံပုလွေနက္ခတ်တာနတ်ကို ရှာဖွေတွေ့ရှိသွားကြသည်။

"သင် .... ဘယ်ပျောက်နေတာလဲ"

"ရှိ .... ရှိပါတယ်"

"စာရင်းထဲမှာရှိတာ .... ဘုံနိဗိမာန်မှာမရှိဘူး၊ ကဲ .... လာခဲ့"

နတ်များသည် သူ့အား နတ်မင်းကြီးထံ ဆွဲခေါ်သွားကြ၏။

နတ်မင်းကြီးနှင့် စွန်းဟိန်ကျဲတို့သည် စကားစမြည် ပြောနေကြရာ ဝံပုလွေနက္ခတ်တာရာနတ်ကို ဆွဲခေါ်လာကြောင်းတွေ့ရှိကြရသည်။ စွန်းဟိန်ကျဲသည် ဘီလူးအား ဒေါသထွက်နေသူ ဖြစ်ရာ သံတုတ်နှင့်

စီးရိုက်ရန်ဟန်ပြင်သည်။

နတ်မင်းကြီးက ကပျာကယာဟန့်တားရလေ၏။

"မလုပ်နဲ့မျောက်မင်း .... ကျွန်ုပ်ကိုယ်တိုင် သူ့ကိုပြစ်ဒဏ်ခတ်ပါမယ် ...."

နတ်မင်းကြီးသည် သူ၏ နန်းတော်ထဲသို့ ဝင်သွားလေ၏၊ စွန်းဟိန်ကျဲလည်း လိုက်ပါသွားသည်။ နတ်ကြီးလေးပါးသည် ဝံပုလွေနက္ခတ်တာရာနတ်ကို ဖမ်းဆီး၍ နတ်ညီလာခံတွင်းသို့သွင်းလေ၏။

နတ်မင်းကြီးသည် ပလ္လင်ထက်၌ထိုင်ကာ စတင်စစ်မေးတော့သည်။

"သင်မှန်ရာပြောစမ်း၊ သင်ကနတ်ပြည်ကနတ်သားပဲ၊ လူ့ပြည်နဲ့ ဘာမှမဆိုင်ဘူး၊ ဘာကြောင့် လူ့ပြည်ကိုတိတ်တဆိတ်ဆင်းသွားရတာလဲ"

ဝံပုလွေနက္ခတ်တာရာနတ်က -

"ဒီလိုပါနတ်မင်းကြီး .... ကျွန်တော်မျိုးနဲ့ ပန်းတစ်ရာမင်းသမီးဟာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိခဲ့ကြပါတယ်"

နတ်မင်းကြီးက -

"သင်ကနတ်ပြည်မှာရှိတယ်၊ ပန်းတစ်ရာမင်းသမီးက လူ့ပြည်မှာရှိတယ်၊ ဘယ်လိုလုပ် မေတ္တာရှိခွင့်ကြုံမလဲ ...."

နတ်မင်းကြီးက ပါးနပ်စွာမေးမြန်းလိုက်၏။

ဝံပုလွေနက္ခတ်တာရာနတ်က -

"ဒီလိုပါနတ်မင်းကြီး .... ပန်းတစ်ရာနတ်သမီးဆိုတာ နတ်ပြည်မှာ အမွှေးတိုင်ထွန်းညှိဖို့ တာဝန်ယူရတဲ့ နတ်သမီးလေးတစ်ပါးပါ၊ သူနဲ့ ကျွန်တော်မျိုးဟာ နတ်ပြည်မှာ မေတ္တာရှိခဲ့ပါတယ်၊ သူဟာ နတ်ပြည်က စုတေတော့ ရတနာဟတ္ထိနိုင်ငံရဲ့ ဘုရင့်သမီးအဖြစ် ဝင်စားခဲ့ပါတယ် အဲဒီတော့ ကျွန်တော်မျိုးဟာ လူ့ပြည်ဆင်းသွားပြီး ဘီလူးအဖြစ်ဖန်ဆင်းခဲ့ပါတယ်၊ သူမကိုခိုးယူပြီးဆယ့်သုံးနှစ်တိုင်တိုင်ပေါင်းသင်းခဲ့ပါတယ် ကျွန်တော်မျိုးဟာ ထန်စန်းကျွမ်းဆရာတော်ကို အနှောင့်အယှက်ပေးမိလို့ စွန်းဟိန်ကျဲက လိုက်လံတိုက်ခိုက်တာပါ ...."



နတ်မင်းကြီးက -

"သင်ဟာ ပြဿနာကောင်ပဲ၊ ပန်းတစ်ရာမင်းသမီးက သင့်ကို ဝံပုလွေနတ်က္ခတ်တာရာနတ်မှန်း သိသလား"

"မသိပါဘူးဘုရား"

"သင့်ကို ဝံပုလွေနက္ခတ်တာရာနတ်မှန်းသိရင် တစ်မျိုးပေါ့"

"ကျွန်တော်မျိုး မှားသွားပါတယ်"

"နောက်ပြီး သင်နတ်ပြည်ကဆင်းပြီး အယောင်ဆောင်စရာရှားသလား၊ ဘီလူးအဖြစ်ဟန်ဆောင်ပြီး မင်းသမီးကို ခိုးယူပေါင်းသင်းတယ်ဆိုတော့ အလွန်ဆိုးဝါးတဲ့လုပ်ရပ်ပဲ"

ဝံပုလွေနက္ခတ်တာရာနတ်မင်းသည် ဘာစကားမျှမပြောနိုင်တော့ပေ။

နတ်မင်းကြီးက -

"ဒီအပြစ်တွေကိုကျွန်ုပ်အရေးမယူဘူး၊ အရေးယူမှာကတစ်ချက်ပဲရှိတယ်၊ သင် ... နတ်ပြည်ကခိုးဆင်းသွားတဲ့အပြစ်ပဲ ....၊ ဒီအပြစ်အတွက် နတ်ပြည်ကစားဖိုဆောင်မှာ မီးထိုးသမားအဖြစ် နတ်သက်ဆယ့်သုံးနှစ်အထိ ပြစ်ဒဏ်သင့်စေ ...."

နတ်ကြီးလေးပါးသည် နတ်မင်းကြီး၏အမိန့်ကို မှတ်သားလိုက်ကြ၏။

ဝံပုလွေနက္ခတ်တာရာနတ်က -

"ကျွန်တော်မျိုး .... ကျွန်တော်မျိုး ...."

နတ်မင်းကြီးက လက်ကာလိုက်၏။

"သင် ဘာစောဒကတက်မလို့လဲ၊ ကျွန်ုပ်အပြစ်ဒဏ်ချလိုက်တာ အလျှော့ပေါ့ဆုံးပြစ်ဒဏ်ကိုချလိုက်တာ၊ သင့်ကိုနောက်ထပ်နှစ်မှလောက်စွဲချက်တင်ပြီး အပြစ်ဒဏ်ချနိုင်သေးတယ်၊ တော် .... တိတ်"

နတ်မင်းကြီးသည် ဒေါသသံနှင့်မိန့်ကြားလိုက်သည့် အသံသည် နတ်ပြည်တစ်ခုလုံး တုန်ဟည်းသွားလေ၏။ နတ်သားများသည် ဝံပုလွေနက္ခတ်တာရာနတ်အား ဆွဲခေါ်သွားကြလေ၏။

နတ်မင်းကြီးသည် စွန်းဟိန်ကျဲဘက်သို့လှည့်လိုက်ပြီး -

"ကဲ .... မျောက်မင်း .... ကျေနပ်ရဲ့လား ...."

"ကျေနပ်ပါတယ်"

"သူ .... မီးဖိုဆောင်မှာ နတ်သက်ဆယ့်သုံးနှစ်လောက် မီးထိုးသမားအဖြစ်နေရမှာ မသက်သာပါဘူး၊ မျောက်မင်းလဲ မီးထိုးသမားတွေကို မြင်ဖူးထားတာပဲ ...."

"ဟုတ်ကဲ့၊ မြင်ဖူးပါတယ်"

"ကဲ .... မျောက်မင်းလဲဆရာတော်ဆီစိတ်ချမ်းသာကိုယ်ချမ်းသာသွားပေတော့ ...."

မျောက်မင်းက လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်၏။

"ကောင်းပါပြီနတ်မင်းကြီး .... ကျုပ်ပြန်ပါတော့မယ် ...."

"ကောင်းပါပြီ .... ကောင်းပါပြီ"

စွန်းဟိန်ကျဲသည် နတ်မင်းကြီးရှေ့မှ ကျွမ်းထိုး၍ခုန်ထွက်သွားလေ၏။

နတ်မင်းကြီးအနီးတွင် ခြံရံနေကြသော နတ်အပေါင်းတို့သည် စွန်းဟိန်ကျဲ၏အပြုအမူကို မကျေနပ်ကြချေ။ သူသည်နတ်မင်းကြီးကိုသာ သူနှင့်တန်းတူအဖြစ်သဘောထားသည်ဟု နတ်အပေါင်းကယူဆသည်။

"ဒီမျောက်ကြီးရိုင်းစိုင်းတဲ့စိတ်အခုထိမပျောက်သေးဘူး"

နတ်မင်းကြီးက ရယ်မောလိုက်၏။

"သည်းခံပေါ့ကွယ် .... သူဒီနတ်ပြည်လာပြီး အနှောင့်အယှက်မပေးတာဘဲ စိတ်ချမ်းသာလှပါပြီ"

နတ်မင်းကြီးက နတ်ညီလာခံကိုစဲလိုက်လေ၏။

✽ ✽ ✽ ✽ ✽ ✽ ✽

## အခန်း (၉၂)

### ဂါထာမန္တရား၏အစွမ်း

စွန်းဟိန်ကျဲသည် နတ်ပြည်မှဆင်းသက်လာခဲ့သည်။ သူသည် ကျောင်းတော်ရာဆီသို့ဝင်လေ၏။ သူသည်ပန်းတစ်ရာမင်းသမီးကိုရှာဖွေရဦးမည် မဟုတ်ပါလား။

"မင်းသမီး .... မင်းသမီး .... ပန်းတစ်ရာမင်းသမီး ...."

စွန်းဟိန်ကျဲက တကြော်ကြော်ဟစ်အော်သည်။ မင်းသမီးသည် ဘီလူးကြီးအားမည်မျှကြောက်သည်မသိချေ။ အလွန်လုံခြုံစွာ ပုန်းနေ၏။

"မင်းသမီး .... ထွက်ခဲ့ပေတော့၊ သင့်ခင်ပွန်းဘီလူးကြီးမရှိတော့ပါဘူး ...."

ထိုအခါကျမှ ပန်းတစ်ရာမင်းသမီးသည် ပုန်းကွယ်ရာမှ ထွက်လာလေ၏။

"မင်းသမီး .... သင်စိတ်မကောင်းတော့မဖြစ်ပါနဲ့ သင့်ခင်ပွန်းဘီလူးကြီးဟာကျွန်ုပ်လက်ချက်နဲ့ သေသွားပါပြီ ...."

စွန်းဟိန်ကျဲသည် အကျယ်အကျယ်ရှင်းပြမနေတော့ပေ။

"ကိစ္စမရှိပါဘူးရှင် .... ကျွန်မဟာသူ့ကို သံယောဇဉ်မရှိပါဘူး၊ ကျွန်မရင်သွေးနှစ်ယောက်အတွက်သာ စိတ်မကောင်းဖြစ်ရပါတယ်"

"အခုတော့ သင့်ရင်သွေးတွေလဲ မရှိတော့ဘူး၊ သင့်ခင်ပွန်းလဲ မရှိတော့ဘူး၊ သင့်ခမည်းတော်ရဲ့နိုင်ငံ ရတနာဟတ္ထိနိုင်ငံကိုသာလိုက်ခဲ့ပေတော့ ...."

"ကောင်းပါပြီ၊ ကျွန်မ လိုက်ခဲ့ပါ့မယ်"

"လိုက်တဲ့နေရာမှာ သင်ရုပ်ဖျက်ခဲ့ပါ၊ ကျွန်ုပ်ခေါ်မှသင်ထွက်လာပါ၊ သင့်ရုပ်ကို ပြပါ"

"မျောက်မင်း သဘောအတိုင်းပါပဲရှင် ...."

"ကဲ .... ဒီလိုဆိုရင် သွားကြစို့ ...."

သူတို့သည် မကြာမီနန်းတော်ရှေ့သို့ရောက်ရှိလာကြ၏။

ထိုအချိန်တွင် ရတနာဟတ္ထိဘုရင်မင်းမြတ်မှာ အကြောင်းစုံသိရှိသွားပြီဖြစ်၍ စွန်းဟိန်ကျဲတို့လူစုအား ကျေးဇူးတင်မဆုံးအောင်ရှိနေကြတော့၏။

"ဘီလူးဖျက်ပြည်ပျက်ဆိုတဲ့စကားသိပ်မှန်တာပဲ၊ ဘီလူးကြီးဟာနောက်တစ်နေ့အထိ နန်းတော်ထဲမှာရှိနေရင် ကျွန်ုပ်တိုင်းပြည်ဟာပျက်စီးသွားတော့မှာပဲ ...."

စွန်းဟိန်ကျဲက -

"အရှင်မင်းမြတ် .... အရှင့်ရဲ့သမီးတော်နဲ့မတွေ့ချင်ဘူးလား"

ဘုရင်းမင်းမြတ်သည် စိတ်ပါလက်ပါ ပြောလေတော့၏။

"ကျွန်ုပ်ရဲ့သမီးတော်ကိုတွေ့ချင်လွန်းလို့ ကြံဆောင်ရာကနေဘီလူးဟာဒီနန်းတော်ထဲရောက်ခဲ့ရတာပဲ၊ ဘယ်နဲ့ပြောပါလိမ့်၊ ကျွန်ုပ်ရဲ့သမီးတော်ကိုတွေ့ရရင်ဘယ်လောက်ဝမ်းသာမဆုံးရှိမယ်မပြောနိုင်ပါဘူး"

စွန်းဟိန်ကျဲသည် အော်ခေါ်လိုက်၏။

"သမီးတော် .... ထွက်လာခဲ့ပေတော့ ...."

ယောကျ်ားလေးတစ်ဦးသည် ရုတ်တရက်ထွက်လာလေ၏။ ထို့နောက်သူ့ခေါင်း၌ပေါင်းထားသော အဝတ်ကို ချွတ်ချလိုက်သောအခါ ပန်းတစ်ရာမင်းသမီးမျက်နှာသည် ပေါ်လာလေတော့၏။

"ခမည်းတော် ...."

မင်းသမီးသည် ခမည်းတော်၏ခြေအစုံကိုမျက်နှာဖြင့် ပွတ်တိုက်လေ၏။ ခမည်းတော်၏ခြေအစုံ၌ မျက်ရည်များစွတ်စိုကုန်တော့သည်။

ဘုရင်မင်းမြတ်လည်း မျက်ရည်ကျလေ၏။

"သမီးတော်ရယ် ...."

မိဖုရားကြီးမှာလည်းသမီးတော်အားပြေးပွေ့လေ၏။ ဘုရင်မင်းမြတ်၊ မိဖုရားကြီးနှင့် သမီးတော်၏ တွေ့ဆုံခန်းမှာ အားလုံးမျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ ထို့နောက်တွင်ကား ဝမ်းသာမဆုံးပျော်တပြုံးပြုံးဖြစ်ကြရတော့သည်။

"စွန်းဟိန်ကျဲရဲ့ ကျေးဇူးပေပဲ ...."

ဘုရင်မင်းမြတ်က မိန့်ကြားလေ၏။

စွန်းဟိန်ကျဲသည် ဘုရင်မင်းမြတ်အားနှုတ်ဆက်၏။ သူ့ညီတော်နှစ်ယောက်အားလည်း နှုတ်ဆက်၏။

ကျူးပတ်ကိုင်က -

"အစ်ကိုကြီး ဘယ်သွားမလို့လဲ"

စွန်းဟိန်ကျဲက -

"ငါ မင်းတို့ဒုက္ခရောက်နေတာကို ကူညီပြီးပြီ၊ ကိုယ့်ပြည်ကိုယ်ပြန်သွားတော့မယ်"

ကျူးပတ်ကိုင်က -

"အစ်ကိုကြီး ဆရာ့ကို ဒီအတိုင်း ပစ်ထားတော့မလားခင်ဗျား"

"ဆရာကဘာဖြစ်နေလို့လဲ"

"ဘီလူးကြီးက ဆရာ့ကို ကျားတစ်ကောင်ဖြစ်အောင် လုပ်ထားတယ်လေ"

ထိုအခါ ဘုရင်မင်းမြတ်က ဝင်ပြောလေ၏။

"ဘီလူးက ဂါထာမန္တရားအတတ်တွေ စုံအောင်တတ်တော့ ကျွန်ုပ်တို့လည်း သူ့ကိုဘီလူးမှန်းမသိကြဘူး၊ သူဟာရေတစ်ခွက်ယူပြီး မန်းမှုတ်ပက်ဖျန်းလိုက်တာနဲ့ ဆရာတော်ဟာ ကျားတစ်ကောင်အဖြစ် ပြောင်းလဲသွားခဲ့ပါတယ် ...."

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်အားပြောလိုက်၏။

"ဒါများ .... မင်းက အဆန်း လုပ်နေရသလား၊ မင်းပြန်လုပ်ပေး

လိုက်ရင် ဆရာတော်ဘဝကို ပြန်ရောက်လာမှာပါ"

ကျူးပတ်ကိုင်က မျက်နှာငယ်လေးနှင့်ပြော၏။

"အစ်ကိုကြီး မျက်နှာလွှဲခဲပစ်မလုပ်ပါနဲ့၊ ညီလေးမှာဒီလောက် အစွမ်းမရှိတာ အစ်ကိုကြီးသိပါတယ်"

စွန်းဟိန်ကျဲက -

"ဒါဆို ပိဋကတ်သုံးပုံရတဲ့အထိ မင်းတို့ဘယ်လိုယူဆောင်နိုင်တော့မှာလဲ ....."

"ဒါကြောင့် အစ်ကိုကြီးကိုကျုပ်တို့နဲ့ပြန်လိုက်ခဲ့ဖို့တောင်းပန်နေတာပေါ့ဗျာ ...."

ဆားဝူကျိန်းက ဒူးထောက်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး ...၊ အစ်ကိုကြီးမလိုက်လာရင် ... ကျုပ်တို့ဘယ်နည်းနဲ့မှ ပိဋကတ်သုံးပုံဆီ မရောက်နိုင်ပါဘူး၊ ဒါကို ကျုပ်အသည်းနှလုံးထဲက သိနေပါတယ်၊ ကျုပ်တို့ ကန္တာရတောကြမ်းထဲမှာ တစ်ဝဲဝဲ တစ်လည်လည်နဲ့ သေဆုံးတာကို မြင်ချင်ရင်တော့ အစ်ကိုကြီး မလိုက်ပါနဲ့တော့ ..."

သူသည် ဆားဝူကျိန်းစကားကိုတော့ အလေးအနက်ထားစဉ်းစားသည်။ နောက်ဆုံး၌ သူသည် စိတ်ပြေသွားသည်။

"ကဲ .... အခု ဆရာတော် ဘယ်မှာလဲ"

ကျူးပတ်ကိုင် ဝမ်းသာသွားသည်။

"ဆရာရှိပါတယ်၊ သံလျှောင်အိမ်ထဲမှာ ဆရာ့ကိုထည့်ထားကြပါတယ်၊ အစ်ကိုကြီး လိုက်ခဲ့ပါ"

ဘုရင်မင်းမြတ်၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် စွန်းဟိန်ကျဲကို သံလျှောင်အိမ်ရှိရာသို့ ခေါ်ဆောင်လာလေ၏။

မှူးမတ်များနှင့်နန်းတွင်းသားအားလုံးပါ လိုက်ပါသွားကြသည်။

သူတို့သည် ကြီးမားသော သံလျှောင်အိမ်ထဲတွင် ကျားကြီးတစ်ကောင်ဝပ်နေသည်။

စွန်းဟိန်ကျဲသည် တန်ခိုးရှင်ဖြစ်သည့်အလျောက် ကျားကြီးကို ကြည့်လိုက်သည်နှင့် ထန်စန်းကျွမ်းဆရာတော်ဖြစ်ကြောင်းတွေ့ရှိရလေ၏။ စွန်းဟိန်ကျဲသည် အလွန်စိတ်မကောင်းဖြစ်သွားသည်။ သူ့ဆရာကို ဤသို့ဖြစ်လိမ့်မည်ဟု သူသည် တစ်ခါမျှစိတ်မကူးခဲ့ပေ။



"ငါ့ကို ရေတစ်ခွက်ပေးစမ်းဟေ့"

နန်းတွင်းသားတစ်ဦးက ကပျာကယာ ရေကိုခပ်ပေးလေ၏။

စွန်းဟုန်ကျဲသည် ရေကိုမန်းမှုတ်ပြီး တစ်ငုံငုံလိုက်၏။

"ဖူး ...."

သူသည် ရေကို ဆရာတော်ကိုယ်ပေါ်သို့မှုတ်ထုတ်လိုက်၏။

ကျားကြီးအသွင်သည် တစ်ဖြည်းဖြည်း ပျောက်ကွယ်သွားပြီး ထိုင်နေသောဆရာတော်အသွင်သည် ပြန်လည်ပေါ်ပေါက်လာလေ၏။

ဘုရင်နှင့်မှူးမတ်များမှာ အံ့သြဝမ်းသာသွားကြသည်။

ဆားဝူကျိန်းနှင့်ကျူးပတ်ကိုင်တို့သည် သံလျှောင်အိမ်တံခါးကို ဖွင့်၍ ဆရာတော်အား တွဲထုတ်လာခဲ့ကြ၏။

ဘုရင်မင်းမြတ်သည် ဆရာတော်အား ဦးခိုက်လေ၏။

"အရှင်ဘုရား .... တပည့်တော်မသိလို့ ဆရာတော်ကိုအထင်မှားခဲ့မိပါတယ်၊ ခွင့်လွှတ်တော်မူပါဘုရား"

"အိမ်း .... မသိလို့ပေပဲ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒကာတော်မင်းမြတ်၊ ကျုပ်ဘယ်သူကိုမှ အပြစ်မတင်ပါဘူး၊ ကိုယ့်ဝဋ်ကြွေးရှိလို့ပဲ မှတ်ပါတယ်"

ဆရာတော်သည် ရုတ်တရက်စွန်းဟိန်ကျဲကို တွေ့လိုက်ရသောအခါ မှင်တက်အံ့သြသွားသည်။

"ဟိန်ကျဲ .... မင်းပြန်လာပြီလား ...."

ဆားဝူကျိန်းက ကြားထဲမှအခြေအနေအားလုံးကို ပြောပြလျှောက်ထားလေ၏။

ဆရာတော်သည် ပုထုဇဉ် ဖြစ်သည့်အားလျော်စွာ မျက်ရည်ဝဲလာလေ၏။ စွန်းဟိန်ကျဲ၏လက်ကိုကိုင်ဆွဲကာ ပြောလိုက်သည်။

"ဟိန်ကျဲ .... ငါမှားသွားပါတယ်၊ သင် .... ငါ့ဆီပြန်လာပြီး ကူညီမှ ငါဟာ ပိဋကတ်သုံးပုံဆီ ရောက်တော့မှာပါပဲ၊ သင် .... ငါ့ဆီ ပြန်လာရင် သင်လိုချင်သမျှဆုတွေ ငါချီးမြှင့်ပါမယ်"

စွန်းဟိန်ကျဲကပြုံးလိုက်၏။

"တပည့်တော် ဘာမှမလိုချင်ပါဘူး ဘုရား ....၊ ဆရာဒေါသဖြစ်တိုင်း ဂါထာမရွတ်ဖို့ကိုပဲ တပည့်တော် လိုချင်ပါတယ်"

ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့မှာ ပြုံးမိကြလေ၏။

ဆရာတော်က –

"စိတ်ချပါ ...၊ ငါကသင့်အပေါ်အထင်အမြင်မှားနေတော့ ဂါထာကို မကြာခဏရွတ်မိတာပေါ့၊ အခုတော့ သင်ဟာ ငါ့အပေါ်စေတနာရှိတာကို အထင်အရှားသိရပါပြီ၊ ငါလဲ အထင်မမှားတော့ဘူးပေါ့၊ ငါ ဒီဂါထာကို ဘယ်တော့မှမရွတ်တော့ပါဘူး ...."

ဘုရင်မင်းမြတ်သည် ဆရာတော့်အနီးသို့ချဉ်းကပ်လာလေ၏။

"အခုလို .... ဆရာတော်နဲ့သမီးတော်တွေ့ခဲ့ကြတဲ့အတွက် သမီးတော်ကို တပည့်တော်ပြန်ရတာပါ၊ ဆရာတော်ရဲ့ကျေးဇူးဟာကြီးမားလှပါတယ်"

ဆရာတော်က –

"မဟုတ်ပါဘူး ဒကာတော်ရေမြေ့ရှင်၊ ဒါဟာကံကြမ္မာပါပဲ၊ သင့်ရဲ့သမီးတော်ဒီဝဋ်ကြွေးလွတ်ချိန်တန်လို့ ကျုန်ုပ်တို့နဲ့သူနဲ့ တွေ့ရတာပါ သူဝဋ်ကြွေးလွတ်ချိန်မတန်ရင် ကျုန်ုပ်တို့နဲ့တွေ့မှာမဟုတ်ပါ ဘူး ...."

"ဘယ်လိုပဲဖြစ်ဖြစ် .... ဆရာတော်တို့လူစုကို တပည့်တော် ကျေးဇူးတင်ပါတယ်၊ အခုဆိုရင် သမီးတော်ကိုပြန်တွေ့ရတဲ့အတွက် တစ်နိုင်ငံလုံး ဝမ်းသာမဆုံးဖြစ်နေပါတယ်၊ ဆရာတော်တို့ကို တပည့်တော်ရဲ့ နိုင်ငံမှာ ဧည့်သည်တော်အဖြစ် ဧည့်ခံပြုစုပါရစေ ...."

"ကျေးဇူးတင်ပါတယ် ဘုရင်မင်းမြတ် ...၊ ကျုန်ုပ်တို့ဟာ လပေါင်းများစွာ ခရီးရှည် ချီတက်ခဲ့ကြပါတယ်၊ နောက်လဲ ဘယ်နှစ်ရက်ကြာမှ ပိဋကတ်သုံးပုံဆီရောက်မယ် မသိသေးပါဘူး၊ ဒါကြောင့် ဒူးလောက်တင်မှ ရင်လောက်ကျဆိုတာလို ကျုန်ုပ်တို့ရှေ့ခရီးကို မြန်မြန်ဆက်နိုင်မှတော် ကာကျပါမယ်၊ ဒီတစ်ညပဲ အိပ်ပါမယ်၊ နက်ဖြန်ကျရင် ခရီးဆက်လက်ထွက်ခွါသွားပါ့မယ် ...."

ဘုရင်မင်းမြတ်က –



"တားမရတော့ရင်လဲ မတားတော့ပါဘူးဆရာတော်၊ ဆရာတော်ရဲ့ သန္နိဋ္ဌာန်အလွန်ကြီးမားတာကို တွေ့ရတဲ့အတွက် ဆရာတော်ဟာ ပိဋကတ်သုံးပုံကို သေချာပေါက်ပင့်ဆောင်နိုင်မယ်ဆိုတာကို တပည့်တော် အသေအချာသိနေပါတယ်၊ ဆရာတော်ကို ဒီညစိတ်ချမ်းသာလက်ချမ်းသာနဲ့ စက်တော်မူပါ၊ နက်ဖြန်နံနက် တပည့်တော် ဆွမ်းကပ်ပါရစေ၊ ပြီးမှခရီးဆက်ကြပါလို့ တောင်းပန်ပါတယ်ဆရာတော်"

ထိုည၌ဆရာတော်နှင့်တပည့်တော်သုံးယောက်တို့သည် ရတနာဟတ္ထိနိုင်ငံတော်၏ ဧည့်သည်တော်များအဖြစ် နေထိုင်ကြရလေ၏။

နောက်တစ်နေ့ဆွမ်းကပ်ပြီးသောအခါ ထန်စန်းကျမ်းဆရာတော်နှင့် တပည့်သုံးဦးသည် ဘုရင်၊ မိဖုရားနှင့်သမီးတော်တို့ကိုနှုတ်ဆက်၍ အနောက်ဘက်ခရီးကို ဆက်လက်ထွက်ခွါလေတော့သည်။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၄၃)

## အန္တရာယ်ကိုကြိုတင်သိခွင့်ရခြင်း

သူတို့ဆရာတပည့်လေးယောက်သည် ဆက်လက်ခရီးထွက်ခဲ့ကြရာ ခရီးလမ်းတစ်လျှောက် မည်သည့်ဘေးအန္တရာယ်ကိုမျှ မတွေ့ဘဲ ခရီးဆက်လာနိုင်ကြသည်။ သူတို့ ရတနာဟာတ္ထိနေပြည်တော်မှ ထွက်လာချိန်တွင် နွေဦးရာသီရောက်ရှိလာပြီဖြစ်၍ လမ်းခရီးတစ်လျှောက်၌ ပန်းမန်များ ဖူးပွင့်ဝေစီနေသည်ကို တွေ့မြင်ကြရသည်။

"အခုလို ခရီးသွားရတာကတော့ ပျော်စရာကောင်းလှတယ်၊ ပတ်ဝန်းကျင်ကလဲသာယာ တောင်တက်ခရီး မြစ်ချောင်းအင်းအိုင် ကျော်ဖြတ်ရတဲ့ခရီးမဟုတ်တော့ သွားရလာရတာလဲ သက်သာတယ်"

ကျူးပတ်ကိုင်က ပြောလိုက်လေ၏။

စွန်းဟိန်ကျဲက -

"ငှက်ခါးများပျံသလိုပေါ့ကွာ နိမ့်တုံမြင့်တုံပျံကြတယ် မဟုတ်လား၊ အဲဒီလိုပဲ တို့ခရီးမှာလဲ ကြမ်းတစ်ခါ သာတစ်လှည့်နဲ့ ခရီးဆက်နေကြရတာပေါ့ ...."

ဆားဝူကျိန်းက ရှေ့ခရီးကို လက်ညှိုးထိုးပြသည်။

"ဟော .... ကြမ်းတစ်ခါ လာတော့မယ်၊ ရှေ့မှာ ဗိလာကာဆီးနေ



တဲ့တောင်ကြီးက နည်းတဲ့တောင်ကြီး မဟုတ်ဘူး ...."

ကျန်တပည့်သုံးဦးက ရှေ့သို့ မျှော်ကြည့်လိုက်ကြ၏။

"နည်းတဲ့တောင်ကြီး မဟုတ်ပါလား၊ ကျုပ်တို့ အချိန်အတော်ယူပြီး ဖြတ်ကျော်ရမယ့်တောင်ကြီးပဲ"

ထန်စန်းကျွမ်းဆရာတော်သည်လပေါင်းအတော်ကြာရေမြေဒေသမျိုးစုံကိုခရီးထွက်ခဲ့ရပြီဖြစ်၍ အတွေ့အကြုံအတော်ရရှိလာပြီဖြစ်သည်။ သူသည်အခြေအနေကို အတော်ပင်အကဲခတ်တတ်လာပြီ။ ဆရာတော်သည်မြင့်မားသောတောင်ကြီးကို မော့ကြည့်ပြီး -

"ဟိန်ကျဲ .... ရှေ့မှာတောင်တစ်လုံးတွေ့တယ်၊ တောင်ကြီးကလဲမြင့်တယ်၊ ဘီလူးတွေ ရှိဦးမလားပဲ ...."

စွန်းဟိန်ကျဲက ပြုံးပြီးပြောလေ၏။

"ဆရာလဲ မဆိုးတော့ပါလား၊ တောင်မြင့်မြင့် တွေ့တာနဲ့ အန္တရာယ်ကို တွေးတတ်လာပါလား"

ဆရာတော်က -

"ငါတို့ခရီးထွက်လာတာအတော်ကြာပြီ၊ ဒီလိုတောင်မြင့်မြင့်တွေကိုရောက်တိုင်း ဘီလူးတစ်ကောင်မဟုတ် တစ်ကောင်နဲ့တွေ့ကြတာပဲ မဟုတ်လား၊ အတွေ့အကြုံက သင်ပေးတာပေါ့ ...."

ဆရာတပည့်နှစ်ယောက်စကားပြောနေစဉ် အတော်ဝေးဝေး၌ လူတစ်ယောက်ထင်းခွေနေသည်ကို တွေ့ကြရလေ၏။ ထိုလူသည်ထင်းခွေရင်းသီချင်းညည်းနေသည်။ သူ့သီချင်းသံကို စွန်းဟိန်ကျဲတို့ သဲ့သဲ့ကြားနေရသည်။

ကျူးပတ်ကိုင်က -

"ရှေ့မှာ လူတစ်ယောက်အစ်ကိုကြီး"

ဆားဝူကျိန်းက -

"ထင်းခွေနေတာနဲ့တူတယ်၊ လူမနီးသူမနီးတောကြီးထဲမှာ ဒီတစ်ယောက်ထဲကိုပဲတွေ့နေရတယ်၊ လူသားမှ ဟုတ်ရဲ့လားမသိဘူး"

ဆရာတော်က -

"ဟိန်ကျဲ .... အဲဒီ ထင်းခွေသမားကို သွားစုံစမ်းစမ်း .... ရှေ့က

ဖီလာဆီးနေတဲ့ တောင်ကြီးအကြောင်းသိနိုင်တယ် ...."

"ကောင်းပါပြီဆရာ"

စွန်းဟိန်ကျဲက ခေါင်းညိတ်လိုက်၏။

"ဆရာနဲ့ ... မင်းတို့အားလုံးဒီကရပ်စောင့်နေကြပါ"

ဆရာတော် နှင့်ကျူးပတ်ကိုင်၊ ဆားဝူကျိန်းတို့သည် ရပ်စောင့်နေကြ၏။

စွန်းဟိန်ကျဲသည် ထင်းခွေသမားရှိရာအရပ်သို့ သွားလေ၏။ ထင်းခွေသမားသည် ခမောက်ကြီးကိုဆောင်းထားသဖြင့် သူ့မျက်နှာကို မတွေ့ရချေ။

စွန်းဟိန်ကျဲက –

"အစ်ကိုကြီး တစ်ခုလောက်မေးပါရစေခင်ဗျား"

ထင်းခွေသမားက ခေါင်းမော့မကြည့်ချေ။ သစ်ပင်တစ်ပင်ကို ခုတ်မြဲခုတ်ပြီး ပြောလေ၏။

"မေးပါ ...."

စွန်းဟိန်ကျဲက –

"အစ်ကိုကြီးက ဒီအရပ်ကပါလား"

"ဟုတ်ပါတယ်၊ ဒီတောစပ်ကနေ ငါးလီလောက်ဝေးတဲ့နေရာမှာ ကျုပ်ရဲ့တဲရှိပါတယ် ...."

"အစ်ကိုကြီး ဒီအရပ်ကဆိုတော့ .... ရှေ့မှာ ဖီလာဆီးနေတဲ့ တောင်ကြီးအကြောင်းကို သိမယ်လို့ ထင်ပါတယ်"

"သိပါတယ်၊ ဒီတောင်ဟာ မကောင်းပါဘူး"

"ဘယ်လို မကောင်းတာလဲ"

"မကောင်းဆိုးဝါးတွေ ရှိတယ်"

"ဒီတောင်ကို ဘာတောင်ခေါ်ပါသလဲ"

"ထိပ်ညီနောင်လို့ ခေါ်ပါတယ်"

"လိုဏ်ဂူတွေ ... ဂူပေါက်တွေများ ရှိသေးလားမသိဘူး"

"ရှိတယ်၊ ဒီတောင်ပေါ်မှာလိုဏ်ဂူတွေအများကြီးရှိတယ်၊ အဲ့ဒီထဲမှာ လိုဏ်ဂူကြီး တစ်ခုရှိတယ်၊ ကြာပန်းလိုဏ်ဂူလို့ ခေါ်တယ်၊ အဲ့ဒီမှာ



ဘီလူးကြီးတစ်ကောင် ရှိတယ်"

"ဘီလူးတွေဟာ အမျိုးမျိုးအစားစားရှိပါတယ်၊ တစ်ချို့လဲ တန်ခိုးကြီးတယ်၊ တစ်ချို့လဲ တန်ခိုးမရှိဘူး၊ ဒီဘီလူးက ဘယ်လိုအမျိုးအစားလဲ"

ထင်းခွေသမားထံမှ ရယ်သံသဲ့သဲ့ထွက်လာလေ၏။

"အစ်ကိုကြီး ဘာရယ်တာလဲ"

"သင့်စကားကြားလို့ရယ်တာပါ၊ ဒီဘီလူးဟာဘယ်လောက်တန်ခိုးကြီးတယ်ဆိုတာတော့ မပြောနဲ့၊ အရှေ့အရပ်ကထွက်လာပြီဆိုတဲ့ ဘုန်းကြီးတစ်ပါးကိုစားဖို့ သူစောင့်နေတာ"

စွန်းဟိန်ကျဲကလည်း ရယ်မောသည်။

"ဒီလိုဆိုရင်ဟန်တော့ကျနေပြီ၊ ကျုပ်တို့ကလဲ အရှေ့အရပ်က ထွက်လာတဲ့ ဘုန်းကြီးတစ်ပါးနဲ့တပည့်သုံးယောက်ပဲ ...၊ အနောက်အရပ်ကပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ကျုပ်တို့ထွက်လာကြတာပါ ...."

"သင်တို့ မဟာထန်နိုင်ငံကလား ...."

"ဟုတ်ပါတယ်"

"ဒါဆိုရင် သင်တို့ လှည့်ပြန်ပေတော့"

"ဘာဖြစ်လို့လဲ"

"ဒီဘီလူးဟာ ထန်နိုင်ငံကလာတဲ့ဘုန်းကြီးကိုဖမ်းစားဖို့ စောင့်နေတာ ...."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဘီလူးကိုတော့ ကျုပ်မကြောက်ပါဘူး"

ထင်းခွေသမားသည်သစ်ပင်ကိုဆက်ခုတ်နေ၏။ သစ်ပင်သည် ပြိုလဲကျသွားသည်။

"ဝုန်း ...."

"သင်ဟာ လေလုံး အလွန်ထွားတဲ့ပုဂ္ဂိုလ်ပဲ"

သူသည် သူ့စကားကို ဆက်လိုက်၏။

"ကျုပ် ပြောတာကို သင် မယုံဘူးလား၊ မယုံမရှိပါနဲ့ ....၊ အဲ့ဒီဘီလူးဟာ အတော် တန်ခိုးကြီးပါတယ် ....၊ သင်တို့ သွားရင် သတိထား

သွားကြပေတော့ ...."

"ဘယ်လိုပဲဖြစ်ဖြစ် ... အစ်ကိုကြီးသတိပေးတာကိုတော့ကျေးဇူးတင်ပါတယ်၊ ကျုပ်ကိုခွင့်ပြုပါဦး၊ ကျုပ်ရဲ့ဆရာတော်ကို အကျိုးအကြောင်း သွားပြောရဦးမယ် ...."

စွန်းဟိန်ကျဲသည် ထင်းခွေသမားထံမှ လှည့်ထွက်ခဲ့သည်။ သူသည် လမ်းလျှောက်ရင်း ဘုန်းတော်ကြီးကို မည်သို့ပြောရမည်ကို ချင့်ချိန်တွက်ဆလာ၏။ သူသည်ဆရာတော်အားအမှန်အတိုင်းပြောပြလျှင် ဆရာတော် အလွန်ကြောက်ရွံ့ သွားမည်ကိုစိုးရိမ်သည်။ အမှန်အတိုင်းပြောမပြကလည်း ဆရာတော်သည် မကြောက်ရွံ့ဘဲ ပေါ့ပေါ့ဆဆဖြစ်သွားမည်ကို စိုးရိမ်မိပြန်သည်။

စွန်းဟိန်ကျဲစဉ်းစားရင်း လျှောက်လာသဖြင့် ဆရာတော်ရှေ့သို့ ရောက်မှန်းမသိ ရောက်လာမိ၏။

ဆရာတော်က ဆီး၍မေးလေ၏။

"ဟိန်ကျဲ .... ထင်းခွေသမားက ဘာပြောလိုက်သလဲ ...."

စွန်းဟိန်ကျဲသည် သူ့စိတ်ထဲ၌ စီစဉ်ထားသည့်အတိုင်း ပြောလိုက်လေ၏။

"သူလဲ ဘာမှမသိဘူးလို့ပြောပါတယ်၊ တပည့်တော်တို့သတိထားပြီး သွားကြတာပေါ့ဘုရား၊ ဆရာလဲဒီလိုတောင်မျိုးတွေ အကြောင်းသိသားပဲ"

"ဟင် .... အသုံးမကျတဲ့ထင်းခွေသမား၊ သူ ဒီအနီးအနားမှာ နေရက်နဲ့ဒီတောင်အကြောင်းမသိဘူးလား၊ ထွီ .... အသုံးမကျ-ဘဲ့အကောင်"

ကျူးပတ်ကိုင်က ပစ်ပစ်နှစ်နှစ်ပြောဆိုအပြစ်တင်လိုက်၏။

ဆရာတော်က -

"ဟဲ့ .... ကျူးပတ်ကိုင် .... သူလဲသိချင်မှသိမှာပေါ့ ....၊ သင်တောင်သင့်နောက်စိမှာ ဘာဖြစ်နေတယ်ဆိုတာသိလို့လား၊ အနားကပ်တိုင်းသိမယ်လို့ မထင်နဲ့ ...."

ဆားဝူကျိန်းက အလန့်တကြားအော်လိုက်၏။

"ဟော ...."



"ဘာလဲ .... ဘာလဲ .... ဘာတွေ့လို့လဲ"

ကျူးပတ်ကိုင်က မေးလိုက်၏။

ဆားဝူကျိန်းက -

"ထင်းခွေသမား မရှိတော့ဘူး"

"သူ .... တောထဲဝင်သွားလို့ဖြစ်မှာပေါ့"

ဆားဝူကျိန်းက ခေါင်းယမ်းလိုက်၏။

"မဟုတ်ဘူး၊ သူပျောက်သွားတာကို ကျုပ် သေသေချာချာတွေ့လိုက်တယ်အစ်ကိုကြီး ...."

စွန်းဟိန်ကျဲသည် လှည့်ကြည့်လိုက်၏။

ထင်းခွေသမားသည် ထိုနေရာ၌ ရှိမနေတော့ပေ။

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်သို့ခုန်တက်၍ ကောင်းကင်ယံသို့ထိုးတက်သွားလေ၏။ သူသည် ကောင်းကင်၌အရပ်လေးမျက်နှာသို့ လှည့်ပတ်ကြည့်ရှု၏။

သူသည်တစ်စုံတစ်ခုကိုမြင်လိုက်သည်။ နတ်တစ်ပါးသည် တိမ်တိုက်စီးကာ ထိုပတ်ဝန်းကျင့် ကင်းလှည့်နေကြောင်းတွေ့ရှိရလေ၏။ ထိုအခါစွန်းဟိန်ကျဲသည် ချက်ချင်းသဘောပေါက်သွားသည်။ ထိုနတ်သည် ထင်းခွေသမားယောင်ဆောင်ခြင်းဖြစ်ကြောင်းကိုတည်း။ သူသည် ထိုကင်းလှည့်နေသော နတ်ဆီသို့တိမ်တိုက်စီး၍ လိုက်သွားလေ၏။

သူသည် နတ်မင်းအားမီသောအခါ မေးလိုက်လေ၏။

"အသင်နတ်မင်း .... အဘယ်ကြောင့် ထင်းခွေသမားအသွင်ဖန်ဆင်းပြီး ကျုပ်ကိုလှည့်စားရတာလဲ ...."

ကင်းလှည့်နေသောနတ်မင်းသည် စွန်းဟိန်ကျဲအားမြင်သောအခါ ဂါရဝပြုလိုက်၏။

"ကျုပ်လှည့်စားတာမဟုတ်ပါဘူး၊ သင်တို့ရှေ့ဆက်ရမယ့်ခရီးဟာအန္တရာယ်ရှိနေတယ်၊ ထန်စန်းကျွမ်းဆရာ အပေါ် ကျရောက်မယ့်အန္တရာယ်ကို သင်တို့ ကျွန်ုပ်တို့ အားလုံး ဝိုင်းဝန်းကာကွယ်ရမယ်၊ ဒါကြောင့် သင့်ကို ကြိုတင်အကြောင်းကြားတာပါ၊ လှည့်စားတာမဟုတ်ပါဘူး ...."

“ဒီလိုဆိုရင် သင်ဟာ ထင်းခွေသမားယောင်ဆောင်နေဖို့ မလိုပါဘူး ....၊ ကျုပ်တို့အားလုံးကို လာရောက်ရှင်းပြရင်ဖြစ်တာပဲ ....”

“ကျွန်ုပ်ကထန်စန်းကျွမ်းဆရာတော်ရှေ့မှာသင့်ကို ဘယ်လိုလုပ်လာပြောနိုင်မလဲ၊ သင်တို့လေးယောက်ထဲမှာ ထန်စန်းကျွမ်းဆရာတော်ဟာ ပုထုစဉ်လူသားစင်စစ်ဖြစ်တယ်၊ သူဟာဝမ်းနည်း ဝမ်းသာတတ်တယ်၊ ကြောက်လန့်ရဲရင့်တတ်တယ်၊ ကျွန်ုပ်လာပြောရင် ထန်စန်းကျွမ်းဆရာတော်ဟာ သိပ်ကြောက်လန့်သွားမှာပေါ့ ....”

“သင်ဆိုလိုတာကိုကျွန်ုပ်သိပါပြီ၊ရှေ့တောင်ကြီးမှာ ကြောက်စရာကောင်းတဲ့ဘီလူးကြီး ရှိနေပြီပေါ့ .... ဟုတ်လား”

“ဟုတ်ပါတယ်”

“ဘီလူး နေထိုင်တာက ဘယ်မှာလဲ”

“ဟိုးရှေ့ကတောင်ကြီးမှာပါ၊ သူနေတဲ့လိုဏ်ဂူက ကြာပန်းလိုဏ်ဂူလို့ခေါ်တယ်၊ အခေါ်အဝေါ်ကတော့ လှပါတယ်၊ ဒါပေမယ့် ဖြစ်တဲ့အဖြစ်အပျက်တွေကတော့ လှပမှာမဟုတ်ဘူး”

“အဲ့ဒီဘီလူးက ဘယ်လောက်ကြောက်စရာကောင်းသလဲ”

“ကျွန်ုပ်သိထားသလောက်တော့ သူဟာ သိပ်တန်ခိုးကြီးတယ်၊ ဒါကြောင့် ကြောက်စရာကောင်းမယ်ဆိုတာတော့ အသေအချာပါပဲ”

“အင်း .... သင်ကတောင်သတင်းကြိုပေးပုံထောက်တော့ဒီဘီလူးဟာ နယ်နယ်ရရ ဘီလူးဖြစ်မှာမဟုတ်ဘူးဆိုတာတော့ အသေအချာပါပဲ”

ကင်းလှည့်နေသော နတ်မင်းက –

“သင်အမြော်အမြင်ရှိပါတယ်၊ ခရီးကိုလိမ်လိမ်မာမာဆင်ဆင်ခြင်ခြင်သွားပါ၊ ကျွန်ုပ်ရဲ့ တာဝန်ကတော့ကျေပွန်ပါပြီ၊ ကျွန်ုပ်ကို သွားခွင့်ပြုပါတော့ ....”

စွန်းဟိန်ကျဲက ခေါင်းညိတ်လိုက်၏။

“ကောင်းပါပြီဗျာ ....”

နတ်မင်းသည် တိမ်တိုက်စီး၍ ထွက်ခွါသွားလေတော့၏။

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ပြန်ဆင်း လာလေ၏၊ ထန်စန်းကျွမ်း ဆရာတော်သည် စွန်းဟိန်ကျဲကို တွေ့သောအခါ ဆီးကြို



မေးမြန်းတော့သည်။

“ရှေ့သွားမယ့်လမ်းခရီးက ဘယ်လိုအခြေအနေရှိသလဲ၊ ဘယ်လို စုံစမ်းခဲ့သလဲ ....”

စွန်းဟိန်ကျဲသည် ပထမတုန်းကလိုပင် ရုတ်တရက်အဖြေရခက်သွား၏။ နတ်မင်းပြောသလို အမှန်ပြောပြလိုက်ပါက ထန်စန်းကျွမ်းဆရာတော်ကြောက်သွားမည်ကို စိုးရိမ်သည်။

ထိုကြောင့် ခဏမျှစဉ်းစားပြီး –

“ဆရာ .... ရှေ့ဆက်သွားလို့ မဖြစ်ဘူးထင်တယ်ဆရာ ....”

“ဘာဖြစ်လို့လဲ ဟိန်ကျဲ ....”

“တပည့်တော်တို့သွားမယ့်ရှေ့က ဗီလာကန့်လန့်ကာဆီးနေတဲ့ တောင်ကြီးမှာ ဘီလူးတွေရှိတယ်လို့ ကြားသိရပါတယ်၊ ဟုတ်မဟုတ်တော့တပည့်တော်မသိပါဘူး၊ ဒီတော့ ဒီကလှည့်ပြန်ကြရင် ကောင်းမယ်ထင်ပါတယ်”

“ငါတို့ ခရီး အတော်ပေါက်လာပြီပဲ၊ လှည့်ပြန်လို့ကတော့ မသင့်ပါဘူး ....”

ကျူးပတ်ကိုင်က –

“ ဟုတ်ပါတယ်အစ်ကိုကြီး .... ကျုပ်တို့ခရီးအတော်ပေါက်လာပြီပဲ၊ ဘာအန္တရာယ်ပဲရှိရှိ ကျုပ်တို့တွန်းလှန်သွားရမှာပါပဲ၊ ရှေ့ဆက်သွားဖို့ပဲသင့်ပါတယ် ....”

စွန်းဟိန်ကျဲက –

“ဒါကိုငါလဲသိပါတယ် ..... ၊ ဒါပေမယ့် ဒီအန္တရာယ်ကိုတွန်းလှန်တဲ့နေရာမှာ ဆရာအပါအဝင် လေးယောက်စလုံးက တက်ညီလက်ညီတွန်းလှန်ဖို့လိုပါတယ်၊ ဒါမှ ရှေ့ခရီးကို ဆက်သင့်တယ်”

ဆရာတော်က–

“မှန်ပါတယ်၊ ဒါကို ငါထောက်ခံတယ်၊ ငါတို့လေးယောက်စလုံး ညီညီညာညာကြိုးစားကြရင် အန္တရာယ်ကို အောင်မြင်ကျော်လွှားနိုင်မယ်လို့ ငါယုံတယ်..”

စွန်းဟိန်ကျဲက–

"အဲဒီလို တာဝန်ကိုယ်စီရှိကြတယ်ဆိုတာကို သဘောပေါက်ထားရင်ကောင်းပါတယ်၊ တပည့်တော် ကြိုးစားပြီးဦးဆောင်ပါမယ်..."

ဆရာတော်က–

"ကောင်းပြီလေ၊ ကျူးပတ်ကိုင်နဲ့၊ ဆားဝူကျိန်းကို သင်သဘောကျသလို တာဝန်ခွဲဝေပေးနိုင်ပါတယ်၊ သင်သဘောကျသလို စီမံခန့်ခွဲနိုင်ပါတယ်..."

"ကောင်းပါပြီဆရာ...."

သူသည် ဆားဝူကျိန်းဘက်သို့ လှည့်လိုက်ပြီး–

"ညီလေးရဲ့တာဝန်ကတော့ အထုပ်ကိုလဲထမ်းရမယ်...၊ မြင်းကိုလဲ ထိန်းသိမ်းရမယ်၊ အဲဒီတာဝန်ဟာ ညီလေးရဲ့တာဝန်ပဲ.."

ဆားဝူကျိန်းက ခေါင်းညိတ်လိုက်လေ၏။

"ကျုပ်တာဝန်ယူပါမယ်..."

"တာဝန်တစ်ခုကျန်တယ်၊ အဲဒါသင်ပဲတာဝန်ယူရလိမ့်မယ်"

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင်အား လှည့်ပြောလိုက်၏။

ကျူးပတ်ကိုင်အား–

"ဘာတာဝန်များလဲ အစ်ကိုကြီး"

"တာဝန်တစ်ခုကတော့ ဆရာ့ကိုစောင့်ရှောက်ဖို့၊ တခြားတာဝန်တစ်ခုကတော့ ရှေ့ကို ကင်းထောက်ထွက်ဖို့ပဲ..."

"အစ်ကိုကြီးပြောတဲ့ တာဝန်နှစ်ခုက ဆန့်ကျင်ဘက်ဖြစ်နေပါကလား..၊ ဆရာ့ကိုစောင့်ရှောက်ရင်ကျုပ်က ဘယ်လိုကင်းထောက်ထွက်နိုင်မှာလဲ၊ ကင်းထောက်ထွက်ရင် ဆရာ့ကို ဘယ်လိုစောင့်ရှောက်နိုင်မှာလဲ"

စွန်းဟိန်ကျဲက–

"မဟုတ်ဘူး တာဝန်နှစ်ခုလုံးပေးမှာ မဟုတ်ပါဘူး၊ တစ်ခုပဲပေးမှာပါ"

"ကင်းထောက်ရတဲ့တာဝန်ပဲ ဖြစ်မှာပေါ့"

"မဟုတ်ဘူး ဆရာ့ကို စောင့်ရှောက်ရမယ်"

"ဆားဝူကျိန်း ရှိသားပဲ"

"သူက အထုပ်ကို စောင့်ရှောက်ရမယ်၊ မြင်းကို စောင့်ရှောက်



ရမယ် ...၊ မင်းက ဆရာ့အနားက တစ်ဖဝါးမှ မခွာရဘူး၊ ဆရာကလမ်းလျှောက်ရင် မင်းလျှောက်ရမယ်၊ ဆရာထိုင်ရင် မင်းထိုင်ရမယ်.."

"ဆရာ့ အတွက် ဘယ်သူဆွမ်းခံမလဲ"

"မင်းပဲ ဆွမ်းခံရမှာပဲ..."

"ဟာ...ဆွမ်းခံတာ မလွယ်ဘူး၊ သွားရတဲ့ခရီးကလဲ ဝေးတယ်၊ လူနေအိမ်ခြေကလဲ မရှိဘူး၊ ကျုပ်ကင်းထောက်တဲ့ တာဝန်ယူတော့မယ်.."

"ကင်းထောက်တဲ့ တာဝန်ကလဲ မလွယ်ဘူး"

"ဘယ်လို မလွယ်တာပဲ"

"ကင်းထောက်တဲ့တာဝန်က ရှေ့ဆုံးကသွားရမယ်၊ ရှေ့မှာဘာတွေရှိသလဲ၊ အရိပ်အခြည်ကို သိတတ်ရမယ်၊ ဘာတွေရှိနိုင်သလဲ၊ ဘီလူးတွေရှိသလား၊ ရှိရင်အင်အားဘယ်လောက်ရှိသလဲ၊ သူနေထိုင်တဲ့ တောင်က ဘယ်လိုတောင်ခေါ်သလဲ၊ ဒါတွေကို စုံစမ်းပြီး သတင်းပို့ရမယ်..."

"ကိစ္စမရှိဘူး၊ ဒီတာဝန့်ပဲ ယူမယ်"

"ဒီတာဝန်ယူရင် တာဝန်အတိုင်းတိတိကျကျ ဆောင်ရွက်ရမယ်နော်"

"ဆောင်ရွက်ပါမယ်"

"အေး...ဒါဖြင့် မင်းဒီတာဝန်ကို ခုချိန်ကစပြီးယူပေတော့"

"အခု...ကင်းထောက်ထွက်ရမှာလား"

"ဒါပေါ့..."

ကျူးပတ်ကိုင်သည် ထွန်ခြစ်ကိုထမ်း၍ ထွက်ခွာသွားလေတော့၏။

စွန်းဟိန်ကျဲက ကျူးပတ်ကိုင် ထွက်ခွာသွားသည်ကို မျက်စိတဆုံး ကြည့်နေလေ၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၉၄)

## နောက်ယောင်ခံလိုက်ခြင်း

ဆရာတော်က စွန်းဟိန်ကျဲ စိမ်ခန့်ခွဲနေပုံကို ကြည့်နေ၏။ ကျူးပတ်ကိုင်ထွက်ခွာသွားသောအခါ စွန်းဟိန်ကျဲကိုပြောသည်။

"ဟိန်ကျဲ.. သင်စီမံခန့်ခွဲတာကို ကျူးပတ်ကိုင်က ကျေနပ်ပုံမရဘူး..."

စွန်းဟိန်ကျဲက–

"ဆရာ...ကျူးပတ်ကိုင်ဟာ တပည့်တော်ခိုင်းသလို လုပ်လိမ့်မယ်ထင်သလား"

ဆရာတော်က–

"သင်က သူမလုပ်ဘူးလို့ ပြောချင်လို့လား"

"သူဟာ ဖြောင့်ဖြောင့်တန်းတန်းလုပ်မှာ မဟုတ်ပါဘူး၊အလုပ်ကို မင်းတိုင်းကြေလုပ်ပြီး၊ တစ်နေရာရာမှာ ထိုးအိပ်လိမ့်မယ်...၊ အိပ်ပြီးပြန်လာလိမ့်မယ်"

"သင် ဘယ်လိုလုပ်သိသလဲ"

"တပည့်တော် သိပါတယ်၊ အခုလဲ တပည့်တော်ပြောသလိုဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ တပည့်တော်လိုက်သွားကြည့်မယ်"



သူသည်ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ခါလိုက်ရာပုစဉ်းတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားလေ၏။ ထို့နောက် ကျူးပတ်ကိုင်နောက်သို့လိုက်ပါ ပျံသန်းသွားလေ၏။

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲတို့ကို မမြင်ရသောအခါလှည့်၍ပြောသည်။

"တောက်...အပျင်းထူတဲ့ဆရာ... တစ်နေ့လုံးကို မြင်းပေါ်က မဆင်းဘူး... အပျင်းထူတဲ့မျောက်စုတ်... ဒင်းတို့ကတော့ အေးအေးဆေးဆေးနေတယ်၊ ငါ့ကိုတော့ ပင်ပင်ပန်းပန်းခိုင်းတယ်.."

သူသည် သူ၏ရှည်လျားသော နှာခေါင်းကို ထုတ်လိုက်၏။

"ငါကလဲ ဝက်ပါးပဲ... ဒီလိုလုပ်လို့ ဘယ်ရမလဲ..."

သူသည် ပြောပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။ရှေ့တွင် စိမ်းလန်းသော မြက်ခင်းပြင်တစ်ခုကို တွေ့လိုက်ရသည်။ သူသည် ထွန်ခြစ်ကို ပစ်ချလိုက်ပြီးထိုမြက်ခင်းပေါ် လှဲအိပ်လိုက်သည်။

သူသည် စိတ်ကျေနပ်သွား၏။

"မင်းတို့ထက် ငါကဇိမ်ခံတတ်တယ်ဆိုတာ မင်းတို့ သိထားစမ်းပါ..."

စွန်းဟိန်ကျဲသည် သစ်ပင်တစ်ပင်ပေါ်၌ နားရင်း သူ့ကိုယ်သူ သစ်တောက်ငှက်အသွင်သို့ ပြောင်းလဲလိုက်၏။

ကျူးပတ်ကိုင်သည် မျက်လုံးမှိတ်၍ အိပ်ရန်ကြိုးစားလိုက်၏။ အိပ်ပျော်မည်အပြုတွင် သစ်တောက်ငှက်က ပျံသန်းလာပြီးသူ့နှုတ်သီးအားထိုးဆိတ်လေ၏။

"အား..."

ကျူးပတ်ကိုင်သည် အိပ်နေရာမှ ထထိုင်မိ၏။ သူ့နှာခေါင်းကို စမ်းကြည့်သောအခါ သွေးများထွက်လာသည်ကို တွေ့ရသည်။

"ဒီသစ်တောက်ငှက်ဟာ အတော့်ကို တုံးတဲ့သစ်တောက်ငှက်ပါလား၊ ငါ့နှုတ်သီးကို သစ်ခေါင်းအောက်မေ့ပြီး လာထိုးဆိတ်ရသလား..."

သူသည် နှာခေါင်းကို အကျီရှည်နှင့်ဖုံးလိုက်၏။

သစ်တောက်ငှက်သည် ပျံဝဲလာပြီး သူ့ခေါင်းကို ထိုးဆိတ်လေ

တော့၏။

ကျူးပတ်ကိုင်သည် ဆက်လက်အိပ်၍မရတော့ချေ။

သူသည် ထထိုင်ရ၏။

"ဒီသစ်တောက်ငှက်က ငါအိပ်မရအောင် ငါ့ကို နှိပ်စက်နေပါကလား"

သူသည် မတ်တတ်ထရန် ထွန်ခြစ်ကို ကောက်ကိုင်ရတော့၏။ ထို့နောက် ရှေ့ဆက်လျှောက်တော့သည်။

သစ်တောက်ငှက်အဖြစ် ဖန်ဆင်းထားသော စွန်းဟိန်ကျဲသည် ပုစဉ်းအဖြစ်ပြန်လည်ဖန်ဆင်းပြီး ကျူးပတ်ကိုင်၏ပုခုံးပေါ်နားကာ နိုနားလိုက်ပါသွားသည်။ ပုစဉ်းနားသည်ကို ကျူးပတ်ကိုင်မသိချေ။

မကြာမီ ကျောက်ဖျာတစ်ချပ်ရှေ့သို့ ရောက်လာသည်။ သူသည် ကျောက်ဖျာရှေ့၌ ရပ်တန့်လိုက်ပြီး ကျောက်ဖျာကို ဦးညွတ်လေ၏။

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင်၏အပြုအမူကို နားမလည်နိုင်ဘဲ ဖြစ်နေသည်။

"ဆရာ...တပည့်တော်ပြန်လာပါပြီ"

ပုစဉ်းအဖြစ် ဖန်ဆင်းထားသော စွန်းဟိန်ကျဲသည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဒီဝက်ပုတ် ဘာတွေအရူးထနေပြန်ပြီလဲမသိဘူး"

ကျူးပတ်ကိုင်သည် ကျောက်ဖျာပေါ်ထိုင်ချလိုက်ပြန်၏။

"ကျူးပတ်ကိုင်...၊ သင်ကင်းထောက်ခဲ့တာ ဘာတွေသိခဲ့ရသလဲ"

ကျူးပတ်ကိုင် ပြန်ထလာပြန်သည်။

"ဆရာ... တပည့်တော်တောင်ကုန်းတစ်ခုကို ရောက်ခဲ့ပါတယ်ဘုရား"

သူသည် ကျောက်ဖျာပေါ်ပြန်ထိုင်ပြန်၏။

"အဲဒီတောင်ကို ဘယ်လိုခေါ်သလဲ"

ကျူးပတ်ကိုင် ပြန်ထပြန်သည်။

"ကျောက်တုံးတောင်လို့ ခေါ်ပါတယ်ဆရာ..."

"အဲဒီတောင်မှာ ဘီလူးများရှိသလား"



"ရှိပါတယ်ဆရာ.... ဘီလူးကြီးတွေ နေထိုင်ပါတယ်"

"ဘီလူးကြီးတွေရှိတဲ့ နေရာကို ဘယ်လိုခေါ်သလဲ"

"ကျောက်တုံးလိုဏ်ဂူလို့ ခေါ်ပါတယ်ဆရာ..."

ယခုမှ စွန်းဟိန်ကျဲ သဘောပေါက်သည်။

ကျူးပတ်ကိုင်သည် ဆရာတော်ကို လိမ်ညာပြောဆိုရန် လေ့ကျင့်နေခြင်းဖြစ်တော့သည်။

သူသည် ဆရာတော်ထံသို့ ပြန်လာခဲ့သည်။

သူသည် နဂို စွန်းဟိန်ကျဲ၏ ရုပ်သဏ္ဌာန်သို့ပြန်လည်ပြောင်းလဲလိုက်သည်။

စွန်းဟိန်ကျဲပြန်ရောက်လာသည်ကို တွေ့သောအခါ ဆရာတော်ဝမ်းသာသွားသည်။

"ဟိန်ကျဲ... သင်ပြန်လာပြီလား"

"ပြန်လာပါပြီဆရာ..."

"ကျူးပတ်ကိုင်ကော..."

"သူလဲ ပြန်လာပါတော့မယ်၊ အခု...ဆရာ့ကို ဘယ်လိုလိမ်ရမလဲဆိုတာ လေ့ကျင့်နေပါတယ်"

ဆရာတော် မျက်မှောင်ကုတ်သွား၏။

"ဒီကောင် အတီးအတပါ...၊ဘာတွေများလိမ်ဖို့ကြိုးစားနေလို့လဲ"

"မ,အ ပါဘူး... ဆရာ သူ့ကိုအထင်သေးနေတာကိုး၊ သူလိမ်ရအောင် လေ့ကျင့်နေတာကို တပည့်တော်အကုန်ကြားခဲ့ပါတယ်ဘုရား.."

သူသည် ကျူးပတ်ကိုင်ကို လေ့ကျင့်နေပုံကို ပြန်ပြောပြလေ၏။

"ဆရာ...မယုံရင် နားထောင်ပါ...၊ သူပြန်လာရင်တပည့်တော်ပြောတဲ့အတိုင်း.. သူပြန်ပြောပါလိမ့်မယ်"

သူတို့စကားပြောနေစဉ် ကျူးပတ်ကိုင်သည် ထွန်ခြစ်ကိုထမ်း၊ ဦးခေါင်းငုံ့လျက် စကားကို တတွတ်တွတ်ရေရွတ်လာလေ၏။

စွန်းဟိန်ကျဲက နားရွက်ကို လှမ်းဆွဲလိုက်သောအခါမှ ကျူးပတ်ကိုင် လန့်ဖျပ်သွားသည်။

"ဟော...ပြန်ရောက်နေတာတောင် သတိမထားမိဘူး...."

စွန်းဟိန်ကျဲက–

"ဘယ်သတိထားမိမလဲ... ဆရာ့ကို ဘယ်လိုလိမ်ရမလဲဆိုတာ စဉ်းစားနေတာမဟုတ်လား"

"မဟုတ်တာဗျာ၊ ဆရာ့ကို ကျုပ်ကဘာဖြစ်လို့ လိမ်ရမှာလဲ"

"မင်းဉာဉ်က လိမ်ချင်တဲ့ ဉာဉ်ရှိနေတာကိုး၊ လိမ်ဖို့ပဲစိတ်ဝင်စားနေတာပေါ့..."

ဆရာတော်က–

"ကျူးပတ်ကိုင်... ကင်းထောက်သွားတော့ ဘာတွေတွေ့ခဲ့သလဲ"

ကျူးပတ်ကိုင်က ပါးစပ်ဟလိုက်၏။

စွန်းဟိန်ကျဲက ကြားဖြတ်ပြောလိုက်သည်။

"ကျောက်တုံးတောင်ကို ရောက်ခဲ့ပါတယ်"

ကျူးပတ်ကိုင် ပါးစပ်အဟောင်းသားဖြစ်သွား၏။

ဆရာတော်က–

"သင်မပြောနဲ့... သူပြောပါစေ"

ကျူးပတ်ကိုင်က–

"တပည့်တော် ကင်းထောက်သွားခဲ့တာ တစ်တောင်ဆင်းတစ်တောင်တက်နဲ့ ပင်ပန်းခဲ့ပါတယ်၊ ရှေ့မှာ အလွန်မြင့်မားတဲ့ တောင်ကြီးတစ်လုံးကို တွေ့ခဲ့ပြီး၊ အဲဒီတောင်ကို ကျောက်တစ်လုံးတောင်လို့ ခေါ်ပါတယ်...၊ တောင်ပေါ်မှာ ကျောက်လိုဏ်ဂူတွေ တွေ့ခဲ့ပါတယ်...."

ဆရာတော်က–

"ဘီလူးများ တွေ့ခဲ့သေးသလား"

ကျူးပတ်ကိုင်က–

"တွေ့ခဲ့တာပေါ့ ဆရာရယ်...၊ အများကြီးပါပဲ"

ထန်စန်းကျွမ်းဆရာတော်က–

"သင့်ကို သူတို့ ဖမ်းမထားကြဘူးလား"

ကျူးပတ်ကိုင်က ရင်ကော့လိုက်၏။

"ပထမတော့ ..... သူတို့က တပည့်တော်ကိုဖမ်းဖို့ကြိုးစားကြပါသေးတယ်၊ တပည့်တော်က နာမည် ထုတ်ပြောလိုက်တော့ သူတို့အားလုံး



ရှဲသွားကြပါတယ်၊ လိုဏ်ဂူထဲကိုခေါ်ပြီး ဧည့်ခံကျွေးမွေးပါသေးတယ်..."

စွန်းဟိန်ကျဲက ကြားဖြတ်ပြောလိုက်၏။

"ဒါကြောင့်..သင့်ရဲ့ နှာခေါင်းကို သစ်တောက်ငှက်က ထိုးဆိတ်သွားတာပေါ့..."

ကျူးပတ်ကိုင် မျက်နှာပျက်သွားပြီး–

"အစ်ကိုကြီး...ဘယ်လိုလုပ် သိတာလဲ"

"အဲဒီသစ်တောက်ငှက်ဟာ ငါဖန်ဆင်းထားတာကွ.."

ကျူးပတ်ကိုင်မှာ အလိမ်ပေါ်သွားသဖြင့် ခေါင်းငိုက်စိုက်ကျသွားလေ၏။

စွန်းဟိန်ကျဲက–

"ခိုင်းလိုက်တဲ့.. တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်တဲ့အပြင် ဆရာ့ကို လာပြီး လိမ်လိုက်သေးတယ်၊ အခုလို လာရောက်လိမ်ညာ ပြောဆိုတဲ့အတွက် သံတုတ်နဲ့ ငါးချက်တိတိ အရိုက်ခံရလိမ့်မယ်..."

ကျူးပတ်ကိုင် တုန်လှုပ်သွား၏။

"မလုပ်ပါနဲ့ဗျာ၊ အစ်ကိုကြီးရဲ့ သံတုတ်ရိုက်ချက် မိသွားရင် ကျုပ်အရိုးတွေ ကျိုးကုန်ပါလိမ့်မယ်..."

စွန်းဟိန်ကျဲက–

"ဒါဖြင့် တစ်ချက်ပဲရိုက်မယ်"

ကျူးပတ်ကိုင်သည် ဆရာ့တော်အား အကူအညီတောင်းရတော့သည်။

"ဆရာ...တပည့်တော်ကို ကယ်ပါဦး"

ဆရာတော်က–

"ကဲ...ဟိန်ကျဲ...ဒီတစ်ခါတော့ သူ့ကိုခွင့်လွှတ်လိုက်ပါ...၊နောက်တစ်ခါ တာဝန်ပျက်ကွက်ရင် ပြစ်ဒဏ်နှစ်ဆ ခတ်လိုက်ပါ..."

စွန်းဟိန်ကျဲက–

"ဆရာရဲ့ အမိန့်မို့သာ တပည့်တော်... နာခံလိုက်တာ၊ ဒီကောင်ကို တပည့်တော်ပြစ်ဒဏ်ခတ်ချင်နေတာကြာပြီ၊ကဲ...မင်းဒီတစ်ခါသေသေ

ချာချာ ကင်းထောက်သွားပေတော့၊ တောင်ပေါ်မှာ ဘာတွေရှိတယ်၊ ဘယ်သူတွေရှိတယ်ဆိုတာကို သေသေချာချာထောက်လှမ်းခဲ့၊ အိပ်ပြီးပြန်လာရင်တော့ ငါ့ကို အဆိုးမဆိုနဲ့...၊ သေဖို့သာပြင်ပေတော့၊ သံတုတ်နဲ့ ငါးချက်တိတိရိုက်မယ်"

ကျူးပတ်ကိုင်သည် စိတ်သက်သာရာရသွားသည်။

"စိတ်ချပါအစ်ကိုကြီး...ဒီတစ်ခါတော့ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပါ့မယ်..."

ဆရာတော်က-

"ကျူးပတ်ကိုင်... သင့်ကို ငါတစ်ခါပဲကယ်နိုင်မယ်၊ နှစ်ခါတော့ မကယ်နိုင်ဘူး၊ ဒီတစ်ခါတာဝန်ပျက်ကွက်ရင်တော့စွန်းဟိန်ကျဲရဲ့လက်ထဲ ဝကွက်အပ်လိုက်တော့မယ်၊ သင့်ရဲ့အကျင့်ဟောင်းတွေကို ပြန်ပြင်ပေတော့..."

"စိတ်ချပါဘုရား...၊ တပည့်တော် တာဝန်ကို အတိအကျ ထမ်းဆောင်ပါ့မယ်..."

"အေး..အေး..တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပေတော့၊စောစောကငါပြောခဲ့တယ်မဟုတ်လား...၊အားလုံးတက်ညီလက်ညီတာဝန်ထမ်းဆောင်ကြမှ ငါတို့ ဒီတောင်ကို ဖြတ်ကျော်နိုင်ကြမယ် မဟုတ်လား..."

"တင်ပါ့ဘုရား"

သူသည် ဆရာတော့်ကို ရှိခိုးကန်တော့ကာ ထွန်ခြစ်ကို ပခုံးပေါ်ထမ်းတင်လိုက်၏။ ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့၏။

ကျူးပတ်ကိုင်သည် ဆရာတော်တို့မျက်ကွယ် တောထဲသို့ဝင်ရောက်သွားလေ၏။ ယင်းသို့ သွားနေရင်းစွန်းဟိန်ကျဲသည် အကောင်ဘလောင်တစ်ခုခု ဟန်ဆောင်၍ သူ့ကိုလိုက်ကြည့်နေလိမ့်မည်ဟုထင်နေ၏။

ဤသို့ဖြင့် သူသည် ရှေ့မှ တောင်ကြီးကို စတင်တက်လေတော့သည်။ သူသည် ကျားဟိန်းသံကို စတင်ကြားရတော့သည်။ကိုးတောင်ခန့်ရှိသော ကျားတစ်ကောင်သည် တောအုပ်ထဲမှ ထွက်လာသည်။

ကျားသည် ကျူးပတ်ကိုင်အားတွေ့သောအခါ မာန်ဖီလေ၏။



ကျူးပတ်ကိုင်သည် ကျားကြီးသည် စွန်းဟိန်ကျဲကဖန်ဆင်းထားသည်ဟုထင်မှတ်လိုက်၏။

"အစ်ကိုကြီး.. ကျုပ်နောက်ကိုမလိုက်ပါနဲ့တော့၊ ကျုပ်..မလိမ်တော့ပါဘူး..."

သူသည် ကျားကြီးကို ကြောက်ရွံ့ခြင်းမရှိဘဲ သူ့လမ်းသူဆက်သွားသောအခါ ကျားကြီးသည်ကျူးပတ်ကိုင်အားငေးကြည့်လျက်ကျန်ရစ်ခဲ့၏။ ထို့နောက်ကျားကြီးသည် သစ်တောထဲ လှည့်ဝင်သွားတော့သည်။

ကျူးပတ်ကိုင်သည် ဆက်လက်လျှောက်လာပြန်ရာ ဇီးကွက်တစ်ကောင်ပျံသန်းလာသည်ကို တွေ့ရသည်။

ကျူးပတ်ကိုင်က-

"အစ်ကိုကြီး... ကျုပ်မလိမ်တော့ဘူးလို့ ကတိပေးခဲ့ပြီးပြီပဲ... ဘယ်နှယ့် မယုံသက်သနဲ့ ကျုပ်နောက်တကောက်ကောက် လိုက်နေရတာလဲ၊ ကျုပ်ဆရာတော်ကိုလဲ မလိမ်တော့ဘူး၊ အစ်ကိုကြီးကိုလဲ မလိမ်တော့ပါဘူး၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်မယ်လို့ စိတ်ကူးပြီးပါပြီ..၊ အစ်ကိုကြီး ပြန်ပါတော့...."

ဇီးကွက်သည် သူ့လမ်းသူပျံသန်းသွားလေ၏။

"အင်း...အစ်ကိုကြီးက ငါ့ကို တယ်ပြီးမယုံမကြည်ရှိတာကိုး"

အမှန်တွင် စွန်းဟိန်ကျဲသည် သူ့နောက်သို့ တစ်ကြိမ်မျှ မလိုက်တော့ချေ။

## အခန်း(၉၅)

## အဖမ်းခံရခြင်း

ထိပ်ညီတောင်ဟု ခေါ်ခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ တောင်သည် အလွန်မြင့်မားသော်လည်း တောင်ထိပ်၌ ပင်ညီဖြစ်နေသည်။ ထို့ကြောင့် ဤတောင်ကို ထိပ်ညီတောင်ဟုခေါ်ခြင်းဖြစ်ပေသည်။

ထိပ်ညီတောင်ထိပ်တွင် လိုဏ်ဂူတစ်ခုရှိပေသည်။လိုဏ်ဂူနောက်တွင် ရေကန်တစ်ခုရှိ၏။ ထိုရေကန်သည် ကြာပန်းများဆယ့်နှစ်ရာသီလုံး ပေါက်နေကြသဖြင့် ထိုရေကန်မှ ကြာပန်းများကို အစွဲပြုပြီးကြာပန်းလိုဏ်ဂူဟုခေါ်ဆိုသည်။

ထိုကြာပန်းလိုဏ်ဂူတွင် ဘီလူးကြီးနှစ်ကောင်နေထိုင်ကြသည်။ ဘီလူးညီနောင်ဖြစ်သည်။ အစ်ကိုဖြစ်သူကို ရွှေဦးချိုဘီလူးမင်း ဟုခေါ်၍ ညီဖြစ်သူကို ငွေဦးချိုဘီလူးမင်းဟုခေါ်သည်။ သူတို့သည် လက်အောက်ငယ်သားဘီလူးငါးရာကျော်ခန့်ဖြင့် ဤတောင်တစ်ဝိုက်ကို စိုးမိုးမင်းလုပ်နေကြသည်။ တစ်နေ့တွင် ဤညီအစ်ကို နှစ်ယောက်သည် ဆွေးနွေးတိုင်ပင်ကြလေ၏။

ရွှေဦးချိုဘီလူးမင်းက–

"ညီတော် ... ဒီတောင် ဝန်းကျင်ကို လှည့်လည် စစ်ဆေးပါလို့



ညီတော်ကို ငါပြောထားတာပဲ..၊ အဲဒါ ညီတော် ကင်းမလှည့်တာ ဘယ်လောက်ကြာနေပြီလဲ..."

ငွေဦးချိုဘီလူးမင်းကလည်း အမှန်အတိုင်းဝန်ခံသည်။

"ဆယ့်ငါးရက်လောက်ရှိနေပြီလို့ထင်ပါတယ်၊ဒါပေမယ့်ဒီတောင်တစ်ဝိုက်မှာ ဘာမှ မထူးခြားလှပါဘူး နောင်တော်...."

"ညီတော်..ဒီနေ့ကစပြီး ပြန်စစ်ဆေးပါ၊ ပြန်ကင်းလှည့်ပါ..၊ တောင်ဝန်းကျင်တစ်ခုလုံးကို စေ့စေ့စပ်စပ်စစ်ဆေးပါ.."

"နောင်တော်က ဘာကြောင့်ခုလို အရေးတကြီးကင်းလှည့်ခိုင်းနေရတာလဲ..."

"အကြောင်းရှိလို့ပေါ့ညီတော်...၊ အကြောင်းမရှိရင်မခိုင်းပါဘူး"

"ဘာအကြောင်းများ ရှိလို့လဲ"

"ခုတစ်လော... ငါတို့ ဘီလူးလောကမှာ သတင်းတစ်ခုဖြစ်ပေါ်နေတယ်ကွ..."

ညီတော်ဖြစ်သော ငွေဦးချိုဘီလူးမင်းက အံ့အားသင့်သွားသည်။

"ဘာသတင်းများ ဖြစ်ပေါ်နေပါသလဲနောင်တော်..၊ ညီတော်လဲ ဘာမှ မကြားမိပါလား..."

ရွှေဦးချိုဘီလူးမင်းက ရှင်းပြသည်။

"မဟာထန်နိုင်ငံက ဘုန်းတော်ကြီးတစ်ပါးကို မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံပင့်ဆောင်ဖို့ စေလွှတ်လိုက်တယ်လို့ သိရတယ်..."

ညီတော်က အံ့သြစွာပြောသည်။

"ဘုန်းကြီး ကျမ်းပင့်တာနဲ့ ညီတော်တို့နဲ့ ဘာဆိုင်လို့လဲ.."

"ဆိုင်လို့ ပြောနေတာပေါ့ညီတော်..."

သူက ဆက်၍ပြောလေ၏။

"အဲဒီပိဋကတ်တော် ပင့်ဆောင့်မယ့် ဘုန်းကြီးဟာ နှယ်နှယ်ရရ ဘုန်းကြီးမှမဟုတ်ဘဲ၊ ဘဝဆယ်သက်လေ့ကျင့်လာခဲ့တဲ့ ရှာန်ရဘုန်းတော်ကြီးတစ်ပါးက ဖန်ဆင်းထားတဲ့ ဘုန်းကြီးဖြစ်တယ်တဲ့၊ ဒါကြောင့် သူ့အသားကို စားမိတာနဲ့ အသက်ရှည်ပြီး မသေနိုင်ဘူးလို့အဆိုရှိတယ်"

ငွေဦးချိုဘီလူးမင်း ဝမ်းသာသွားသည်။

"ဟန်ကျလိုက်လေဗျာ... သူ့ကိုဖမ်းပြီး စားနိုင်ရင်ညီတော်နဲ့ နောင်တော် ဘာမှ ကျင့်ကြံစရာမလိုတော့ဘူးပေါ့..."

ရွှေဦးချိုဘီလူးမင်းက–

"ဟုတ်တယ်၊ ခရီးလမ်းအရ တွက်မယ်ဆိုရင် သူတို့ဟာ မကြာမီ ဒီကနေ ဖြတ်သွားမှာ သေချာနေပြီ၊ ဒါကြောင့် ညီတော်ကင်းလှည့်ဖို့ တန်နေပြီလို့ ငါကပြောတာပါ..."

ငွေဦးချိုဘီလူးမင်းက–

"စိတ်ချပါ နောင်တော်.. ညီတော်က ဘုန်းကြီးကို မရအရအမိ ဖမ်းပါမယ်..."

"ဒီဘုန်းကြီးကို ဖမ်းဖို့ဆိုတာ ညီတော်ထင်သလောက်မလွယ်ဘူး ဆိုတာ ငါပြောချင်တယ်၊ ညီတော်က လွယ်လွယ်လေးထင်နေသလား.."

"ဒီဘုန်းကြီးက တန်ခိုးအတော်ရှိနေလို့လား.."

"ဘုန်းကြီးမှာတော့ ဘာတန်ခိုးမှ မရှိပါဘူး၊ သူ့ကိုစောင့်ရှောက်နေတဲ့ တပည့်သုံးယောက်ရှိနေတယ်၊ ညီတော်ကို ငါပြမယ်..."

သူသည် ကျောက်စားပွဲပေါ်သို့ လိပ်ထားသောပဝါတစ်ထည်ကို ဖြန့်လိုက်၏။ ထိုပဝါပေါ်၌ ဘုန်းတော်ကြီးတစ်ပါးနှင့်တပည့်သုံးယောက်၏ပုံတူ ရေးဆွဲထားသည်။

ရွှေဦးချိုဘီလူးမင်းက တစ်ပုံချင်း ထောက်၍ ရှင်းပြလိုက်၏။

"ဟောဒီပုံကတော့... ထန်စန်းကျွမ်းဆရာတော်ပုံပဲ...၊ သူ့အကျင့်သိက္ခာတွေဟာ ငါတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ ငါတို့စားရဖို့ပဲ အရေးကြီးတယ်..."

ငွေဦးချိုဘီလူးမင်းက ခေါင်းညိတ်၏။

"ဟောဒီက မျောက်ကတော့ စွန်းဟိန်ကျဲလို့ခေါ်တယ်၊ သူ့ကို အတော်သတိထားရလိမ့်မယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာကျော်တုန်းက နတ်မင်းကြီးရဲ့ပလ္လင်ကို တက်လုတဲ့မျောက်ကွ"

"ဟုတ်လား၊ အတော်စွမ်းတဲ့ မျောက်ပဲ"

"စွမ်းတာတော့ မပြောနဲ့၊ သူသောင်းကျန်းခဲ့တာတွေ အများကြီးပဲ"



"ဆက်ပြောပါဦး"

"ဟောဒီပုံကတော့ တပည့်လတ် ကျုးပတ်ကိုင်တဲ့၊ သူ့ကိုတော့ သတိထားဖို့မလိုဘူး..၊ သူက အသုံးကျတဲ့သူမဟုတ်ဘူး၊"

နောက်ဆုံး ရွှေဦးချိုဘီလူးမင်းသည် ဆားဝူကျိန်းကို ထောက်ပြသည်။

"သူလည်းတန်ခိုး အသင့်အတင့်ပဲရှိတယ်၊ ဒီတော့သူ့ကိုလဲ သိပ်မှုစရာမလိုဘူး၊ သူတို့တပည့်သုံးယောက်ထဲမှာ ငါတို့ သတိထားရမှာကတော့ မျောက်ပဲ"

သူသည် ပဝါစကို ပြန်လည်ခေါက်သိမ်းလိုက်လေ၏။ထို့နောက် ပဝါစကို ငွေဦးချိုဘီလူးမင်းထံ ထိုးပေးလိုက်ပြီး–

"အဲဒီပုံကို ယူထားပါ...၊ ဒီရက်ထဲမှာ တောထဲရောက်လာတဲ့လူတွေကို မဖမ်းနဲ့တော့၊ သူတို့ကိုသာ မျက်စိဒေါက် ထောက်ပြီး ကြည့်ပေတော့"

"ဒီလိုဆိုရင် ညီတော် သူတို့ရဲ့အခြေအနေကိုသွားကြည့်လိုက်မယ်"

"ကောင်းတယ်"

ငွေဦးချိုဘီလူးမင်းသည် နောင်တော်လှမ်းပေးသောပုံတူပိတ်စကို လှမ်းယူသိမ်းဆည်းပြီး နောက်လိုက်နောက်ပါသုံးဆယ်ကို ခေါ်ယူ၍ထွက်ခွာသွားလေ၏။

ကျုးပတ်ကိုင်သည် တောင်တက်လမ်းအတိုင်း တက်လာနေ၏။ သူသည် သူ့ရှိရာသို့ ထွက်လာနေသောဘီလူးတစ်စုနှင့် ထိပ်တိုက်တိုးလေတော့၏။

သူသည် ဘီလူးဦးရေများသဖြင့် ရင်မဆိုင်လိုချေ။ သို့သော်... ရှောင်လွှဲမရနိုင်တော့သဖြင့် ရင်ဆိုင်လိုက်ရသည်။'

ဘီလူးတစ်ကောင်က–

"သင်ဘယ်သူလဲ..၊ ဘယ်သွားမလို့လဲ"

ကျုးပတ်ကိုင်က–

"ကျွန်ုပ်ဟာ ခရီးသွားဘုန်းကြီးတစ်ပါးပါ..."

ထိုဘီလူးက ခွင့်ပြုရန် ဟန်ပြင်နေစဉ်နောက်မှဘီလူးတစ်ကောင် ကဝင်ပြောလိုက်၏။

"အရမ်းလွှတ်မနေနဲ့...ငါတို့ဘီလူးမင်းဆီ သတင်းပို့ဦး"

ထိုအခါ ပထမဘီလူးသည် လွှတ်မပေးရဲတော့ချေ။ ဟန့်တား လိုက်၏။

"ခဏနေဦး..."

အခြားဘီလူးတစ်ကောင်က သွားရောက်သတင်းပို့သောအခါ ငွေဦးချိုဘီလူးမင်းသည် လိုက်ပါလာလေ၏။ သူသည် ပုံတူပန်းချီကားကို ဖြန့်၍ကြည့်လိုက်၏။ ကျူးပတ်ကိုင်၏ပုံတူကို မြင်လိုက်ရသောအခါ ရုတ်တရက် ရင်ထိတ်သွား၏။

ကျူးပတ်ကိုင်သည် သူ့ကြီးမားသော နားရွက်ကြီးကိုအင်္ကျီကြား သို့ထိုးလိုက်၏။ ရှည်လျားသောနှုတ်သီးအား မမြင်စေရန် ခေါင်းကိုငုံ့ လိုက်၏။

"ဟေ့လူ.... သင့်ခေါင်းကို မော့စမ်း"

ငွေဦးချိုဘီလူးမင်းက အမိန့်ပေးလိုက်ပြီးကျူးပတ်ကိုင်၏အင်္ကျီ အားဖယ်ရှားလိုက်သောအခါ သူ၏ကြီးမားသော နားရွက်နှင့် ရှည်လျား သောနှာခေါင်းအား တွေ့မြင်သွားတော့သည်။

ငွေဦးချိုဘီလူးမင်းသည် ရယ်မောလိုက်၏။

"ဟား...ဟား...ဟား....နတ်တို့ဖန် ရေကန်အသင့်ကြာအသင့်ဆို တာဒါပေါ့၊ သူဟာ ငါတို့အလိုရှိနေတဲ့လေးယောက်ထဲက တစ်ယောက်ပဲ၊ သူ့နာမည်က ကျူးပတ်ကိုင်တဲ့..၊ သူ့ကို ဖမ်းကြစမ်း..."

ငွေဦးချိုဘီလူးမင်း၏လက်အောက်ငယ်သားများသည် ကျူးပတ် ကိုင်ကို ဝိုင်းဝန်းဖမ်းဆီးရာ ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့် ပြင်းပြင်းထန် ထန် ပြန်လည်တိုက်ခိုက်လေ၏။ သို့သော်... ငွေဦးချိုဘီလူးမင်းမှာ ခေသောသူတစ်ဦးမဟုတ်သဖြင့် ကျူးပတ်ကိုင်ကို ဝင်ရောက်တိုက်ခိုက် သည်။

အင်အားကလည်းများ၊ ငွေဦးချိုဘီလူးမင်း၏ စွမ်းအားကလည်း မသေးသဖြင့် နောက်ဆုံးကျူးပတ်ကိုင် လှည့်ပြေးရတော့၏။



ဘီလူးများက ညာသံပေး၍လိုက်ကြသည်။

ကျူးပတ်ကိုင်သည် ပြေးရင်းလွှားရင်း ကျောက်တုံးအား ခလုတ် တိုက်၍လဲသွားသည်။

ဘီလူးများက ဝိုင်းဝန်း၍ချုပ်လိုက်ကြလေ၏။ဘီလူးသုံးဆယ် ခန့်ဆိုသည်မှာ အင်အားကမသေးပေ။ ကျူးပတ်ကိုင်မည်သို့မျှမခုခံနိုင် ဘဲ အဖမ်းခံလိုက်ရ၏။ သူ့အား ကြိုးတုပ်၍ဖမ်းသွားကြလေ၏။

ငွေဦးချိုဘီလူးမင်းသည် ကြာပန်းလိုဏ်ဂူသို့ ပြန်လည်ရောက်ရှိ လာလေ၏။

ရွှေဦးချိုဘီလူးမင်းက–

"ညီတော်ပြန်ရောက်လာပြီလား၊ ဘာတွေများထူးခြားသေးသလဲ"

ငွေဦးချိုဘီလူးမင်းက ရယ်လိုက်၏။

"ထူးခြားဆို နောင်တော်အလိုရှိနေတဲ့ ဘုန်းကြီးနဲ့တပည့်သုံး ယောက်ထဲက ကျူးပတ်ကိုင်ဆိုတဲ့ တပည့်ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်"

ငွေဦးချိုဘီလူးမင်းသည် သူ့ လက်အောက် ငယ်သားများအား ကျူးပတ်ကိုင်ကို ခေါ်ဆောင်ခဲ့ရန် အမိန့်ပေးလိုက်၏။ တစ်ခဏမျှ ကြာသောအခါ လက်အောက်ငယ်သားများသည် ကျူးပတ်ကိုင်ကို တွန်းထိုး၍ ရွှေဦးချိုဘီလူးမင်းရှေ့သို့ ခေါ်ဆောင်လာလေ၏။

ရွှေဦးချိုဘီလူးမင်းသည် ကျူးပတ်ကိုင်အား မျက်မှောင်ကုတ်၍ ကြည့်၏။

"ညီတော်...သူဟာ တပည့်သုံးယောက်ထဲက တစ်ယောက်ပဲ၊ သူ ဟာ ငါတို့အတွက် ဘာမှအသုံးမကျဘူး၊ သူ့ကိုစားရင်လဲ ဗိုက်ပြည့်ရုံ ပဲရှိမယ်၊ အသက်မရှည်ဘူး"

"ဒါဖြင့် ဒီအသုံးမကျတဲ့ကောင်ကို ပြန်လွှတ်လိုက်ရမလား"

ရွှေဦးချိုဘီလူးမင်းက–

"ဖမ်းမိမှတော့ လွှတ်မနေနဲ့တော့"

သူက စကားဆက်လိုက်သည်။

"သူ့တပည့်တစ်ယောက်ကို ဖမ်းမိပြီဆိုတော့ ဘုန်းကြီးနဲ့တပည့် နှစ်ယောက် နောက်မှာ ရောက်နေပြီဆိုတာသေချာပြီ"

"ဒါ....ဟုတ်တယ်... "

"ကဲ...ညီတော်..ဒီတောင်တစ်ဝိုက်ကို ထပ်ပြီးကင်းလှည့်ပေတော့၊ သူတို့ရောက်နေတာသေချာပြီ၊ ညီလေးရဲ့ တပည့်တွေကိုလဲ တပ်ဖြန့်နိုင်းပြီး ရှာခိုင်းပေ!"

ငွေဦးချိုဘီလူးက ခေါင်းညိတ်လိုက်၏။

သူသည် လက်အောက်ငယ်သားငါးဆယ်အထိတိုး၍ သူ့အင်အားကို ဖြည့်သည်။ ထို့နောက်တောင်ဝန်းကျင်၌ လှည့်လည်စစ်ဆေးရန်ထွက်ခွာသွားတော့သည်။

ရွှေဦးချို ဘီလူးမင်းသည် ကင်းမလှည့်လျှင်လည်း အရှင်း၊ ကင်းလှည့်လျှင်လည်း ရန်သူကိုအလျှင်းမိသော ညီတော်အား သဘောကျကျေနပ်စွာ ကြည့်နေလေ၏။

"ညီတော်ဟာ အားကိုးလောက်ပါပေတယ်...."

သူသည် ထိုသို့ရေရွတ်နေလေ၏။

✹ ✹ ✹ ✹ ✹ ✹ ✹

အခန်း(၉၆)

---

ဒဏ်ရာရသော ရသေ့ကြီး

ထန်စန်းကျွမ်းဆရာတော်သည် ကျူးပတ်ကိုင်သတင်းပြန်ပို့မည်ကို စောင့်ဆိုင်းနေလေ၏။ သူသည် ခေါင်းတမော့မော့နှင့် စောင့်နေခြင်းမဟုတ်ပေ။ စိပ်ပုတီးကို စိပ်လျက်စောင့်နေခြင်းဖြစ်သည်။ ထိုစဉ် ဆရာတော်၏ မျက်ခုံးများသည် တဆတ်ဆတ်တုန်လှုပ်လာ၏။ ထို့ကြောင့် သူသည် သံသယ ဖြစ်လာ၏။

"ဟိန်ကျဲ .... ကျူးပတ်ကိုင် သွားတာကြာလှပြီ၊ ဘာကြောင့်ပြန်မရောက်သေးလဲ၊ အန္တရာယ်များ ကြုံတွေ့နေပြီလား မသိဘူး..."

စွန်းဟိန်ကျဲက ပြုံးလိုက်၏။

"စိတ်မပူပါနဲ့ ဆရာရယ်၊ ဒီကောင်ဟာ သူ့ဘေးတော့ သူကြည့်ရှောင်တတ်ပါတယ်၊ သူ ဘာမှ မဖြစ်နိုင်ပါဘူး"

ဆရာတော်က–

"သင် ... အတိအကျ သိလို့လား....."

"ကျူးပတ်ကိုင်အကြောင်းကို တပည့်တော်သိထားပါတယ်၊ သူ သာဘီလူးနဲ့တွေ့ရင် ပြန်ပြေးလာမှာသေချာပါတယ်၊ အခု ... ပြန်မပြေးလာပုံထောက်တော့ လမ်းမှာအေးချမ်းသာယာနေပြီနဲ့တူတယ် ...."

"အခု ငါတို့သူ့ကို စောင့်နေရတဲ့အဖြစ်ကို စဉ်းစားလေ ....၊ သူ့ကိုဆက်စောင့်မလား ....၊ သူ .... အေးအေးချမ်းချမ်းဖြစ်နေရင် ငါတို့ဆက်စောင့်နေလို့ အပိုပေါ့၊ သူ့နောက်လိုက်သွားရင် သူပြန်လာတော့ ငါတို့ တော်တော်ခရီးရောက်နေပြီ"

စွန်းဟိန်ကျဲက –

"ဟုတ်တယ်၊ ဆရာတော်ပြောတာမှန်တယ်၊ သူ့ကိုဆက်စောင့်နေရင် အချိန်ကုန်လိမ့်မယ်၊ တပည့်တော်တို့သူ့နောက်ကိုဆက်လိုက်ရင် အချိန်ကုန်သက်သာတာပေါ့၊ ခရီးလဲရောက်မယ် ...."

"ဒါပဲ ကောင်းတယ်"

ဤသို့ဖြင့်စွန်းဟိန်ကျဲသည် ဆရာတော်အားမြင်းပေါ်တင်လိုက်ပြီးနောက် မြင်းကိုဆွဲ၍ထွက်ခွါတော့သည်။ သူနောက်ကဆားဝူကျိန်းက အထုပ်ထမ်း၍ လိုက်လေ၏။

ထိုအချိန်မှာငွေဦးချိုဘီလူးမင်းနှင့် တပည့်လက်သား ငါးဆယ်တို့သည်လည်း ကင်းလှည့်လာနေကြသည်။သူတို့သည်တောင်ဆင်းလမ်းအတိုင်း ဆင်းလာနေကြသည်။

ငွေဦးချိုဘီလူးမင်းက ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

"ဟော ... ဟိုမှာတွေ့ပြီ"

ရွှေရောင်ဝင်းလက်နေသော တိမ်တိုက်တစ်ခုကို တွေ့လိုက်ရလေ၏။

ဘီလူးများက မေးလိုက်သည်။

"ဘာကိုတွေ့တာလဲ ဘီလူးမင်း"

ငွေဦးချိုဘီလူးမင်းသည် ရွှေရောင်တောက်ပနေသော တိမ်တိုက်ကိုလက်ညှိုးဖြင့် ထိုးပြသည်။

"ဟိုမှာ ရွှေရောင်တောက်နေတဲ့ တိမ်တိုက်ကို မတွေ့ဘူးလား"

ဘီလူးများကတွေ့ရှိသွားကြသည်။

"တိမ်တိုက်ကထူးဆန်းလှချည့်လား၊ ရွှေရောင်ဝင်းနေပါကလား၊ အဲ့ဒါ ဘာဖြစ်တာလဲ ဘီလူးမင်း"

ငွေဦးချိုဘီလူးမင်းက ရှင်းပြသည်။



"အဲ့ဒါ သီလ၊ သမာဓိရှိတဲ့လူတွေရဲ့ခေါင်းပေါ်မှာသာ ဒီလိုတိမ်တိုက်မျိုး ပေါ်ထွန်းတတ်တယ်၊ ဒါကြောင့် ငါတို့အလိုရှိတဲ့ဘုန်းကြီးဟာ အဲ့ဒီတိမ်တိုက်အောက်မှာ ရောက်နေပြီဆိုတာ သေချာပြီ ....

ဘီလူးတစ်ကောင်က မေးလိုက်၏။

"ဒါဖြင့် စိတ်ဓါတ်ညှိုးနွမ်းဆိုးသွမ်းနေတဲ့လူရဲ့ ခေါင်းပေါ်မှာ ဘယ်လိုအရာမျိုး ရှိနိုင်သလဲ ..."

ငွေဦးချိုဘီလူးမင်းက –

"မည်းနက်နေတဲ့တိမ်တိုက် ဒါမှမဟုတ် ငွေ့အသက်တွေ ရှိနေတတ်တယ် ...."

သူသည် ထိုတိမ်တိုက်အား လက်ညှိုးထိုးလိုက်၏။ ထိုအခါ ထန်စန်းကျွမ်းဆရာတော်သည် ရင်ထဲ၌ တုန်ခါသွား၏။ ငွေဦးချိုဘီလူးမင်းက သုံးကြိမ်တိတိ လက်ညှိုးနှင့်ထိုးသောအခါ သုံးကြိမ်တိုင်တိုင်နလုံးတုန် ရင်ခုန်သွားလေ၏။

ထန်စန်းကျွမ်းဆရာတော်က စွန်းဟိန်ကျဲကိုပြောသည်။

"ဟိန်ကျဲ .... ဒီနေ့ ငါ နေရထိုင်ရတာ တယ်မကောင်းဘူး၊ ရင်တွေတုန်ပြီး စိတ်မတည်မငြိမ်ဖြစ်နေတယ်၊ဟိုနေ့တွေနဲ့လုံးဝမတူဘူး"

စွန်းဟိန်ကျဲက –

"ဆရာက ကျူးပတ်ကိုင်အတွက် စိုးရိမ်ပူပန်နေတာကိုး ...."

"အဲ့ဒါလဲဟုတ်ချင်ဟုတ်မယ်၊ ငါဘယ်လိုလုပ်ရမလဲ၊ ငါရင်တုန်နလုံးခုန်နေတာတွေ ပျောက်အောင် ဘယ်လိုလုပ်ရမလဲ"

စွန်းဟိန်ကျဲက –

"ဆရာဘာမှလုပ်စရာမလိုဘူး၊ ဆရာတစ်ခုခုကိုစိတ်ဝင်စားသွားတာနဲ့ အဲ့ဒီဝေဒနာတွေပျောက်သွားမှာပါ၊ ဒီတော့ဆရာတပည့်တော်ကို ကြည့်ပါ၊ တပည့်တော် သိုင်းကစားပြပါမယ်၊ အဲ့ဒါကိုကြည့်ရင် ဆရာစိတ်ဝင်စားသွားပြီး ဆရာ့ဝေဒနာကိုမေ့သွားမှာပါ ...."

"အေးအေး .... လုပ်ပါ၊ သင်ပြောသလိုလဲဖြစ်ချင်ဖြစ်နေမှာပါပဲ"

ထိုအခါ စွန်းဟိန်ကျဲသည်သံတုတ်ကိုဆွဲထုတ်ပြီး သိုင်းကွက်များကိုတစ်ကွက်ပြီးတစ်ကွက် ကစားပြလေတော့၏။

သူကစားပြနေသည်မှာ သာမန်သိုင်းကစားသူကဲ့သို့မဟုတ်ပေ၊ အလွန်ပြင်းထန်သည်။ အလွန်လျင်မြန်သည်။ ထို့ကြောင့် လေတိုးရာ၌ တဝှီးဝှီးတဝှီးဝှီးဖြစ်နေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ရှိ လေထုသည် လေပွေမွှေသကဲ့သို့ဖြစ်ပေါ်နေသည်။

ထိုအခါ အနီးတစ်ဝိုက်တွင်ရှိသော တောရိုင်းတိရစ္ဆာန်များသည် ထိတ်လန့်တုန်လှုပ်ကာ အဝေးသို့ ပြေးလေတော့သည်။ ငွေဦးချိုဘီလူးမင်းမှာ တောရိုင်းတိရစ္ဆာန်များ အထိတ်တလန့် ပြေးလွှားလာသောအခါ စိတ်ထဲ၌ ထူးဆန်းသလိုဖြစ်သွားသည်။

"ဘာဖြစ်လို့ တောရိုင်းတိရစ္ဆာန်တွေ ပြေးလွှားလာရတာလဲ"

သူသည် သံသယရှိသွားလေ၏။

"ဘာတွေဖြစ်ကုန်ပြီလဲ၊ ငါတိမ်တိုက်ပေါ်တက်ကြည့်မှဖြစ်တော့မယ် ...."

သူသည်ဘီလူးများအားပြောပြီး တိမ်တိုက်ပေါ်ခုန်တက်လိုက်၏။ သူသည် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုတော့သည်။

ထိုအခါ တောင်တက်လမ်း..၊ လမ်းခုလတ်၌ စွန်းဟိန်ကျဲတို့ လူစု ရောက်ရှိနေသည်ကို မြင်တွေ့လိုက်ရတော့သည်။ စွန်းဟိန်ကျဲ သိုင်းကစား နေသည်ကိုလည်း မြင်ရသည်။ သူသည် ကြီးစွာ တုန်လှုပ်သွားလေ၏။

"ဒီမျောက်က အတော်စွမ်းတာကိုး...၊ ဒါကြောင့်လဲ သူ့နာမည် ကြီးပေတာပဲ..."

သူသည် ယင်းသို့ မှတ်ချက်ချပြီး တိမ်တိုက်ပေါ်မှ ခုန်ဆင်းလိုက်၏။

ဘီလူးများက ဆီး၍မေးမြန်းကြသည်။

"ဘာကိုတွေ့ခဲ့ပါသလဲ ဘီလူးမင်း..."

ငွေဦးချိုဘီလူးမင်းက–

"ငါတို့အလိုရှိနေတဲ့ဘုန်းကြီးဒီကိုလာနေပြီ..၊ သူတို့ဒီတောင်ကို ကျော်ဖြတ်ဖို့ကြိုးစားကြမှာပဲ...."



ဘီလူးများ ဝမ်းသာသွားကြသည်။ အော်ဟစ်သံများ ဆူညံသွားသည်။

"ဒီလိုဆိုရင် သွားဖမ်းမယ်"

သူတို့သည် လက်နက်များကို ကိုင်လျက်ပြေးဆင်းသွားကြလေ၏။ ခဏမျှသာပြေးနိုင်ကြသည်။ သူတို့ရှေ့၌ ငွေဦးချိုဘီလူးမင်းမပါသည်ကို တွေ့သောအခါ နောက်ပြန်လှည့်ကြည့်ကြ၏။ ဘီလူးမင်းသည် သူတို့နှင့်လိုက်မလာဘဲ၊ အေးဆေးစွာ ရပ်နေသည်ကို တွေ့ရှိရသည်။

သူတို့အားလုံး ငွေဦးချိုဘီလူးမင်းရှိရာသို့ ပြန်ပြေးကြလေ၏။

"ဘီလူးမင်း...ဘာဖြစ်လို့လိုက်မလာတာလဲ"

ငွေဦးချိုဘီလူးမင်းက ခေါင်းကို ဖြည်းညင်းစွာခါယမ်းလေ၏။

"သွားဖမ်းလို့ မဖြစ်သေးဘူး"

ဘီလူးများ အံ့သြသွားကြသည်။

"ဘာဖြစ်လို့လဲ ဘီလူးမင်း"

ငွေဦးချိုဘီလူးမင်းက ရှင်းပြသည်။

"မင်းတို့အယောက်ငါးဆယ်ဟာ အတော်အင်အားရှိတယ်လို့ထင်ကြပေလိမ့်မယ်၊ တကယ်တော့ မင်းတို့အယောက်ငါးဆယ်ဟာ သူ့သံတုတ်တစ်ချက်စာပဲရှိတယ်၊ မင်းတို့ငါးဆယ်စလုံး အသက်နဲ့ကိုယ်အိုးစားကွဲသွားကြလိမ့်မယ် ....."

ဘီလူးများက .....

" ဘီလူးမင်းက သူများကို ဒီလောက်အမွှန်းတင်မနေပါနဲ့၊ ကျွန်တော်မျိုးတို့ ဒီအသက်အရွယ်အထိရောက်လာပြီ၊ တစ်ခါမျှ ဒီလိုအစွမ်းကောင်းတဲ့ လူမျိုးကို မတွေ့ခဲ့ကြသေးပါဘူး "

ငွေဦးချို ဘီလူးမင်းက သက်ပြင်းချရင်းပြောသည်။

" သင်တို့က ငါအမွှန်းတင်ပြောနေတယ်ထင်လို့လား၊ မထင်နဲ့၊ မထင်နဲ့၊ ငါကိုယ်တိုင်လဲ သူ့တုတ်တစ်ချက်စာမရှိဘူး..... "

ဘီလူးများ စိတ်ဓာတ်ကျသွားသည်။

" ဒါဖြင့် သူတို့ကို ဖမ်းလို့မဖြစ်ဘူးပေါ့ ....."

ငွေဦးချိုဘီလူးမင်းက .....

"သူတို့ကိုလဲ ဖမ်းလို့လဲမဖြစ်နိုင်ဘူး၊ အခွင့်အရေးတစ်ခုကိုလဲ လက်မလွှတ်ချင်ဘူး၊ ငါ ဘာလုပ်ရမလဲ"

"ဘယ်လိုလုပ်ကြမလဲ ဘီလူးမင်း"

"ဒီမျောက်က အတော်တန်ခိုးကြီးတယ်၊ ဒီအတိုင်း သွားရင် တို့အားလုံး ဒုက္ခရောက်နိုင်တယ်၊ ဒါကြောင့် နည်းလမ်းတစ်ခုရှာရဦးမယ်"

ငွေဦးချိုဘီလူးမင်းသည် ဦးခေါင်းကို လက်ဖြင့်တောက်လိုက်၏

"သူတို့ကို ရင်ဆိုင်ဖို့အတွက် ခေါင်းကို သုံးမှ ဖြစ်မယ်"

ဘီလူးများက .....

"ဘီလူးမင်းဘယ်လိုများ အကြံရှိပါသလဲ"

ဘီလူးမင်းသည် အတန်ကြာစဉ်းစားနေ၏။

ထို့နောက် အကြံတစ်ခု ရရှိလာသည်။

"ငါ အကြံတစ်ခု ရလာပြီ"

"ဘယ်လိုအကြံလဲ ဘီလူးမင်း"

"မင်းတို့အားလုံးလိုဏ်ဂူကို ပြန်ကြ၊ နောင်တော်ဘီလူးမင်းကို အကျိုးအကြောင်းသတင်းပို့ကြ၊ ငါကတော့ ဒီမှာငါ့အကြံအတိုင်းဆောင်ရွက်ဖို့ နေခဲ့မယ် ....."

ဘီလူးများသည် လာလမ်းအတိုင်း လျင်မြန်စွာ ပြန်သွားကြလေတော့၏။

ငွေဦးချိုဘီလူးမင်းသည် သူ၏ လက်အောက်ငယ်သားများ ပျောက်ကွယ်သွားမှ ထန်စန်းကျွမ်းဆရာတော်လာသည့် လမ်းသို့ဦးတည်သွားလေ၏။

တောင်ကမ်းပါးရံ အကွေ့တစ်ခုသို့ရောက်သောအခါ သူ့ကိုယ်ကို တစ်ချက် လှုပ်လိုက်၏။ ထိုအခါ ရသေ့တစ်ပါးအဖြစ်သို့ပြောင်းလဲသွားတော့သည်။

ရသေ့သည် သူ၏ ခြေထောက်ကို လက်ညှိုးဖြင့်ထိုးလိုက်ရာ သွေးချင်းချင်းနီရဲသော ဒဏ်ရာများဖြစ်ပေါ်လာလေ၏။

သူသည် လမ်းဘေး၌ လဲလျောင်းလိုက်၏။ ညည်းတွားအော်ဟစ်နေတော့သည်။



"ကယ်တော်မူကြပါ ..... ကယ်တော်မူကြပါ ....."

ထိုအသံသည် တောင်ပေါ်သို့ တက်လာသည့် ထန်စန်းကျွမ်းဆရာတော်နားသို့ ပေါက်သွားလေ၏။

ဆရာတော်သည် မြင်းကို ရပ်လိုက်၏။

"ဟိန်ကျဲ ... လူတစ်ယောက်ရဲ့အသံကို ကြားနေရပါလား ....."

စွန်းဟိန်ကျဲသည် နားစွင့်လိုက်၏။

"ကယ်တော်မူကြပါ ..... ကယ်တော်မူကြပါ ....."

သူတို့သုံးယောက်စလုံး ထိုအသံကိုကြားကြရ၏။

ဆားဂူကျိန်းက .....

"အော်သံဆရာ ..... ကယ်တော်မူကြပါဆိုတဲ့ အော်သံပါဆရာ၊ ရှေ့မှာ လူတစ်ယောက် ဒုက္ခရောက်နေပြီနဲ့တူတယ် ....."

စွန်းဟိန်ကျဲမှာ ဘာမျှ မတွေ့မြင်ရသေးသဖြင့် ဆရာတော်၏ မြင်းကိုဆွဲကာ ခပ်သုတ်သုတ်သွားလေ၏။ သူတို့တောင်နံရံတစ်ခုကို ကွေ့လိုက်သောအခါ တောင်တက်လမ်း နဘေး၌ ရသေ့တစ်ပါးတုံးလုံးလဲကျနေသည်ကို တွေ့ရသည်။ ထိုရသေ့သည် ကယ်ပါယူပါတစ်စာစာ အော်ဟစ်နေ၏။

ဆရာတော်သည် ထိုရသေ့အနီးသို့ချဉ်းကပ်ပြီးနောက် မြင်းပေါ်မှ ဆင်းလိုက်၏။

သူသည် ရသေ့ကြီး၏ ခြေထောက်၌ သွေးချင်းချင်းနီနေသည်ကို တွေ့မြင်သောအခါ လွန်စွာ ကရုဏာသက်သွားသည်။

"အသင်ရသေ့ကြီး ..... ဘယ်လို ဒဏ်ရာများရနေတာပါလဲ....."

ရသေ့ကြီးက .....

"ကျုပ်အဖော်တစ်ယောက်နဲ့ လာပါတယ်၊ တောင်စောင်းတစ်ခုပေါ်က ချော်ကျပြီး ခြေထောက်မှာ ဒဏ်ရာရခဲ့ပါတယ်၊ ကျုပ်ကိုကယ်တော်မူပါ ....."

ထန်စန်းကျွမ်းဆရာတော်က .....

"သင့်အသက်အရွယ်က ကြီးလှပါပြီ၊ ဘယ်ကလာလို့ ဘယ်ကိုသွားမလို့လဲ"

ရသေ့ကြီးက .....

" ကျုပ် ..... ဟိုဘက်တောင်ခြေကို သွားမလို့ပါ၊ အဲဒီနေရာမှာ သီတင်းသုံးတဲ့ ကျောင်းတစ်ကျောင်းရှိပါတယ် "

" ဒါဖြင့် ကျွန်ုပ် ဘာလုပ်ပေးရမလဲ "

" ကျုပ်ရဲ့ကျောင်းကို ပြန်ပို့ရင်ကျေးဇူးတင်လှပါပြီ "

" လမ်းလျှောက်နိုင်သလား "

" လမ်းမလျှောက်နိုင်ပါဘူး "

" ဒါဖြင့် ကျွန်ုပ်တပည့် တစ်ယောက်ကို ကုန်းပိုးခိုင်းလိုက်ပါ မယ်..... "

သူသည် ဆားဝူကျိန်းဘက်သို့ လှည့်လိုက်၏။

" ဆားဝူကျိန်း ..... သင် ရသေ့ကြီးကို ကျောပိုးပြီး လိုက်ပို့ လိုက်ပါ "

ဆားဝူကျိန်းသည် အထုပ်ကို မြင်းပေါ်တင်၍ ရသေ့ကြီးရှိရာသို့ ထွက်ခွါသွားလေ၏။

" ကဲ ..... ကျုပ်က ကျောပိုးပြီးခေါ်သွားပါမယ်၊ ကျုပ်ရဲ့ကျော ပေါ်ကို တက်ပါ "

ရသေ့ကြီးက ခေါင်းယမ်းလိုက်၏။

" သင် ကျောပိုးမှာကို ကျွန်ုပ်မလိုလားဘူး ..... "

ထန်စန်းကျမ်းဆရာတော်သည် စွန်းဟိန်ကျဲဘက်သို့လှည့်ကာ -

" ဟုတ်သားပဲ၊ ဆားဝူကျိန်းက အထုပ်လဲထမ်းရမယ်၊ ရသေ့ကြီး ကိုလည်းသယ်ရမယ်ဆိုတော့ မဟုတ်သေးပါဘူး၊ စွန်းဟိန်ကျဲ ..... သင်ပဲ ရသေ့ကြီးကို ကျောပိုးသယ်ဆောင်ပေတော့ ..... "

စွန်းဟိန်ကျဲက ရသေ့ကြီးရှေ့သို့ လျှောက်သွား၏။

" ကဲ ..... ရသေ့ကြီး ကျုပ်ပဲ သင့်ကို ကျောပိုးပြီး ခေါ်ဆောင် သွားပါမယ် ..... "

" ကျေးဇူးတင်လိုက်တာကွယ် "

စွန်းဟုန်ကျဲသည် ဆရာတော်ကို ပြောလိုက်၏။

" ကဲ ...... ဆရာတော်တို့ ဒီကပဲ စောင့်ပါ၊ တပည့်တော်



ရသေ့ကြီးကို သွားပို့လိုက်ပါဦးမယ် ..... "

" ကောင်းပြီ၊ ငါတို့ဒီကပဲ စောင့်ပါမယ် "

စွန်းဟိန်ကျဲသည် ရသေ့ကြီးကို ကျောကုန်း၌ ထမ်းပိုး၍ထွက် ခွာသွားလေတော့၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၉၇)

## တာဝန်ကိုယ်စီ

စွန်းဟိန်ကျဲသည် အင်အားကြီးမားသူဖြစ်ရာ ရသေ့ကြီးကို ထမ်း၍ပြေးလေတော့၏။ ရသေ့ကြီးသည် အပေါ်မှ အသာခိုစီးပြီးလိုက်လာသည်။

"သင့်ရဲ့ခြေထောက်ဒဏ်ရာက ဘယ်လိုရလာတာလဲ ရသေ့ကြီး"

ရသေ့ကြီးက -

"ချော်လဲလို့ပါ ..... ချော်လဲပြီး တောင်ကုန်းပေါ်က လိမ့်ကျခဲ့တာပါ"

"ဘာဖြစ်လို့ လိမ့်ကျလာတာလဲ"

"ကျား လိုက်လာလို့ပါ ....."

"ကျားက သင့်ကို ကိုက်ချီမသွားဘူးလား"

"ကျုပ်မှာ အဖော်တစ်ယောက်ပါတယ်လေ၊ ကျုပ်အဖော်ကိုတော့ကျားက ကိုက်ချီသွားပါတယ်"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဒီမှာ ဘီလူး ..... သင်တခြားလူကို လိမ်စမ်းပါ၊ ကျုပ်ကို လာမလိမ်ပါနဲ့၊ ကျုပ်ကိုလာလိမ်ရင် သေသွားမယ်"



ရသေ့ကြီး ထိတ်ထိတ်ပျာပျာဖြစ်သည်။

"ကျုပ်က လူကောင်းသူကောင်းပါ၊ စရဏအကျင့်ကို ကျင့်နေတဲ့သူပါ၊ သင် မဟုတ်တမယုတ်တွေ လာပြောမနေပါနဲ့၊ သင် အပြစ်ကျလိမ့်မယ် ....."

စွန်းဟိန်ကျဲသည် ချောက်ကမ်းပါးဆီသို့ လျှောက်သွား၏။

"သင်ဟာလူကောင်းလား ..... ဘီလူးလားသိရအောင် သင့်ကို ချောက်ထဲပစ်ချပြီးစမ်းသပ်ရမယ်၊ ကျုပ်နာမည် စွန်းဟိန်ကျဲတဲ့၊ သင် ..... နည်းနည်းကလေးမှ မကြားမိဘူးလား"

ရသေ့ကြီးသည် စွန်းဟိန်ကျဲကျောပေါ်မှ ခုန်ထွက်သွားလေတော့၏။

ရသေ့ကြီးသည် ဂါထာရွတ်ပြီး ခြေဖနောင့်နှင့် တစ်ချက်မျှဆောင့်လိုက်သောအခါ တောင်တစ်လုံးသည် စွန်းဟိန်ကျဲခေါင်းပေါ်သို့ ပိကျလာလေ၏။

စွန်းဟိန်ကျဲက လှောင်ပြုံးပြုံးသည်။

"ကျုပ်ဟာ ဒီထက်ကြီးတဲ့တောင်ငါးလုံးပိတာတောင် မသေသေးတာပဲ၊ ဒီတောင်တစ်လုံးကိုတော့ ဘာမှုမှာလဲ"

သူသည် ပြိုကျလာသော တောင်ထိပ်အား ဘယ်ဘက်ပခုံးဖြင့် ထမ်းထားလိုက်သည်။

ငွေဦးချိုဘီလူးမင်း အံ့သြသွားသည်။

"ဒီမျောက်ဟာအတော်တန်ခိုးကြီးတဲ့မျောက်ပဲ၊ တောင်တစ်လုံးကိုတောင် ဘယ်ဘက်ပခုံးနှင့်ထမ်းပြီး လမ်းလျှောက်နိုင်တယ်၊ အံ့သြစရာကောင်းလှပါလား"

သူကဂါထာကို ထပ်မံရွတ်ဖတ်လိုက်ရာ နောက်ထပ်တောင်ထိပ်တစ်လုံးသည်ပြိုကျလာပြန်၏။

စွန်းဟိန်ကျဲသည် ထိုတောင်ထိပ်ကို ညာဘက်ပခုံးဖြင့် ထမ်းထားလေ၏။ သူသည် ရယ်မောလိုက်လေ၏။

"သင်ဘီလူး ..... သင့်ပညာ ဒါအကုန်ပဲလား"

ငွေဦးချိုဘီလူးမင်းထိတ်လန့်တုန်လှုပ်သွား၏။

"မလွယ်ပါလား၊ သူ့ကို နိုင်အောင် မထိန်းနိုင်ရင် ငါ့ကိုလာ သတ်တော့မှာပဲ ....."

သူသည် ဂါထာကို ထပ်မံရွတ်ဖတ်လေ၏။ ထိုအခါ အကြီးမား ဆုံးနှင့် အမြင့်ဆုံးတောင်ထိပ်သည် ပြိုကျလာလေ၏။ ထိုတောင်မှာ ထိုက်စန်းတောင်ဖြစ်သည်။ ထိုတောင်ကြီးပြိုကျလာသောအခါ မျောက် မင်းသည် ထိန်းသိမ်းရန်မတတ်နိုင်တော့ချေ။ ဖုန်မှုန့်သဲမှုန့်များ ရောထွေး ကာ တောင်အောက်၌ပိပြားသွားလေ၏။

ငွေဦးချိုဘီလူးမင်းသည် မျောက်မင်း၏ အခြေအနေကို စောင့် ကြည့်နေ၏။ တောင်သုံးလုံးအောက်မှ မျောက်မင်းထွက်မလာနိုင်သည်ကို တွေ့ရသောအခါမှ ထန်းစန်းကျွမ်းဆရာတော်နောက်သို့လိုက်သွားသည်။

သူသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းပြီး သူ၏လက်တစ်ဖက်ဖြင့် ဆားဝူကျိန်းအား ပွေ့ညှစ်ဖမ်းဆီးလိုက်လေ၏။ ဆားဝူကျိန်းသည် ရုန်း ထွက်ပါသော်လည်း ရုန်းမထွက်နိုင်တော့ချေ။ ဘီလူးမင်း၏ အင်အားမှာ ကြီးလွန်းလှသည်။

ငွေဦးချိုဘီလူးမင်းသည် ကျန်လက်တစ်ဖက်ဖြင့် ထန်စန်းကျွမ်း ဆရာတော်အား ဖမ်းချုပ်လိုက်၏။ ထို့နောက်မြင်းဖြူကြီးကို ပါးစပ်ဖြင့် ကိုက်ချီကာ ကြာပန်းလိုဏ်ဂူသို့ပျံသန်းသွားလေ၏။

ငွေဦးချို ဘီလူးမင်းသည် ထန်စန်းကျွမ်း ဆရာတော်နှင့် ဆားဝူကျိန်းတို့အား ရွှေဦးချိုဘီလူးမင်းရှေ့သို့ ချလိုက်လေ၏။

"နောင်တော် .... နောင်တော်အလိုရှိနေတဲ့ ဘုန်းကြီးကို ညီတော် ဖမ်းလာနိုင်ပါပြီ"

ရွှေဦးချိုဘီလူးမင်းသည် ထန်စန်းကျွမ်းဆရာတော်နှင့် ဆားဝူ ကျိန်း တို့ကိုကြည့်ပြီး –

"ဟာ .... ဟုတ်တယ်၊ ညီတော် တော်ပါပေတယ်၊ ဒီဘုန်းကြီးကို ဖမ်းမိဖို့ဆိုတာ မလွယ်ပါဘူး၊ နောင်တော်ဂုဏ်ယူပါတယ်"

ငွေဦးချိုဘီလူးမင်းက –

"ကဲ ...... နောင်တော် ... ဘုန်းကြီးကို ဘယ်လိုခွဲဝေစားသောက် ကြမလဲဆိုတာနောင်တော် အစီအစဉ်လုပ်ပေတော့ ...."



ငွေဦးချိုဘီလူးမင်းက ခေါင်းယမ်းလိုက်သည်။

"သူတို့ကို စားလို့မဖြစ်သေးဘူး ညီတော်"

"ဘာဖြစ်လို့ စားလို့မဖြစ်တာလဲ နောင်တော်"

"ဘုန်းကြီးရဲ့တပည့် စွန်းဟိန်ကျဲဆိုတာရှိသေးတယ်၊ သူ့ကို မိအောင်မဖမ်းနိုင်ဘဲ ဘုန်းကြီးကိုစားလိုက်ရင် တို့ဒုက္ခရောက်မှာသေချာ တယ်"

သူကဆက်ပြောသည်။

"အစားတစ်လုတ်အတွက် တို့အသက် သေရမယ်ဆိုတာတော့ မဟန်သေးဘူး"

ငွေဦးချိုဘီလူးမင်းက ရယ်မောသည်။

"နောင်တော်က စွန်းဟိန်ကျဲကို အတော်အထင်ကြီးနေတာကိုး"

"အထင်ကြီးတာမဟုတ်ဘူး ညီတော်၊ တကယ့်အဖြစ်ကို ပြော နေတာပါ"

"တ ကယ်တော့ စွန်းဟိန်ကျဲဟာ နောင်တော်ပြောသလောက် ကြောက်စရာလဲ မကောင်းပါဘူး"

"ညီတော် သူ့ကို တွေ့ခဲ့ပြီးပြီလား"

"တွေ့ခဲ့ပြီးပါပြီ၊ သူ့ကို တောင်သုံးလုံးနဲ့ ဖိခဲ့ပါပြီ၊ မကြာခင် သူသေဆုံးသွားမှာပါ ...."

ရွှေဦးချိုဘီလူးမင်းက ဖင်ကြွ၍မေးလိုက်သည်။

"ညီတော် .... သူ့ကို တ ကယ် တောင်သုံးလုံးနဲ့ ဖိခဲ့တယ်၊ ဟုတ်ရဲ့လား ....."

ငွေဦးချိုဘီလူးမင်းက ရွှင်ပျစွာပြောသည်။

"မယုံရင် နောင်တော် လိုက်ကြည့်ပါလား ...."

"ယုံပါတယ်၊ ယုံပါတယ် .... ဒါပေမယ့် ....."

ငွေဦးချိုဘီလူးမင်းက –

"ဒါပေမယ့် ဘာဖြစ်သလဲ"

ရွှေဦးချိုဘီလူးမင်းက ရှင်းပြသည်။

"ညီတော် .... ညီတော်က ဒီမျောက်ကို ပေါ့ပေါ့သေးသေးထင်နေ

တာကိုး၊ မပေါ့နဲ့ ညီတော်၊ တစ်ချိန်တုန်းက မြတ်စွာဘုရားဟာ သူ့ကို တောင်ငါးလုံးနဲ့ ဖိထားခဲ့တယ်၊ အဲ့ဒါတောင်ဒီမျောက်ဟာ မသေခဲ့ဘူး၊ အခု အသက်ရှင်ပြီးလွတ်မြောက်လာတာကိုကြည့်တော့ ....”

ငွေဦးချိုဘီလူးမင်းက ရယ်မောသည်။

“ဒီအတွက်မပူပါနဲ့ ... ညီတော်မှာ အစီအစဉ်ရှိပြီးသားပါ”

“ဘယ်လိုစီစဉ်ထားလဲ ညီတော်”

ငွေဦးချိုဘီလူးမင်းသည် သူ့ရင်ဘတ်ထဲမှ ရေဘူးတစ်လုံးနှင့် ကြွေပန်းအိုးတစ်လုံးကိုထုတ်ယူ၍ ကျောက်စားပွဲပေါ်တင်ထားလိုက်သည်။

“ညီတော်သွားဖို့တောင် မလိုတော့ပါဘူး”

“ညီတော်က ဘယ်သူ့ကို ခိုင်းမလို့လဲ”

“ညီတော်ရဲ့ လက်အောက်ငယ်သားနှစ်ယောက်ကို ခိုင်းလိုက်ရင် ဖြစ်ပါပြီ”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်၊ ရေသောက်ရတာလောက်လွယ်ပါတယ်၊ ကြွေပန်းအိုးကို ပြောင်းပြန်ကိုင်ပြီးတော့ စွန်းဟိန်ကျဲလို့ ခေါ်လိုက်ရုံပါပဲ၊ စွန်းဟိန်ကျဲကထူးလိုက်တာနဲ့ သူရဲ့ခန္ဓာကိုယ်ဟာရေဘူးထဲရောက်သွားပါလိမ့်မယ်၊ အဲ့ဒီအခါမှာ ရေဘူးကိုပိတ်လိုက်ရင် သူဘယ်ကိုမှထွက်မပြေးနိုင်တော့ပါဘူး၊ အဲ့ဒီအခါမှာ မျောက်ရဲ့ခန္ဓာကိုယ်ဟာ သွေးရည်ဖြစ်သွားပါပြီ”

ရွှေဦးချိုဘီလူးမင်းသည် ထိုစကားကို ကြားလိုက်သောအခါ လွန်စွာဝမ်းသာသွားသည်။

“ကောင်းလိုက်တဲ့ အစီအစဉ်ပါပဲ ညီတော်”

သူက စကားဆက်လိုက်သည်။

“စွန်းဟိန်ကျဲ သတင်းကို ညီလေး မကြားမိလို့ပါ၊ သူ့လောက် ဉာဏ်များတာ သူပဲရှိတယ်၊ သူ့ခန္ဓာကိုယ်ကို ရုပ်သွင်အမျိုးမျိုး ဖန်ဆင်းနိုင်တယ်၊ အခက်အခဲအမျိုးမျိုးကြားထဲကလဲ သူရှန်းထွက်နိုင်တယ်၊ အခု ... ညီတော် သူ့ကိုတောင်သုံးလုံးနဲ့ ဖိထားတာစိတ်ချရရဲ့လား ....”

“စိတ်ချရပါတယ် နောင်တော်”



“ညီတော်စေခိုင်းရင် အခုပဲ စေခိုင်းလိုက်ပါ၊ နောက်မှဆိုရင်စိတ်မချရဘူး၊ သူက တောင်အောက်က လွတ်ချင်လွတ်သွားမှာ”

“ဒီလောက်လဲ မစိုးရိမ်ပါနဲ့ နောင်တော်”

“စိုးရိမ်ရတာပေါ့ညီတော်၊ ဒီမျောက်ဟာနတ်မင်းကြီးရဲ့ ပလ္လင်ကိုတောင်တက်လုတဲ့ မျောက်ကွ ....”

“ဒါဖြင့် ညီတော်ဆိုင်းမနေတော့ပါဘူး၊ အခုပဲခိုင်းလိုက်ပါ့မယ်”

“နောင်တော် စိုးရိမ်တာ မလွန်ဘူးဆိုတော ညီတော်နောက်တော့ သိလာပါလိမ့်မယ်..၊ ခိုင်းလိုက်ပါ..၊ အခုပဲ ခိုင်းလိုက်ပါ”

ငွေဦးချိုဘီလူးမင်းသည် သူ့နောက်လိုက်နောက်ပါများကိုစုဝေးရန်အမိန့်ပေးလိုက်၏။ သူသည် တစ်ချက်စဉ်းစားလိုက်သည်။ ဤတာဝန်မှာ သူသွားရောက်ထမ်းဆောင်သင့်သော တာဝန်ဖြစ်သည်။ သို့သော် မျောက်မင်းကို သေချာပေါက်တောင်အောက်တွင်ဖမ်းမိထားပြီးဖြစ်၍ သူ့တပည့်များကို စေလွှတ်ခိုင်းခြင်းဖြစ်သည်။ သူသည် တပည့်များထဲမှ ဉာဏ်အကောင်းဆုံး၊ အတော်ဆုံးဘီလူးနှစ်ကောင်ကို ရွေးထုတ်လိုက်သည်။

“မင်းတို့ကို အင်မတန် အရေးကြီးတဲ့တာဝန်ကိုပေးတာ၊ မင်းတို့ အောင်အောင်မြင်မြင် ဖြစ်အောင်ကြိုးစားခဲ့ကြ...၊ လုပ်ရတဲ့အလုပ်ကတော့ မခက်လှဘူး၊ ဒါပေမယ့် သတိဝီရိယတော့ ထားရလိမ့်မယ်”

သူသည် ဘီလူးနှစ်ကောင်အား ကြွေပန်းအိုးနှင့် ရေဘူးကို ပေးလိုက်၏။ စွန်းဟိန်ကျဲကို မည်ကဲ့သို့ ဖမ်းယူရမည်ကိုလည်း သေချာစွာရှင်းပြလိုက်သည်။ ထို့နောက် အင်္ကျီအိတ်ထဲမှ အင်းတစ်ရွက်ကို ထုတ်ပေးသည်။

“စွန်းဟိန်ကျဲရေဘူးထဲကိုရောက်သွားတာနဲ့ အဖုံးကို ပိတ်ပါ...၊ နောက်ပြီး ရေဘူးဝကို ဒီအင်းနဲ့ကပ်ပြီး ပိတ်ပါ၊ သူဘယ်လိုမှ ထွက်လို့မရတော့ဘူး”

ပါးနပ်ပြီးဉာဏ်ထက်မြက်သောဘီလူးနှစ်ကောင်သည်ဘီလူးမင်းအား ဂါရဝပြုကြလေ၏။

“ကျွန်တော်မျိုးတို့ကို သွားခွင့်ပြုပါဘီလူးမင်း”

"အေး....သွားကြပေတော့"

ဘီလူးနှစ်ကောင်သည် ကြာပန်းလိုဏ်ဂူမှ ထွက်ခွာသွားကြလေတော့၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၉၈)

## နတ်ပြည်မှ အကူအညီ

ထန်စန်းကျွမ်းဆရာတော်ကို စောင့်ရှောက်နေရသည့် နတ်တစ်ပါးသည် စွန်းဟိန်ကျဲအား တောင်သုံးလုံးပိသွားသည်ကို မြင်သောအခါ လွန်စွာထိတ်လန့်သွားလေ၏။ သူသည် ချက်ချင်းပင် တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ဖိတ်ခေါ်လိုက်ရ၏။

တောစောင့်နတ်နှင့် တောင် စောင့်နတ်တို့သည် စုဝေးရောက်ရှိလာကြ၏။ သူတို့ကို ဖိတ်ခေါ်သည့်နတ်မင်းအားထိုနတ်နှစ်ပါးကမေးမြန်းကြသည်။

" အသင်နတ်မင်း ဘယ်အရေးကြောင့် ကျုပ်တို့ကို ဖိတ်ခေါ်ရပါသလဲ "

" ဒီမှာ တောင်သုံးလုံးပြိုကျနေတာကို တွေ့တယ်မဟုတ်လား၊ ဒီတောင်သုံးလုံးကို ဘယ်သူပိုင်တယ်ဆိုတာ ပြောပါ "

ထိုက်စန်းတောင်ပိုင် နတ်က -

" အကြီးဆုံးတောင်ကို ကျွန်ုပ်ပိုင်ပါတယ် "

ကျန်တောင်စောင့် နတ်နှစ်ပါးကလည်း အသီးသီးဝန်ခံကြ၏။

" ကျန်တဲ့တောင်နှစ်လုံးကို ကျွန်ုပ်တို့နှစ်ယောက် ပိုင်ပါတယ် "

တာဝန်ကျနေသော နတ်မင်းက -

" သင်တို့ရဲ့တောင်များ ပြိုကျနေတယ်၊ အဲဒါဘာဖြစ်လို့လဲ "

" ငွေဦးချို ဘီလူးမင်းက ဂါထာရွတ်ပြီး အမိန့်ပေးလိုက်လို့ ကျွန်ုပ်တို့ရဲ့ တောင်ထိပ်တွေကို ဖြိုချလိုက်တာပါ "

"သင်တို့ရဲ့တောင်တွေဟာ ဘယ်သူ့ကို ဖိထားသလဲဆိုတာ သိကြရဲ့လား "

တောင်စောင့်နတ်သုံးဦးက ခေါင်းယမ်းသည်။

" မသိပါဘူးနတ်မင်း၊ ဘယ်သူ့ကိုများ ဖိထားသလဲ "

တာဝန်ကျနတ်မင်းက -

"အသင်တို့တော့ ဒုက္ခရောက်တော့မယ်၊ အခုတောင်အောက်ကို ရောက်နေတာဟာ စွန်းဟိန်ကျဲပဲဖြစ်တယ် "

" ဘုရားရေ စွန်းဟိန်ကျဲလား "

တောင်စောင့်နတ် သုံးပါးစလုံးတုန်လှုပ်ချောက်ချား သွားကြလေတော့၏။

" ဒုက္ခပါပဲ ဘယ်လိုလုပ်ကြမလဲ "

တောင်စောင့်နတ်က သူတို့အား အပြစ်တင်လိုက်၏။

" သင်တို့ မမေးမစမ်းဘဲ လုပ်လိုက်တဲ့အတွက် သင်တို့မီးခဲဖင်ခု ထိုင်မိတဲ့ အဖြစ်မျိုးရောက်နေပြီ "

အခြားတောစောင့်နတ်တစ်ပါးက ပြောသည်။

" အခုမှတော့ မထူးတော့ပါဘူး၊ သင်တို့ရဲ့ တောင်တွေကို ပြန်ဖယ်လိုက်ကြတော့၊ သူလွတ်သွားရင်အေးတာပဲ၊ သူ့ကိုတော့ တောင်းပန်လိုက်ရင် သူကျေနပ်သွားမှာပါ "

တောင်စောင့်နတ်အသီးသီးသည် ဂါထာအသီးသီးရွတ်ဆိုကြပြီး စွန်းဟိန်ကျဲ၏ ခန္ဓာကိုယ်ပေါ်၌ ဖိထားသည့် တောင်သုံးလုံးအား ဖယ်ရှားလိုက်ကြရသည်။

စွန်းဟိန်ကျဲသည် တောင်သုံးလုံးအောက်မှ ရုန်းထွက်လာလေသည်။ သူသည် သံတုတ်ကို ကိုင်မြှောက်လျက် တောင်စောင့်နတ်များအား ရိုက်ရန်ဟန်ပြလေ၏။



တာဝန်ကျ နတ်မင်းနှင့် တောစောင့် နတ်များက ဝိုင်း၍ တောင်းပန်ကြလေ၏။

"သည်းခံပါ မျောက်မင်း၊ သူတို့မတတ်သာလို့ ဒီလိုလုပ်ကြရတာပါ "

တောင်စောင့်နတ် အသီးသီးကလည်း တောင်းပန်သည်။

"ဒီလိုပါ မျောက်မင်း ငွေဦးချိုဘီလူးဆိုတာ အလွန်ပဲတန်ခိုးကြီးပါတယ်၊ သူဂါထာမရွတ်တဲ့ အချိန်ဆိုရင် ကိစ္စမရှိပါဘူး၊ ဂါထာရွတ်တဲ့အချိန်မှာတော့ ကျွန်ုပ်တို့ဟာ သူ့အမိန့်ကို နာခံရပါတယ်၊ ဒါပေမယ့် တောင်အောက်မှာ မျောက်မင်းရှိတယ်ဆိုတာကို ကျွန်ုပ်တို့ မသိကြလို့ပါ၊ ရှိတယ်ဆိုတာ သိရင်သူ့အမိန့်ကို အန်တုကြမှာပါ "

တာဝန်ကျ နတ်မင်းနှင့် တောစောင့်နတ်များကလည်း ဟုတ်မှန်ကြောင်း ဝိုင်းဝန်းထောက်ခံကြလေ၏။ ထိုအခါကျမှ စွန်းဟိန်ကျဲက စိတ်ပြေသွားသည်။

"အားလုံးဝိုင်းတောင်းပန်တဲ့အတွက် ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ဒီအဖြစ်မျိုးနဲ့ ကြုံရင်တော့ ကျုပ်ကို အဆိုးမဆို ကြပါနဲ့၊ ကျုပ်ကို ရိုင်းတယ်လို့မပြောကြပါနဲ့၊ ကျုပ်သည်းမခံတော့ဘူး"

တောင်စောင့်နတ်တို့သည် စိတ်သက်သာရာ ရသွားကြ၏။ သူတို့သည် မျောက်မင်းအား ကျေးဇူးတင်စကားပြောကြ၏။

"အခုလို ခွင့်လွှတ်တာကို ကျေးဇူးတင်ပါတယ် တန်ခိုးရှင်ရယ်"

စွန်းဟိန်ကျဲက -

" ဒါက အရေးမကြီးပါဘူး "

"ဘာက အရေးကြီးနေပါသလဲ တန်ခိုးရှင် "

"ကျုပ်တောင်အောက်ပိနေတုန်း ဘီလူးကကျုပ်ဆရာကို ဖမ်းခေါ်သွားပြီ၊ ဘယ်ကို ဖမ်းခေါ်သွားသလဲ မသိဘူး "

တာဝန်ကျနတ်မင်းက -

" ဆရာတော်ကို ကြာပန်း လိုဏ်ဂူထဲကို ဖမ်းခေါ်သွားပါတယ်၊

တန်ခိုးရှင်ရဲ့ ညီတော်နဲ့မြင်းပါ တစ်ပါတည်း ပါသွားကြပါတယ်"

"ကျူးပတ်ကိုင်လဲ အဲဒီမှာ ရှိနေတယ်နဲ့တူတယ်"

တာဝန်ကျနတ်မင်းက ခေါင်းညိတ်၏။

"အဲဒီမှာ ရှိနေပါတယ် "

စွန်းဟိန်ကျဲက -

"အဲဒီထဲက ဘီလူးတွေဟာ ဘယ်ကဘီလူးတွေလဲ၊ သူတို့ကြည့်ရတာ တော်တော်တန်ခိုးကြီးပုံရတယ်"

တာဝန်ကျနတ်မင်းက ရှင်းပြ၏။

"သူတို့ဟာ ညီအစ်ကိုနှစ်ယောက်ပါ၊ တစ်ယောက်က ရွှေဦးချို ဘီလူးမင်းလို့ခေါ်ပြီး၊ တစ်ယောက်ကတော့ ငွေဦးချို ဘီလူးမင်းလို့ ခေါ်ပါတယ် "

စွန်းဟိန်ကျဲသည် သူ၏အစွမ်းထက်လှသော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်သည်။ ရွှေရောင်တပြောင်ပြောင် တောက်ပနေသည့်အရာနှစ်ခုကို မြင်လိုက်သည်။ ထိုအရာနှစ်ခုသည် တောင်ဆင်းလမ်းအတိုင်း ဆင်းသက်လာနေသည်။

"အဲဒီရွှေရောင် တလက်လက်ထွက်နေတာဟာ ဘာများလဲ နတ်မင်း"

တာဝန်ကျနတ်မင်းက -

"အဲဒါ ငွေဦးချိုဘီလူးရဲ့ အစွမ်းထက်တဲ့ လက်နက်နှစ်ခုပါ၊ အဲဒီလက်နက်နှစ်ခုယူဆောင်ပြီး တန်ခိုးရှင်ကိုဖမ်းဖို့ လာနေပါပြီ၊ တန်ခိုးရှင် အသင့်သာ ပြင်ဆင်ပါတော့"

စွန်းဟိန်ကျဲက -

"သူက ထူးဆန်းတဲ့ လက်နက်တွေကိုပိုင်သကိုး၊ အဲဒီလက်နက်တွေဟာ ဘယ်လိုများ အစွမ်းထက်သလဲ"

" အဲဒီ လက်နက်ကရေဘူးနဲ့ကြေးပန်းအိုး ဖြစ်ပါတယ်"

သူက စကားဆက်လိုက်သည်။

"သူတို့ဟာရေဘူးနဲ့ကြေးပန်းအိုးကို တန်ခိုးရှင်ရှေ့မှာ ပြောင်းပြန်ကိုင်ထားပြီး တန်ခိုးရှင်ရဲ့ အမည်ကို ခေါ်ပါလိမ့်မယ်၊ တကယ်လို့



တန်ခိုးရှင်ဟာ ထူးမိခဲ့မယ်ဆိုရင် သင့်ရဲ့ခန္ဓာကိုယ်ဟာ ရေဘူးထဲကို ရောက်သွားပါလိမ့်မယ်၊ ရေဘူးက ထူးဆန်းစွာ စုပ်ယူသွားပါလိမ့် မယ်၊ ရေဘူးအဝကို အင်းချထားတဲ့ စက္ကူနဲ့ ပိတ်လိုက်တာနဲ့ သင်ဟာ ဘယ်လောက်ပဲ တန်ခိုးရှိနေပါစေ လွတ်မြောက်နိုင်မှာ မဟုတ်တော့ဘူး၊ သင်ဟာ မွန်းတည့်အထိတောင် မခံဘဲ နောက်ဆုံးအရည်ပျော်သွားရမှာပါ၊ သူ့လက်နက်ဟာ ဒီအထိ တန်ခိုးရှိပါတယ်"

စွန်းဟိန်ကျဲသည် ရင်ထိတ်သွားလေ၏။ သူ့အား ကျေပျက်ပျောက်ဆုံးစေမည့် လက်နက်မျိုးကို သူမတွေ့ဖူးသေးပေ။

"အတော်အစွမ်းထက်တဲ့ လက်နက်ပါကလား"

တာဝန်ကျ နတ်မင်းက ဆက်၍ရှင်းပြ၏။

"ငွေဦးချို ဘီလူးမင်းဟာ သင့်ကို တောင်သုံးလုံး ဖိထားတယ် ထင်လို့ သူကိုယ်တိုင်မလာဘဲ၊ ငယ်သားနှစ်ယောက်ကို စေခိုင်းလိုက်တာပါ၊ အဲဒါကတော့ အခု သင်တွေ့ကြုံရမယ့် အဖြစ်အပျက်ပဲ၊ သင် ကြည့်ပြီးသာ ရင်ဆိုင်ပေတော့"

စွန်းဟိန်ကျဲက -

"ကျုပ်တောင်သုံးလုံးဖိသွားတာက ခပ်ကောင်းကောင်းပဲ၊ နို့မို့ဆိုရင် ဒီအခြေအနေတွေကို ဘာမှသိရမှာ မဟုတ်ဘူး"

သူသည် နတ်အစုအဝေးကို ကြည့်လိုက်ပြီး -

"ကဲ အသင်တို့အားလုံးလဲ ပြန်ကြသွားနိုင်ပါပြီ၊ စိတ်ချမ်းသာသလို နေထိုင်ကြပါတော့"

တာဝန်ကျနတ်မင်းနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ် အားလုံးသည် မျောက်မင်းအား နှုတ်ဆက်လျက် ထွက်ခွာသွားကြလေ၏။

"သင်နတ်မင်း ခဏလောက်နေပါဦး"

သူသည် တာဝန်ကျ နတ်မင်းအား လှမ်း၍ ဟန့်တားလိုက်၏။ တာဝန်ကျနတ်မင်းက ရပ်တန့်ပြီး မေးလေ၏။

"ဘာများ မေးစရာကျန်သေးလို့လဲ တန်ခိုးရှင်"

စွန်းဟိန်ကျဲက -

"တခြားတော့ မဟုတ်ပါဘူး၊ ကြာပန်းလိုဏ်ဂူထဲက ဘီလူးတွေ

နဲ့ ဘယ်သူတွေနဲ့ အဆက်အဆံရှိသလဲဆိုတာကို သိချင်လို့ပါ "

"အဲဒီ ညီနောင် နှစ်ယောက်ဟာ ဖိုထိုး ဝါသနာ ပါကြပါတယ်၊ ဒါကြောင့် ရသေ့များနဲ့ အများဆုံးအဆက်အဆံရှိပါတယ် "

"ကျေးဇူးတင်ပါတယ်၊ သင်လိုရာ ကြွနိုင်ပါပြီ"

တာဝန်ကျနတ်မင်းသည် ထွက်ခွာသွားလေတော့၏။

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းလိုက်၏။ သူ၏ ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်သည်နှင့် အသက်ကြီးရင့်သော ရသေ့ တစ်ပါးအဖြစ်သို့ ပြောင်းလဲသွားသည်။

ထို့နောက်သူသည် တောင်တက်လမ်းအတိုင်း တဖြည်းဖြည်း လျှောက်တက်သွားလေ၏။

မကြာမီ ရှေ့ခပ်လှမ်းလှမ်းဆီမှ ဘီလူးနှစ်ကောင် လမ်းလျှောက် လာသည်ကို တွေ့ရသည်။ ဘီလူးနှစ်ကောင်သည် စကားတပြောပြောနှင့် လျှောက်လာနေကြသည်။ သူတို့၏ လက်ထဲတွင် ရေဘူးတစ်ဘူးနှင့်ကြေ ပန်းအိုးတစ်လုံး ပါရှိနေသည်။

ဘီလူးနှစ်ကောင်တို့သည် ရသေ့ကြီးက မြင်တွေ့သော်လည်း အမှုမထားဘဲ ဆက်လက်လျှောက်သွား၏။ စွန်းဟိန်ကျဲသည်လည်း သူတို့ကို ဂရုမစိုက်ဘဲ သူတို့ကို ဖြတ်ကျော်လိုက်၏။

ထို့နောက်သူသည် သံတုတ်ကို တောင်ဝှေးအဖြစ် ပြောင်းလဲပြီး ကိုင်ထားရာ သူ့အားဖြတ်ကျော်သွားသည့် ဘီလူးနှစ်ကောင်၏ ခြေ ထောက်အကြားသို့ ရုတ်တရက်ထိုးသွင်းလိုက်လေ၏။ ဘီလူးနှစ်ကောင် သည် ရှေ့သို့ဟပ်ထိုးလဲကျသွား၏။

ရသေ့ကြီး တောင်ဝှေးထိုးထည့်သည်မှာ လွန်စွာမြန်လှသည်။ ရသေ့ကြီးသည် တောင်ဝှေးကို သူထိုးမထည့်သည့်ပမာ တဒေါက်ဒေါက် ထောက်၍ လျှောက်သွားနေလေ၏။

ဘီလူးနှစ်ကောင်သည် လူးလဲထပြီး ဒေါသတကြီး ကာဆီးလိုက်၏။

"ရသေ့ကြီး ဘယ်လိုလုပ်လိုက်တာလဲ"

ရသေ့ကြီးက အံအားသင့်စွာ ပြန်မေးလေ၏။

"ကျုပ်ဘာလုပ်လို့လဲ"



" ကျုပ်တို့လဲကျအောင် ရသေ့ကြီးလုပ်တာ မဟုတ်လား "

"မလုပ်ပါဘူး၊ ကျုပ်ဘာသာကျုပ် တောင်ပေါ်တက်နေတာပါ"

"ကျုပ်တို့ သိတယ်၊ ရသေ့ကြီး တောင်ဝှေးနဲ့ ကျုပ်တို့ ခြေထောက်ကြား ထိုးထည့်လိုက်တာ"

ရသေ့ကြီးသည် ရယ်မောလိုက်၏။

"ကဲ ကဲ မင်းတို့အတိအကျ ဒီလောက်စွပ်စွဲနေမှတော့ ကျုပ် လုပ်တယ်ပဲထားလိုက်ပါတော့၊ ကျုပ်ကျီစယ်လိုက်တယ်ပဲ သဘောထား ပါတော့"

ဘီလူးတစ်ကောင်က မကျေမနပ်ပြောသည်။

"ရသေ့ကြီးကျီစယ်တာက အရေးမကြီးဘူး၊ ကျုပ်လက်ထဲ ပါလာ တဲ့ လက်နက်တွေ ကျကွဲသွားရင် ဘယ်နဲ့လုပ်မလဲ၊ ရသေ့ကြီးလဲ လျော်နိုင်တာ မဟုတ်ဘူး"

ရသေ့ကြီးက -

" ဘယ်မှာလဲ လက်နက်၊ ဘာလက်နက်မှလဲ မတွေ့ပါလား "

ဘီလူးနှစ်ကောင်သည် ကြေပန်းအိုးနှင့် ရေဘူးကို မြှောက်ပြ ပါလေ၏။

" ဒီမှာ မတွေ့ဘူးလား"

"ဟား ... ဟား ... ဟား ဒါလက်နက်လား၊ တုတ်၊ [illegible]ား၊ လေး မြားမှ လက်နက်လို့ ခေါ်ကြတာပါ"

ဘီလူးနှစ်ကောင်သည် မခံချင်ဖြစ်သွားလေ၏။

"ရသေ့ကြီး မသိရင်အသာနေစမ်းပါ၊ ဒါ လက်နက်ဗျ အလွန် ထူးဆန်းတဲ့လက်နက်"

"ကျုပ်အမြင်မှာတော့ ဘာလက်နက်မှ မဟုတ်ဘူး၊ သောက်တဲ့ ရေဘူးတစ်ဘူးနဲ့အလှပြတဲ့ ကြေပန်းအိုးတစ်လုံးပဲ"

" လူတစ်ယောက်ကို ဒီရေဘူးနဲ့ ဖမ်းယူနိုင်တယ်ဗျ "

"ဒါ ဘာဆန်းသလဲ"

သူသည် လက်ဝါးဖြန့်၍ ဆန့်တန်းလိုက်သောအခါ ဘီလူး၏ ရေဘူးထက် သုံးဆခန့်ကြီးသော ရေဘူးတစ်လုံးသည် မျက်လှည့်ပြသည့်

ပမာ ရောက်ရှိလာလေ၏။

"မင်းတို့လက်နက်ဟာ ကျုပ်ရဲ့လက်နက်ကို မမီပါဘူး"

"သင်ရသေ့ကြီးရဲ့ လက်နက်က ဘယ်လိုများ အစွမ်းထက်သလဲ"

ရသေ့ကြီးက ရယ်ရယ်မောမော ပြောသည်။

"သင်တို့ လက်နက်ဟာ လူကိုသာဖမ်းနိုင်တာ၊ ကျုပ်ရဲ့ လက်နက်ကတော့ ကောင်းကင်ကြီးတစ်ခုလုံး ဖမ်းယူနိုင်တယ်"

ဘီလူးနှစ်ကောင်က ခေါင်းယမ်းလိုက်၏။

" ကျုပ်တို့ မယုံပါဘူး "

" ကျုပ်က ရသေ့ပါ၊ ဘာဖြစ်လို့ လိမ်ပြောရမှာလဲ "

" ဒီလိုဆိုရင် ရသေ့ကြီးရဲ့ ရေဘူးနဲ့ ကျုပ်ရေဘူးလဲမလား"

" မင်းရဲ့ရေဘူးကလူပဲဖမ်းနိုင်တာ၊ အဲဒီလိုဆိုတော့ ငါနစ်နာတာပေါ့ "

" ဒီလိုဆိုရင် ကျုပ်တို့က ကြွေပန်းအိုးပါ အဆစ်ထည့်ပေးလိုက်မယ် "

ရသေ့ကြီး ဝမ်းသာသွားသည်။ သို့သော် ဝမ်းသာသည့် အရိပ်အယောင်ကို မပေါ်စေဘဲ ပြောလိုက်သည်။

" ဒါဆိုရင် လဲမယ် "

" လဲမှာကတော့ ဟုတ်ပါပြီ၊ ရသေ့ကြီးရဲ့ ရေဘူးက မိုးကောင်းကင်ကို ဖမ်းနိုင်တယ်ဆိုတာ ဟုတ် မဟုတ် ကျုပ်တို့ကြည့်ချင်သေးတယ်"

ဘီလူးတစ်ကောင်ကလည်း -

" ဟုတ်တယ်၊ ကျုပ်တို့ကို လက်တွေ့လုပ်ပြမှ ကျုပ်တို့ယုံမယ်"

ရသေ့ကြီးသည် အခက်အခဲ တွေ့သွား၏။ သို့သော် သူသည် ချက်ချင်းလိုလို ခေါင်းညိတ်သည်။

" ကောင်းပြီ ကျုပ်အခုပဲ ကောင်းကင်ကို ရေဘူးထဲရောက်အောင် ဖမ်းပြမယ် "

သူသည် ထိုသို့ပြောပြီး ကောင်းကင်သို့ လျှို့ဝှက်အသံပို့လွှတ်လိုက်၏။



"ကျုပ် စွန်းဝူခုံး အကူအညီ တောင်းလိုက်ပါတယ်၊ နတ်အပေါင်း ကြားသိစေလိုက်ပါတယ်၊ နတ်မင်းကြီးကို အကြောင်းကြားပေးပါ၊ မိုးပေါ်မှာရှိသမျှ အလင်းရောင်ကို ခေတ္တခဏဖုံးကွယ်ထားစေလိုပါတယ်၊ ကျုပ်လိုအပ်လို့ အကူအညီတောင်းတာပါ၊ အကူအညီမပေးရင်တော့ ကျုပ်ကို အဆိုးမဆိုပါနဲ့ "

ကောင်းကင်ရှိ နတ်ပြည်မှ နတ်အပေါင်းတို့ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြလေ၏။ အဘယ့်ကြောင့်ဆိုသော် စွန်းဝူခုံးခေါ် မျောက်မင်း၏ အသံသည် ကောင်းကင်၌ ကျယ်လောင်စွာ ကြားလိုက်ရသောကြောင့်တည်း။

သူတို့သည် နတ်မင်းကြီးထံ အပြေးအလွှားသွားရောက် သတင်းပို့ကြလေ၏။

နတ်မင်းကြီးသည် အနည်းငယ်စိတ်တိုသွား၏။

" ဒီမျောက်တော့ ခက်နေပါပြီ၊ အလကားနေရင်း နတ်ပြည်ကို ဆွဲထည့်နေတယ်၊ သူ့အလိုမှန်သမျှ နတ်ပြည်က လိုက်လုပ်ပေးနေရမယ်လို့ ထင်ထားသလားမသိဘူး "

လိုချားမင်းသားက သံတော်ဦးတင်လေ၏။

"သည်းခံပါအရှင်ဘုရား မျောက်မင်းဟာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်မယ့် ပုဂ္ဂိုလ်ကိုစောင့်ရှောက်ဖို့ တာဝန်ယူထားပါတယ်ဘုရား၊ အခု သူ့မှာ အခက်အခဲရှိနေတာကလဲ အဲဒီခရီးအတွက်ပဲ ဖြစ်ပါတယ်ဘုရား၊ သူ့ကို အကူအညီပေးလိုက်ပါလို့ ကျွန်တော်မျိုး လျှောက်ထားအသနားခံပါတယ် "

နတ်မင်းကြီး ခေါင်းကုတ်သည်။

" အခု သူတောင်းတဲ့ အကူအညီကိုလဲ ကြည့်စမ်းပါဦး၊ ဘယ်လောက်တောင် ကတ်သီးကတ်သတ်နိုင်သလဲ၊ သူ့ကို ဘယ်လို အကူအညီပေးရမှာလဲ "

လိုချား မင်းသားလေးက -

" ဒီကိစ္စကို ကျွန်တော်မျိုး တာဝန်ယူဖြေရှင်းပါမယ်၊ အားလုံး အဆင်ပြေစေရပါမယ် ဘုရား "

" ကဲ ကဲ ဒီလိုဆိုရင်လဲ ပြီးတာပါပဲ၊ ဒီမျောက်နဲ့ ပတ်သက်လာရင် ကျွန်ုပ် ခေါင်းကိုက်ရတယ်၊ သင်ပြီးစီးအောင်ပဲ ကူညီဆောင်ရွက်ပေးလိုက်ပေတော့ "

လိုချား မင်းသားလေးက တစ်ခုတော့ တောင်းဆိုသည်။

" ကောင်းပါပြီ၊ အရှင်နတ်မင်းကြီး၊ ကျွန်တော်မျိုးကို အမည်းရောင်အလံတစ်လက်ကိုသာ ပေးသနားတော်မူပါ "

ထိုအမည်းရောင် အလံသည် စကြဝဠာတစ်ခြမ်းကိုပင် အမိုက်မှောင်ဖုံးစေနိုင်သည်။

"ကောင်းပြီ၊ သင့်အား အမည်းရောင်အလံတစ်လက် ပေးလိုက်စေ"

နတ်မင်းကြီးသည် အမိန့်ချမှတ်လိုက်၏။

လိုချားမင်းသားအား ဘဏ္ဍာထိန်းနတ်က အမည်းရောင်အလံတစ်လက် လာရောက်ပေးအပ်၏။

" ဤအမည်းရောင်အလံ မည်မျှအရေးပါသည်ကို သင်သိပါတယ်၊ ဤအလံကို အသုံးပြုပြီးပါက ကျွန်ုပ်ထံ ဆက်ဆက်ပေးအပ်စေလိုပါတယ် "

" စိတ်ချပါ နတ်မင်း၊ ဇွန်းဂူခုံးကိစ္စကို ဆောင်ရွက်ပေးပြီးပါက နတ်မင်းထံ ကျွန်ုပ်က ဤအလံအား လာရောက်ပေးအပ်ပါမယ် "

လိုချားမင်းသားလေးသည် အလံအား ယူဆောင်ပြီး တိမ်တိုက်နန်းတော်မှ ထွက်ခွာသွားလေတော့၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၉၉)

### မျောက်ဖမ်းရန်အကြံ

လိုချားမင်းသားလေးသည် မိုးနတ်သား လေနတ်သားနှင့်မိုးကြိုးနတ်သားအစုံအလင်ကို ဦးဆောင်ကာ ဇွန်းဟိန်ကျဲရှိရာနေရာသို့ ရောက်ရှိလာလေသည်။

လိုချားမင်းသားလေးက ဇွန်းဟိန်ကျဲ တစ်ဦးတည်းသာ ကြားနိုင်သော အသံဖြင့် ပြောသည်။

"အသင်မျောက်မင်း၊ ကျွန်ုပ် လိုချားမင်းသားနှင့်တကွ နတ်ပေါင်းစုံ ရောက်ရှိနေပါတယ်၊ သင်လိုချင်တဲ့ အကူအညီကိုပေးဖို့အတွက် အချိန်အခါကို စောင့်နေကြပါတယ် "

ဇွန်းဟိန်ကျဲသည် ဝမ်းသာသွား၏။ နတ်အပေါင်းသည် သူ့ကို ကူညီနေကြပါကလား။

သူသည် လိုချားမင်းသားနှင့် နတ်များသာ ကြားနိုင်ရန် ပြောလိုက်၏။

" ကျေးဇူးတင်ပါတယ် လိုချားမင်းသား၊ ကျုပ်ရဲ့ရေဘူးအပေါ်ကို မြှောက်တင်လိုက်တဲ့အချိန်မှာ သင်ဟာ ကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်သွားအောင် ပြုလုပ်ပေးပါ၊ ခေတ္တခဏပါပဲ "

" ကောင်းပါပြီ၊ ကျွန်ုပ် အသင့်စောင့်နေပါမယ် "

စွန်းဟိန်ကျဲသည် ဘီလူးနှစ်ကောင်ဘက်သို့ လှည့်လိုက်၏။ သူသည် ရေဘူးကိုမြှောက်တင်လိုက်၏။

" ကဲ သေသေချာချာကြည့်ကြပါ၊ ကျုပ်ရဲ့ရေဘူးထဲကို ကောင်းကင်ကြီးတစ်ခုလုံး ဖမ်းထည့်ပြမယ် "

အလွန်ညဏ်များပြီး ပါးနပ်လှသော ဘီလူးနှစ်ကောင်သည် ရေဘူးကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေကြလေ၏။

စွန်းဟိန်ကျဲက ဂါထာရွတ်ပြီး ရေဘူးအား လက်ညှိုးဖြင့် ထိုးလိုက်သည်။

"မိုးကောင်းကင်တစ်ခုလုံးကို ဖမ်းယူပြီး ရေဘူးထဲ ထည့်လိုက်စမ်း၊ ငါ့အမိန့် "

လိုချားမင်းသားလေးသည် စွန်းဟိန်ကျဲ၏ အသံကိုကြားသည်နှင့် သူ့၌ပါရှိလာသော အမည်းရောင်အလံကို ချက်ချင်းဖြန့်ချထားလိုက်၏။ ထိုအခါ ကောင်းကင်ကြီးတစ်ခုလုံး မှောင်မည်းသွားသည်။

ဘီလူးများသည် လန့်ဖျပ်သွားကြသည်။

" ဟော ဘယ်နဲ့ ချက်ချင်းကြီး မှောင်ကြီးကျသွားရတာလဲ "

စွန်းဟိန်ကျဲက -

"အမှောင်လာတာမဟုတ်ဘူး၊ မိုးကောင်းကင်ကြီးတစ်ခုလုံး ကျုပ်ရေဘူးထဲဝင်သွားလို့ မှောင်ကြီးကျသွားတာ "

ဘီလူးတစ်ကောင်က -

" ဒါဖြင့် လနဲ့ကြယ်ကော "

စွန်းဟိန်ကျဲက ရယ်လိုက်သည်။

"မိုးကောင်းကင် တစ်ခုလုံးရေဘူးထဲကို ထည့်လိုက်ပြီးမှတော့ လနဲ့ကြယ်ကို စကားထဲ ထည့်ပြောနေရသလား၊ ထည့်ပြောမနေစမ်းပါနဲ့"

အခြားဘီလူးတစ်ကောင်က -

"လောကကြီး တစ်ခုလုံး မည်းမှောင်သွားတာပဲ၊ ကျုပ်တို့ ဘယ်သွားလို့ ဘယ်လာရမှာလဲ "

စွန်းဟိန်ကျဲက သတိပေးလိုက်၏။



"မင်းခြေမလှမ်းနဲ့၊ ခြေလှမ်းရင် တော်ကြာချောက်ထဲ ကျသွားလိမ့်မယ် "

ဘီလူးနှစ်ကောင်စလုံးက အရေးတကြီးပြောလိုက်လေ၏။

" ဒီပုံအတိုင်းဆိုရင်တော့ မဖြစ်ဘူး၊ ရသေ့ကြီး သင် ဖမ်းထားတဲ့ ကောင်းကင်ကြီးကို ပြန်လွှတ်ပေးလိုက်ပါ၊ အမြန်ဆုံး ပြန်လွှတ်ပေးလိုက်ပါတော့ "

စွန်းဟိန်ကျဲက -

" မင်းတို့ ယုံကြည်ကြပြီ မဟုတ်လား "

"ယုံပါပြီ၊ ယုံပါပြီ "

" ဒီလိုဆိုရင် မင်းတို့ ရေဘူး၊ ကြွေပန်းအိုးနဲ့ လဲတော့မလား "

" လဲမှာပေါ့ "

သူသည် ဂါထာကိုရွတ်ပြီး အမိန့်ပေးလိုက်၏။

" ကောင်းကင်ကြီး ထွက်စမ်း "

" လိုချားမင်းသားသည် သူ၏ အမည်းရောင်အလံအား ပြန်လည်ရုပ်သိမ်းလိုက်လေ၏။ ထိုအခါ ကောင်းကင်ကြီး တစ်ခုလုံး ကြည်လင်ဝင်းပသွားသည်။ နေရောင်ခြည်လည်း တောက်ပလာလေ၏။

ဘီလူးနှစ်ကောင်သည် အလင်းရောင်ကို မြင်သည်နှင့် အလွန်ဝမ်းသာသွားကြ၏။

" တော်တော်စွမ်းတဲ့ ရေဘူးကြီးပဲ "

ရသေ့ကြီးသည် ကောင်းကင်၌ တွဲရရွဲဖြစ်နေသော ရေဘူးကြီးကို လက်ထဲပြန်ရောက်စေလိုက်၏။

" ကဲ ရော့ မင်းတို့ရဲ့ ရေဘူးနဲ့ ကြွေပန်းအိုးကို ပေးပေတော့"

ဘီလူးနှစ်ကောင်သည် ဝမ်းသာအားရ လဲလှယ်ကြလေ၏။

စွန်းဟိန်ကျဲသည် သူ့လက်ထဲသို့ ရေဘူးနှင့် ကြွေပန်းအိုးရောက်သည်နှင့် ကောင်းကင်ပေါ်သို့ ခုန်တက်သွား၏။ ကောင်းကင်နတ်ပြည်၌ အသင့်ရှိနေသော လိုချားမင်းသားနှင့် နတ်ပေါင်းစုံတို့အားတွေ့ရှိရသည်။

စွန်းဟိန်ကျဲက ဂါရဝပြုသည်။

လိုချားမင်းသားကလည်း ဂါရဝပြုသည်။

စွန်းဟိန်ကျဲက ရှင်းပြ၏။

" ကျုပ်အကူအညီတောင်းရတာဟာ ဆရာတော်လွတ်မြောက်ရေး ကိစ္စအတွက်ပါ၊ အသင် လိုချားမင်းသားနဲ့ကူညီတဲ့နတ်အပေါင်းကိုလဲ ကျေးဇူးတင်ပါတယ်၊ နတ်မင်းကြီးကိုလည်း ကျေးဇူးတင်ကြောင်း ပြောပေးပါ "

လိုချားမင်းသားက ပြုံး၍ခေါင်းညိတ်လေ၏။

"ကျုပ်တို့ သွားပါတော့မယ် မျောက်မင်း"

"ကောင်းပါပြီ"

လိုချားမင်းသားလေးနှင့် နတ်အပေါင်းတို့သည် ထွက်ခွာသွားကြတော့၏။

ဘီလူးနှစ်ကောင်မှာ အူကြောင်ကြောင်ဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော်....သူတို့ရှေ့မှရသေ့ကြီးသည် ရုတ်တရက် ပျောက်ကွယ်သွားသောကြောင့်တည်း။ သူတို့သည် အလွန်အံ့အားသင့်သွားကြ၏။

" ဟော..ရသေ့ကြီး မရှိတော့ပါလား၊ သူ... ဘယ်ပျောက်သွားပါလိမ့်"

ဘီလူးတစ်ကောင်က–

"သူလဲကိစ္စရှိလို့ပြန်သွားတာဖြစ်မှာပေါ့...."

အခြားဘီလူးတစ်ကောင်က–

"ကဲ..ငါတို့မိုးကောင်းကင်ကြီးကိုစမ်းပြီးထည့်ကြည့်ကြရအောင်"

"မှန်ပါတယ်၊ စမ်းသပ်ကြည့်တာ မမှားဘူး"

ဘီလူးတစ်ကောင်သည် စွန်းဟိန်ကျဲပြုလုပ်သည့်အတိုင်း ရေဘူးကြီးကို အပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက်သူသည် တတွတ်တွတ်ရွတ်ဆိုနေတော့သည်။

"မိုးကောင်းကင်တစ်ခုလုံး ကျုပ်ရဲ့ ရေဘူးထဲသို့ ရောက်စေ...၊ အမိန့်...."

အပေါ်သို့ပစ်လိုက်သည့် ရေဘူးကြီးသည် အရှိန်ကုန်သောအခါ အောက်သို့ပြန်ကျလာသည်။

ထိုဘီလူးသည် မျက်မှောင်ကုတ်သွားသည်။



"ဘယ်လို ဖြစ်သွားရတာလဲ"

အခြားဘီလူးတစ်ကောင်ကရေဘူးကြီးကိုကောက်ကိုင်ပြီး ပါးစပ်မှတတွတ်တွတ်ရွတ်ဆိုလိုက်သည်။ သူသည် အပေါ်သို့ပစ်တင်လိုက်၏။ ရေဘူးကြီးသည် အရှိန်ကုန်သောအခါ အောက်ပြန်ကျလာလေသည်။

ဘီလူးနှစ်ကောင်မှာ စိတ်မကျေနပ်နိုင်ကြသဖြင့် ရေဘူးကြီးကို တစ်ယောက်တစ်လှည့် ပစ်တင်ရင်း စမ်းသပ်နေကြ၏။

စွန်းဟိန်ကျဲက ထိုအဖြစ်ကို ကြည့်ရင်း ရယ်မောနေသည်။ သူသည်ထိုရေဘူးကို ကောင်းကင်မှနေ၍ ပျောက်သွားအောင်လက်ဖျောက်တီး၍ ဖျောက်ပစ်လိုက်သည်။ ရေဘူးကြီးသည် ပျောက်ကွယ်သွားတော့သည်။

ဘီလူးနှစ်ကောင်မှာ ရေဘူးကြီးပျောက်သွားသဖြင့် နေရာအနှံ့လိုက်ရှာနေကြလေ၏။ ပင်ပန်းကြီးစွာ ရှာဖွေကြပါသော်လည်း မတွေ့ကြတော့ချေ။ နောက်ဆုံး နှစ်ယောက်စလုံး လက်လျှော့ကြရတော့၏။

ဘီလူးတစ်ကောင်က ပြော၏။

"ငါထင်တယ်၊ ဒီပစ္စည်းဟာ သိပ်တန်ခိုးရှိတယ်၊ သိပ်တန်ခိုးရှိတဲ့ ပစ္စည်းမို့လို့ ငါတို့နဲ့ မတန်ဘူးထင်တယ်"

အခြားဘီလူးတစ်ကောင်က ထောက်ခံ၏။

"ငါလဲ အဲဒီလိုထင်တယ်၊ အဲဒါက အရေးမကြီးဘူး..၊ အခု... ပစ္စည်းတွေလက်ထဲမှာ မရှိတော့ဘူး၊ စွန်းဟိန်ကျဲကိုလဲမဖမ်းနိုင်တော့ဘူး၊ ငါတို့ ဘယ်လို လုပ်ကြမလဲ"

ပထမဘီလူးက စဉ်းစားသည်။

"ငါတို့ သူ့ပစ္စည်းကို ပျောက်ဆုံးအောင်လုပ်လိုက်ကြပြီ၊ အဲဒီတော့... ငါတို့ဒီအတိုင်းပြန်ကြရင် ဒဏ်ပေးခံရမှာ သေချာနေပြီ၊ တော်ရုံတန်ရုံဒဏ်ဖြစ်မှာမဟုတ်ဘူး၊ကြီးလေးတဲ့အပြစ်ဒဏ်ဖြစ်မှာသေချာတယ်.."

"ဟင်း...ဒီလိုဆိုရင် ပြန်ဖို့ခက်ပြီပေါ့"

"အဲဒါ စဉ်းစားနေရတာပေါ့"

"ထွက်ပြေးရင် ကောင်းမလား"

"မိသွားရင် ပိုဆိုးသွားမယ်"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဘယ်လောက်ပဲကြီးလေးတဲ့အပြစ်ဒဏ်ဖြစ်ပလေစေ... သူပေးတဲ့အပြစ်ဒဏ်ကို ခံတော့မယ်...၊ ငါတို့ပြန်ကြမယ်"

ဘီလူးနှစ်ကောင်သည် အချေအတင်ဆွေးနွေးကြရင်း နောက်ဆုံးပြန်ကြရန် သဘောတူကြလေ၏။

စွန်းဟိန်ကျဲသည် ယင်ကောင်တစ်ကောင်အဖြစ် ဖန်ဆင်းလိုက်ပြီး ဘီလူးတစ်ကောင်၏ပခုံး၌လိုက်ပါသွားသည်။

ရွှေဦးချိုဘီလူးမင်းနှင့် ငွေဦးချိုဘီလူးမင်းတို့သည် ကျောက်စားပွဲတစ်ခုတွင် မျက်နှာချင်းဆိုင်ထိုင်၍ စားသောက်နေကြ၏။ သူတို့စေလွှတ်ထားသော ဉာဏ်ကောင်း၍ လိမ္မာပါးနပ်သောဘီလူး နှစ်ကောင်ပြန်လာသည်ကို တွေ့ရလေ၏။

ငွေဦးချိုဘီလူးမင်းက-

"မင်းတို့ ပြန်လာပြီကိုး.."

ဘီလူးနှစ်ကောင်တို့သည် မြေကြီးနှင့် နဖူးတိုက်၍အရိုအသေပြုကြလေ၏။

ငွေဦးချိုဘီလူးမင်းက-

"မင်းတို့ စွန်းဟိန်ကျဲကို ဖမ်းဆီးခဲ့ပြီးကြပြီလား"

ဘီလူးနှစ်ကောင်ထံမှ မည်သည့်စကားပြန်မှုမရဘဲ နဖူးနှင့်မြေကြီးတိုက်နေသည့်အဖြစ်ကိုသာ တွေ့ရမြင်ရသည်။

ငွေဦးချိုဘီလူးမင်းက ဒေါသဖြစ်သွား၏။

"ငါမေးနေတာ မကြားဘူးလား"

ဘီလူးနှစ်ကောင်က-

"ကြားပါတယ် ဘီလူးမင်း"

"ကြားရင် ငါမေးတာကို ဘာကြောင့် ပြန်မဖြေတာလဲ"

"ကျွန်...ကျွန်တော်မျိုးတို့ စွန်းဟိန်ကျဲကို ဖမ်းမလာနိုင်ခဲ့ပါဘူး ဘီလူးမင်း..."

"ဘာဖြစ်လို့လဲ...ငါ့ရေဘူးနဲ့ ကြေပန်းအိုးက မစွမ်းလို့လား..."

"မ.... မဟုတ်ပါဘူး..၊ ကျွန်တော်မျိုးတို့ အလိမ်ခံလိုက်ရလို့ပါ"



ငွေဦးချိုဘီလူးမင်းသည် မျက်မှောင်ကုတ်သွား၏။

"အလိမ်ခံလိုက်ရတယ် ဟုတ်လား...၊ ဘယ်လိုအလိမ်ခံလိုက်ရတာလဲ"

ဘီလူးတစ်ကောင်က အခြေအနေအရပ်ရပ်ကို ရှင်းပြလေသည်။

သူတို့သည် ရသေ့ကြီးတစ်ပါးနှင့် တွေ့ခဲ့ကြောင်း၊ ရသေ့ကြီးက ရေဘူးတစ်ဘူးကို ထုတ်ပြကြောင်း၊ ထိုရေဘူးမှာ မိမိတို့မှာပါလာသော ရေဘူးထက်သုံးဆခန့်ကြီးကြောင်း၊ ထိုမှ နောက်ပိုင်းအခြေအနေ အားလုံးကို ရှင်းပြလိုက်တော့သည်။

ငွေဦးချိုဘီလူးမင်းသည် ဒေါသဖြစ်လွန်းသဖြင့် ခုန်ထမိသည်။

"မင်းတို့အသုံးမကျတဲ့ကောင်တွေပဲ... မင်းတို့ကို မှတ်လောက်သားလောက်အောင် ဒဏ်ခတ်ရမယ်"

ဘီလူးနှစ်ကောင်မှာ ကြောက်၍တုန်နေကြသည်။

"တစ်ကြိမ်တစ်ခါမှားလို့ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်ပါ..."

သူတို့သည် အတန်တန်တောင်းပန်ကြလေ၏။

ရွှေဦးချိုဘီလူးမင်းသည် ကြားထဲမှ ဝင်ရောက်ဖြန်ဖြေပေးသည်။

"ညီတော်...စိတ်မဆိုးနဲ့၊ သူတို့ကို အပြစ်မတင်နဲ့၊ ညီတော်ကိုယ်တိုင်မသွားတာဟာ ညီတော်ရဲ့ အမှားပဲ"

"ဘာဖြစ်လို့လဲ နောင်တော်"

"သူတို့တွေ့ခဲ့တဲ့ ရသေ့ကြီးဟာ စွန်းဟိန်ကျဲ ဖန်ဆင်းထားတဲ့ရသေ့ကြီးဖြစ်ရမယ်..၊ ပစ္စည်းနှစ်ခုကို ဒီလိုလိမ်ယူသွားနိုင်တဲ့လူဟာ စွန်းဟိန်ကျဲပဲရှိတာပေါ့၊ ညီတော်စဉ်းစားကြည့်စမ်း၊ကောင်းကင်ကြီးတစ်ခုလုံးရေဘူးထဲထည့်ပြတဲ့ ဖြစ်ရပ်ဟာ ဘယ်လောက် ဆန်းကြယ်သလဲ၊ တော်ရုံတန်ရုံလူ မလုပ်နိုင်ပါဘူး...."

ထိုစကားကို ကြားလိုက်ရသောအခါမှ ငွေဦးချိုဘီလူးမင်းသည် စိတ်ဆိုးပြေသွားလေ၏။

"မင်းတို့သွားကြတော့.... နောက်တစ်ခါ ဒီလိုတာဝန်ပေါ့လျော့ရင် ကြီးလေးတဲ့အပြစ်ဒဏ်ကို ခံရမယ်၊ ဒီတစ်ခါတော့ ငါခွင့်လွှတ်လိုက်မယ်.."

ဘီလူးနှစ်ကောင်သည် အကြိမ်ကြိမ်ဦးခိုက်၍ နောက်ဆုတ်သွားကြလေ၏။

ရွှေဦးချိုဘီလူးမင်းသည်ငွေဦးချိုဘီလူးမင်းအားလှမ်းပြောသည်။

"ညီတော်... ဒီအတိုင်းဆိုရင် စွန်းဟိန်ကျဲလွတ်မြောက်သွားပြီဆိုတာ သိသာပါတယ်၊ ဒီအတိုင်းဆိုရင် နောင်တော်တို့ သတိထားရလိမ့်မယ်...."

ယင်ကောင်အဖြစ်ဖန်ဆင်းထားသော စွန်းဟိန်ကျဲသည် နံရံပေါ်၌ တွယ်ကပ်နေသည်။ ဘီလူးညီနောင်ပြောသည့် စကားများကို သူနားထောင်နေသည်။

ငွေဦးချိုဘီလူးမင်းက ပြုံးလိုက်၏။

"နောင်တော်ရာ..သူလွတ်သွားလဲ မှုစရာမလိုပါဘူး"

ရွှေဦးချိုဘီလူးမင်း အံ့သြသွားသည်။

"ညီတော်မှာ သူ့ကို နိုင်တဲ့နည်းများရှိနေသေးလို့လား"

ငွေဦးချိုဘီလူးမင်းက–

"ညီတော်မှာ အလွန်တန်ခိုးကြီးတဲ့ပစ္စည်းငါးမျိုးရှိပါသေးတယ်၊ အခုနှစ်မျိုးအလိမ်ခံလိုက်ရပေမယ့် ညီတော်မှာ သုံးမျိုးကျန်ပါသေးတယ်"

"ဘာတွေများလဲ ညီတော်ရဲ့"

"တစ်မျိုးက "ခုနစ်စင်ကြယ်ဓါး".... တစ်မျိုးကတော့ "ငှက်မျောရွက် ယပ်တောင်" နဲ့ ကျန်တဲ့တစ်မျိုးက "ဘီလူးကြိုး"ပါပဲ..၊ အဲဒီကြိုးကတော့ ဘွားဘွားဆီမှာထားပါတယ်"

"အဲဒီပစ္စည်းသုံးမျိုးနဲ့ စွန်းဟိန်ကျဲကို ဖမ်းနိုင်ပါ့မလား"

ငွေဦးချိုဘီလူးမင်းက–

"အခု...ဘွားဘွားကို တစ်ပါတည်း ဖိတ်ခေါ်လိုက်မယ်လေ..၊ ထန်စန်းကျွမ်းဘုန်းကြီးရဲ့ အသားစားသောက်ပွဲမှာ ဝင်စားဖို့ တစ်ပါတည်း ဖိတ်ခေါ်လိုက်တာပေါ့၊ မကောင်းဘူးလား"

ရွှေဦးချိုဘီလူးမင်းက ခေါင်းညိတ်သွား၏။

"ညီတော်ရဲ့အကြံဉာဏ် ကောင်းမွန်သင့်မြတ်လှပါတယ်"

သူက ဆက်ပြောလိုက်၏။



"ဘွားဘွားကို သွားဖိတ်ပါလို့ စောစောက အကောင်နှစ်ကောင်ကိုပဲ စေလွှတ်လိုက်မလား..."

ငွေဦးချိုဘီလူးမင်းက ခေါင်းယမ်းလိုက်၏။

"သူတို့ကို မလွှတ်တော့ဘူး၊ ဒီကောင်နှစ်ကောင်ကိုဘယ်တော့မှ တာဝန်ကြီးကြီးမပေးတော့ဘူး..၊ တခြားနှစ်ကောင်ကို တာဝန်ပေးတော့မယ်...."

"ဘယ်သူကို လွှတ်မှာလဲ"

"ပါဆန်းကျားနဲ့ ချီဟိုက်နားတို့ကို စေလွှတ်မယ်"

ငွေဦးချိုဘီလူးမင်းသည် ပါဆန်းကျားနှင့် ချီဟိုက်နားတို့ကို ခေါ်လိုက်၏။

ငယ်သားနှစ်ယောက်သည် ဒူးတုပ်၍ အမိန့်နာခံကြလေ၏။

"ပါဆန်းကျားနဲ့ ချီဟိုက်နား... မင်းတို့ကို ငါတို့ဘွားဘွားဆီကို စေလွှတ်မယ်၊ ငါတို့ ဘွားဘွား နေထိုင်တဲ့နေရာကို မင်းတို့ သိတယ်မဟုတ်လား...."

"သိပါတယ်....ဘီလူးမင်း"

"ကောင်းပါပြီ၊ ငါတို့ဘွားဘွားနေထိုင်တဲ့နေရာကို မင်းတို့သွားပါ...၊ သွားရမယ့်ကိစ္စကတော့ ထန်စန်းကျွမ်းဘုန်းကြီးရဲ့ အသားကို ပွဲတော်တည်ဖို့ ကြွရောက်ပါလို့ ပင့်ဖိတ်ရမယ့်ကိစ္စပဲ...၊ နောက်ပြီး ဘွားဘွားကြွ ရောက်လာတဲ့အခါမှာ ဘီလူးကြိုးပါ တစ်ပါတည်း ယူဆောင်လာပါလို့ ဘွားဘွားကို ပြောလိုက်ပါ..."

"တခြား ဘာကိစ္စများ မှာစရာရှိပါသေးသလဲ ဘီလူးမင်း"

"မရှိတော့ဘူး၊ ငါမှာတာ နှစ်ချက်ရှိတယ်နော်၊ တစ်ချက်က ဘုန်းကြီးအသားစားဖို့အတွက် ဘွားဘွားကို ပင့်ဖိတ်ဖို့၊ နောက်တစ်ချက်က ဘီလူးကြိုးယူခဲ့ဖို့....၊ အဲဒီနှစ်ချက်ကို သေသေချာချာမှတ်သွား၊ ဟိုနှစ်ကောင်လိုတော့ မဖြစ်ခဲ့နဲ့.."

ပါ ဆန်းကျားနဲ့ ချီဟိုက်နားတို့က လက်အုပ်ချီဦးခိုက်ကြ၏။

"အမိန့်အတိုင်းပါ ဘီလူးမင်း..."

"မင်းတို့သွားတဲ့အခါမှာလဲ..၊ စွန်းဟိန်ကျဲဆိုတဲ့မျောက်ကို သတိ

ထားကြ၊ အဲဒီမျောက်ဟာ တို့ကို အတော်ဒုက္ခပေးနေတယ်၊ ဟိုနှစ်ကောင်ဆိုကလဲ ရေဘူးနဲ့ ကြွေပန်းအိုး လုသွားခဲ့ပြီ...၊ လမ်းခရီးမှာ အဲဒီမျောက်ကိုတွေ့ရင် ရှောင်ရှားသွားကြ..."

"အမိန့်အတိုင်းပါ.."

"ကဲ... မင်းတို့သွားနိုင်ပြီ"

ပါ ဆန်းကျားနှင့် ချီဟိုက်နားတို့မှာ ကြာပန်းလိုဏ်ဂူမှ ထွက်ခွာသွားကြလေတော့၏။

ယင်ကောင်အဖြစ်ဖန်ဆင်းထားသော စွန်းဟိန်ကျဲသည် သူတို့နောက်မှ ပျံဝဲ၍ လိုက်ပါသွားလေတော့၏။

* * * * * * *

## အခန်း(၁၀၀)

## ကြိုးကွင်း၌ အမိခံရခြင်း

ပါဆန်းကျားနှင့် ချီဟိုက်နားတို့မှာ အလွန်ဇေ့စပ်သေချာသော ဘီလူးများဖြစ်ကြသည်။ ငွေဦးချိုဘီလူးမင်းမှာကြားသည့် အချက်နှစ်ချက်ကို အသည်းစွဲအောင်မှတ်သားခဲ့ကြသည်။

သူတို့ကြာပန်းလိုဏ်ဂူမှ ထွက်ခွာလာသည်နှင့် သူတို့သည် ဘီလူးမင်းတို့၏ဘွားဘွား ရှိရာအရပ် အရှေ့ဘက်ဆီသို့ ထွက်ခွာလေတော့၏။

စွန်းဟိန်ကျဲသည် ထိုဘီလူးနှစ်ကောင်နောက်မှ ပျံဝဲလိုက်ပါလာရင်း ဆင်ခြင်သုံးသပ်သည်။

"ဒီဘီလူးနှစ်ကောင်ကို ငါရိုက်သတ်ရင်တော့ လွယ်ပါတယ်၊ ဒါပေမယ့်သူတို့ကို အခုရိုက်သတ်လိုက်ရင် သူတို့ ဖိတ်ခေါ်မယ့် အဘွားဆိုတာ ဘယ်သူမှန်းမသိ၊ ဘယ်နေရာမှန်းမသိ ဖြစ်သွားလိမ့်မယ်..."

သူသည် ထိုသို့စဉ်းစားလိုက်မိသဖြင့်ဘီလူးတစ်ကောင်အဖြစ်သို့ ဖန်ဆင်းလိုက်သည်။ ထို့နောက် ပါဆန်းကျားနှင့် ချီဟိုက်နားတို့နောက် ပြေးလိုက်တော့သည်။ ပါဆန်းကျားနှင့် ချီဟိုက်နားတို့သည် ခြေသံကြားသဖြင့် လှည့်ကြည့်မိကြ၏။

သူတို့သည် စွန်းဟိန်ကျဲဖန်ဆင်းထားသော ဘီလူးကိုတွေ့သောအခါ ခြေလှမ်းရပ်လိုက်ကြသည်။ စွန်းဟိန်ကျဲက သူတို့ဆီသို့ ဦးတည်ပြေးသွား၏။

ချီဟိုက်နားက–

"သင် ဘယ်သူလဲ"

"ငါဘယ်သူလဲဆိုတာ သင်တို့ မသိကြဘူးလား"

"သင့်ကို ကျုပ်တို့တစ်ခါမှ မမြင်ဖူးဘူး"

"ငါရွှေဦးချိုဘီလူးမင်းရဲ့ တပည့်သားမြေးမြစ်တစ်ယောက်ပဲ၊ ငါ အနေကုပ်တော့ သင်တို့မြင်ဖူးချင်မှ မြင်ဖူးမှာပေါ့၊ သင်တို့ကို ငါသိပါတယ်၊ သင်က ပါဆန်းကျားပဲ၊ ဟိုက ချီဟိုက်နားပဲ...."

"အခု...သင်ဘာကိစ္စနဲ့ လိုက်လာရတာလဲ"

"အခု... သင်တို့ ဘီလူးမင်းတွေရဲ့ ဘွားဘွားကို သွားခေါ်မလို့ မဟုတ်လား၊ သင်တို့လမ်းမှာ တခြားဘာကိုမှ စိတ်မဝင်စားနဲ့၊ ဘွားဘွားဆီကိုပဲ တန်းတန်းမတ်မတ်သွားလို့ ငါ့ကိုအပြောခိုင်းလိုက်တယ်၊ ငါပါ တစ်ပါတည်း သင်တို့နဲ့ လိုက်သွားရမယ်လို့ အမိန့်ချလိုက်တယ်"

ပါဆန်းကျားနှင့် ချီဟိုက်နားတို့သည် ထိုဘီလူး၏ စကားကို လုံးဝသံသယမဝင်ကြချေ။ ပြောသည့်ကိစ္စမှာလည်း ဘွားဘွားကို သွားရောက်ပင့်ခေါ်သည့် အကြောင်းမျှသာ ဖြစ်နေသည်။ သံသယဝင်စရာမည်သည့် အကြောင်းမျှမပါသည်ကိုး။

"ကောင်းပါပြီ၊ ကျုပ်တို့ကလဲဘွားဘွားဆီကိုပဲ သွားနေတာပါပဲ၊ အခုတော့ ပိုဂရုစိုက်ရမှာပေါ့လေ၊ ကဲ...သွားကြစို့"

သူတို့သည် စတင်ပြေးလွှားတော့၏။ ဘီလူးသုံးယောက်ရင်ပေါင်တန်းပြေးလွှားနေကြသည်။ သူတို့သည် သစ်တောကြီးတစ်ခုမှ ထွက်ပြီး အခြားသစ်တောကြီးတစ်ခုဆီသို့ပြေးဝင်နေကြသည်။

စွန်းဟိန်ကျဲက–

"မရောက်သေးဘူးလား၊ ဘွားဘွားနေတဲ့ နေရာက တော်တော်ဝေးသေးသလား"

ချီဟိုက်နားက တောအုပ်အလယ်ဘက်သို့ လက်ညှိုးညွှန်သည်။



"ရောက်ပါတော့မယ်..ဟိုရှေ့နားကတောအုပ်ထဲမှာပါ၊မဝေးတော့ပါဘူး"

စွန်းဟိန်ကျဲသည် သွားရမည့်နေရာကို သိလိုက်သဖြင့် သူတို့အား ရိုက်သတ်လိုက်တော့သည်။ သူတို့၏ ခြေထောက်များကိုဆွဲ၍ ချုံပုတ်ထဲပစ်ထားလိုက်၏။

သူသည် အမွေးတစ်ပင်ကို နုတ်၍ လေဖြင့်မှုတ်လိုက်ရာ သူ့ကိုယ်ပွား မျောက်တစ်ကောင်ဖြစ်လာလေ၏။ ထိုအခါသူသည် သူ့ကိုယ်ကို ပါဆန်းကျားအဖြစ်သို့ လည်းကောင်း၊ သူ့ကိုယ့်ပွားကို ချီဟိုက်နားအဖြစ် လည်းကောင်း ဖန်ဆင်းလိုက်သည်။ ထို့နောက် ဘီလူးနှစ်ကောင်သည် တောအုပ်ထဲသို့လျှောက်သွားကြလေတော့၏။

တောအုပ်အတွင်းဝင်သောအခါ တောင်ကုန်းများ၊ လိုဏ်ဂူများကို တွေ့ရှိရသည်။ စွန်းဟိန်ကျဲသည် လိုဏ်ဂူများကိုကြည့်ရှုသွား၏။

လိုဏ်ဂူတစ်ခုရှေ့သို့ ရောက်သောအခါ အတော်ခမ်းနားသည်ကို တွေ့ရသဖြင့် ဘီလူးညီနောင်၏ ဘွားဘွားနေထိုင်ရာဂူဖြစ်လိမ့်မည်ဟု သိလိုက်မိ၏။ စွန်းဟိန်ကျဲ အကဲခတ်နေစဉ် ငယ်ရွယ်သော ဘီလူးမတစ်ကောင်ထွက်လာသည်ကို တွေ့လိုက်ရသည်။

သူမက စွန်းဟိန်ကျဲတို့အား မြင်သွားသည်။

"ဘာကိစ္စရှိလို့လဲ"

စွန်းဟိန်ကျဲက–

"ကျွန်ုပ်တို့ဟာ ကြာပန်းလိုဏ်ဂူက လက်အောက်ငယ်သားတွေပါ..."

"ဩော်...ရွှေဦးချိုဘီလူးမင်းရဲ့ လူတွေကိုး"

"ဟုတ်ပါတယ်၊ ကျွန်ုပ်တို့ကို ငွေဦးချိုဘီလူးမင်းက စေလွှတ်လိုက်တာပါ၊ ဘွားဘွားကို ဘုန်းကြီးရဲ့အသားစားဖို့ ဖိတ်ခေါ်ခိုင်းလိုက်လို့ လာပင့်ဖိတ်တာပါ...."

ဘီလူးမကလေးက လမ်းဖယ်ပေးပြီး–

"သခင်မကြီး အတွင်းမှာရှိပါတယ်၊ ဝင်ကြပါ..."

စွန်းဟိန်ကျဲသည် လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်သည်နှင့် မျက်

ရည်ကျမိလေ၏။ ထိုသို့ မျက်ရည်ကျခြင်းမှာ ကြောက်လန့်၍မဟုတ်ပါချေ။

သူသည် ဘီလူးဘွားဘွားအားတွေ့ရသည်နှင့် ဒူးထောက်ရှိခိုးရတော့မည် မဟုတ်ပါလော။ သူသည် ထို့အတွက် အလွန်ဝမ်းနည်းနေ၏။ သူ့ဘဝတစ်လျှောက်လုံးတွင် ပုဂ္ဂိုလ်သုံးဦးသာ သူသည် ဒူးထောက်ဂါရဝပြုခဲ့ဖူးသည်။ ယင်းပုဂ္ဂိုလ်သုံးဦးမှလွဲ၍ မည်သူ့ကိုမျှ ရှိခိုးခြင်းမပြုလုပ်ဖူးပါချေ။

သူရှိခိုးကန်တော့ခဲ့သည့် ပုဂ္ဂိုလ်များမှာ သူ့အား တန်ခိုးရှင်ဖြစ်အောင်သင်ပေးခဲ့သည့် ဖောဓိဘိုးဘိုး၊ ကွမ်ယင်မယ်တော်နှင့် ထန်စန်းကျွမ်းဆရာတော်တို့ပင်ဖြစ်ကြသည်။

ယခု... သူ့လောကမှ တန်ခိုးမရှိသည့်ဘီလူးမတစ်ကောင်အား ရှိခိုးကန်တော့ရမည်ဖြစ်၍ အခက်ကြုံနေရပေတော့သည်။ သူတွေးတောနေစဉ် အခန်းထဲမှ အသံတစ်သံကြားလိုက်ရလေ၏။

"ငါ့ကိုတွေ့ချင်တယ်ဆိုတာ ဘယ်သူလဲဟေ့"

စွန်းဟိန်ကျဲသည် မည်သို့မျှမတတ်နိုင်တော့ချေ။ အခန်းထဲသို့ လှမ်းဝင်ရလေ၏။ သူ့ကိုယ်ပွားလည်း သူ့နောက်မှာ ကပ်လိုက်သည်။

အခန်းထဲတွင် ဘီလူးမ အဘွားအိုတစ်ယောက်သည် ကျောက်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေလေ၏။

စွန်းဟိန်ကျဲက–

"ကျွန်တော်မျိုးတို့ပါ"

အဘွားအိုက–

"မင်းတို့ ဘယ်သူတွေလဲ....၊ ဘာကိစ္စနဲ့လာတာလဲ"

စွန်းဟိန်ကျဲက–

"ကျွန်တော်မျိုးကတော့ ပါဆန်းကျားဖြစ်ပါတယ်"

သူသည် ချီဟိုက်နားအား လက်ညှိုးညွှန်ပြပြီး–

"သူကတော့ ချီဟိုက်နားပါ..."

သူက ဆက်လက်ပြောသည်။

"ငွေဦးချိုဘီလူးမင်းက ထန်စန်းကျွမ်း ဘုန်းကြီးကို ဖမ်းမိထား



ပါတယ်၊ အဲဒါဘွားဘွားကို ကျွေးချင်လို့ ပင့်ဖိတ်ခိုင်းလိုက်တာပါ"

ဘီလူးမကြီးသည် အလွန်ဝမ်းသာသွား၏။

"ငါ့မြေးတွေက အတော့်ကို သိတတ်ကြပါကလား"

ဘီလူးမကြီးသည် သူ့နောက်၌ ဝန်းရံခစားနေသော ဘီလူးနှစ်ကောင်အား ခေါ်ထုတ်လိုက်၏။

"ဟေ့..မင်းတို့ ထွက်ကြစမ်း၊ ငါ ထန်စန်းကျွမ်းဘုန်းကြီးရဲ့အသားကို စားဖို့ ငါလိုက်သွားမယ်၊ မင်းတို့ ဝေါယာဉ်ကို ထုတ်လိုက်.."

ထိုဘီလူးနှစ်ကောင်သည် အတွင်းမှ ဝေါယာဉ်ကို ထုတ်လာသည်။ ဘီလူးဘွားဘွားထိုင်နိုင်ရန် ပြင်ဆင်ကြရသည်။ ဘီလူးမများက တစ်ပါတည်းလိုက်ရန် ပြင်ဆင်ကြသည်။

ဘီလူးဘွားဘွားက–

"ထန်စန်းကျွမ်းဆရာတော်အသား စားဖို့ ညည်းတို့ မပါဘူး...၊ တစ်ယောက်မှ မလိုက်ခဲ့ကြနဲ့...."

ဘီလူးများ နောက်ဆုတ်သွားသည်။

သူမသည် ဝေါယာဉ်ပေါ်သို့တက်ထိုင်လိုက်သည်။

"ကဲ...ထမ်းကြပေတော့၊ ကြာပန်းလိုဏ်ဂူကိုသွားကြမယ်"

စွန်းဟိန်ကျဲက–

"တစ်ခုမှာလိုက်ပါသေးတယ် ဘွားဘွား"

"ဘာများလဲ"

"ဘီလူးကြီးကိုပါ တစ်ပါတည်းယူလာခဲ့ပါလို့မှာလိုက်ပါတယ်"

ဘီလူးဘွားဘွားက ရယ်မောလေ၏။

"ဘီလူးကြီးက ငါ့ကိုယ်နဲ့မကွာ အတူရှိနေပါတယ်၊ ယူနေစရာမလိုပါဘူး၊ ငါပါရင် ဘီလူးကြီးပါ, ပါတာပေါ့...၊ ကဲ...ထွက်ကြပေတော့"

ဘီလူး နှစ်ကောင်သည် ရှေ့ တစ်ကောင် နောက် တစ် ကောင် ဝေါယာဉ်ကို ထမ်းသည်။

ဘီလူးဘွားဘွားက စွန်းဟိန်ကျဲကို အမိန့်ပေးလိုက်၏။

"မင်းတို့နှစ်ယောက် ရှေ့က လမ်းပြပြီး သွားစမ်း၊ ငါ့လူနှစ်ယောက် မင်းတို့နောက်ကလိုက်မယ်"

စွန်းဟိန်ကျဲသည် အောင့်သက်သက်ဖြင့် ရှေ့ဆုံးမှ လမ်းပြ၍ ထွက်ခွာသွားရသည်။

သူတို့သည် အတန်ကြာသွားပြီးသောအခါ စွန်းဟိန်ကျဲသည် တစ်ကြိမ်မျှရပ်နားၡ၏။ စွန်းဟိန်ကျဲသည် ကျောက်တုံးတစ်တုံးပေါ်၌ထိုင်ရင်း သူ၏အမွေးတစ်ပင်ကို ဆွဲနုတ်လိုက်သည်။

"ဖူး"

သူသည် လေဖြင့်မှုတ်ထုတ်လိုက်ရာ အလွန်ကြီးမားသော ဆီကြော်မုန့်ကြီး ဖြစ်သွားလေ၏။ သူသည် ထိုမုန့်ကြီးကို အားရပါးရ စားနေလေ၏။

ဝေါယာဉ်ထမ်းသောဘီလူးနှစ်ကောင်သည် သူ့အနီးသို့ လျှောက်လာလေ၏။

"သင်...ဘာစားနေတာလဲ"

"ဆီကြော်မုန့်"

"ကျုပ်တို့ကိုလဲ နည်းနည်းပေးဗျာ"

"ရပါတယ်"

သူသည် ဆီကြော်မုန့်အား ဖဲ့ပြီး တစ်ယောက်တစ်ဖဲ့စီပေးလိုက်၏။ ထိုဘီလူးနှစ်ကောင်သည် ဆီကြော်မုန့်အား အားရပါးရ စားနေကြလေ၏။

စွန်းဟိန်ကျဲသည်ထိုဘီလူးနှစ်ကောင်အားသံတုတ်ဖြင့်ရိုက်သတ်လိုက်၏။

"အား"

ဘီလူးနှစ်ကောင်၏အော်သံသည် တောထဲ၌ ပဲ့တင်ထပ်သွား၏။ ဘီလူးနှစ်ကောင်စလုံး စင်းစင်းသေကြလေ၏။

ထိုအော်သံကြောင့် ဘီလူးဘွားဘွားသည်ဝေါယာဉ်မှလိုက်ကာကို မကာ အပြင်သို့ ခေါင်းပြူကြည့်လေ၏။

"ကဲ...သင်လဲ သေပေတော့"

စွန်းဟိန်ကျဲသည် ဘီလူးဘွားဘွားအား ရိုက်သတ်လိုက်သည်။ ဘီလူးဘွားဘွားမှာ တစ်ချက်တည်းသာ ရိုက်ရသည်။ သေဆုံးသွားသည်။



စွန်းဟိန်ကျဲသည် သူ့ကိုယ်ပေါ်မှ အမွေးသုံးပင်အား နုတ်ပြီးနှစ်ပင်အား ဝေါထမ်းသူများအဖြစ် ဖန်ဆင်းလိုက်၏။ တစ်ပင်အား ပါဆန်းကျားအဖြစ် ဖန်ဆင်းလိုက်သည်။ သူကတော့မူ ဘီလူး ဘွားဘွားအသွင် ဖန်ဆင်းလိုက်၏။ ဘီလူးဘွားဘွား၏ခါးမှ ဘီလူးကြိုးကို ဖြုတ်ယူလိုက်သည်။

ထို့နောက် သူတို့သည် ကြာပန်းလိုဏ်ဂူရှိရာသို့ ချီတက်သွားကြတော့သည်။

ရှေ့ဆုံးမှ ချီတက်သွားသူများမှာ ပါဆန်းကျားနှင့် ချီဟိုက်နားဖြစ်သည်။ ထိုနှစ်ယောက်မှာ စွန်းဟိန်ကျဲ၏ ကိုယ်ပွားများဖြစ်ကြသည်။

မကြာမီ သူတို့သည်ကြာပန်းလိုဏ်ဂူရှေ့သို့ ရောက်ရှိလာကြလေ၏။ ဂူစောင့်ဘီလူးများက သတင်းပို့ရာ ရွှေဦးချိုဘီလူးမင်းနှင့် ငွေဦးချိုဘီလူးမင်းတို့ ကမန်းကတန်းထွက်၍ ကြိုဆိုကြလေ၏။ ဘီလူးမင်းနှစ်ဦးသည် စွန်းဟိန်ကျဲ အယောင်ဆောင်ထားသည့် ဘီလူးဘွားဘွားအား ဒူးထောက်ပြီး ခစားကြသည်။

"ဘွားဘွားကို ဂါရဝပြုပါတယ်"

စွန်းဟိန်ကျဲ သဘောကျသွားသည်။

"မင်းတို့ အဘွားကို ငါကဒူးထောက်ဂါရဝပြုတယ်၊ မင်းတို့က ငါ့ကို ဒူးထောက်ဂါရဝပြုကြတော့ ကျေပြီပေါ့ကွာ..."

ရွှေဦးချိုဘီလူးမင်းနှင့် ငွေဦးချိုဘီလူးမင်းတို့သည် ဘီလူးဘွားဘွားအား လိုဏ်ဂူထဲသို့ ကြိုဆိုခေါ်ဆောင်သွားလေ၏။ ထို့နောက် ဂူလယ်ရှိ ကြီးမားသော ကုလားထိုင်ကြီးပေါ်၌ ထိုင်စေသည်။

အခန်းထဲ၌ ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ကို ကြိုးဖြင့် ချည်နှောင်ထားသည်။ ကျူးပတ်ကိုင်သည်ဘီလူးမကြီးအားတွေ့လိုက်သောအခါ ပြုံးပြီး ဆားဝူကျိန်းအားတီးတိုးပြောလေ၏။

ဆားဝူကျိန်းက-

"ဘာဖြစ်လို့လဲ"

"အစ်ကိုကြီးရောက်လာပြီကွ"

"ဘယ်မှာလဲ"

"မတွေ့ဘူးလား၊ ဘီလူးမကြီးကို သေသေချာချာကြည့်၊ နောက်မှာ အမြီးတစ်ခု ထွက်နေတယ်"

ယခုမှ ဆားဝှကျိန်း အသေအချာကြည့်မိသည်။ ဘီလူးမကြီး၌ အမြီးတစ်ချောင်း ထွက်နေသည်။

"ဟုတ်တယ်၊ တွေ့ပြီ၊ အစ်ကိုကြီးသာ မှန်ရင်တော့ ငါတို့လွတ်မြောက်ပြီ"

ဘီလူးဘွားဘွားသည် ကျူးပတ်ကိုင်နှင့်ဆားဝှကျိန်းတို့ကိုကြည့်ပြီး မေးမြန်းလိုက်သည်။

"ငါ့မြေးတွေက ငါ့ကို ဖိတ်ခေါ်ပြီး ဘုန်းကြီးရဲ့အသားကို ကျွေးမလို့ဆို..."

ငွေဦးချိုဘီလူးမင်းက–

"ဟုတ်ပါတယ် ဘွားဘွား"

"ဘွားဘွားက ဘုန်းကြီးအသားသိပ် မစားချင်ဘူးကွယ့်"

"ဘာအသားများ စားချင်ပါသလဲဘွားဘွား"

"ဖြစ်နိုင်ရင်တော့ ဝက်နားရွက်ကို စားချင်တယ်၊ ဘွားဘွားက ဝက်နားရွက်ဆိုရင် သိပ်ကြိုက်တာ"

ကျူးပတ်ကိုင်သည် တီးတိုးဆဲရေးတိုင်းထွာလေ၏။

"မျောက်စုတ်...မျောက်နာ.... သင့်ရဲ့အရေခွံကို ခွာပြီး သင့်ကို ကင်စားပစ်လိုက်မှ အေးမယ်"

ရွှေဦးချိုဘီလူးမင်းသည် ကျူးပတ်ကိုင်တီးတိုးရေရွတ်နေသည့် အသံကို ကြားလိုက်သဖြင့် လှည့်မေးလေ၏။

"သင်...ဘာတွေပြောနေတာလဲ"

"ကျွန်ုပ်ဘာမှ မပြောပါဘူး"

ထိုအချိန်တွင် ကင်းလှည့်နေသည့် ဘီလူးနှစ်ကောင် ပြေးလာလေ၏။

"ဘီလူးမင်း....ဘီလူးမင်း..."

"ရေးကြီးသုတ်ပျာနဲ့ ဘာများဖြစ်လာသလဲ"

"ဘီလူးမင်းရဲ့ ဘွားဘွား....လမ်းမှာ သေနေတာကိုတွေ့ပါတယ်၊



ဝါယာဉ်ထမ်းတဲ့ဘီလူးတွေလဲ သေနေတယ်...."

ထိုအခါ ရွှေဦးချိုဘီလူးမင်းနှင့် ငွေဦးချိုဘီလူးမင်းတို့မှာတွေးရခက်သွားသည်။ သူတို့ရှေ့၌ သူတို့၏ဘီလူးဘွားဘွားရှိနေသည်မဟုတ်ပါလော။

ဘီလူးဘွားဘွား ရယ်၍ပြောသည်။

"ငါ့ကို အထင်မလွဲကြပါနဲ့"

ဘီလူးဘွားဘွားသည်ထ၍ ရပ်လိုက်ရာ သူ့နောက်မှ အမြီးကို တွေ့သွားသည်။ ဘီလူးဘွားဘွားမှာ စွန်းဟိန်ကျဲ ဖန်ဆင်းထားသူဖြစ်ကြောင်း ချက်ချင်းသိရှိသွားကြသည်။

"သေစမ်း...မျောက်စုတ်...မျောက်နာ..."

ငွေဦးချိုဘီလူးမင်းသည်ခုနစ်စင်ကြယ်ဓါးဖြင့်ခုတ်လိုက်လေ၏။

စွန်းဟိန်ကျဲသည် ခုနစ်စင်ကြယ်ဓါးကို ရှောင်တိမ်းရင်း ဘီလူးဘွားဘွားထံမှ ရရှိထားသော ဘီလူးကြိုးနှင့် ငွေဦးချိုဘီလူးမင်းအားပစ်၍ ဖမ်းဆီးလိုက်သည်။ ဘီလူးကြိုးသည် ငွေဦးချိုဘီလူးမင်း၏ လည်ပင်းကို စွပ်မိသွား၏။

စွန်းဟိန်ကျဲသည်ဘီလူးကြိုးကိုသာအသုံးပြုတတ်ခဲ့လျှင်ငွေဦးချိုဘီလူးမင်းမှာ ကိစ္စပြတ်သွားမည်ဖြစ်သည်။ ယခု.... သူသည် ဂါထာနှစ်ပုဒ်ကိုမရသဖြင့် ဘာမျှမလုပ်နိုင်ဘဲရှိသည်။ ပထမဂါထာတစ်ပုဒ်မှာ ကြိုးကွင်းကို ကျဉ်းစေသောဂါထာဖြစ်၏။ ဒုတိယဂါထာမှာ ကြိုးကွင်းအား ပြေလျော့စေသော ဂါထာဖြစ်၏။

ဘီလူးမင်းသည် ဒုတိယဂါထာကို ရွတ်ဆိုလိုက်သောအခါ ကြိုးသည် ပြေလျော့သွားလေ၏။ သူသည် ကြိုးကိုဆောင့်ဆွဲပြီး စွန်းဟိန်ကျဲလက်မှ လုယူလိုက်၏။

သူသည် ကြိုးကို စွန်းဟိန်ကျဲထံပြန်ပစ်လိုက်သောအခါ ကြိုးသည် စွန်းဟိန်ကျဲ၏လည်ပင်းကို စွပ်နေတော့၏။ ပထမဂါထာကိုရွတ်လိုက်သောအခါ စွန်းဟိန်ကျဲ၏လည်ပင်းမှကြိုးသည် ကျဉ်းမြောင်းသထက် ကျဉ်းမြောင်းသွား၏။ ကျပ်သထက်ကျပ်သွား၏။ စွန်းဟိန်ကျဲ ကြိုးစားရုန်းကန်သော်လည်း မလွတ်တော့ချေ။

ငွေဦးချိုဘီလူးမင်းသည် စွန်းဟိန်ကျဲကို ရွှေဦးချိုဘီလူးမင်းရှေ့သို့ ဆွဲခေါ်လာလေ၏။

"အစ်ကိုကြီး...ညီတော်က စွန်းဟိန်ကျဲကို ဖမ်းမိထားပါပြီ"

ရွှေဦးချိုဘီလူးမင်းသည် လွန်စွာဝမ်းသာသွားသည်။

"ဝမ်းသာလိုက်တာ..၊ သူ့ကို ဒီအတိုင်းထားလို့မဖြစ်ဘူး၊ တစ်ခါတည်း သတ်ပစ်လိုက်မှ စိတ်အေးရမှာ"

"နောင်တော်က ချက်ချင်းသတ်ချင်သလား"

"သတ်ချင်တယ်ဆိုတာက သူ့ရန် အေးအောင်လို့ပါ"

"ရပါတယ်၊ ညီတော် သတ်ပြပါမယ်"

ငွေဦးချိုဘီလူးမင်းသည်ဓားကိုဆွဲထုတ်လိုက်ပြီး စွန်းဟိန်ကျဲ၏ခေါင်းပေါ်သို့ ခုတ်ချလိုက်၏။

"ချွမ်း..."

ဓားသည် ပြန်ကန်ထွက်လာ၏။ သံထည် တစ်ခုခုအား ခုတ်မိသကဲ့သို့ ဓားသည် ပြန်ကန်ထွက်လာသည်။

စွန်းဟိန်ကျဲက အပြုံးမပျက်ချေ။

"သေသေချာချာခုတ်ပါ...၊ ပေါ့ပေါ့ဆဆမခုတ်ပါနဲ့"

ငွေဦးချိုဘီလူးမင်းသည် ဒေါသထွက်လာပြီး ဓားဖြင့် အဆက်မပြတ်ခုတ်လိုက်၏။

"ချွမ်း...ချွမ်း....ချွမ်း...."

ဓားသည် စွန်းဟိန်ကျဲ၏ ဦးခေါင်းကို ထိ၏။ သို့သော်... စွန်းဟိန်ကျဲ၏ ဦးခေါင်းမှာ ဘာမျှမဖြစ်ချေ။ မီးပွားများသာ စင်ထွက်လာ၏။ ဓားသည်မျောက်မင်း၏အသားကို မတိုးချေ။ ထိခိုက်ဒဏ်ရာရအောင်မလုပ်နိုင်ချေ။

ငွေဦးချိုဘီလူးမင်းသည် စိတ်ဓာတ်ကျသွားသည်။

"ဒီမျောက်ဟာ အတော်ခေါင်းမာတယ်နောင်တော်"

ရွှေဦးချိုဘီလူးမင်းက –

"ဒါကြောင့်မို့လို့လဲ ဒီမျောက်ဟာ နတ်မင်းကြီးရဲ့ပလ္လင်ကို တက်လုတာပေါ့..၊ တော်ရုံတန်ရုံနဲ့ သတ်လို့မသေနိုင်ဘူး၊ ကဲ..ညီတော်



သူ့ကို ဟိုအကျဉ်းသားတွေနဲ့အတူ ချုပ်ထားလိုက်ပါ...၊ နောင်တော်တို့ ဒီမျောက်ကို ဖမ်းနိုင်တဲ့အထိမ်းအမှတ်နဲ့ အောင်သေအောင်သား စားပွဲသောက်ပွဲ ကျင်းပကြရအောင်"

"ကောင်းတယ်နောင်တော်.."

သူတို့သည် စွန်းဟိန်ကျဲအား ကျူးပတ်ကိုင်နှင့်ဆားဝူကျိန်းတို့နှစ်ယောက်ကြား ကြိုးဖြင့်အထပ်ထပ် ရစ်ပတ်လိုက်၏။ ထို့နောက်လိုဏ်ဂူတစ်ဂူလုံး အောင်သေအောင်သား စားပြီး ပျော်ပါးသောက်စားကြလေတော့၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း(၁၀၁)

## ရေဘူးထဲသွတ်သွင်းခြင်း

လိုဏ်ဂူတစ်ခုလုံး ဆူညံစွာ အော်ဟစ် ပျော်မြူးနေကြလေ၏။ အရက်သောက်သည့်ဘီလူးက အရက်သောက်၊ အစာစားသည့်ဘီလူးက အစာစားနေကြ၏။

ရွှေဦးချိုဘီလူးမင်းနှင့် ငွေဦးချိုဘီလူးမင်းတို့မှာ ကျောက်စားပွဲတွင်ထိုင်၍ စားသောက်နေကြလေ၏။ ရွှေဦးချိုဘီလူးမင်းမှာ ညီတော်၏ အစွမ်းသတ္တိများကို ချီးကျူးနေ၏။

ဤသို့ဖြင့် အချိန်သည် ရင့်ရော်လာ၏။ သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ လက်အောက်ငယ်သားဘီလူးတို့မှာ အလွန် အကျွံမူးယစ်ပြီး အိပ်ပျော်ကုန်ကြသည်။

စွန်းဟိန်ကျဲသည် သူ့ကိုယ်မှ အမွေးတစ်ပင်ကို နုတ်၍ လေထဲ၌ မှုတ်ထုတ်လိုက်၏။ ထိုအမွေးတစ်ပင်သည် အလွန်တရာထက်မြက်သည့် ဓားတစ်ချောင်းဖြစ်လာ၏။ သူသည် လည်ပင်း၌စွပ်ထားသော ကြိုးကို ထိုဓါးဖြင့် ဖြတ်လိုက်၏။ သူသည် အမွေးတစ်ပင်ကို နုတ်ပြီး လေတွင် ထပ်မှုတ်လိုက်ရာ သူ့ကိုယ်ပွားတစ်ခု ပေါ်လာလေသည်။ ထိုကိုယ်ပွားကို သူသည် ဘီလူးကြိုးဖြင့် လည်ပင်းတွင် ကြိုးကွင်းစွပ်လိုက်၏။ တိုင်တွင်



ကြိုးဖြင့်ချည်ထားလိုက်သည်။

သူသည် ပါဆန်းကျားအဖြစ်ရုပ်ပြောင်းလိုက်ပြီး မူးယစ်နေသော ရွှေဦးချိုဘီလူးမင်းနှင့် ငွေဦးချိုဘီလူးမင်းတို့အတွက် သွားရောက်၍စားပွဲထိုးအဖြစ်လုပ်ကိုင်ပေးသည်။ အရက်မူးနေသည့် ရွှေဦးချိုဘီလူးမင်းသည် ငွေဦးချိုဘီလူးမင်းအား အရက်တစ်ခွက်လှမ်းပေးလေ၏။

"ဒီအရက်ခွက်က ညီတော့်အတွက် ဂုဏ်ပြုအရက်ခွက်ပါ၊ ညီတော်သောက်လိုက်ပါ ..."

သူသည် အလွန်အကျွံမူးနေသဖြင့် အာလေးလျှာလေးဖြစ်နေသည်။

စွန်းဟိန်ကျဲသည် ဘီလူးများအရက်မူးနေသည်ကို တွေ့ရသောအခါ ဂူပြင်သို့လှစ်ခနဲ ထွက်သွားလေ၏။ သူသည် အပြင်သို့ထွက်ရာတွင်လည်း အစောင့်များမတွေ့အောင် လစ်ထွက်ရခြင်းဖြစ်သည်။

ဂူတွင်း၌ ဘီလူးညီနောင်မှာ မူးယစ်ပြီး အိပ်ပျော်လုလုဖြစ်နေသည်။

ထိုစဉ် အစောင့် ဘီလူး တစ်ကောင်သည် ပျာယီး ပျာယာဖြင့် ပြေးဝင်လာလေ၏။ သူပြေးလာသည်မှာ အခန်းထဲရှိ စားပွဲ ကုလားထိုင်များကို ဝင်တိုက်လာသဖြင့် ဘီလူးညီနောင်မှာ ခေါင်းထောင်သည်။

ရွှေဦးချိုဘီလူးမင်းက -

"ဟေ့ ... ဘာတွေ အရေးကြီးလာသလဲ ..."

အစောင့်ဘီလူးက -

"အပြင်မှာမျောက်တစ်ကောင်ရောက်နေပါတယ်၊ ဘီလူးမင်းတို့ကိုလာပြီး စိန်ခေါ်နေတဲ့မျောက်ပါပဲ၊ ကျွန်တော်မျိုးတို့ ထွက်မတိုက်ဝံ့ပါ"

ငွေဦးချိုဘီလူးမင်းသည် ခေါင်းကိုယမ်းလိုက်၏။ မူးယစ်နေခြင်းများ လွင့်စဉ်ပပျောက်သွားအောင် ခေါင်းယမ်းလိုက်ခြင်းဖြစ်သည်။ သူသည် အတော်အတန် ကြည်လင်သွားလေ၏။ သူသည်ခုနစ်စင်ကြယ်ဓါးကို ကောက်ကိုင်ပြီး ထရပ်လိုက်သည်။

"နောင်တော် ဒီမှာခဏထိုင်နေပါဦး၊ ညီတော် သွားကြည့်လိုက်ပါဦးမယ်၊ ဘယ်က မျောက်စုတ်မျောက်နာများ ရောက်နေသလဲမသိဘူး"

သူသည် ဂူပြင်သို့ထွက်လိုက်၏။ ဂူပြင်မှမိမိတို့အား လာရောက်စိန်ခေါ်နေသူမှာ စွန်းဟိန်ကျဲဖြစ်နေသဖြင့် လွန်စွာအံ့သြသွားလေ၏။

သူသည် ဂူထဲသို့အလျင်အမြန် ပြန်ပြေးသည်။ စွန်းဟိန်ကျဲမှာ ကြိုးတုပ်ခံရလျက် လည်ပင်းတွင်ဘီလူးကြိုးစွပ်ခံထားရသည်ကို သူတွေ့ရှိရသည်။ သူသည်ဂူပြင်သို့ ပြန်ပြေးလေရာ စွန်းဟိန်ကျဲတစ်ကောင်သည် အပြင်မှ သူ့ကို စိန်ခေါ်နေသည်မှာ အမှန်ဖြစ်ကြောင်းတွေ့ရှိရသည်။

"ဘယ်လိုလဲ ... စွန်းဟိန်ကျဲ နှစ်ကောင်ဖြစ်နေပါကလား ...."

သူသည် စိတ်ထဲမှပြောမိလေ၏။

သူသည်ခုနစ်စဉ်ကြယ်ဓါးကို လေထဲ၌ဝှေ့ယမ်းလိုက်၏။

"ဗိုး ... ဗိုး ... ဗိုး ..."

သူ မေးလိုက်သည်။

"သင်ဘယ်သူလဲ"

စွန်းဟိန်ကျဲက –

"ကျုပ်က စွန်းဟိန်ကျဲရဲ့ညီ .... ဟိန်ကျဲစွန်းပါ၊ ကျုပ်အစ်ကိုကို သင်တို့ဖမ်းထားတယ်မဟုတ်လား၊ ဒီတော့ ကျုပ်ကလဲလက်စားပြန်ချေတဲ့ အနေနဲ့ သင်တို့ညီနောင်ကို သတ်ပစ်မယ်၊ သတ်ပစ်ဖို့ ဒီကြာပန်းလှိုဏ်ဂူကို လိုက်လာခဲ့တာ ...."

ငွေဦးချိုဘီလူးမင်းက ရယ်သည်။

"သင့်မှာဘယ်လောက်အစွမ်းရှိလို့ ကျုပ်ကိုစိန်လာခေါ်ရတာလဲ"

"ကျုပ်ရဲ့တန်ခိုးကိုပြောလိုက်ရင် သင်ကြောက်ရွံ့သွားမယ်၊ ဒီတော့ကျုပ်ရဲ့တန်ခိုးကို မပြောချင်ဘူး"

"ဟား .... ဟား ..... ဟား ...."

ငွေဦးချိုဘီလူးမင်းသည် စွန်းဟိန်ကျဲဆီမှ ပြန်လည်သိမ်းယူထားသောရေဘူးနှင့် ကြွေပန်းအိုးကို ထုတ်၍ကိုင်လိုက်၏။ အမှန်မှာ စွန်းဟိန်ကျဲသည် ဘီလူးမင်းကို ပစ္စည်းများကိုပြန်မယူမီ အတုများကိုဖန်ဆင်းပြီး သူ့ကိုယ်၌တပ်ဆင်ထားလိုက်ခြင်းဖြစ်သည်။ ရေဘူးအစစ်နှင့်ကြွေပန်းအိုးအစစ်မှာ သူ့အကျီထဲတွင်ရှိသည်။

ငွေဦးချိုဘီလူးမင်းက –



"သင် တကယ်သတ္တိရှိသလား"

စွန်းဟိန်ကျဲက တဟားဟားအော်ရယ်သည်။

"သတ္တိရှိသလားလို့မမေးနဲ့၊ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာတုန်းက နတ်ပြည်ကိုတစ်ကောင်ထဲတက်တိုက်ခဲ့တဲ့ စွန်းဂူခုံးဆိုတာ ကျုပ်ပဲ ...."

"ဒီလိုသတ္တိမျိုး မဟုတ်ဘူး၊ ဘာမဆိုတုံ့ပြန်ရဲတဲ့ သတ္တိမျိုးကို လိုချင်တာ ...."

"ဖြစ်ပါတယ်၊ ဘာမဆိုတုံ့ပြန်ရဲတဲ့သတ္တိရှိတယ်"

"ကျုပ်က သင့်နာမည်ကိုခေါ်ရင် ပြန်ထူးဝံ့သလား ...."

"ဟား ... ဟား ... ဟား ... ကြိုက်သလိုခေါ်၊ ကျုပ် ပြန်ထူးဝံ့တယ် ...."

ဤသို့ရဲရဲဝံ့ဝံ့ စွန်းဟိန်ကျဲက ပြောလိုက်ခြင်းမှာအကြောင်းရှိသည်။ သူ့နာမည်မှာ စွန်းဂူခုံးသို့မဟုတ် စွန်းဟိန်ကျဲဖြစ်သည်။ ယခု သူပြောထားသည့်နာမည်မှာ သူ့အမည်မဟုတ်ချေ။ ဟိန်ကျဲစွန်းဖြစ်နေသည်။ ဤကဲ့သို့ နာမည်လွဲမှားနေသဖြင့် ရေဘူးနှင့်ကြွေပန်းအိုးမှာ မည်သို့မျှ တန်ခိုးပြနိုင်မည်မဟုတ်ချေ။

ထို့အတွက် သူကကြိုတင်ပြင်ဆင်ထားသည်။

ငွေဦးချိုဘီလူးမင်းက ခေါ်လိုက်၏။

"ဟိန်ကျဲစွန်း"

စွန်းဟိန်ကျဲက ပြန်ထူးလိုက်သည်။

ထိုခဏ၌ စွန်းဟိန်ကျဲသည် ရေဘူးထဲသို့ဝင်သွားရန် ခန္ဓာကိုယ်တဖြည်းဖြည်းသေးသွားသည်။ သူသည် ရေဘူးထဲသို့ဝင်ရန်အပေါက်ဝဆီသို့တိုးသွားသည်။ ထို့နောက်သေးငယ်သော ယင်ကောင်လေးအဖြစ်ရေဘူးနှုတ်ခမ်း၌ ကပ်နေတော့သည်။ သူသည် ရေဘူးထဲသို့မဝင်ပေ။

ငွေဦးချိုဘီလူးမင်းသည် စွန်းဟိန်ကျဲအပေါက်ထဲသို့ဝင်သွားပြီဟုယူဆကာ ဘူးဆို့ကိုပိတ်လိုက်၏။ ထို့နောက် ဂူထဲသို့ ဝင်သွားတော့သည်။

ငွေဦးချိုဘီလူးမင်းသည် ရွှေဦးချိုဘီလူးမင်းရှိရာ ကျောက်စားပွဲသို့ ပြန်လျှောက်လာပြီး စားပွဲပေါ်သို့ ရေဘူးကိုတင်လိုက်၏။

"ညီတော် .... နောင်တော်တို့ကိုလာပြီး စိန်ခေါ်တာဘယ်သူလဲ"

ငွေဦးချိုဘီလူးမင်းက ပြန်ဖြေသည်။

"စွန်းဟိန်ကျဲရဲ့ညီ .... ဟိန်ကျဲစွန်းလို့ပြောတာပါပဲနောင်တော်"

"သူနဲ့ညီတော် တိုက်ခိုက်ခဲ့သလား ...."

"မတိုက်ခိုက်ပါဘူး၊ သူ့ကိုလွယ်လွယ်နဲ့ဖမ်းခဲ့ပါတယ်၊ သူက ဒီအထဲမှာ နောင်တော် ....."

ငွေဦးချိုဘီလူးမင်းသည် ရေဘူးကိုမြှောက်ပြလေ၏။

ရွှေဦးချိုဘီလူးမင်းက ရယ်မောလေ၏။

"ဟန်ကျလိုက်ပလေ သူ့ကိုခဏထားရင် အရည်ပျော်သွားမှာပဲ"

"သေချာတာပေါ့"

သူသည် ရေဘူးကိုစားပွဲပေါ် ပြန်တင်ထား၏။ ရေဘူးပေါ်၌မူ စွန်းဟိန်ကျဲက ဖန်ဆင်းထားသော ယင်ကောင်သည် လွတ်ရာအရပ်၌ တွယ်ကပ်နေသည်။

"ကဲ နောင်တော် မအိပ်မယ့်အတူတူ အရက်ထပ်သောက်ကြရအောင်"

သူတို့သည် အရက်များကို အတော်ကုန်အောင်သောက်ပစ်ကြသည်။

ရွှေဦးချိုဘီလူးမင်းက ပြော၏။

"ညီတော်ရေဘူးကိုလှပ်ကြည့်စမ်း၊ အရည်ပျော်နေပြီလားမသိဘူး"

ယင်ကောင်အဖြစ်ဖန်ဆင်းထားသော စွန်းဟိန်ကျဲသည်ဘူးဖုံးကို ဖွင့်လျက် တံတွေးတစ်ချက်ထွေးထည့်လိုက်သည်။ ထို့နောက် ဘူးဖုံးကို ပြန်ပိတ်လိုက်သည်။ သူလုပ်သည်မှာ အလွန်လျင်မြန်သဖြင့် ရေဘူးကို သတိမထားကြသော ဘီလူးညီနောင်မှာ လုံးဝမြင်တွေ့ခြင်းမရှိပေ။

ငွေဦးချိုဘီလူးမင်းသည် ရေဘူးကိုလှပ်ခါကြည့်သည်။ ထိုအခါ ရေသံကြားသဖြင့် အထဲမှ စွန်းဟိန်ကျဲ အရည်ပျော်သွားပြီဟု ယူဆပြီး ရယ်မောလေ၏။

"ဘယ်ခံနိုင်ပါ့မလဲ နောင်တော် ရာ ... သူအရည်ပျော်သွားပါပြီ"

"ဒါဖြင့် သွန်ထုတ်လိုက်တော့"



ငွေဦးချိုဘီလူးမင်းသည် အထဲမှာအနီရောင်အရည်များကို သွန်ထုတ်ပစ်လိုက်၏။ စွန်းဟိန်ကျဲ ထွေးထည့်လိုက်သော တံတွေးမှာအနီရောင်ဖြစ်နေသည်။

စွန်းဟိန်ကျဲသည် ယင်ကောင်အဖြစ်နှင့် ဂူအပြင်သို့ ပြန်လည်ထွက်ခွာသွားတော့သည်။ ဂူပြင်ရောက်သောအခါ သူ၏မူလရုပ်သွင်ကို ပြန်ယူလိုက်သည်။ ထို့နောက် ဘီလူးမင်းအား စိန်ခေါ်လေတော့၏။

တံခါးစောင့်ဘီလူးများသည် စွန်းဟိန်ကျဲရောက်ရှိလာသည်ကို မြင်သောအခါ ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြသည်။ ဘီလူးညီနောင်ထံသို့ ပြေး၍ သတင်းပို့ကြရပြန်လေ၏။

ငွေဦးချိုဘီလူးမင်းသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး ဂူပြင်သို့ထွက်လာသည်။ သူသည် ရေဘူးနှင့်ကြေးပန်းအိုးကို အသင့်ကိုင်ဆောင်ထားလေ၏။

စွန်းဟိန်ကျဲ၏ရုပ်သွင်ကို ပြန်မြင်လိုက်ရသောအခါ သူသည် အလွန်အံ့အားသင့်သွားပြန်လေ၏။

စွန်းဟိန်ကျဲတစ်ကောင်ကို သူသည်ဘီလူးကြိုးဖြင့် ဖမ်းထားခဲ့သည်။ ဟိန်ကျဲစွန်းဟုခေါ်သည့် စွန်းဟိန်ကျဲ၏ညီဆိုသူကိုလည်း ရေဘူးဖြင့်ဖမ်းပြီးလေပြီ၊ ရေဘူးတွင် အရည်ပျော်ခဲ့ပြီးလေပြီ။

ယခု .... စွန်းဟိန်ကျဲနှင့်တူသော မျောက်တစ်ကောင်က ထပ်မံရောက်ရှိ စိန်ခေါ်နေပြန်ချေပြီ။ ဤမျောက်သည် စွန်းဟိန်ကျဲ၏ညီအစ်ကိုတော်ထဲမှ တစ်ကောင်ကောင်သာဖြစ်ချေမည်။ စွန်းဟိန်ကျဲ၏ညီအစ်ကိုတော် မည်၍မည်မျှရှိကြောင်း သူခန့်မှန်းမရဘဲရှိနေပါသည်။ သူသည် စွန်းဟိန်ကျဲကို အကဲခတ်လိုက်၏။

"သင် ..... ဘယ်သူလဲ"

"ကျုပ် ကျဲဟိန်စွန်းဖြစ်တယ်"

"သင် ... ဘာကိစ္စနဲ့ ကျုပ်ကိုလာရောက် စိန်ခေါ်နေရတာလဲ"

"သင်က ကျုပ်ရဲ့အစ်ကို စွန်းဟိန်ကျဲကို ဖမ်းသွားတယ်၊ ကျုပ်ညီဖြစ်တဲ့ ဟိန်ကျဲစွန်းကိုသတ်ပစ်တယ်၊ ဒါကြောင့် ကျုပ်လာခဲ့တာ၊ကျုပ်ရဲ့အစ်ကိုအတွက် ညီအတွက် လက်စားချေဖို့လာခဲ့တာ ...."

ငွေဦးချိုဘီလူးမင်းက ရယ်မောသည်။

"ဟား .... ဟား .... ဟား .... သင့်ရဲ့နှောင်တော်နဲ့ ညီတော်တောင်မှ ကျုပ်ကိုမနိုင်ဘဲနဲ့ သင်က ကျုပ်ကိုနိုင်လိမ့်မယ်များ ထင်နေသလား ...."

စွန်းဟိန်ကျဲက -

"သင့်ကို ကျုပ် ကျိန်းသေနိုင်မယ်လို့ ယုံကြည်တယ် ...."

ငွေဦးချိုဘီလူးမင်းက သူ့ရေဘူးကို ထုတ်လိုက်၏။

"သင်သတ္တိရှိရင် သင့်နာမည်ကို ကျုပ်ခေါ်တာထူးဝံ့ပါ့မလား"

စွန်းဟိန်ကျဲက -

"သင့်ရေဘူးက ဘယ်လိုများ အစွမ်းထက်လို့လဲ ...."

ငွေဦးချိုဘီလူးမင်းက ရယ်မောသည်။

"ကျုပ်ရဲ့ရေဘူးဟာ ရတနာရေဘူးလို့ခေါ်တယ်၊ သူ့အစွမ်းကိုတော့ ကျုပ်ပြောမပြဝံ့ဘူး၊ ပြောပြလိုက်တာနဲ့ သင်ကြောက်ရွံ့သွားလိမ့်မယ်၊ ဘယ်လောက်အစွမ်းထက်သလဲဆိုတာ သင်စောင့်ကြည့်ပါ ...."

စွန်းဟိန်ကျဲသည် ရေဘူးအစစ်ကိုထုတ်ပြလိုက်၏။ သို့သော် ငွေဦးချိုဘီလူးမင်းသည် သူ့ရေဘူးကိုသာအစစ်ထင်နေသည်။ သူသည် လက်တွေ့စွန်းဟိန်ကျဲကို ဖမ်းဆီးထားခဲ့ပြီးလေပြီ။ စွန်းဟိန်ကျဲပညာပြသွားသည်ကိုတော့ သူမသိပေ။

"သင့်မှာရတနာရေဘူး ရှိတယ်မဟုတ်လား၊ ကျုပ်မှာလဲရှိတာပဲ"

ငွေဦးချိုဘီလူးမင်းသည် အံ့သြသွား၏။ စွန်းဟိန်ကျဲ၏ရေဘူးသည် မိမိ၏ရေဘူးနှင့် အလွန်တူနေသည်။

"သင့်ရဲ့ ရေဘူးက ဘယ်ကရတာလဲ"

စွန်းဟိန်ကျဲက ပြန်မေးလိုက်၏။

"သင့်ရဲ့ရေဘူးကကော ဘယ်ကရတာလဲ"

"ကျုပ်ရဲ့ရေဘူးက နယ်နယ်ရရမဟုတ်ဘူး၊ မိုးပေါ်က ပတ္တမြားမျက်ရှင်ဘိုးဘိုးဆီက ရလာခဲ့တာ ...."

"ကျုပ်ရဲ့ရေဘူးကလဲ ပတ္တမြားမျက်ရှင်ဘိုးဘိုးဆီကရလာခဲ့တာပဲ"

ငွေဦးချိုဘီလူးမင်းသည် ခေါင်းခါလိုက်၏။



"မဖြစ်နိုင်ဘူး၊ ဘိုးဘိုးဆီမှာ ဒီရေဘူးတစ်ဘူးပဲတွေ့တယ်"

စွန်းဟိန်ကျဲက ရယ်မောလိုက်လေ၏။

"အဲဒါကတော့ သင်ဗဟုသုတနည်းနေပြီ"

ငွေဦးချိုဘီလူးမင်းဟာ ခံပြင်းစွာပြောသည်။

"ကျုပ်ကိုဗဟုသုတနည်းတယ်လို့ ပြောရအောင် သင်ကကော ဘာများ ပိုသိထားလို့လဲ"

"ဟား ... ဟား ... ဟား ... သိထားတာပေါ့"

"သိရင်ပြောစမ်း"

"သင်မှတ်သားနိုင်အောင် ပြောပြရမယ်ဆိုရင် ပတ္တမြားမျက်ရှင်ဘိုးဘိုးဟာ ရေဘူးပြုလုပ်စဉ်က အဖိုအမပြုလုပ်ခဲ့တယ်၊ ကျုပ်ရထားတဲ့ရေဘူးဟာ အဖိုဖြစ်နေတော့ သင့်ရေဘူးဟာ အမပဲ ဖြစ်လိမ့်မယ်၊ အဲဒါသင်မှတ်ထားပေတော့"

ငွေဦးချိုဘီလူးမင်းက ပိုမိုခံပြင်းလာသည်။

"ကဲ ... စကားရှည်မနေနဲ့၊ ကျုပ်ရဲ့ရေဘူးကပဲ စွမ်းသလား၊ သင့်ရဲ့ ရေဘူးကပဲစွမ်းသလားဆိုတာ စမ်းကြည့်ကြတာပေါ့ ...."

"စိန်လိုက်လေ .... စမ်းကြည့်တာပေါ့ ...."

ငွေဦးချိုဘီလူးမင်းသည် ရေဘူးကို စွန်းဟိန်ကျဲရှေ့သို့ မှောက်ကိုင်ပြလိုက်၏။ သို့သော် ..... သူသည် စွန်းဟိန်ကျဲပြောသည့်နာမည်ကို မေ့သွားသည်။

"သင့်နာမည် ဘယ်လိုခေါ်သလဲ"

"ကျဲဟိန်စွန်း"

ငွေဦးချိုဘီလူးမင်းက ခေါ်လိုက်၏။

"ကျဲဟိန်စွန်း"

စွန်းဟိန်ကျဲက ထူးလိုက်၏။

"ရှိပါတယ် ...."

ဤတစ်ကြိမ်တွင် ငွေဦးချိုဘီလူးမင်း၏ ရေဘူးသည်အစွမ်းမပြနိုင်တော့ချေ။ စွန်းဟိန်ကျဲသည် ပကတိအတိုင်း ရပ်နေသည်။ ငွေဦးချိုဘီလူးမင်းသည် အံ့သြသွား၏။

သူက ထပ်မံခေါ်လိုက်၏။

"ကျဲဟိန်စွန်း"

စွန်းဟိန်ကျဲက ထပ်မံထူးလိုက်ပြန်၏။

"ရှိပါတယ်"

သို့သော် စွန်းဟိန်ကျဲသည် သေးပြီးပျောက်ကွယ်မသွားချေ။ မူလအတိုင်းပင် ရပ်နေသည်။ ငွေဦးချိုဘီလူးမင်းသည် တုန်လှုပ်သွား၏။

သူသည် စွန်းဟိန်ကျဲ၏အမည်ကို ဆယ့်လေးငါးခွန်းဆက်၍ ခေါ်လိုက်သည်။

စွန်းဟိန်ကျဲကလည်း ဆက်၍ဆက်၍ထူးသည်။ ငွေဦးချိုဘီလူးမင်းသည် မိမိ၏ရေဘူးအစွမ်းမထက်သည်ကို တွေ့ရသောအခါ လွန်စွာစိတ်ဓါတ်ကျသွားလေ၏။

စွန်းဟိန်ကျဲက ရယ်မောသည်။

"သင့်ရဲ့ရေဘူးဟာ အမဖြစ်တယ်ဆိုတာသေချာနေပြီ၊ ကျုပ်ရဲ့ရေဘူးအထီးနဲ့တွေ့တော့ သင့်ရေဘူးအမဟာလုံးဝအစွမ်းမထက်တော့ဘူး၊ ကျုပ်ရေဘူးကိုကြောက်လန့်ပြီး အစွမ်းမပြနိုင်တော့ဘူးနဲ့တူတယ် ...."

ငွေဦးချိုဘီလူးမင်းမှာ စွန်းဟိန်ကျဲ၏ရေဘူးနှင့် တူလှသော သူ့ရေဘူးကို ဖင်ပြန်ခေါင်းပြန်ကြည့်နေမိလေ၏။

စွန်းဟိန်ကျဲသည် သူ့ရေဘူးကို ငွေဦးချိုဘီလူးမင်းရှေ့ ကိုင်မြှောက် ပြလိုက်၏။

"ကဲ ... ဒီတစ်ခါကျုပ်အလှည့်ပဲ၊ သင်ကတိပေးထားတဲ့အတိုင်း သင့်နာမည်ကို ကျုပ်ခေါ်တော့မယ်"

သူသည် ငွေဦးချိုဘီလူးမင်း၏နာမည်ကို ခေါ်လိုက်၏။

"ငွေဦးချိုဘီလူးမင်း"

ငွေဦးချိုဘီလူးမင်းသည် အပြန်အလှန်ကတိရှိထားသည့်အတိုင်း ပြန်ထူးရလေ၏။

"ရှိပါတယ်"

သူ့စကားဆုံးသွားသည်နှင့် သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်း ...းငယ်သွားပြီး ရေဘူးထဲသို့ တိုးဝင်သွားလေတော့သည်။ စွန်းဟိန်ကျဲ



သည် ရေဘူးအဖုံးကိုပိတ်လိုက်ပြီး ခါး၌ချိတ်ထားလိုက်၏။

ငွေဦးချိုဘီလူးမင်း၏ ဘဝကား ဆုံးခန်းတိုင်သွားလေပြီ။ စွန်းဟိန်ကျဲသည် ဂူတံခါးကို သံတုတ်ဖြင့် ဆောင့်လေ၏။

"ဘီလူးကြီး .... သင့်ရဲ့ညီတော်ကို ကျုပ်ကရေဘူးထဲမှာဖမ်းထားပြီးပြီ၊ သင့်ကိုသတ်ဖို့ပဲ ကျန်တော့တယ်၊ သတ္တိရှိရင် ထွက်ခဲ့စမ်း ...."

အစောင့်ဘီလူးများသည် ကမန်းကတန်းဝင်ရောက်၍ သတင်းပို့ကြရလေ၏။

ရွှေဦးချိုဘီလူးမင်းမှာ မိမိ၏ညီတော်သည် ရေဘူးထဲသို့ ရောက်ရှိသွားကြောင်းသိရှိကာ ဝမ်းနည်းလွန်း၍ငိုကြွေးလေတော့၏။

"ညီတော် မင်း ဒီလိုသေဆုံးရတာကို နောင်တော် ဘယ်လိုဖြေသိမ့်ရပါ့မလဲကွယ် ...."

သူရှိုက်ကြီးတငင်ငိုကြွေးနေစဉ် စွန်းဟိန်ကျဲသည် တံခါးကိုရိုက်ခွဲနေလေ၏။ သူသည်အနည်းငယ်မျှအပေါက်ကလေးရရှိလျှင်ပင် ဝင်နိုင်သည်။ သူသည်တမင်ပင်ဂူတံခါးကိုရိုက်ချိုးဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

ရွှေဦးချိုဘီလူးမင်းသည် အံကိုတင်းတင်းကြိတ်၍ ထရပ်လိုက်လေ၏။

"စွန်းဟိန်ကျဲ .... သင့်ကိုသတ်မယ်၊ ကျုပ်ရဲ့ညီအတွက် လက်စားချေမယ် ...."

သူသည် ငွေဦးချိုဘီလူးမင်းကျန်ရစ်သည့်ခုနစ်စင်ကြယ်ဓါးနှင့် ငှက်ပျောရွက်ယပ်တောင်အား အသင့်ယူဆောင်ကာ ဂူဝသို့ထွက်လေတော့၏။ ဂူဝတွင် စွန်းဟိန်ကျဲသည် သူ့အားစိန်ခေါ်နေသည်မဟုတ်ပါလော၊ သူသည် စွန်းဟိန်ကျဲအားဆုံးမရပေမည်။ မှတ်လောက်သားလောက်အောင်ဆုံးမရပေမည်။ သေခြင်းတရားသည်မည်သို့ခါးသီးသည့်အရသာရှိသည်ကို စွန်းဟိန်ကျဲ သိရှိသွားရပေမည်။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၁၀၂)

### စစ်ကူ

စွန်းဟိန်ကျဲသည် ဂူအပြင်မှစောင့်နေလေ၏။ ရွှေဦးချိုဘီလူးမင်း ထွက်လာသည်ကိုတွေ့သောအခါ စွန်းဟိန်ကျဲသည် တဖြည်းဖြည်းနောက်ဆုတ်သွားသည်။

ရွှေဦးချိုဘီလူးမင်းက ဒေါသတကြီးအော်ပြောသည်။

"မျောက်စုတ် .... ကျုပ်ရဲ့ညီတော်ကို ရေဗူးထဲကအမြန်ဆုံးထုတ်စမ်း၊ နို့မဟုတ်ရင် သင်တို့ဆရာတပည့်ကို ကျုပ်လက်စားချေသတ်ရလိမ့်မယ် ...."

စွန်းဟိန်ကျဲက ခါး၌ချည်နှောင်ထားသောရေဗူးကို လှုပ်ခတ်ပြလိုက်သည်။ရေဘူးထဲ၌ရေသံဖြစ်ပေါ်နေလေပြီ။ စွန်းဟိန်ကျဲက -

"ဝမ်းနည်းပါတယ်၊ သင့်ညီတော်ဟာ အရည်ပျော်သွားပါပြီ"

ရွှေဦးချိုဘီလူးမင်းသည် အံကိုတင်းတင်းကြိတ်ပြီး ခုနစ်စဉ်ကြယ်ဓါးဖြင့် တိုက်ခိုက်လေတော့၏။

စွန်းဟိန်ကျဲကသံတုတ်ဖြင့်တုံ့ပြန်တိုက်ခိုက်လိုက်ရာ ပြင်းထန်သောတိုက်ပွဲကြီး ဖြစ်ပွားလေတော့၏။ သူတို့သည် သိုင်းကွက်သုံးဆယ်ခန့်ယှဉ်ပြိုင်တိုက်ခိုက်မိကြ၏။ ရွှေဦးချိုဘီလူးမင်းသည် မဟာန်နိုင်တော့



ဘဲရှုံးနိမ့်လာတော့သည်။

"ငါ့တပည့် ဘီလူးတွေ .... အားလုံး ဝိုင်းတိုက်ကြစမ်း ...၊ ဒီမျောက်ကို အလွတ်မပေးနဲ့ ...."

ရွှေဦးချိုဘီလူးမင်း၌ နောက်လိုက်ပေါင်း ငါးရာခန့်ရှိ၏။ စုစုပေါင်း တစ်ထောင်ခန့်ရှိသည်။ သူတို့သည် စွန်းဟိန်ကျဲအား ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဒီလိုလား ...."

သူသည်သူ့ကိုယ်ပေါ်မှ အမွေးလက်တစ်ဆုပ်စာကို ဆွဲနုတ်လိုက်၏။ ထို့နောက် လေတွင် မှုတ်ထုတ်လိုက်သည်။

"ဖူး ...."

အမွေးအမှင်များ လွင့်ပျံ ထွက်သွားပြီး မျောက်များအဖြစ်သို့ ပြောင်းလဲသွား၏။ မျောက်များသည် သံတုတ်ကိုယ်စီဖြင့်ဘီလူးများကို တိုက်ခိုက်တော့သည်။ တစ်ခဏတွင်းမှာပင် ဘီလူးငါးရာခန့်သေဆုံးကြရလေ၏။ ကျန်သောဘီလူးများမှာ လိုဏ်ဂူအတွင်းသို့ပြေးဝင်သွားကြ၏။ သူတို့တိုက်လျှင်လည်း သူတို့သာ သေဆုံးကြရမည်မဟုတ်ပါလား။

ရွှေဦးချိုဘီလူးမင်းမှာ လွန်စွာခံပြင်းသွား၏။ သူသည် ငှက်ပျောရွက်ယပ်တောင်အားဖြုတ်ယူလိုက်တော့သည်။ သူသည် ယပ်တောင်ဖြင့် စွန်းဟိန်ကျဲအား ခတ်လိုက်သည်။ ခတ်စဉ်တွင်ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်ရာ မီးဟုန်းဟုန်းတောက်လောင်လာလေ၏။

မျောက်များသည် မီးကို အကြောက်ရွံ့ဆုံးဖြစ်သည်။ ရွှေဦးချိုဘီလူးမင်းက ယပ်တောင်ဖြင့်တိုက်ခိုက်ပြီး မီးများထွက်စေသောအခါ မျောက်များသည် နောက်ဆုတ်ပြေးကြလေတော့၏။

စွန်းဟိန်ကျဲမှာလည်း မိမိအမွေးများကို မီးလောင်မည် စိုးသဖြင့် ကမန်းကတန်း နောက်ဆုတ်ပေးရလေ၏။ ရွှေဦးချို ဘီလူးမင်းသည် စွန်းဟိန်ကျဲနောက်ဆုတ်ပေးသည်ကိုမြင်သောအခါ သူသည်ဂူထဲသို့မဝင်တော့ဘဲ သူ၏ဘွားဘွား၏ဂူဖြစ်သော အမြီးကိုးချောင်းမြေခွေးဂူသို့ထွက်ပြေးလေတော့၏။

စွန်းဟိန်ကျဲသည် လိုဏ်ဂူထဲသို့ဝင်သွားပြီး ပုန်းအောင်းနေသည့် ဘီလူးအားလုံးကို ရိုက်သတ်သည်။ အချုပ်နှောင် ခံနေရသော ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့အား ကြိုးများဖြေပေးသည်။

ဆရာတော်သည် ဝမ်းသာလွန်းသဖြင့် မျက်ရည်ကျမတတ်ဖြစ်ရသည်။

"ငါ့တပည့်ကိုကျေးဇူးတင်လိုက်တာ၊ ငါတို့အခုလွတ်ရတာ ငါ့တပည့် ကျေးဇူးကြောင့်ပဲ ...."

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ကလည်း စွန်းဟိန်ကျဲအား ကျေးဇူးတင်လှစွာ ဂါရဝပြုကြလေ၏။

စွန်းဟိန်ကျဲက ရယ်မောရှုပြောလိုက်၏။

"ဆရာ ကျေးဇူးတင်တာကို တပည့်တော် ဝမ်းသာလှပါတယ်၊ ဒါပေမယ့် ကျေးဇူးမတင်ရင် ရှိပါစေ .... ခေါင်းကိုက်စေတဲ့ ဂါထာကို မရွတ်ရင်ဘဲ ကျေးဇူးတင်လှပါပြီ ...."

ဆရာတော်က ပျာပျာသလဲပြောလေ၏။

"စိတ်ချပါ ....၊ ဂါထာကို မရွတ်တော့ဘူးလို့ ငါပြောပြီးပြီပဲ"

စွန်းဟိန်ကျဲက –

"အခုတော့မိုးချုပ်ပြီ၊ တပည့်တော်တို့ခရီးထွက်ဖို့ မလွယ်တော့ဘူး၊ ဒီဂူထဲမှာပဲ တစ်ညအိပ်လိုက်ကြတာပေါ့၊ တစ်ညတည်းခိုပြီးမှ ခရီးဆက်ကြတာပေါ့ ...."

ဆရာတော်က ခေါင်းညိတ်၏။

"ဒီအစီစဉ် ကောင်းပါတယ်"

ကျူးပတ်ကိုင်က –

"ဒီတစ်ညတည်းခိုတာတော့ဟုတ်ပါပြီ၊ ငါကတော့ဗိုက်ဆာနေပြီ"

"မင်းက ဆာဖို့ပဲသိတယ်"

ဆားဝူကျိန်းက ပြစ်တင်လိုက်၏။

ကျူးပတ်ကိုင်က –

"ဆာတာပေါ့ တစ်နေ့နဲ့ တစ်ညလုံးလုံး ဘာအစာမှမစားရသေးတာပဲ၊ မင်းကော ဗိုက်မဆာဘူးလား"

"ဆာတာတော့ဆာတာပေါ့၊ ဒါပေမယ့် အခြေအနေအရ စိတ်ကို ချုပ်တည်းသင့်တဲ့အခါ ချုပ်တည်းရတာပေါ့ ...."

ဆားဝူကျိန်းက ဖြေလိုက်သည်။

"ဆရာကော မဆာဘူးလား"

ထန်စန်းကျွမ်းဆရာတော်သည် ခပ်မဆိတ်ပင် နေလေ၏။

"အစ်ကိုကြီးကော မဆာဘူးလား"

ကျူးပတ်ကိုင်က ဆက်မေးသည်။

"ဆာနေပြီ၊ ဒီတော့ သင်က တာဝန်ယူပြီး ရှာပေတော့"

ကျူးပတ်ကိုင်က မြည်တွန်တောက်တီးသည်။

"နောက်ဆုံးတော့ ကျုပ်တာဝန်ပဲကျတာပဲ"

"ဝက်ပုတ် .... မင်း မလုပ်ဘူးလား"

စွန်းဟိန်ကျဲက ကျယ်လောင်စွာ မေးလိုက်၏။

ကျူးပတ်ကိုင်က –

"ကျုပ် .... သွားပါ့မယ်၊ သွားလုပ်ပါ့မယ်"

မကြာမီ ကျူးပတ်ကိုင် ထွက်သွားသည်။ ထို့နောက် သူပြန်ရောက်လာသည်။ မည့်သည့်နေရာက ရှာခဲ့မှန်းမသိ၊ ဆွမ်းဟင်းများ အစုံအလင်ပါလာ၏။

ဆရာတော်က ချီးကျူးလိုက်သည်။

"ငါ့တပည့်ကျူးပတ်ကိုင်က ဒီနေရာမှာတော့ တော်ပေသားပဲ"

ဆားဝူကျိန်းက –

"အစားနဲ့ပတ်သက်လို့ကတော့ သူဟာအတော်ဆုံးပါပဲဆရာ"

အားလုံး ရယ်မောကြလေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱

ရွှေဦးချိုဘီလူးမင်းသည် အမြီးကိုးခုမြေခွေးလိုက်ဂူသို့ ရောက်သောအခါ သည်းထန်စွာငိုကြွေးတော့သည်။ သူ့လက်အောက်ငယ်သားများသည် ဘီလူးမင်းအား ဝိုင်းဝန်းအားပေးကြလေ၏။

"စိတ်အားမငယ်ပါနဲ့ ဘီလူးမင်း .... ဒီမျောက်စုတ် မျောက်နာကို ကျွန်တော်မျိုးတို့ အသေခံပြီးလက်စားချေပါ့မယ် ...."

ဘီလူးငယ်များကလည်း -

"ဘီလူးဘွားဘွားအတွက် ကျွန်တော်မျိုးတို့ လက်စားချေမယ်၊ ရွှေဦးချိုဘီလူးမင်းအတွက် ဘီလူးမင်းကလက်စားချေပါ၊ ကျွန်တော်မျိုးတို့ဝိုင်းတိုက်ရင် ဒီမျောက်စုတ် မခံနိုင်ပါဘူး ...."

ဘီလူးမင်းသည် ညှိုးငယ်စွာပြောလိုက်လေ၏။

"မင်းတို့အားပေးစကားပြောကြားတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး"

ဘီလူးတစ်ကောင်က -

"ဘာဖြစ်လို့လဲ ဘီလူးမင်း ...."

"စွန်းဟိန်ကျဲက သိပ်အစွမ်းထက်တယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့မျောက်တစ်ကောင်ဖြစ်တယ်၊ နောက်ပြီး ကျူးပတ်ကိုင်ဆိုတဲ့ကောင်နဲ့ ဆားဝူကျိန်းဆိုတဲ့ကောင်တွေလဲရှိသေးတယ်၊ ဒီကောင်တွေလဲ လျှော့တွက်လို့မရဘူး၊ ဒီတော့သူတို့အုပ်စုဟာ အစွမ်းမသေးတဲ့အုပ်စုတစ်စုဖြစ်တော့တာပေါ့ ...."

သူက ခေါင်းယမ်းပြီး စိတ်ပျက်စွာပြောလေ၏။

"အခုလဲ .... ငါတို့ရဲ့ အင်အားတစ်ထောင်လောက်ရှိတဲ့ ဘီလူးတပ်တွေဟာ ပြိုကွဲသွားရပြီလေ"

ဘီလူးများ စိတ်ဓါတ်ကျသွားလေ၏။

သူတို့လက်မှိုင်ချနေစဉ် အဝေးမှဆူဆူညံညံအသံများထွက်ပေါ်လာလေ၏။

ရွှေဦးချိုဘီလူးမင်းက ခေါင်းထောင်ကြည့်လိုက်၏။

"ဟေး ... လူစုလူဝေးနဲ့ ချီတက်လာတဲ့ အသံတွေပါလား၊ ဘယ်သူတွေပါလိမ့်၊ ကြည့်ကြစမ်း"



ဘီလူးနှစ်ကောင်သည် သတင်းထောက်လှမ်းရန်ပြေးထွက်သွားကြလေ၏။ မကြာမီ သူတို့ ပြန်ပြေးလာသည်။

"အဘဘီလူးမင်း အာချစ် .... ဘီလူး စစ်သည်တော်များကို ဦးဆောင်ချီလာနေခြင်းပါ ဘီလူးမင်း"

ရွှေဦးချိုဘီလူးမင်းသည် လွန်စွာဝမ်းသာသွား၏။

"ဟေ .... သူတို့အင်အား ဘယ်လောက်ရှိသလဲ ...."

ဘီလူးနှစ်ကောင်က -

"မခန့်မှန်းနိုင်ပါဘူး ဘီလူးမင်း ဒါပေမယ့် အင်အားကတော့ အတော့ကို များပါတယ်"

ရွှေဦးချိုဘီလူးမင်းသည် မိမိ၏ပေါင်ကို အားပါးတရပုတ်လိုက်လေ၏။

"ငါလက်စားချေဖို့ နတ်သကြား မ တာပဲဟေ့"

သူသည် အော်ဟစ်ပြီး အမိန့်ပေးလေ၏။

"အဘိုးလေးအာချစ်ကို အားလုံးထွက်ကြိုဆိုကြစမ်း"

ရှိရှိသမျှဘီလူးများသည် ထွက်၍ကြိုဆိုကြလေ၏။

ရှေ့ဆုံးမှဦးဆောင်လာသည့် ဘီလူးကြီးကား အရပ်ခုနစ်ပေခန့်ရှိလေ၏။ အလွန်ထွားကျိုင်းသော ဘီလူးကြီး တစ်ကောင်ဖြစ်သည်။ သူ့ဆံပင်များမှာ အလွန်ကြဲသည်။ ဦးခေါင်း၌ ဦးချိုနှစ်ချောင်းပေါက်နေသည်။

သူ၏လက်နှစ်ဖက်မှာ သာမန်လူတို့၏ လက်နှစ်ဖက်နှင့်မတူချေ။ ရှည်လျားလှသည်။ အမွေးအမှင်များကလည်း ထူထပ်စွာပေါက်နေသည်။

ရွှေဦးချိုဘီလူးမင်းမှာ ဘီလူးကြီးကို ကောင်းစွာသိသည်။ ထိုဘီလူးကြီး၏အမည်မှာ အာချစ်ဖြစ်သည်။ မိမိအဘွား၏မောင်တစ်ယောက် ဖြစ်သည်။

သူသည် ဘီလူးကြီးအာချစ်ကို ထွက်၍ ကြိုဆိုလိုက်သည်။ ဘီလူးနှစ်ကောင်သည်ဖက်ပြီးနှုတ်ဆက်ကြသည်။ ဘီလူးကြီးအာချစ်သည် မျက်ရည်များ စီးကျလာ၏။

"ငါ့အစ်မကို....ဟိုမျောက်စုတ်သတ်သွားတယ်ဆိုတာဟုတ်လား"

"ဘွားဘွားကို သတ်သွားရုံတင် မကပါဘူး၊ ညီတော် ရွှေဦးချို ဘီလူးမင်းကိုလဲ သတ်သွားပါတယ်"

ဘီလူးကြီးအာချစ်သည် အံကိုတင်းတင်းကြိတ်ပြီး -

"အခု ငါရောက်လာတာငါ့အစ်မအတွက်နဲ့ ငါ့မြေးအတွက်ပေါ့၊ ငါ .... သူ့ကို လက်စားချေမယ်"

ရွှေဦးချိုဘီလူးမင်းသည် ဝမ်းသာသွားသည်။ သူသည်လည်း လက်စားချေရန် စောင့်စားနေသူ မဟုတ်ပါလော။

ဘီလူးကြီးအာချစ်က -

"အခု .... စွန်းဟိန်ကျဲ ဘယ်မှာလဲ"

"အခု ... သူဟာ ကျွန်ုပ်တို့ရဲ့ လိုဏ်ဂူကို အပိုင်စီးထားပါတယ်၊ ညီတော်ရဲ့ရေဘူးနဲ့ကြွေပန်းအိုးကိုလဲ အပိုင်စီးထားပါတယ်"

"ကောင်းပြီ၊ ဒါဆိုရင်ငါတို့ ကြာပန်းလိုဏ်ဂူကိုချီတက်ကြစို့"

"ကောင်းတယ် ...."

ရွှေဦးချိုဘီလူးမင်းကလည်း သဘောတူသည်။

"ကဲ .... ငါ့မှာရှိသမျှ အင်အားအားလုံး အဘိုးလေးဘီလူးမင်း အာချစ်ရဲ့ဘီလူးတွေနဲ့ ပေါင်းလိုက်ကြ ....၊ သူဦးဆောင်တဲ့ နောက်ကို မင်းတို့လိုက်ကြ ....၊ အသေခံပြီး တိုက်ကြ ...."

ဘီလူးများသည် ညာသံပေး၍ အော်ဟစ်ကြလေ၏။

ဘီလူးမင်းအာချစ်က -

"ဒီမျောက်ကိုအသေသတ်ပြီးကျွတ်ကျွတ်နေအောင်ဝါးစားပြမယ်၊ သူက ဘာဖြစ်လို့ ဒီလောက်တောင် အစွမ်းထက်နေတာလဲ၊ ကဲ .... နောက်လိုက်နောက်ပါတို့ ကြာပန်းလိုဏ်ဂူကို ချီတက်ကြ ...."

ဘီလူးမင်းအာချစ်၏ နောက်လိုက်နောက်ပါတို့မှာ တက်တက်ကြွကြွပင်ချီတက်ကြလေတော့၏။ ထိပ်ဆုံးတွင် ဘီလူးမင်းအာချစ်နှင့် ရွှေဦးချိုဘီလူးတို့က ဦးဆောင်သွားကြသည်။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၁၀၃)

### ပစ္စည်းငါးမျိုးပိုင်ရှင်

နံက်ခင်း။

ထန်စန်းကျွမ်းဆရာတော်သည် စောစီးစွာ အိပ်ယာမှနိုးလာလေ၏။

အအိပ်ကြီးသော ကျူးပတ်ကိုင်ပင်လျှင် စောစောစီးစီး ထကာ မနေ့က ညနေခင်းမှာရှာဖွေထားသော ဆွမ်းဟင်းများကို ပြင်ဆင်ထားပြီး ဖြစ်သည်။

ဆရာတော်က ပြုံးကြည့်ပြီး -

"ငါ့တပည့်ကျူးပတ်ကိုင်လဲ တစ်နေ့တခြားလိမ္မာလာပြီ"

သူတို့ဝိုင်းဖွဲ့စားသောက်ပြီးနောက် ခရီးထွက်ရန်ဟန်ပြင်နေစဉ်မှာပင် အပြင်ဘက်မှဆူဆူညံညံအသံများကို ကြားလိုက်ရသည်။

"ဟော့ .... မျောက်စုတ် .... မျောက်နာ .... အပြင်ထွက်ခဲ့စမ်း"

ထန်စန်းကျွမ်းဆရာတော်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

"ဘီလူးတွေမကျေနပ်ဘဲ ထပ်ရောက်လာပြန်ပြီနဲ့တူတယ်"

စွန်းဟိန်ကျဲက -

"မကြောက်ပါနဲ့ ဆရာ ..... တပည့်တော် သွားပြီး မောင်းထုတ်လိုက်ပါမယ် ...."

သူသည် သံတုတ်ကိုဆွဲထုတ်လိုက်၏။ ထို့နောက်ကျူးပတ်ကိုင်နှင့်ဆားဝှကျိန်းတို့အား ပြောလိုက်သည်။

"မင်းတို့နှစ်ယောက် ဆရာ့အနားက ဘယ်မှမခွါကြနဲ့ ...၊ ဆရာ့ကို ဘေးအန္တရာယ် မကျရောက်အောင် စောင့်ရှောက်ကြ ...."

သူသည်စကားဆုံးသည်နှင့် အပြင်သို့ထွက်ခွါသွားတော့၏။

ရွှေဦးချိုဘီလူးမင်းသည် စွန်းဟိန်ကျဲ ထွက်လာသည်ကိုတွေ့မြင်ရသောအခါ ဘီလူးမင်းအာချစ်အား လက်ညှိုးထိုးညွှန်ပြလိုက်၏။

"အဘိုးလေး အာချစ် ..... အဘိုးလေးရဲ့ အစ်မနဲ့ မြေးတော် ရွှေဦးချိုဘီလူးမင်းကိုသတ်သွားတဲ့ စွန်းဟိန်ကျဲဆိုတာ သူပါပဲ ...."

အာချစ်သည် စွန်းဟိန်ကျဲရှေ့သို့ ခြေလှမ်းကြဲကြဲဖြင့်လျှောက်သွားသည်။

"မျောက်စုတ် .... ကျုပ်အစ်မကိုသတ်ပစ်တာ သင်လား"

"ဘီလူးဘွားဘွားဟာ သင့်အစ်မလား"

"ဟုတ်တယ်၊ ကျုပ်အစ်မပဲ"

"ဟုတ်တယ်၊ ကျုပ် သတ်လိုက်တယ်"

ဘီလူးကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်သွားလေတော့၏။

"ကျုပ်အစ်မအတွက် လက်စားချေရမယ်"

သူသည်စကားဆုံးသည်နှင့် လက်ထဲမှလှံတံဖြင့် တိုက်ခိုက်လေ၏။ စွန်းဟိန်ကျဲက သံတုတ်ဖြင့် ခံပေးလိုက်သည်။ သူတို့နှစ်ယောက်သည် အပြန်ပြန်အလှန်လှန် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။

သူတို့သည်တိုက်ကွက်သုံးဆယ်ခန့်ယှဉ်ပြိုင်မိသောအခါ ဘီလူးမင်းအာချစ်မှာ မခံနိုင်ဘဲဖြစ်လာတော့သည်။

ရွှေဦးချိုဘီလူးမင်းသည် ဘီလူးကြီးအာချစ် အခြေအနေမလှတော့ကြောင်း မြင်တွေ့ရသည်နှင့် သူသည် ခုနစ်စဉ်ကြယ်ဓါးကိုကိုင်၍ ဝင်ရောက်ကူညီတိုက်ခိုက်တော့သည်။ နောက်ပါဘီလူးများကလည်း တစ်



ခဲနက်အော်ဟစ်၍ အားပေးတိုက်ခိုက်ကြသည်။

တိုက်ပွဲကြီးကား ပြန်လည်ဖြစ်ပွားပြန်တော့၏။

ထန်စန်းကျမ်းဆရာတော်သည် လိုဏ်ဂူထဲ၌ ထိုင်နေလေ၏။ လိုဏ်ဂူအပြင်မှအော်သံဟစ်သံ ဆူညံသံများသည် လိုဏ်ဂူအတွင်းသို့ ထိုးဖေါက်ဝင်ရောက်လာသည်။

ဆရာတော်က ဆားဝှကျိန်းကို ကြည့်လိုက်၏။

"ဆားဝှကျိန်း သင့်အစ်ကိုကြီးကို သွားပြီး ကူညီလိုက်ရင်ကောင်းမယ်ထင်တယ် ...."

ဆားဝှကျိန်းက ဦးညွှတ်လိုက်၏။

"ကောင်းပါပြီ ဆရာ ...."

သူသည် တောင်ဝှေးကိုကိုင်လျက် လိုဏ်ဂူထဲမှ ထွက်ခွါသွားလေတော့၏။

စွန်းဟိန်ကျဲ တစ်ယောက်တည်းအား ဘီလူးကြီးငယ်တို့က ဝိုင်းတိုက်နေကြသည်။ ဘီလူး အများအပြားမှာလည်း လဲကျသေဆုံးနေသည်ကို တွေ့ရသည်။ သို့သော် စွန်းဟိန်ကျဲကို တိုက်ခိုက်နေသည့်ဘီလူးမှာ များပြားလျက်ပင်ရှိသေးသည်။

"ဝိုး .... ဝိုး .... ဝိုး ...."

"ဝုစ် .... ဝုစ် .... ဝုစ် ...."

ဆားဝှကျိန်းက တောင်ဝှေးကိုဝှေ့ယမ်းကာ ကူညီတိုက်ခိုက်လေတော့သည်။

"အစ်ကိုကြီး .... ကျုပ် လာကူပြီ"

ဘီလူးကြီးအာချစ်သည် ဆားဝှကျိန်း ရောက်လာသည်ကိုတွေ့သောအခါ ဆားဝှကျိန်းဘက်သို့လှည့်၍ တိုက်ခိုက်ရတော့၏။

ဘီလူးများနှင့် ရွှေဦးချိုဘီလူးမင်းတို့သည် စွန်းဟိန်ကျဲကို အပြင်းအထန်တိုက်ခိုက်ကြသည်။ သို့သော် ဘီလူးများသာတစ်ယောက်ပြီးတစ်ယောက် ကျဆုံးလျက်ရှိသည်။

တစ်ခဏမျှကြာသောအခါ ကျူးပတ်ကိုင်သည်ထွန်ခြစ်ကိုဆွဲကာ တိုက်ပွဲအတွင်းသို့ဝင်လာလေ၏။ သူသည် စကားတစ်ခွန်းမျှ မပြောဘဲ

တွေ့မြင်သမျှဘီလူးများအား တိုက်ခိုက်တော့သည်။ ထိုအခါဘီလူးများ အတုံးအရုံး ကျဆုံးရပြန်တော့သည်။

ဘီလူးကြီးအာချစ်သည် ဤအတိုင်း ဆက်လက်တိုက်ခိုက်ပါက မိမိပါဒုက္ခရောက်မည်ကိုခန့်မှန်းမိသည်။ ထို့ကြောင့် အလစ်ထွက်ပြေးရန် ကြိုးစားလိုက်သည်။

စွန်းဟိန်ကျဲက လှမ်းအော်၏။

"ကျူးပတ်ကိုင် .... သတိထား .... ဟိုဘီလူးကြီး ထွက်ပြေးဖို့ ကြိုးစားနေတယ်"

ကျူးပတ်ကိုင်သည် လက်အောက်တပည့်ဘီလူးများကို တိုက်ခိုက်နေရာမှ ဆားဝူကျိန်းနှင့်တိုက်ခိုက်နေသောဘီလူးကြီးအာချစ်ဘက်သို့ လှည့်၍တိုက်ခိုက်လေတော့၏။ ထို့ကြောင့် ဘီလူးကြီး အာချစ်အား ကျူးပတ်ကိုင်နှင့်ဆားဝူကျိန်းတို့က ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်သလို ဖြစ်သွားသည်။

ဘီလူးကြီးအာချစ်သည် သူ့အကြံပျက်သွားပြီး ပြေး၍မလွတ်မှန်းသိသည်နှင့် အသေအလဲပြန်လှန်တိုက်ခိုက်တော့သည်။ ဘီလူးကြီးအာချစ်အနေဖြင့် ဆားဝူကျိန်းနှင့်တစ်ယောက်ချင်းတိုက်ခိုက်ရလျှင် တိုက်ခိုက်နိုင်စွမ်းရှိသေးသည်။ ယခုကဲ့သို့ ကျူးပတ်ကိုင်ဝင်လာတိုက်သည့်အခါတွင်မူမခံနိုင်တော့ချေ။ သိုင်းကွက်ငါးဆယ်ခန့်ယှဉ်ပြိုင်ပြီးသည်နှင့် ဘီလူးကြီးအာချစ်မှာ ခြေကုန်လက်ပန်းကျလာတော့သည်။

ထွက်ပြေးမည်ကြံသော်လည်း ရန်သူများကထွက်ပြေးခွင့်မပေး၊ ယှဉ်ပြိုင်၍လည်း မတိုက်နိုင်။ တိုက်ရင်းအသေခံရမည့်ကိန်းသို့ ဆိုက်ရောက်လာတော့သည်။

မိမိတို့အားကူညီတိုက်ခိုက်နေသည့် လက်အောက်ငယ်သားများကိုကြည့်လိုက်သည့်အခါတွင်လည်း သုံးပုံပုံနှစ်ပုံခန့်သေဆုံးသွားကြပြီကို တွေ့နေရသည်။

"ကဲ ... လက်စားချေချင်ဦး .... လက်စားချေချင်ဦး ...."

စွန်းဟိန်ကျဲသည် ပါးစပ်မှ တတွတ်တွတ် ပြောလျက် ရွှေဦးချို ဘီလူးမင်းအားတိုက်ခိုက်နေသည်ကို တွေ့ရသည်။ ရွှေဦးချိုဘီလူးမင်းမှာ



တဖြည်းဖြည်း နောက်ဆုတ်ပေးနေရသည်။

ဘီလူးကြီးအာချစ်မှာ မိမိကိုကူညီနိုင်မည့်သူ မရှိတော့ကြောင်း တွေ့မြင်လာရသည်။ အကူအညီကင်းမဲ့နေလေပြီ။ ထို့ကြောင့်စိတ်ဓါတ်ကျလာလေ၏။

"ဒိုး ..."

ဆားဝူကျိန်း၏တောင်ဝှေးသည်သူ့ပခုံးအားရိုက်လိုက်မိသည်။

"အား ...."

ဘီလူးကြီးအာချစ်မှာ ရှေ့သို့ မှောက်လျက်လဲကျသွား၏။

ကျူးပတ်ကိုင်သည်အခွင့်အရေးကိုလက်လွှတ်မခံပေ။ သူသည် မလွှတ်တမ်းအသုံးချလိုက်၏။ သူသည် သူ၏ထွန်ခြစ်ဖြင့် ဘီလူးကြီး၏ကျောပြင်သို့ပေါက်ချလိုက်၏။ ထွန်ခြစ်သွားများသည် ဘီလူးကြီး၏ကျောပြင်သို့စိုက်နစ်ဝင်သွား၏။ ထွန်ခြစ်သွား စိုက်နစ်ဝင်သွားသည့် အပေါက်ကလေးများမှ သွေးများ ယိုစီးထွက်လာသည်။

သူသည်တစ်ချက်မျှ လူးလွန့်လိုက်သည်။ ထို့နောက်သေဆုံးသွားတော့သည်။

ဘီလူးများသည် ဘီလူးကြီးအာချစ်ကျဆုံးသွားသည့်ကိုမြင်သောအခါ အကြီးအကျယ်တုန်လှုပ်သွားကြ၏။ သူတို့သည် ကျူးပတ်ကိုင်တို့ကို ဆက်လက်မတိုက်ဝံ့တော့ဘဲ အလျှိုလျှိုထွက်ပြေးတိမ်းရှောင်သွားသည်။ သတ္တဝါဟူသမျှ သေရမည်ကိုကြောက်ကြသည်ပဲ။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် ပြေးလွှားထွက်ခွါသွားကြသည့် ဘီလူးများအားလိုက်လံတိုက်ခိုက်၏။ အချို့ကို သတ်ဖြတ်နိုင်သော်လည်း အချို့မှာလွတ်မြောက်သွားသည်။

နောက်ဆုံးစွန်းဟိန်ကျဲနှင့်တိုက်ခိုက်နေသည့် ရွှေဦးချိုဘီလူးမင်းတစ်ဦးသာ ကျန်ရှိတော့သည်။

စွန်းဟိန်ကျဲသည် တိုက်ခိုက်နေရာမှ မတိုက်ခိုက်တော့ဘဲ နောက်သို့ခုန်ဆုတ်လိုက်၏။

ရွှေဦးချိုဘီလူးမင်းသည် လွန်စွာအံ့ဩသွား၏။

စွန်းဟိန်ကျဲ အနေဖြင့် သူ့အား အသေ တိုက်ခိုက်ရမည့် အချိန်

မဟုတ်ပါလော ....။

ရွှေဦးချိုဘီလူးမင်းက -

"အသင် .... မတိုက်ခိုက်ဘဲ ဘာကြောင့်ရပ်ဆိုင်းလိုက်ရတာလဲ"

စွန်းဟိန်ကျဲက အပျင်းဆန့်လိုက်၏။

"ကျုပ် .... တိုက်ရမှာပျင်းလို့"

ရွှေဦးချိုဘီလူးမင်းသည် စွန်းဟိန်ကျဲအား အကဲခတ်လိုက်သောအခါ သူ့အားလုံးဝအရေးမထားသည့် ပုံသဏ္ဌာန်ကိုတွေ့ရလေ၏။ သို့သော် စွန်းဟိန်ကျဲသည် အလွန်ဉာဏ်များသူဖြစ်ကြောင်း သူသိသည်။

"ဒီမျောက်က သိပ်ဉာဏ်များတယ်၊ ငါ အခြေအနေ ကြည့်ပြီးပြေးမှဖြစ်မယ် ...."

သူသည် ဤသို့တွေးရင်း မသိမသာခြေလှမ်းကို နောက်ဆုတ်လေ၏။

စွန်းဟိန်ကျဲသည် လှည့်၍ပင် မကြည့်ချေ။ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့အား မေးမြန်းလိုက်၏။

"မင်းတို့ဒီကိုထွက်လာတာအရေးမကြီးဘူး၊ ဆရာဘေးအန္တရာယ်မကျရောက်ဖို့သာ အရေးကြီးတယ်"

ဆားဝူကျိန်းက -

"ဆရာအတွက်ဘာမှ မစိုးရိမ်ပါနဲ့၊ ဆရာက ထွက်ကူလိုက်ပါဆိုလို့ ကျုပ်တို့က အစ်ကိုကြီးကို ထွက်ပြီးကူတာပါ ...."

ရွှေဦးချိုဘီလူးမင်းသည် သူ့အား စွန်းဟိန်ကျဲတို့က မကြည့်ကြောင်းသိနေသည်။ သူသည်ထွက်ပြေးရန် အသာကလေးခြေဦးလှည့်လိုက်၏။

ထိုစဉ် စွန်းဟိန်ကျဲက -

"ရွှေဦးချိုဘီလူးမင်း ...."

သူသည် ရုတ်တရက် လှမ်းခေါ်လိုက်၏။

ရွှေဦးချိုဘီလူးမင်းကလည်း ယောင်ယမ်း၍ထူးသည်။

"ဗျာ"

ထိုအချိန်၌ စွန်းဟိန်ကျဲသည်ရေဘူးကိုရှေ့သို့ ထုတ်၍ချိန်ထား



ကြောင်းကိုတွေ့ရှိရသည်။ ထိုခဏ၌ သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်းသေးငယ်သွားပြီးရေဘူးထဲ ဝင်ရောက်သွားလေတော့၏။

စွန်းဟိန်ကျဲသည် ရေဘူး အဝကိုပိတ်လိုက်သည်။ ကျူးပတ်ကိုင်အံ့ဩသွားသည်။

"အစ်ကိုကြီး .... ရွှေဦးချိုဘီလူးမင်းစောစောက ရှိပါသေးတယ်၊ အခု ဘယ်ပျောက်သွားတာလဲ ....."

စွန်းဟိန်ကျဲက ရေဘူးကို မြှောက်ပြလိုက်၏။

"ဟောဒီမှာ ရေဘူးထဲရောက်သွားပြီလေ"

ကျူးပတ်ကိုင်က -

"တယ်ဟုတ်ပါလား၊ အစ်ကိုကြီးရဲ့ပစ္စည်းကတယ်စွမ်းပါလား"

"အဲ့ဒီရေဗူးထဲရောက်သွားတဲ့သူဟာ မကြာခင်အရည်ပျော်သွားတာကွ၊ သူ့ညီငွေဦးချိုဘီလူးမင်းလဲ ဒီဘူးထဲမှာပဲ စခန်းသိမ်းသွားတာ ..."

ဆားဝူကျိန်းက စုတ်သပ်လိုက်၏။

"သနားစရာပဲနော် ...."

စွန်းဟိန်ကျဲက -

"မင်းကသနားနေ ... သူဟာ အသက်ပေါင်းဘယ်လောက်ကိုစားပြီး ဒီလောက်ကြီးမားတဲ့ ဘီလူးဖြစ်လာတယ်ဆိုတာလဲ တွက်ဦး ...."

ဆားဝူကျိန်းက ခေါင်းညိတ်လေ၏။

"ကျုပ်ကရုတ်တရက်တွေးပြီး ပြောလိုက်တာပါ အစ်ကိုကြီးရာ၊ တကယ်တော့ သူတို့ဟာကြောက်စရာရွံစရာကောင်းတဲ့ သတ္တဝါတွေပါ၊ ကျုပ်လဲ ဒီဘဝကလာလို့ သိပါတယ်"

ကျူးပတ်ကိုင်က -

"ကဲ .... အစ်ကိုကြီး ဘီလူးတွေတော့ အားလုံးသေကုန်ပြီ၊ ဘာဆက်လုပ်ကြမလဲ ...."

စွန်းဟိန်ကျဲက -

"ဘာလုပ်ရမလဲ၊ တို့ဆရာဆီ ပြန်ကြတာပေါ့"

သူတို့သည် ကြာပန်းလိုဏ်ဂူအတွင်းရှိ ဆရာတော်ထံသို့ပြန်လည်လျှောက်သွားကြသည်။

ဆရာတော်သည် စွန်းဟိန်ကျဲတို့ကို မြင်သောအခါ လွန်စွာဝမ်းသာသွားသည်။

"ဟိန်ကျဲ .... ဘီလူးတွေ ထွက်ပြေးသွားကြပြီလား"

"တ ချို့လဲ သေကုန်ပြီ၊ တ ချို့လဲ ထွက်ပြေးကုန်ပြီ"

ဆရာတော် ပြုံးရွှင်သွားသည်။

"တော်သေးတာပေါ့ကွယ်၊ ငါတို့မှာလဲ တစ်ရန်ပြီးတစ်ရန် ပေါ်နေရတယ်၊ အခုဆိုရင် ခရီးဆက်လို့ရပြီပေါ့"

"မရသေးပါဘူးဆရာ ...၊ အခုနေဝင်တော့မယ်ဆိုတော့ တပည့်တော်တို့ ဒီဂူထဲမှာ တစ်ညတော့ ဆက်နားရပါဦးမယ် ... "

"နားတာပေါ့ကွယ်၊ အချိန်မှမရှိတော့ဘဲ၊ ညကြီးမင်းကြီးတောလမ်းတောင်လမ်းခရီးကို သွားဖို့မသင့်ပေဘူး"

ဆရာတော်က ကျူးပတ်ကိုင်ဘက်သို့လှည့်ပြီး -

"ကျူးပတ်ကိုင် .... သင် စားစရာသောက်စရာတွေရှာဖို့ တာဝန်ယူပါဦး ...."

"ကောင်းပါပြီဆရာ ...."

ဤသို့ဖြင့်ဆရာတပည့်တစ်စုတို့သည် ကြာပန်းလိုဏ်ဂူအတွင်း နောက်ထပ်တစ်ရက် နေကြရတော့သည်။

နောက်တစ်နေ့အရုဏ်ကျင်းချိန်၌ ဆရာတော်သည် ဘုရားဝတ်ပြုပြီးသည်နှင့်ခရီးထွက်ရန်ပြင်ဆင်တော့သည်။ ထိုအချိန်၌ကျူးပတ်ကိုင်မှာအိပ်ပျော်နေသေးသည်။ စွန်းဟိန်ကျဲက ခြေထောက်နှင့်ကန်လိုက်၏။

"ဝက်ပုတ်ထစမ်း ..... အားလုံး အဆင်သင့်ဖြစ်နေပြီ"

ကျူးပတ်ကိုင်သည် လူးလဲ၍ထလာလေ၏။ သူ၏ဝေယျာဝစ္စများပြီးစီးသောအခါ ဆရာတော်သည်ခရီးထွက်ရန်အဆင်သင့်ဖြစ်နေလေပြီ။ ထို့နောက်ဆရာတပည့်တစ်စုတို့သည် အနောက်ရှူးရှူးသို့ခရီးထွက်လေတော့၏။

သူတို့ခရီးထွက်၍လီပေါင်းငါးဆယ်ခန့်ခရီးသို့ရောက်လာသောအခါ သူတို့ရှေ့၌ အဘိုးအိုတစ်ယောက် တောင်ဝှေးတစ်ချောင်းဖြင့် လမ်းလျှောက်လာသည်ကို တွေ့ရလေ၏။



ကျူးပတ်ကိုင်သည် အဘိုးအိုကိုမြင်သောအခါ ညည်းတွားလိုက်သည်။

"ဒုက္ခပါပဲ"

ထန်စန်းကျွမ်းဆရာတော်က -

"ဘာတွေ ဒုက္ခ ဖြစ်နေရတာလဲ"

"ဟိုရှေ့မှာအဘိုးကြီးတစ်ယောက်တွေ့နေရပြန်ပြီဆရာ ...၊လူသူမနီးတဲ့ တောကြီးထဲမှာဆိုတော့ ဒီအဘိုးအိုဟာ မရိုးဘူးလို့ဆိုရမယ်၊ ဘီလူးက လူယောင်ဆောင်ထားတဲ့အဘိုးအို ဖြစ်ချင်ဖြစ်နေမှာ ...."

အဘိုးအိုသည် သူတို့ရှေ့သို့ရောက်ရှိလာ၏။ အဘိုးအို လက်ဝါးဖြန့်သည်။

"ငါ့ပစ္စည်းတွေ ပြန်ပေးပါ ....."

စွန်းဟိန်ကျဲ အံ့သြသွားသည်။

"ကျုပ်က ဘာပစ္စည်းတွေ ပြန်ပေးရမှာလဲ"

"ငါ့ပစ္စည်းတွေနင်ယူထားတာ ငါမသိဘူးလို့ထင်နေသလား"

"ဘာပစ္စည်းတွေလဲ"

"ပစ္စည်းငါးမျိုး"

"ပစ္စည်းငါးမျိုးဆိုတာ ဘာတွေလဲ"

"မျောက်စုတ် .... မင်းကခုမှဘာမသိချင်ဟန်ဆောင်နေတာလဲ"

သူသည်လက်ချိုး၍ ရေတွက်ပြလေ၏။

"ဘီလူးကြိုးတစ်ချောင်း၊ ငှက်ပျောယပ်တောင်တစ်ခု၊ ခုနစ်စဉ်ကြယ်ဓါးတစ်လက်၊ ကြွေပန်းအိုးတစ်အိုးနဲ့ ရေဗူးတစ်လုံး၊ အဲဒါတွေဟာ ငါ့ပစ္စည်းတွေပဲ ...."

စွန်းဟိန်ကျဲသည် အဘိုးအိုကိုစူးစိုက်ကြည့်လိုက်၏။

"အဘိုးက ဘယ်သူလဲ ...."

အဘိုးအိုက စွန်းဟိန်ကျဲ၏နားခေါင်းကိုထိလုနီးနီး လက်ညှိုးဖြင့်ထိုးလိုက်၏။

"မျောက်စုတ်...မျောက်နာ... မင်းသိရက်သားနဲ့ မသိချင်ယောင်ဆောင်မနေနဲ့၊ ငါပတ္တမြားမျက်ရှင်ဘိုးဘိုးဆိုတာ မင်းသိပါတယ် ....."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"အဘိုးရဲ့ပစ္စည်းတွေက ဘာဖြစ်လို့ ဘီလူးနှစ်ကောင်ရဲ့လက်ထဲ ရောက်သွားရတာလဲ"

အဘိုးအိုကရှင်းပြသည်။

"အဲ့ဒါဘီလူးနှစ်ကောင် မဟုတ်ဘူးကွ၊ သူတို့ဟာငါရဲ့ ဖိုထိုးတဲ့ သူငယ်နှစ်ယောက်ပါ၊ တစ်နေ့မှာငါညီလာခံတက်နေတုန်း ခိုးပြီးလူပြည်ကို ဆင်းသွားကြတာ ..."

စွန်းဟိန်ကျဲက သူ့နဖူးကိုသူရိုက်မိတော့၏။

"အဲ့ဒါမှဒုက္ခပဲ ....၊ သူတို့က ဒီမှာဘီလူးနှစ်ကောင်ဖြစ်နေတာဗျ၊ ကျုပ်က သတ်လိုက်ပြီ ....."

အဘိုးအိုက –

"သေလဲကိစ္စမရှိပါဘူးကွာ၊ သူတို့က မဟုတ်တာလုပ်တာပဲ ...."

စွန်းဟိန်ကျဲသည် သူယူလာသည့် ပစ္စည်းငါးမျိုးကို ထုတ်ပေးလိုက်သည်။

"အေး .... ကျေးဇူးတင်ပါတယ်ကွာ ...."

အဘိုးအိုသည် ပစ္စည်းငါးမျိုးကိုလက်ခံယူပြီးနောက် တိမ်တိုက်ပေါ်ခုန်တက်သွားလေ၏။

ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်သုံးယောက်တို့သည်လည်း အနောက်စူးစူးသို့ ခရီးဆက်လက်ထွက်ခွာ ကြလေသတည်း။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၀၄)

## ပြတ်သားသည့် ဘုန်းတော်ကြီး

သူတို့သည် တောတောင်ခရီးများကိုသာ ဖြတ်သန်းကြရရာ တောင်တက်ခရီး၌ အလွန်ပင်ပန်းကြရသည်။ သူတို့သည် တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ခရီးဆက်ခဲ့ကြရာ တောင်ကြီးတစ်ခုလုံး၏ ခြေရင်းအရောက်တွင် နေဝင်စပြုလေတော့သည်။

"ဒီနေ့တော့ ဒီတောင်ကို မတက်နိုင်တော့ဘူး၊ ဒီတောင်ခြေမှာ နားရမှာပဲ"

ကျူးပတ်ကိုင်က ပြောလေ၏။

ဆရာတော်သည် မြင်းပေါ်မှ ဆင်းသက်လိုက်၏။

"ဟိန်ကျဲ ... ရှေ့မှာ အတော်မြင့်တဲ့ တောင်ကြီးတစ်လုံးကို တွေ့နေရတယ်၊ ဘာဘာညာညာတွေများ တွေ့နေရဦးမလားမသိဘူး ....."

စွန်းဟိန်ကျဲက –

"ဆရာ ... ဘာဘာညာညာတွေ တွေးမနေပါနဲ့၊ တွေးနေရင် အာရုံထဲ ဟိုကောင်ဒီကောင်တွေ ဝင်လာမှာပါပဲ၊ စိတ်ကို ရှင်းရှင်းထားပါ၊ ဆရာက တပည့်တော်တို့ထက် ပိုတရားရှိပါတယ် ...."

ထန်စန်းကျွမ်းဆရာတော်က –

"အင်း .... အနောက်တိုင်းခရီးစဉ်က အလွန်လဲဝေးတယ်၊ အလွန်ပဲ ဒုက္ခရောက်တယ်၊ ဒုက္ခကို ရင်စီးခံပြီး ခရီးဆက်ကြရဦးမှာပဲ၊ အင်း .... မရောက်ရောက်အောင်တော့ သွားကြရမှာပေါ့ကွယ် ...."

ဆရာတော်က ဆက်ပြောသည်။

"ကျုပ်က ချန်အန်းမြို့တော်က ထွက်ခဲ့တာ အခုဆိုရင် လေးငါးနှစ်တောင်ကြာပြီ၊ အခုအထိ ပိဋကတ်သုံးပုံဆီကို မရောက်နိုင်သေးဘူး"

စွန်းဟိန်ကျဲက –

"တပည့်တော်တို့ အခု လျှောက်လာတဲ့အတိုင်းအတာဟာ အိမ်တံခါးအပြင်တောင် မရောက်သေးပါဘူး ဆရာ ...."

ကျူးပတ်ကိုင်က –

"အစ်ကိုကြီးဟာ စကားကိုပြောရင် တဲ့တိုးကြီး ပြောတာကိုး .... ဆရာ စိတ်ဓါတ်ကျအောင် မပြောပါနဲ့ အစ်ကိုကြီး"

စွန်းဟိန်ကျဲက –

"ငါစိတ်ဓါတ်ကျအောင် ပြောနေတာမဟုတ်ဘူး၊ ဆရာ့ကို အမှန်အတိုင်းသိစေချင်လို့ ပြောနေတာ ...၊ ဆရာသိထားမှ ဆရာမာန်တင်းနိုင်မယ်၊ ခရီးအကွာအဝေးကိုသိမှ ဆရာ့ဆုံးဖြတ်ချက် ပြတ်သားနိုင်မယ်၊ ငါက စေတနာနဲ့ ပြောနေတာကွ ....."

ကျူးပတ်ကိုင်က –

"ဒီလိုဆိုရင် အစ်ကိုကြီးရဲ့ ဥပမာကို ဆက်ရှင်းစမ်းပါဦး"

စွန်းဟိန်ကျဲက –

"ဥပမာ ... ကောင်းကင်ကြီးဟာ အိမ်ခေါင်မိုးကွာ၊ နေနဲ့လဟာ ပြတင်းပေါက်တွေကွာ၊ မြေပြင်ကြီးဟာ အိမ်တစ်လုံးဆိုရင် ငါတို့ခရီးကို မင်းခန့်မှန်းနိုင်ပြီပေါ့၊ ငါတို့ဟာ စကြဝဠာအပြင်ဘက်ကို လျှောက်နေတာမဟုတ်ဘူးဆိုတာ ဆရာ့ကို သိစေချင်လို့ ပြောနေတာပါ ...."

စွန်းဟိန်ကျဲက ဆက်ပြောလေ၏။

"ကဲ ... ဒီနေရာမှာ မနားပါနဲ့၊ မြေပြင်ကလဲ မညီမညာနဲ့၊ ဆရာ မြင်းပေါ်ပြန်တက်ပါ၊ တပည့်တော်တို့ နေရာကောင်း တွေ့လိုတွေ့ငြား ရှေ့ဆက်ပြီး သွားလိုက်ကြရအောင်၊ နေရောင်ကလေးရှိတုန်း ....."



ဆရာတော်သည် မြင်းပေါ်ပြန်တက်လေ၏။

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်အား –

"ဟေ့ကောင် .... မြင်းကို သေသေချာချာဆွဲ ...၊ တောင်ငေးမြောက်ငေး လုပ်မနေနဲ့ ....."

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲအား မျက်စောင်းထိုးပြီး မြင်းကို ဆွဲလေ၏။

ဆားဂူကျိန်းကမူ ဘာစကားမျှမပြောဘဲ နောက်ဆုံးမှ အထုပ်ထမ်း၍ လိုက်လေ၏။

ဆရာတော်သည် မြင်းပေါ်မှဖြစ်ရာ အားလုံးထက်အဝေးကို ပိုမြင်ရသည်။ သူသည် ခပ်လှမ်းလှမ်း၌ အဆောက်အဦးကဲ့သို့သော အရာကို ခပ်ပျပျ ခပ်မှုန်မှုန် တွေ့ရပေ၏။

"ဟိန်ကျဲ .... ရှေ့မှာ အဆောက်အဦးလိုလိုတော့ တွေ့ရပြီ၊ သွားစုံစမ်းကြည့်စမ်း၊ အဆောက်အဦးဆိုရင် တစ်ညတည်းခိုဖို့ အခွင့်တောင်းရမယ်"

စွန်းဟိန်ကျဲက –

"နေပါဦးဆရာ .... ဘာအဆောက်အဦးလဲဆိုတာ တပည့်တော်ကြည့်ပါဦးမယ်၊ တော်ကြာ တည်းခိုလို့မရမယ့် အဆောက်အဦးဖြစ်နေပါဦးမယ်"

သူသည် ပြောဆိုပြီးသည်နှင့် တိမ်တိုက်ပေါ်သို့ ခုန်တက်လိုက်လေ၏။ သူသည် မျက်ခုံးပေါ်လက်ကာ၍ လှမ်းကြည့်လိုက်သည်။

တောင်ခြေ၌ ဘုရားကျောင်းတစ်ခု တည်ရှိနေသည်ကို မြင်ရသည်။ ဤမျှ လူသူမနီးသည့် တောကြီးအတွင်း ဘုရားကျောင်းရှိနေသည်မှာ အံ့သြစရာပင်။ သူသည် တိမ်တိုက်ပေါ်မှ ပြန်လည်ခုန်ဆင်းလိုက်သည်။

"ဆရာ .... ရှေ့မှာ ဘုရားကျောင်းတစ်ကျောင်းပါ ...."

ထန်စန်းကျွမ်းဆရာတော်သည် ဝမ်းသာသွားသည်။

"ဟာ ... ဟန်ကျလိုက်တာ၊ အဲဒီဘုရားကျောင်းကို သွားရမယ်၊ တစ်ညတော့ တည်းခိုခွင့် တောင်းရမယ် ....."

သူတို့အားလုံးသည် ထိုဘုရားကျောင်းဆီသို့ ခြေလှမ်းခပ်သုတ်သုတ်ဖြင့် သွားကြလေ၏။ မကြာမီ နေဝင်တော့မည်။ သူတို့အားလုံး ဘုရားကျောင်းဆီသို့ ရောက်လာကြသည်။

စွန်းဟိန်ကျဲက –

"ဆရာ .... ဒါ ဘာဘုရားကျောင်းလဲ"

ထန်စန်းကျွမ်းဆရာတော်က ခေါင်းခါသည်။

"ငါလဲ မသိဘူး ...."

"ဆရာက လုပ်တော့မယ်"

"ငါမသိလို့ မသိဘူးပြောတာပဲ တပည့်ရာ"

"ဆရာမတွေ့ဘူးလား၊ ဘုရားကျောင်းရဲ့ တံခါးပေါ်မှာ ရွှေစာလုံးတွေ ရေးထားတယ် မဟုတ်လား၊ ဘာဘုရားကျောင်းဆိုတာ ဆရာသိရမှာပေါ့"

"ငါ တွေ့ပါတယ်"

"တွေ့ရင် ဆရာဖတ်တတ်မှာပေါ့၊ ဆရာဟာ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ယောက်ပဲ ....."

"ဖတ်တတ်တာပေါ့၊ ဒါပေမယ့် ကျနေက ရောင်ပြန်ဟပ်နေတော့ စာကို ဖတ်လို့မရဘူး ဟိန်ကျဲ"

ထိုအခါကျမှ စွန်းဟိန်ကျဲ ရှင်းသွားသည်။

သူတို့သည် ရှေ့ဆက်လျှောက်သောအခါမှ ဆရာတော်သည် တံခါးဆိုင်းဘုတ်ပေါ်မှ နာမည်ကို ဖတ်၍ရသည်။

"ရတနာဘုရားကျောင်း ဆိုပါကလား"

စွန်းဟိန်ကျဲက –

"ဘုရားကျောင်းရှိရင် ကပ္ပိယရှိမှာပဲ၊ ကပ္ပိယရှိရင် ....."

ကျူးပတ်ကိုင်က –

"ဆရာ့ကို ဆွမ်းကပ်မယ့်သူ ရှိမှာပဲ"

စွန်းဟိန်ကျဲက သိသည်။ ထို့ကြောင့် ဆရာတော်အားပြောသည်။

"ဆရာရေ ... တပည့်တော်တို့ ရပ်ရည်တွေကတော့ ဆရာသိတဲ့အတိုင်း အားလုံး လူချောလူလှချည်းပဲ၊ လူချောလူလှတွေဆိုတော့ ကပ္ပိယဟာ ကြောက်လန့်ပြီး တပည့်တော်တို့ကို တည်းခိုခွင့်ပေးမှာ မဟုတ်ဘူး၊ ဒါကြောင့် ဆရာကိုယ်တိုင်ပဲသွားတာ ကောင်းပါတယ်"



ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်၏။

"သင်ပြောတာမှန်တယ်၊ ရတနာဟတ္ထိနိုင်ငံ နန်းတော်အတွင်းဝင်တော့ ငါသူတို့နှစ်ယောက်ကို တည်းခိုခန်းမှာ ထားပစ်ခဲ့တာပဲ ...."

"လုပ်ပါ ...၊ ဆရာတို့ ကောင်းတယ်ထင်သလို လုပ်ကြပါ"

ကျူးပတ်ကိုင်က ငေါ့တော့တော့ဖြင့် ပြောလေ၏။

ဆရာတော်သည် မြင်းပေါ်မှ ဆင်းသက်ပြီး –

"ကဲ .... သင်တို့အားလုံး ဒီမှာ ခဏစောင့်နေကြဦး"

သူသည် သင်္ကန်းကိုပြင်၍ရုံရင်း ဘုရားကျောင်းထဲသို့ လျှောက်ဝင်သွားလေ၏။

ရတနာဘုရားကျောင်းသည် ကြီးကျယ်ခမ်းနားသည့် ဘုရားကျောင်းကြီးတစ်ခု မဟုတ်သော်လည်း အဆောက်အဦးမှာ သေးငယ်လှသည်တော့ မဟုတ်ချေ။ အဆောင်ဆောင် အခန်းခန်းရှိနေပေသည်။

ဘုရားခန်းသည် ကြီးကျယ်စွာရှိပြီး ဘုရားခန်း၏ဘေး၌ ကွပ်ပျစ်တစ်လုံးရှိသည်။ ကွပ်ပျစ်ဘေးတွင် စားပွဲတစ်လုံးရှိပြီး ကွပ်ပျစ်ပေါ်၌ ဘုန်းတော်ကြီးတစ်ပါးက စာရေးသားလျက်ရှိ၏။

ထန်စန်းကျွမ်းဆရာတော်သည် လက်အုပ်ချီ၍ ရပ်နေသည်။

အတန်ကြာသည့်တိုင် ရပ်နေသော်လည်း ဘုန်းတော်ကြီးက လှည့်မကြည့်ချေ။

ထို့ကြောင့် ချောင်းတစ်ချက် ဟန့်လိုက်၏။

"အဟမ်း ...."

ဘုန်းတော်ကြီး လှည့်မကြည့်ခြင်းမှာ ထန်စန်းကျွမ်းဆရာတော် ရောက်နေမှန်း မသိ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော် ချောင်းဟန့်လိုက်သည်နှင့် ထိုဘုန်းတော်ကြီးမှာ လန့်ဖျပ်သွားသောကြောင့် ဖြစ်သည်။

ယခုမှစ၍ ထန်စန်းကျွမ်းဆရာတော်အား တွေ့မြင်လိုက်ရသည်မှာ အမှန်အကန် ဖြစ်သည်။ ဘုန်းတော်ကြီးသည် ဆရာတော်အား တွေ့

လိုက်ရသောအခါ မျက်မှောင်ကုတ်မိသည်။

သူက တင်းမာသော လေသံဖြင့် မေးသည်။

"အရှင်ဘုရား .... ဘယ်ကလာတာလဲ၊ ဘာကိစ္စရှိလို့လဲ ....."

ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီလိုက်၏။

"ကျုပ်ဟာ ထန်နိုင်ငံက ဖြစ်ပါတယ်၊ ထန်ဘုရင်မင်းမြတ်က စေလွှတ်လိုက်တဲ့ ဘုန်းတော်ကြီး တစ်ပါးပါ၊ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ ထွက်လာခဲ့ကြတာပါ ...."

"ဟုတ်ပြီ၊ ဒါဆိုရင် တပည့်တော်သိပြီ"

"ဘာသိတာလဲ"

"ဆရာတော်ဟာ ထန်စန်းကျွမ်းဆရာတော်ပဲ ဖြစ်ရမယ်"

ဆရာတော်က ခေါင်းညိတ်၏။

"မှန်ပါတယ်"

"တပည့်တော်တို့ သတင်းကြားနေရတာပဲ"

"ဒီလောက် ခရီးအဝေးကြီးကို သတင်းကြားရသလား"

"ဆရာတော် ခရီးထွက်လာတဲ့ သတင်းဟာ တရုတ်ပြည်တစ်နံ့တစ်လျားမှာ ကြားသိနေရတဲ့ သတင်းပါ ...."

"ဩော် ....."

"ဆရာတော် ရှေ့ကို ခရီးဆက်သွားသင့်ပါတယ်၊ ဘာကြောင့် ခရီးဆက်မသွားဘဲ တပည့်တော်တို့ဆီ ဝင်လာရတာလဲ"

ထန်စန်းကျွမ်းဆရာတော်က ရှင်းပြသည်။

"အရှင်ဘုရား အပြင်ကို ထွက်ကြည့်ပါဦး၊ နေတောင် အတော်ဝင်နေပါပြီ၊ တပည့်တော်တို့ ရှေ့ဆက်ခရီးသွားဖို့ မလွယ်ပါဘူး၊ တစ်ညလောက် တည်းခိုခွင့်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ဘုန်းတော်ကြီးက ထူးဆန်းစွာ ခေါင်းယမ်းလေ၏။

"ဆရာတော် ....၊ ဒါဘုန်းကြီးကျောင်းပါ၊ တည်းခိုခန်းမဟုတ်ပါဘူး၊ ဘယ်လိုလုပ် တစ်ညတာ တည်းခိုခွင့် ပေးနိုင်မလဲ"

ထန်စန်းကျွမ်းဆရာတော်က -

"ဘုန်းကြီးကျောင်းမို့လို့ ပြောနေတာပေါ့၊ ဘုန်းကြီးကျောင်းဆို



တာ အားကိုးရာမဲ့သူတွေ၊ ဒုက္ခသည်တွေအတွက် ခိုနားရာလဲလျောင်းရာ ဘုမိနက်သန်ဖြစ်ပါတယ်၊ ဒီလူတွေအတွက်လဲ ဘုန်းကြီးကျောင်းတွေဟာ အမြဲတံခါးဖွင့်ထားတာပါပဲ၊ ဒါကြောင့်မို့ ကျုပ်က တည်းခိုခွင့်တောင်းတာပါ၊ တည်းခိုခန်းဆိုရင်တော့ ဘာပြောစရာလိုသလဲ၊ အခကြေးငွေပေးပြီး အခန်းငှားလိုက်ရင် ပြီးတာပါပဲ"

ဘုန်းတော်ကြီးက ခါးခါးသီးသီးပြောသည်။

"ဒီပြင် ကျောင်းတွေဟာ ဘုန်းကြီးတွေ၊ ဒုက္ခသည်တွေ အားကိုးရာမဲ့သူတွေအတွက် ခိုနားရာ လဲလျောင်းရာ ဖြစ်ချင်ဖြစ်မယ်၊ ကျုပ်တို့ကျောင်းကတော့ မဖြစ်ဘူး၊ အရှင်ဘုရားတို့ကိုလဲ တည်းခိုခွင့် မပေးနိုင်ဘူး ....."

"ဘာဖြစ်လို့ တည်းခိုခွင့် မပေးနိုင်တာလဲ၊ ဒီအချက်ဟာ ဗုဒ္ဓရဲ့အလိုတော်နဲ့ ဆန့်ကျင်နေတာပဲ ...."

"ဗုဒ္ဓအလိုတော်နဲ့ ဆန့်ကျင်ကျင် မဆန့်ကျင်ကျင် ကျုပ်တို့ကတော့ တည်းခိုခွင့် မပေးနိုင်ဘူး"

ဆရာတော်မှာ ဘာဆက်ပြောရမှန်း မသိတော့ပေ။

ဘုန်းတော်ကြီးက အနောက်ဘက်သို့ လက်ညှိုးထိုးပြလိုက်၏။

"အဲဒီ အနောက်ဘက် လေးငါးလီအထိ လျှောက်သွားပါ၊ မှောင်ပေမယ့်လဲ ဘာအန္တရာယ်မှ မရှိပါဘူး၊ ရွာကလေးတစ်ရွာရှိပါတယ်၊ အဲဒီရွာမှာ ဆရာတော်တို့ သွားတည်းနိုင်ပါတယ်၊ ရွာကလဲ လက်ခံမှာပါ၊ ကျုပ်တို့ ကျောင်းကတော့ လက်မခံပါဘူး"

ဘုန်းတော်ကြီးက ခတ်ပြတ်ပြတ်ပင် ပြောလေ၏။

ထန်စန်းကျွမ်းဆရာတော်မှာ အလွန်ပင် ဝမ်းနည်းသွားလေ၏။ ဗုဒ္ဓဘာသာဝင် သူတော်စင်များမှာ ကိုယ်နစ်နာလျှင် နစ်နာပါစေ ..... သူတစ်ပါးအဆင်ပြေမည်ဆိုလျှင် ကြံဖန်၍ပင် အကူအညီပေးတတ်ကြပေသည်။ ယခုသော် .... ဗုဒ္ဓဘာသာဝင် သူတော်စင်အချင်းချင်း အကူအညီမပေးဘဲ ခါးသီးစွာ ငြင်းပယ်နေသဖြင့် ဆရာတော်သည် လွန်စွာ စိတ်ပျက် ဝမ်းနည်းသွားသည်။

ဆရာတော်သည် ဆက်လက်တောင်းပန်ရန် ကြံရွယ်လိုက်သည်။

နို့မဟုတ်ပါက သစ်ပင်အောက်တွင် အိပ်စက်ရတော့မည် မဟုတ်ပါလား။

ထိုစဉ် ဘုန်းတော်ကြီးသည် ရုတ်တရက် ထရပ်ပြီး သူ၏ စာရွက်စာတန်းများကို ပွေ့ပိုက်ထွက်ခွာသွားလေတော့၏။ ဆရာတော်မှာ မှင်တက်အံ့သြသွားသည်။ ဘုန်းတော်ကြီးသည် သူ့အား စောင်းငဲ့၍ပင် မကြည့်တော့ချေ။ မျက်နှာလွှဲသွားချေပြီ။ သူနှင့် စကားပြောရန် အကြောင်း မရှိတော့ဟူသည့် သဘောပင် ဖြစ်လေ၏။

"သြော် .... ဗုဒ္ဓဘာသာဝင်များဟာ သူတစ်ပါးကို သနားတတ်တယ်၊ ညှာတာတတ်တယ်၊ အကူအညီကင်းမဲ့တဲ့သူတွေကို အကူအညီပေးတတ်တယ်၊ အခုတော့ .... ဒီလိုမဟုတ်ပါလား"

ဆရာတော်သည် တီးတိုးရေရွတ်လိုက်လေ၏။

သူသည် ဘုန်းတော်ကြီး ပြန်ထွက်လာနိုးဖြင့် စောင့်နေလိုက်သေးသည်။ သို့သော် .... ဘုန်းတော်ကြီးမှာ လုံးဝပြန်ထွက်မလာတော့ပေ။

နောက်ဆုံး ထန်စန်းကျွမ်းဆရာတော်သည် လက်မှိုင်ချလျက် ဘုရားကျောင်းပြင်ပသို့ ပြန်လည်ထွက်ခွာ သွားရလေတော့၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၁၀၅)

## တောင်းပန်ခြင်းနှင့် ခြိမ်းခြောက်ခြင်း

ဆရာတော်သည် မျက်နှာညှိုးနွမ်းလျက် ပြန်လာတော့၏။ သူ သွားရောက် ခွင့်တောင်းသည့် ကိစ္စမှ မအောင်မြင်ခဲ့သည်ပဲ။

စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် ဆရာတော် မျက်နှာမကောင်းဘဲ ပြန်လာသည်ကို တွေ့ရသောအခါ ထိတ်ထိတ် ပျာပျာဖြစ်သွားသည်။

"ဆရာ .... အဆင်ပြေခဲ့ရဲ့လား"

တပည့်သုံးယောက်စလုံးက ပြိုင်တူပင် ဆီး၍မေးမြန်းကြသည်။

ဆရာတော်က ညှိုးနွမ်းစွာ ခေါင်းကိုခါယမ်းလိုက်သည်။ ဘာမျှ မပြောပေ။ စွန်းဟိန်ကျဲသည် ဆရာတော် မျက်နှာညှိုးနွမ်းသည်ကို တွေ့ရသဖြင့် စိတ်ထဲနေမထိ ထိုင်မသာဖြစ်သွားသည်။

"ဆရာ .... ဘာဖြစ်လာသလဲ"

ဆရာတော်သည် ခေါင်းယမ်းသည်။

"ဘာမှမဖြစ်ပါဘူး ....၊ ငါတို့ အိပ်စက်နားနေဖို့ သစ်ပင်ကောင်းကောင်းတစ်ပင်ကို ရှာကြပါ ....."

ဆရာတော်က ဒါပဲပြောသည်။

စွန်းဟိန်ကျဲတို့ သိလိုက်လေပြီ။ ဆရာတော် သွားရောက် အခွင့်တောင်းသည့်ကိစ္စမှာ အဆင်မပြေတော့ဟု။

စွန်းဟိန်ကျဲက -

"ဆရာ .... ဆရာ့ကို သူတို့က ရိုက်လွှတ်လိုက်သလား"

"မရိုက်ပါဘူး"

"ဒါဖြင့် ဆရာ့မျက်နှာက ညှိုးနွမ်းလှချည့်လား"

"ဩော် ....၊ ဗုဒ္ဓဘာသာဝင်ချင်းလဲဖြစ်ပြန်၊ ဘုရားကျောင်းလဲဖြစ်ပြန်၊ အဲဒီလိုဖြစ်ရက်နဲ့ ငါတစ်ညတည်းခိုခွင့်တောင်းတာကို ခွင့်မပြုလို့ ဝမ်းနည်းနေမိတာပါ၊ ဗုဒ္ဓဘာသာဟာ အင်မတန် နူးညံ့တဲ့ဘာသာပဲ"

စွန်းဟိန်ကျဲက ဒေါသထွက်သွားသည်။

"ဆရာ .... ဒီမှာ ခဏနေပါဦး၊ တပည့်တော် သွားတွေ့လိုက်ပါဦးမယ်"

ဆရာတော်က -

"ကောင်းကောင်းမွန်မွန် ပြောပါကွာ၊ သူတို့ လက်မခံရင်လဲ ရှိပါစေ...၊ ငါတို့ ကြံဖန်နားကြတာပေါ့၊ သူတို့ကိုတော့ မသတ်ပါနဲ့၊ အပြစ်ကင်းတဲ့ ဘုန်းတော်ကြီးတွေပါ"

စွန်းဟိန်ကျဲက ခေါင်းညိတ်လိုက်၏။

"မှန်လှပါဆရာ"

သူသည် ဘုရားကျောင်းထဲသို့ ဝင်သွားတော့၏။

သူဝင်ရောက်သွားသောအခါ ဘုရားကျောင်းထဲ၌ လူတစ်ဦးတစ်ယောက်မျှ မရှိသည်ကို တွေ့ရလေ၏။ သူသည် လျှောက်ကြည့်သည်။

ဘုရားခန်းကိုတော့ ကြီးမားစွာ ပြင်ဆင်ထားသည်ကို တွေ့ရသည်။

"ဟင်း .... ဘုရားခန်းကိုတော့ လှလှပပလုပ်ထားတယ်၊ လုပ်တဲ့အလုပ်ကတော့ ဘုရားမကြိုက်တဲ့အလုပ်၊ တတ်လဲတတ်နိုင်တဲ့ ဘုန်းကြီးတွေပဲ ....."

သူသည် အော်ခေါ်လိုက်၏။

"အခန်းထဲမှာ ဘယ်သူရှိသလဲ၊ ရှိရင် ခဏထွက်ခဲ့ပါ"



သူသည် နှစ်ကြိမ်တိုင်တိုင် အသံပြုရ၏။

ထိုအခါမှ ရသေ့တစ်ပါး သုတ်သီးသုတ်ပျာဖြင့် အခန်းတွင်းမှ ထွက်လာသည်။

သူသည် စွန်းဟိန်ကျဲကို တွေ့မြင်ရသောအခါ လန့်သွားလေ၏။ သူသည် နောက်ဆုတ်သွားသည်။

စွန်းဟိန်ကျဲက -

"သင် .... ဘယ်သူလဲ"

ရသေ့ကြီးမှာ ထိတ်လန့်လွန်းသဖြင့် မှင်တက်နေသည်။

စွန်းဟိန်ကျဲက မျက်လုံးပြူး၍ မေးလိုက်၏။

"မေးနေတာ မကြားဘူးလား"

ရသေ့ကြီးက -

"ကြား .... ကြားပါတယ် ....."

"ကြားရင် အဖြေပေးပေါ့၊ ဘာကြောင့် အဖြေမပေးတာလဲ"

"ကျုပ်က ဒီကျောင်းမှာ ထမင်းချက်ပါ ....."

"ဒီကျောင်းမှာ တာဝန်ခံတော့ ရှိမှာပေါ့"

"ရှိပါတယ်"

"သွားခေါ်ခဲ့စမ်း ...."

ရသေ့ကြီးသည် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး အခန်းထဲပြေးဝင်သွားလေ၏။ သူသည် စွန်းဟိန်ကျဲနှင့် ရင်မဆိုင်လိုပေ။

"ဆရာတော် .... ဆရာတော် ....."

သူ၏အသံမှာ တုန်တုန်ယင်ယင် ဖြစ်နေသည်။

ဘုန်းတော်ကြီးက သူ့အား မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။

"ဘာဖြစ်လာတာလဲ ရသေ့ကြီး"

ရသေ့ကြီးက -

"အပြင်မှာ မျောက်တစ်ကောင် ရောက်နေပါတယ်"

ဘုန်းတော်ကြီးက -

"မျောက်တစ်ကောင်ရောက်တာ ဆန်းသလား၊ ဒီနားတစ်ဝိုက်မှာ မျောက်တွေ၊ တောခွေးတွေ မကြာခဏ ရောက်လာတတ်တာပဲ"

ရသေ့ကြီးက -

"အဲဒီလို မျောက်မျိုးမဟုတ်ဘူး၊ အခုရောက်နေတဲ့ မျောက်က ကြီးလဲကြီးတယ်၊ လက်ထဲမှာလဲ သံတုတ်တစ်ချောင်း ကိုင်ထားတယ်"

"သူက ဘာလာလုပ်တာလဲ"

"သူက ကျောင်းထိုင်နဲ့ တွေ့ချင်တယ်လို့ ပြောတယ်"

"ဒီလိုဆိုရင် ကျုပ် ထွက်တွေ့လိုက်မယ်"

"တွေ့ပါ .... တွေ့ပါ ....၊ မတွေ့လို့ကတော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ပါဘူး ....."

ဘုန်းတော်ကြီးသည် အခန်းတွင်းမှ လှမ်းထွက်လာလေ၏။ ရသေ့ကြီးသည် သူ့နောက်မှ ကွယ်၍ လိုက်လာလေ၏။

ဘုန်းတော်ကြီးသည် စွန်းဟိန်ကျဲကို တွေ့မြင်ရသောအခါ ကြောက်ဒူးများ တဆတ်ဆတ် တုန်သွား၏။ သူသည် ခြေလှမ်းကို ရှေ့ဆက်မလှမ်းနိုင်တော့ပေ။ ခြေထောက်များ ပျော့ခွေကျမတတ် ဖြစ်နေသည်။

စွန်းဟိန်ကျဲက -

"ဘုန်းတော်ကြီးက ကျောင်းထိုင်လား"

ဘုန်းတော်ကြီးမှာ အထိတ်တလန့် ဖြေသည်။

"ဟုတ် .... ဟုတ်ပါတယ်"

သူသည် ကျောင်းကြီး၌ အခန်းဖွဲ့ထားသည်များကို ကြည့်လိုက်၏။

"ဒီကျောင်းထဲမှာ အခန်းပေါင်း ဘယ်နှစ်ခန်းရှိသလဲ"

"အခန်းပေါင်း နှစ်ရာရှစ်ဆယ့် ငါးခန်းရှိပါတယ် ...."

"ဘုန်းတော်ကြီးက ဘယ်နှစ်ပါး ရှိသလဲ"

"အပါး တစ်ရာငါးဆယ်ကျော် ရှိပါတယ်"

"အင်း .... အခန်းတွေ အများကြီးပိုတာပဲ ....."

စွန်းဟိန်ကျဲသည် တီးတိုးပြောလိုက်ပြီး သံတုတ်ကို မြှောက်ပြလိုက်၏။

"ဒီသံတုတ် ဘယ်လောက် လေးတယ်ဆိုတာ ဘုန်းတော်ကြီး သိသလား ....."

ဘုန်းတော်ကြီးက ခေါင်းယမ်း၏။

"မသိပါဘူး"

"တပည့်တော်ကို လူတော်တော်များများက မိုက်ရိုင်းတယ်လို့ ပြောကြပါတယ်၊ တပည့်တော်ကလဲ မိုက်ရိုင်းတာကိုး၊ ဒီသံတုတ်နဲ့ ဘုန်းကြီးခေါင်းကို ရိုက်ရင် ဘယ်လိုနေမလဲ၊ သိသလား"

ဘုန်းတော်ကြီး မျက်နှာမှာ သွေးဆုတ် ဖြူရော် သွားသည်။ ဘုန်းတော်ကြီးသည် ကမန်းကတန်း ဒူးထောက်ချလိုက်၏။

"ကျုပ်ကို မရိုက်ပါနဲ့၊ ကျုပ်တောင်းပန်ပါတယ်"

စွန်းဟိန်ကျဲက -

"မရိုက်ပါဘူး၊ ဒါပေမယ့် ဒီသံတုတ် ဘယ်လောက်လေးသလဲ ဆိုတာတော့ သိအောင်ပြရသေးတာပေါ့"

သူသည် မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။ တံခါးရှေ့တွင် ကျောက်ဖြင့်ထုလုပ်ထားသော ခြသေ့်ကြီးနှစ်ကောင်ကို တွေ့ရှိသွားသည်။

သူက သံတုတ်ဖြင့် ကျောက်ခြသေ့်အား ရိုက်ချလိုက်သည်။

"ဝုန်း ...."

ကျောက်ခြသေ့်ရုပ်ကြီးသည် ကြေမွသွား၏။ သူသည် နောက် ခြသေ့်ရုပ်ကြီးတစ်ကောင်ရှေ့သို့ သွားပြန်၏။ သံတုတ်ဖြင့် လွှဲရိုက်လိုက်ပြန်သည်။

"ဝုန်း ....."

ကျောက်ခြသေ့်ကြီးသည် ကြေမွသွားလေ၏။ ဘုန်းကြီးနှင့် ရသေ့ကြီးတို့မှာ တစ်ကိုယ်လုံး တုန်ယင်နေကြသည်။ သူတို့သည် စွန်းဟိန်ကျဲကို တကယ်ပင် ကြောက်ရွံ့သွားကြသည်။

စွန်းဟိန်ကျဲက သံတုတ်ကို ဆရင်းပြောလေ၏။

"အသင်တို့ ခေါင်းကို ခုလိုကြေမွမသွားစေချင်ရင်တော့ ကျုပ် ပြောသလို လုပ်ရလိမ့်မယ်၊ ကျုပ်ဟာ အင်မတန် မိုက်ရိုင်းတဲ့ မျောက်လို့ လူတကာ ပြောကြတယ်"

ဘုန်းတော်ကြီးက -

"အမိန့်ရှိပါ မျောက်မင်း ....၊ အမိန့်ရှိပါ၊ ကျုပ်တို့ လိုက်နာခံပါမယ်၊ နိုင်းစရာရှိတာ နိုင်းပါ ....."

"ကျုပ်က ဘုန်းတော်ကြီးတို့ မတတ်နိုင်တာကို မခိုင်းပါဘူး"

"နိုင်းပါ .... နိုင်းပါ .... ကျုပ်တို့ လုပ်နိုင်သမျှ လုပ်ပေးပါ့မယ်"

"ပထမအချက်က .... ဘုန်းကြီး ကျောင်းဝင်းထဲမှာ ရှိတဲ့ ဘုန်းတော်ကြီးအားလုံးကို စုစည်းပြီး ကျုပ်ရဲ့ဆရာတော်ကို တန်းစီပြီး ကြိုဆိုရမယ် ....."

ဘုန်းတော်ကြီးက ကမန်းကတန်း ခေါင်းညိတ်လိုက်၏။

"ကြိုဆိုပါမယ် .... ကြိုဆိုပါမယ်၊ ဒါဟာ ဘာမှခက်တဲ့ အလုပ်မဟုတ်ပါဘူး"

"ဒုတိယအချက်က....ကျုပ်ဆရာတော်ကို ရိုရိုသေသေ ပင့်ဆောင်ပြီး နေရာထိုင်ခင်း ပေးရမယ်၊ ဘုန်းကြီးတို့ မရိုမသေလုပ်တာကို ကျုပ်တစ်စက်ကလေးမှ သည်းမခံနိုင်ဘူး၊ ခွင့်မလွှတ်နိုင်ဘူး"

"ရိုရိုသေသေ ပင့်ဆောင်ပါ့မယ် ....၊ နေရာထိုင်ခင်းလဲ ပေးပါ့မယ်"

စွန်းဟိန်ကျဲသည် နောက်ဆုံး အချက်ကို ပြောပြလေ၏။

"ကဲ .... တတိယနောက်ဆုံးအချက်ကတော့ ကျုပ်ဆရာတော်ကို ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စတွေ ဆက်ကပ်ဖို့ အချက်ပဲ၊ တပည့်သုံးယောက်ကိုလဲ ကောင်းကောင်းမွန်မွန် ဧည့်ခံကျွေးမွေးရမယ် ....."

ဘုန်းတော်ကြီးသည် ကပျာကယာ ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ .... မျောက်မင်း ....၊ ဆရာတော်ကိုလဲ ဆွမ်းကွမ်းဆက်ကပ်ပါ့မယ်၊ တပည့်သုံးယောက်ကိုလဲ လိုလေသေးမရှိ ဧည့်ခံကျွေးမွေးပါမယ် ....."

"ကဲ .... ဒီလိုဆိုရင် ထကြတော့၊ ကျုပ်ဆရာတော်ကို ကြိုဆိုဖို့ လုပ်ကြတော့ ....၊ ကျုပ် အပြင်ထွက်တော့မယ်"

စကားဆုံးသောအခါ စွန်းဟိန်ကျဲသည် အပြင်သို့ ထွက်သွားလေ၏။

ဘုန်းတော်ကြီးနှင့် ရသေ့ကြီးတို့သည် အလျင်အမြန် ထလိုက်



ကြသည်။ သူတို့၏ ဒူးများမှာ ပျော့ခွေလျက်ပင် ရှိနေသေးသဖြင့် ရုတ်တရက် မထနိုင်ကြပေ။

သူတို့သည် ကြိုးစားထရပ်ကြပြီး ရသေ့ကြီးက ဘုရားခန်းတွင်းရှိ ဗုံကြီးကို ထုလေတော့၏။

ဘုန်းတော်ကြီးက ခေါင်းလောင်းကို ထိုးတော့သည်။

"ဒုံ .... ဒုံ ... ဒုံ ..."

"ဒေါင် .... ဒေါင် .... ဒေါင် ...."

ဗုံသံနှင့် ခေါင်းလောင်းသံများမှာ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

ကျောင်းဝင်းအတွင်းရှိ ဘုန်းတော်ကြီးများမှာ ထိုဗုံသံနှင့် ခေါင်းလောင်းသံကို ကြားသောအခါ သင်္ကန်းများကို လျင်မြန်စွာ ဝတ်ရုံကြပြီး ဘုရားခန်းဆီသို့ စုဝေးရောက်ရှိလာကြတော့သည်။

ဘုန်းတော်ကြီးများ သိရှိထားသည်မှာ ဗုံသံ၊ ခေါင်းလောင်းသံသည် အရေးကြီးသော အချက်ပေးသံဖြစ်၏။ မည်သို့သော အရေးကြီးသည့် ကိစ္စရပ်ဖြစ်နေသည်ကိုမူ သူတို့မသိကြပါ၊ ဗုံသံခေါင်းလောင်းသံကြားသည်နှင့် သူတို့ စုဝေးရောက်ရှိလာကြတော့သည်။

ဘုန်းတော်ကြီးများသည် အားလုံး စုံသလောက် ရှိသောအခါ ကျောင်းထိုင် ဘုန်းတော်ကြီးက အမိန့်ပေးလိုက်၏။

"ထန်နိုင်ငံက ဆရာတော် ကြွရောက်လာတယ်၊ အခု ... ကျောင်းအပြင်မှာ ရောက်ရှိနေတယ် ....၊ ဘုန်းကြီးတွေ နှစ်တန်းခွဲပြီး ကြိုဆိုကြ၊ ဆရာတော်ကို မရိုမသေ မလုပ်ကြနဲ့ ....."

ထိုအခါ ဘုန်းတော်ကြီးများသည် ချက်ချင်းပင် ကျောင်းအပြင်သို့ ထွက်ကြ၏။ ဝဲယာနှစ်ဖက် တန်းစီ ကြိုဆိုကြ၏။

ဘုန်းကြီးများ ထွက်၍ကြိုဆိုကြသည်ကို ကျူးပတ်ကိုင်မြင်သောအခါ ရယ်မောလေတော့၏။

"ဆရာ သွားတောင်းပန်တော့ သူတို့က ငြင်းလွှတ်ကြတယ်၊ ဟော ... အခု အစ်ကိုကြီးသွားတော့ သူတို့က အခမ်းအနားနဲ့ ကြိုဆိုကြတယ်"

ဆရာတော်က -

"ဒါကတော့ လောကသဘာဝနိယာမပဲ .... လောကမှာ လိမ္မာတဲ့ လူတွေကို ဘယ်သူတွေကမှ မကြောက်ကြဘူး၊ မိုက်တဲ့လူတွေကိုမှ ကြောက်ကြတယ်၊ လောကနိယာမ ပါပဲကွာ ...."

ကျူးပတ်ကိုင်က သက်ပြင်းချလေ၏။

"ကြည့်ရတာ လောကမှာ လူမိုက်လုပ်စားရမလို ဖြစ်နေပြီ"

ဆရာတော်က -

"လူမိုက်လုပ်စားတာ မကောင်းပါဘူး၊ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတာလိုပဲ ခဏလေးကောင်းစားတာပါ၊ ရေရှည်မကောင်းစားပါဘူး"

သူတို့ စကားပြောနေစဉ် ဘုန်းတော်ကြီး သုံးပါးသည် ထန်စန်းကျွမ်းဆရာတော်ကို လာရောက် ပင့်ဆောင်လေ၏။

"ဆရာတော် .... ကြွပါဘုရား .... တပည့်တော်တို့ ကျောင်းမှာ တည်းခိုပါ ဘုရား ....."

ဆရာတော်သည် တပည့်များကို လှည့်၍ ပြုံးပြလေ၏။

ကျူးပတ်ကိုင်က စွန်းဟိန်ကျဲအား တီးတိုးမေးလေ၏။

"အစ်ကိုကြီး ... ဘာသွားလုပ်လိုက်တာလဲ"

စွန်းဟိန်ကျဲက -

"ငါဘာမှ မလုပ်ပါဘူး၊ တည်းခိုခွင့် သွားတောင်းတာပါပဲ"

"ကျုပ်တို့ မယုံပါဘူးဗျာ၊ အစ်ကိုကြီး တစ်ခုခု ခြိမ်းခြောက်လိုက်တယ်လို့ ထင်တာပဲ"

"မင်းတို့မယုံလဲ မတတ်နိုင်ဘူး၊ ကဲ ... ကဲ ... ဆရာတော် သွားပြီ၊ နောက်က လိုက်ကြ"

ဆရာတော်သည် လက်အုပ်ချီ၍ ကျောင်းဝင်းထဲသို့ လိုက်ပါသွားလေတော့၏။

ထန်စန်းကျွမ်းဆရာတော်သည် ကျောင်းထိုင်ဆရာတော် အသင့်ပြုလုပ်ထားသည့် ပလ္လင်ပေါ်၌ ထိုင်ချလိုက်၏။

ဘုန်းတော်ကြီးများက ကြမ်းပြင်၌ ထိုင်၍ ရှိခိုး ကန်တော့ကြ



သည်။

ဆရာတော်က လက်အုပ်ချီပြီး -

"အားလုံး ဘုရားသားတော်တွေချည်းပါပဲ ....၊ ထကြပါ ....၊ ထကြပါ ကိုယ်တော်တို့"

ဆရာတော်က ထိုသို့ပြောလိုက်သောအခါမှ အားလုံး ထထိုင်ဝံ့ကြလေ၏။ ထို့ညသို့ ဆရာတော်နှင့် တပည့်သုံးယောက်တို့ကို အကောင်းဆုံး ဧည့်ခံကျွေးမွေးကြလေ၏။

စွန်းဟိန်ကျဲသည် ပြုံးနေလေ၏။

သူ့ ဆရာတော် စိတ်ချမ်းသာသွားပြီ မဟုတ်ပါလော။

စာဖတ်သူများ၏ မေတ္တာခံယူလျက်
**တက္ကသိုလ်နေလင်းအောင်**

---

**တက္ကသိုလ်နေလင်းအောင်**
**၏**
**အကြမ်းပတမ်းခရီးဆန်း**
**စာစဉ် (၄) နှင့် (၅) ဆက်လက်ထွက်ပါတော့မည်။**